# တိက္ကမ

ဂမုန်းနက် ကောဇီ

www.burmeseclassic.com

ဒုတိယအကြိမ်

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး - ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး - ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး - ဒို့အရေး

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝိစိတ္တရဆန်းကြယ် လုံးချင်းဝတ္ထုရှည်

# တိက္ကဗ

## ဂမုန်းနက်ကောရီ



www.burmeseclassic.com

၁၆။ မိစ္ဆာမြေမှ ရက္ခရာဇာ
၁၇။ ရက္ခဝိညာဉ်မာယာရှင်
၁၈။ ဝိညာဉ်ရှိုက်သံ
၁၉။ ဝင်္ကဘာမြိုင်မြို့ဟောင်းက ဝိညာဉ်ခေါ်သံ
၂၀။ ပရောဖက်ဆာမိုးမှောင်နှင့် သေကိန်းဆိုက်တဲ့နေ့
၂၁။ ဝံပုလွေမိုးမှောင်နှင့် မရဏတစ္ဆေ
၂၂။ တစ်ကောင်ကျားလှိုင်ဘွားနှင့် အတ္တဝင်္ကန္တ
၂၃။ သမုဒ္ဒယ ကျိန်စာ
၂၄။ အတ္တလောင်အိမ်
၂၅။ ဂျစ်ပစီမိုးမှောင်နှင့် သတ်လို့မသေ မောင်မိုးဇွေ

**ယခုလ**

၂၆။ ဂမုန်းနက် ဇကာရီ (၃)

သင်၏ ပင်ပန်းနွမ်းနယ်မှုများ၊ ဆင်းရဲမှုများကို ငါ့အားပေးပါလော့....

နွမ်းနယ်သော သင့်ကိုယ်သည် လွတ်လပ်မှုကို မွတ်သိပ်လျက် ရှိနေပေပြီ ....

ကြေကွဲဝမ်းနည်းခြင်းများကို စွန့်ပစ်ခဲ့ပါလော့...

အိုးအိမ်မဲ့များ အပယ်ခံများကို စေလွှတ်လိုက်ပါ....

ရွှေတံခါးကြီးဘေးမှာ ကျွန်ုပ်၏ မီးအိမ်ကို မြှင့်ပြီး ပြပေးနေပါသည်။

(အယ်ဗာလာဇာရပ်စ်)

www.burmeseclassic.com

ကိုယ်တော်သည် အံ့ဖွယ်သောအမှုတို့ကို ပြုတတ် သော ဘုရားဖြစ်တော်မူ၏။

(ဆာ၊ ၇၇း၁၄)

"I am not born the possession of knowledge, but being fond of antiquity I assiduously purse"

(confucius)

ကျွန်ုပ်သည် မွေးကတည်းက ပညာပါရမီဖြင့် မွေးလာသူ မဟုတ်ပါ။ ပညာကို သိလိုဇော၊ တတ်လိုဇောဖြင့် မနေမနားကြိုးစား၍သာ ပညာတတ်ခဲ့ရပါသည်။

(ကွန်ဖြူးရှပ်)

www.burmeseclassic.com

သားပိုက်ကောင်တို့မည်သည် မိမိတို့၏
သားငယ်ကို ရင်ခွင်တွင်ပိုက်လျက် ရန်သူ့လက်မှ ထိုးဖောက်
လွတ်မြောက်နိုင်သကဲ့သို့ လူတစ်ယောက်သည် မိမိ၏ဉာဏ်
ပညာကိုနှလုံးပိုက်၍ တွေ့ကြုံ ရင်ဆိုင်ရသော အန္တရာယ်၊
ဘေးရန်အပေါင်းတို့ကို ထိုးချေ မွှေနှောက်ကာ အလွတ်
ရုန်းနိုင်သော အရည်အချင်း ရှိသင့်သည်။



## အခန်း ◀ ၁ ▶
## အင်ဖာစစ်မြေပြင်

ကြိုးဝိုင်းကား မြန်မာပြည်။ အချိန်ကား (၁၉၄၃)ခုနှစ်အတွင်း။
လက်ဝှေ့ကျော်နှစ်ဦး။
တစ်ဦးကား အင်္ဂလိပ်၊ တစ်ဦးကား ဂျပန်။

ထိုခုနှစ် နှစ်ဦးပိုင်းရောက်သည်နှင့် လက်ဝှေ့ကျော်နှစ်ဦးသည် ဒုတိယအချီအတွက် အဘက်ဘက်မှ ပြင်ဆင်နေကြ၏။ ဂျပန်သည် ထိုနှစ်မှာပဲ မြန်မာပြည်တစ်ပြည်လုံးကို သူတို့မှန်းထားသည်ထက် အချိန်များစွာစော၍ သိမ်းပိုက်နိုင်ခဲ့ပြီဖြစ်သည်။

ဆင့်ကဲ ဆင့်ကဲ အောင်မြင်မှုရရှိနေသော ဂျပန်သည် စစ်သွေးကြွလျက်ရှိ၏။

တိုကျိုရှိ စစ်အာဏာပိုင်များကလည်း ကျယ်ပြန့်သော စစ်မျက်နှာအတွက် အချိန်အခါကောင်းကိုစောင့်ပြီး ညွှန်ကြားချက်များ မပြတ်ထုတ်ပြန်နေ၏။

အင်ဖာသည် မဏိပူရပြည်၏ မြို့တော်တည်း။ အင်ဖာလွင်ပြင်သည် ပင်လယ်ရေမျက်နှာပြင်မှ ပေ(၂၆၀၀)ခန့်သာ မြင့်သော်လည်း ၎င်းလွင်ပြင်၏ သုံးဖက်သုံးတန်တွင် ပေ(၈၀၀၀) ကျော်မြင့်သော တောင်စဉ်တောင်တန်းများ ဝန်းရံလျက်ရှိလေရာ ဂျပန်တို့ကအင်ဖာကို ဂျပန်စကားပုံဖြင့် တင်စား၍ . . . တာကာနိနို့ဟာနာ (တောင်ထိပ်ပေါ်မှ ပန်းကလေး)ဟု ခေါ်ဝေါ်ကြသည်။

ယခင်က လူသူအရောက်အပေါက်နည်းပြီး မည်သူမှ အရေးမစိုက်ခဲ့သော ထိုဒေသကလေးမှာ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်သောအခါ ဖက်ဆစ်နှင့် ဖက်ဆစ်ဆန့်ကျင်သူများ၏ စစ်ခင်းရာ စစ်တလင်းကြီး ဖြစ်လာခဲ့သည်။

www.burmeseclassic.com

ဖြစ်၍ဆိုရသော် အင်ဖာတိုက်ပွဲမှာ အာရှအရှေ့တောင်ပိုင်းတွင် ဖက်ဆစ် ဖော်သာက်ဆန့်ကျင်သူများ၏ အရှုံးအနိုင်ကို အဆုံးအဖြတ်ပေးမည့် တိုက်ပွဲကြီး ဖြစ်သည်။

ထိုနှစ်အတွင်းမှာပဲ အဘက်ဘက်မှ အခွင့်အလမ်းသာနေသော ဂျပ တပ်မတော်ကြီးသည် အင်္ဂလိပ်တို့၏ အခြေစိုက်စခန်းကြီးဖြစ်သည့် အင်ဖာအ အလုံးအရင်းဖြင့် တစ်လအတွင်း ချီတက်တိုက်ခိုက်တော့၏။

အစပိုင်းတွင် တိုက်ပွဲငယ်များလောက်သာ ရင်ဆိုင်ဖြစ်ပွားကြ မိုးမကျမီကာလသို့ ရောက်ရှိသောအခါ ထိုတိုက်ပွဲငယ်များမှ တိုက်ပွဲကြီးမျ အသွင်သို့ တဖြည်းဖြည်း ပြောင်းလာတော့သည်။

အင်္ဂလိပ်နှင့်ဂျပန်တို့၏ လေးလတိုင်တိုင် တိုက်ခိုက်ကြသည့် အင် တိုက်ပွဲကြီးကို ပြန်ပြောင်းသုံးသပ်ကြည့်ပါက မော်ကွန်းတင်ထိုက်သော၊ စံနမူ ယူလောက်သော အချက် တော်တော်များများကို တွေ့ရမည်ဖြစ်သည်။

အင်ဖာစစ်မြေပြင်တွင် တိုက်ခိုက်ရင်းသေသူ၊ ဒဏ်ရာရပြီးမှသေသူ ဖျားနာ၍သေသူများမှာ သုံးသောင်းအထိ စာရင်းတက်နေပြီး ဆုတ်ခွာရာတွ ဖျားနာ၍သော်လည်းကောင်း၊ ဒဏ်ရာရ၍သော်လည်းကောင်း ပေါင်းလိုက်လျှ ငါးသောင်းအထိ စာရင်းတက်လာသည်။

တိကျသေချာသည့် မျက်မြင်အခြေအနေအရ အင်ဖာစစ်မျက်နှာ ဆုတ်ခွာခဲ့ရသော ဂျပန်တို့၏ တပ်မတော်ကြီးသည် အင်ဖာထိုးစစ်ကြီးကို စတ ဆင်နွှဲစဉ်က ပါဝင်ခဲ့သောလူအင်အား၏ သုံးပုံတစ်ပုံမျှသာလျှင် ကျန်းကျန်းမာ ကျန်ရှိတော့သည်ဟူသော စာရင်းပင်ဖြစ်သည်။ ဤသည်ကား စရိုက်ကြမ်းကြမ်းနှ မိုက်မိုက်ကန်းကန်းတိုက်တတ်သော ဂျပန်စစ်သားတို့၏ဗီဇကို သက်သေခံလို ခြင်းပင်ဖြစ်သည်။ အင်ဖာစစ်မြေပြင်တွင် စစ်အောင်နိုင်ခဲ့သော အင်္ဂလိပ်တို့သ မဏိပူရမြို့တွင် ရှေ့တန်းစစ်မျက်နှာမှ ဒဏ်ရာရရှိလာသော စစ်သားများအတွ တဲတန်းလျားများဆောက်လုပ်ပြီး ဆေးခန်းများ ဖွင့်လှစ်ထား၏။

ခြေပြတ်၊ လက်ပြတ် ဒဏ်ရာရရှိသည့် စစ်သည်များမှာ မရေမတွ နိုင်အောင်များပြားလွန်းသဖြင့် ဆေးမှူး၊ ဆေးတပ်သားနှင့်ဆရာဝန်များမှာ မအာ လပ်နိုင်အောင် ဖြစ်နေတော့သည်။ ထို့အပြင် ပြင်းထန်သည့်ဒဏ်ရာ မရရှိသေ လည်း ဆိုးဝါးသည့်ရေ၊ မြေ၊ သဘာဝကြောင့် ငှက်ဖျား၊ အူရောင်ရောဂါနှ



မ်းကိုက်ရောဂါများစွဲကပ်ပြီး လူဟူ၍ ပြောစရာမရှိလောက်အောင် ကမ္ဘောန်းရှပ် ပေါက်နေသည့် စစ်သည်များမှာလည်း ထားစရာနေရာ မရှိလောက်အောင် များပြားလွန်းလှ၏။

အထက်ပါမြင်ကွင်းကို မဏိပူရ စစ်တန်းလျားများတွင် နေ့စဉ်နှင့် အမျှပင် မြင်တွေ့နေရသည်။ သို့သော်လည်း မဟာမိတ်တို့၏ အစီအမံမှာ လွန်စွာကောင်းမွန်သည့်အတွက် ၎င်းအခြေအနေဆိုးကြီးကို တဖြည်းဖြည်း ထိန်းချုပ်နိုင်ခဲ့သည်။

သူတို့သည် ဆေးဖက်ဆိုင်ရာ အထူးကျွမ်းကျင်သည့် ဆရာဝန်များဖြင့် အထူးကြပ်မတ်ဆောင်ရွက်သလို ဆေးဝါးများမပြတ် ဖြည့်ဆည်းပေးသဖြင့် ကာလ ကိုတိုအတွင်း ထိရောက်စွာ တားဆီးနိုင်ခဲ့ကြသည်။

ထိုဆရာဝန်များထဲတွင် မက်ဆိုပိုတေးမီးယား စစ်မြေပြင်မှ အထူး အမိန့်ဖြင့်ရောက်ရှိလာသူ ဆရာဝန်ကြီးတစ်ဦးမှာ လွန်စွာထူးခြားသူဖြစ်သည်။ သူသည် ဆေးပညာတွင်သာမက သူ၏အသွင်အပြင်မှာလည်း ထူးခြားသူဖြစ်သည်။

ထိုဆရာဝန်ကြီး၏ အမည်မှာ. . ဂျက်ဖာဆင်ဖြစ်ပြီး အမေရိကန် နိုင်ငံသားဖြစ်သည်။ သူ့တွင်အထင်ရှားဆုံးမှာ ပြာလဲ့သောမျက်ဝန်းဖြစ်၏၊ အစဉ်သဖြင့် ငြိမ်းချမ်းငြိမ်သက်နေသော သူ့မျက်နှာပေါ်တွင် ကြင်နာတတ်သော မျက်ဝန်းပြာပြာမှာ မြင်ရသူကို ရင်၌အေးချမ်းသွားစေသည်။

အရပ်အမောင်းမြင့်မား၍ အသားအရေ စိုပြည်ကြည်လင်ကာ ရင်ဘတ် ပေါ်ထိအောင် ရှည်လျားသော မုတ်ဆိတ်မွေး ဖြူဖြူများသည် လမ်းလျှောက်သည့် အခါတိုင်း တလွင့်လွင့်ရှိနေတတ်ခြင်းမှာ သူ၏ဥပဓိရုပ်ကိုပို၍ ခန့်ညားတင့်တယ် စေလေသည်။

ဒေါက်တာဂျက်ဖာဆင်သည် မဏိပူရအခြေစိုက်စခန်းသို့ ရောက်ရှိ သည်မှာ တစ်လပင်မပြည့်သေး။ ရောက်ရှိသည့်နေ့မှစ၍ သူသည်အချိန်နှင့်အမျှ မအားမလပ်နိုင်အောင်ဖြစ်ရ၏။ သို့တိုင် သူသည် အနည်းငယ်မျှ ညည်းညူခြင်း မရှိ။ သူ တာဝန်ယူသည့်လူနာများကိုသာမက အခြားသူများ၏တာဝန်ကိုပါ. . ဝင် ရောက်ပံ့ပိုးဆောင် ရွက်ပေးလေရာ ဆရာဝန်များကြားတွင် သူ၏ မေတ္တာစွမ်း ပကား ကြီးမားမှုမှာ ထင်ရှားပေါ်လွင်လှ၏။ ထိုစခန်းသို့ရောက်ရှိစဉ်မှာ သူနှင့်တစ်ပြိုင်တည်း ရောက်ရှိလာသူ တစ်ဦးကို အမှတ်တရရှိနေ၏။ ထိုသူမှာ

www.burmeseclassic.com

[illegible] ဆရာဝန်တစ်ဦးမဟုတ်ပါ။ ရှေ့တန်းစစ်မျက်နှာမှ ပြင်းထန်သည့် ဒဏ်ရာဖြင့် ရောက်ရှိလာသည့် စစ်ဗိုလ်လေးတစ်ဦးဖြစ်သည်။

ဒေါက်တာဂျက်ဖာဆင် လိုက်ပါလာသော စစ်သုံးဂျစ်ကားသည် လူနာ စစ်တန်းလျားအချို့ကို ကျော်ဖြတ်ပြီး၊ ထိုတန်းလျားများနှင့် ကိုက်ငါးဆယ်အကွာတွင် တစ်သီးတစ်သန့်ဆောက်လုပ်ထားသည့် မြေစိုက်တဲများအနီးတွင် ရပ်လေ၏။

သူကုသပေးရမည့် လူနာမှာ ထိုတဲများ၏ အစွန်ဘက် အကျဆုံးတဲမှ ဖြစ်ကြောင်း ဒရိုင်ဘာစစ်သားက ရိုသေစွာပြောပြီး ရှေ့မှဦးဆောင်သွားလေ၏။ ထိုလူနာ [illegible] လွန်စွာသြဇာအရှိန်အဝါ ကြီးမားသည့် ဗိုလ်ချုပ်ကြီးစကွန်းကိုယ်တိုင် အထူးအလေး[illegible]ည့် စစ်သည်တစ်ဦးပင်ဖြစ်သည်။

မြေစိုက်[illegible]တဲမှာ ဆယ်ပေပတ်လည်ခန့် ကျယ်ဝန်းသည့်အတွက် အတော် နေသာထိုင်သာရှိ၏။ ၎င်းတဲအတွင်းဝင်လိုက်သည်နှင့် ဒေါက်တာကြီး၏ခြေလှမ်းတွေက တုံ့ရပ်သွားပြီး အံ့သြမှုဖြင့် ငေးကြောင်သွားပါသည်။ အခြေအနေမှာ သူတွေးထင်သကဲ့သို့မဟုတ်ဘဲ များစွာခြားနားနေတာကို တွေ့လိုက်ရ၍ ဖြစ်သည်။

သူသည်လူနာအနေအထားကို ဆရာဝန်၏အသိတရား ဖြင့်အကဲခတ် ကြည့်ရှုနေ၏။ လူနာ၏တစ်ကိုယ်လုံးမှာ ဒဏ်ရာကြောင့် မြင်မကောင်းအောင် သွေးရဲရဲစွန်းပေလျက်ရှိ၏။ ထိုအခြေအနေကို လူနာသည် နာရီများစွာ ကြံ့ကြံ့ ခံနိုင်စွမ်းရှိသည်မှာ အံ့သြဖွယ်ပင် ဖြစ်သည်။

အသက်အရွယ်မှာ သုံးဆယ်ပင်ပြည့်မည်မထင်။ ကျယ်ပြန့်သော ပါးပြင်နှင့် သွယ်စင်းလာသည့်မေးရိုးပေါ်တွင် ထူထပ်စွာရှိနေသည့် နှုတ်ခမ်းမွေးနှင့် ပါးမြိုင်းမွေးများကြောင့်. . ရုတ်တရက်ကြည့်သော် အသက်အရွယ်ကြီး ရင့်သည်ဟု ထင်မှတ်ရ၏။ စူးရှထက်မြက် သောမျက်လုံး၊ ကျယ်ပြန့်သောပခုံးနှင့် ရင်အုပ်ကြီးမှာ သပ်ရပ်၍ ခန့်ညားထည်ဝါခြင်းကိုဆောင်လျက်ရှိလေရာ ထိုလူငယ်၏ အသွင်အပြင်မှာ တစ်ဖက်သား၏စိတ်ကို မြင်ရုံခဏဖြင့် လွှမ်းမိုးနိုင်စွမ်းသူ ဖြစ်ကြောင်း အကဲခတ်မိလေ၏။

ဒေါက်တာဂျက်ဖာဆင်သည် ထိုစစ်ဗိုလ်ကလေးအပေါ် စိတ်ဝင်တစား ဖြစ်နေစဉ်မှာပဲ. . အလွန်အံ့သြဖွယ်ဖြစ်ရပ်တစ်ခုနှင့် ထပ်မံကြုံတွေ့ရ၏။

စစ်တန်းလျားဝန်းကျင်တွင် ခရာမှုတ်သံများ ဆူညံစွာထွက်ပေါ်လာပြီး ထိုအသံကြောင့် စစ်သားများသည် အထိတ်တလန့်ဖြစ်သွားပြီးလျှင် သူတို့၏



ခန္ဓာကိုယ်တွေက ရုတ်တရက်ပင်. . သတိအနေအထားဖြင့် တောင့်မတ်သွား၏။

ထိုစဉ်မှာပဲ သံပြိုင်အော်ဟစ်သံ ဟိန်းထွက်လာ၏။ တစ်ဆက်တည်းပင် ‘ဖြောင်း’ဟူသောအသံထွက်ပေါ်လာရာ ထိုအသံမှာစစ်သားများက သူတို့၏ သေနတ်များကို တညီတညာတည်း ပင့်မြှောက်လိုက်၍ ထွက်ပေါ်သွားသည့် အသံဖြစ်၏။ ထို့နောက် ရွက်ဖျင်တဲ အနီးတွင် ကားတစ် စီးထိုးရပ်လိုက်သည့် အသံကိုကြားရသဖြင့် ဒေါက်တာဂျက်ဖာဆင်သည် ဖြစ်ပေါ်လာသည့်အခြေ အနေကို သဘောပေါက်သွားလေ၏။

ရွက်ဖျင်တဲအတွင်း၌ လူနာအနီးတွင်ရှိကြသည့် စစ်သားများမှာ ခန္ဓာကိုယ်မတ်လျက် သတိအနေဖြင့် ရွက်ဖျင်တဲအဝသို့ မျ[illegible] ရွှေ့လိုက်ကြ၏။ ထိုစဉ် တဲအဝင် ရွက်ဖျင်စကိုလှပ်ပြီး ဝင်လာသူမှာ အင်[illegible]စစ်မြေပြင်တွင် လွန်စွာသြဇာရှိန်ဝါကြီး မားသည့် ဗိုလ်ချုပ်ကြီးစကွန်းဖြစ်လေရာ. . သူတို့သည် အထိတ် တလန့်အလေးပြုပြီး တဲနံရံသို့ နေရာရွှေ့လျက် ရိုကျိုးစွာရပ်နေ ကြ၏။

သူသည်မဟာမိတ်နိုင်ငံများတွင် ထင်ရှားသည့် စစ်ဗိုလ်ချုပ်ကြီး တစ်ဦးဖြစ်သကဲ့သို့ လွန်စွာမှလည်း မာန်မာနကြီးသူဖြစ်သည်။ အထူးထင်ရှားသည့် စရိုက်သဘာဝမှာ သူသည် လူတစ်ဖက်သားအား အလေးပြုရန် အလွန်ဝန်လေး သူဖြစ်၏။ သူ့အား အလေးပြုခြင်းကိုသာခံယူချင်သူဖြစ်ပြီး သူ့ထက်အဆင့်တူ စစ်ဘက်ပုဂ္ဂိုလ်ကြီးများနှင့် လက်အောက်ငယ်သားများက တလေးတစား အလေးပြုနှုတ်ဆက်ခြင်းကို တန်ပြန်အလေးပြုခြင်းမျိုး ဘယ်တုန်းကမှ ပြုလုပ်သူ မဟုတ်။ အလွန့်အလွန် မလွှဲမရှောင်သာသည့် အခြေအနေမျိုး၊ ဥပမာ. . သူ့ထက် အဆင့်များစွာသာလွန်သည့် အစိုးရအကြီးအကဲပုဂ္ဂိုလ်များကိုသာ ဝတ်ကျေတန်း ကျေ အလေးပြုသူဖြစ်သည်။

ဗိုလ်ချုပ်ကြီးစကွန်း၏ ၎င်းအကျင့်စရိုက်ကို သိထားသည့် ဒေါက်တာ ဂျက်ဖာဆင်သည် သူ့ရှေ့တွင် ပြုမူလိုက်သည့် ဗိုလ်ချုပ်ကြီး၏အမူအရာကြောင့် တအံ့တသြဖြစ်သွားလေ၏။

ဗိုလ်ချုပ်ကြီးသည် လူနာနှင့် သုံးပေအကွာတွင် ရပ်တန့်လိုက်ပြီး. . သတိအနေအထားဖြင့် ခြေစုံရပ်လျက် အလေးပြုလိုက်သည်မှာ စစ်သားတစ်ဦးက အထက်အရာရှိကို အလေးပြုသည်နှင့်မခြား မြင်လိုက်ရသောကြောင့်ဖြစ်သည်။

ထိုအပြုအမူမှာ ဒေါက်တာဂျက်ဖာဆင်ကိုသာမက အနီးရှိစစ်သားများ

www.burmeseclassic.com

ကိုလည်း တအံ့တသြဖြစ်သွားစေ၏။ ထို့နောက် ဗိုလ်ချုပ်ကြီးသည် လူနာခုတင် အနီးရှိခုံတွင်ထိုင်လျှက် လွန်စွာနူးညံ့သလို လေးစားသည့်အသွင်ဖြင့်. . .

"လက်ဖတင်နင်ကို အခုလို မသေမပျောက် မြင်ရတာ ကျွန်ုပ်အလွန်ပဲ ဝမ်းသာမိပါတယ်. . ."

ဟု နူတ်ဆက်ပြောဆိုပြီး ထိုလူနာ၏ခန္ဓာကိုယ်ပေါ်က ဒဏ်ရာအခြေအနေကိုကြည့်ရှုလေ၏။ ထိုကိစ္စမှာ အချိန်အနည်းငယ်မျှသာကြာပါသည်။ ထို့နောက် သူတို့နှစ်ဦးသည် တိုက်ပွဲအခြေအနေအပေါ်မှာ စကားပြောဆိုကြပြန်၏။

"လက်ဖတင်နင်" ဦးဆောင်တဲ့ အထူးကွန်မန်ဒိုတပ်တွေရဲ့ ထိုးနှက်မှုကြောင့် ဂျပန်စစ်တပ်တွေ ဘယ်လောက်ဖရိုဖရဲဖြစ်ကုန်ကြတယ်ဆိုတာ ကျွန်ုပ်ကြားသိရပါတယ်။ အလွန်ပဲ အားရဖွယ်သတင်းပါ. . အထူးသဖြင့် လောလောလတ်လတ် လက်ဖတင်နင် ဖြိုခွင်းလိုက်တဲ့ ဂျပန်စစ်တပ်(၂၁၄)ဟာ ဗိုလ်ချုပ်ကြီးဆကူး လွန်စွာအားထားတဲ့ စစ်တပ်ပါ"

"ဟုတ်ပါတယ်၊ ဒါကြောင့်လည်း လူအင်အား စစ်သုံး ပစ္စည်းအင်အား လွန်စွာများတာကြောင့် အင်အားချင်းမမျှလို့ ကျွန်တော်တို့ ရှောင်ထွက်လိုက်ရင် မိုင်(၃၀)လောက်အကွာမှာရှိတဲ့ အင်ဖာတောင်ပိုင်း တပ်မဟာ(၉)နဲ့ပေါင်းစည်းမိသွားမှာ သေချာပါတယ်။ စစ်ရေးဗျူဟာအရ အဲဒီတပ်နှစ်ခုပေါင်းစည်းသွားရင် သူတို့တွေအင်အားကို ထိန်းချုပ်ဖို့ အတော်ခက်သွားပါလိမ့်မယ်။ သို့ဆိုလျှင် သူတို့ဟာ အင်ဖာအခြေစိုက်စခန်းဆီသို့ဦးတည်ပြီး ဝါးလုံးထိုးချီတက်တိုက်ခိုက်လိမ့်မယ်ဆိုတာ တွက်ဆလို့ရပါတယ်. . ဒါကြောင့် လူအင်အားနည်းပေမယ့် ပြောက်ကျားစနစ်နဲ့ အပြင်းအထန်တိုက်ခိုက်ဟန့်တားနိုင်ခဲ့တာပါ။ နို့မဟုတ်ရင် ဂျပန်သံဂျပ်ကားဘီးအောက်မှာ ကျွန်တော့်စစ်သားတွေ အလျားလိုက် ဝပ်ဆင်းသွားနိုင်ပါတယ်။

စစ်တိုက်တယ်ဆိုတာ စစ်ရေးဗျူဟာ ကျွမ်းကျင်ရုံနဲ့ အောင်မြင်မှုမရနိုင်ပါဘူး။ စစ်မြေပြင်မှာ မိမိစစ်တပ်အတွက် လိုအပ်ချက်တွေကို အချိန်နှင့်တပြေးညီ စီစဉ်ဆောင်ရွက်ပေးတဲ့နေရာမှာ ကျွမ်းကျင်ဖို့လည်း အထူးအရေးကြီးပါတယ်။ အင်ဖာစစ်မြေပြင်တစ်ခုလုံးကို အကွက်ကျကျ စီစဉ်ဆောင်ရွက်နိုင်စွမ်းတဲ့ ဗိုလ်ချုပ်ကြီးရဲ့ဉာဏ်ပညာကြီးမားမှုကို ကျွန်တော် အလွန်လေးစား



ချီးကျူးပါတယ်"

ထိုစကားကြောင့် ဗိုလ်ချုပ်ကြီးစကွန်းသည် ဘာပြန်ပြောရမှန်းမသိဖြစ်သွားပြီး ရုတ်ခြည်းပင် သူ၏ခါးကတောင့်မတ်သွား၏။ ထို့အတူ သူ၏ထူထဲသော နှုတ်ခမ်းမွေးတွေလည်း သိသာစွာ မြင့်တက်သွား၏။ လူနာအားကြည့်နေသော. . ရီဝေမျက်ဝန်းမှာ အရောင်တောက်လျက်ရှိနေပြီး၊ အကြည့်ကို လူငယ်ထံမှရွှေ့လျက် စက္ကန့်အနည်းငယ်မျှ ငြိမ်သက်သွားလေ၏။ သူ့ဘဝတွင် တစ်ဖက်သား၏ ချီးကျူးပြောဆိုမှုကို အကြိမ်ကြိမ်ကြုံတွေ့ခဲ့ဖူးသော်လည်း သာမန်အနေဖြင့်သာ သဘောထားပြီး ထိုပြောဆိုခံရခြင်းများအပေါ်မှာ မည်သို့မျှ ခံစားမှုမျိုးမဖြစ်ခဲ့။ သူ၏အခြေအနေနှင့်နှိုင်းစာလျှင် ဘယ်လိုမှမယှဉ်သာသည့် သည်စစ်ဗိုလ်လေးက သူ့အားအသိအမှတ်ပြုလိုက် သည်တွင် သူသည် တစ်ကြိမ်တစ်ခါမျှ မခံစားဖူးသည့် ကြည်နူးမှုမျိုး ခံစားလိုက်ရခြင်း ဖြစ်သည်။

ထိုအချင်းအရာအပေါ်မှာ ဗိုလ်ချုပ်ကြီးစကွန်းအနေဖြင့် မဖြေရှင်းနိုင်သော်လည်း ဖြစ်ပျက်မှုအလုံးစုံကို တွေ့မြင်လိုက်သော ဒေါက်တာဂျက်ဖာဆင်ကတော့ အခြေအနေအားလုံးကို တိကျရှင်းလင်း သိရှိသွားလေ၏။ ထို့အတူ ဒဏ်ရာရစစ်ဗိုလ်လေး၏ စိတ်ခွန်အားသတ္တိ အဘယ်မျှကြီးမားတာကိုလည်း မှန်းဆသိလိုက်၏။

ဒေါက်တာဂျက်ဖာဆင်သည် ဆရာဝန်တစ်ဦးဖြစ်၍ လူနာမြောက်များစွာနှင့် တွေ့ကြုံဆက်ဆံရသူဖြစ်သည်။ ဆရာဝန်ဟူသည်မှာ စစ်သား[illegible] ကဲ့သို့ သေနတ်ကိုင်သူ မဟုတ်ပေမယ့် လူ့အသက်များစွာကို သူ၏ဆုံးဖြတ်လုပ်ဆောင်မှုဖြင့် သေမင်းခံတွင်းထဲက ဆွဲထုတ်ရသူဖြစ်လေရာ. . ဆေးအတတ်ပညာကျွမ်းကျင်ရုံသာမက မိမိနှင့်ထိတွေ့ဆက်ဆံရမည့် လူနာ၏စိတ်နေစိတ်ထားကိုလည်း အနည်းနှင့်အများစူးစမ်းလေ့လာပြီး. . လိုက်လျောညီထွေဆက်ဆံရသဖြင့် လူကဲခတ်ရာတွင် အခြားသူများထက် ထူးချွန်ကြသည်မှာ မထူးဆန်းပေ။

ထို့ကြောင့်လည်း ဗိုလ်ချုပ်ကြီးစကွန်း၏ အမူအရာများအပေါ်မှာ ကောင်းမွန်စွာ အကဲခတ်နိုင်ခဲ့ခြင်းဖြစ်သည်။ အမှန်မှာ ဗိုလ်ချုပ်ကြီးသည် သူရသတ္တိနှင့်ပြည့်စုံသည့် လူနာစစ်ဗိုလ်လေးတစ်ဦးအပေါ်မှာ. . သူ၏အဆင့် ဂုဏ်သိက္ခာကိုပင် မငဲ့ညှာဘဲ ရင်ထဲ၌လှိုက်လှိုက်လှဲလှဲ လေးစားလျက်ရှိရာ

www.burmeseclassic.com

သူလေးစားသူက သူ့အားချီးကျူးခြင်းပြောဆိုခြင်းခံရသည်တွင် လူ့သဘာဝအတိုင်း ကြည်နူးပီတိ ခံစားလိုက်ရခြင်းဖြစ်သည်။

ဗိုလ်ချုပ်ကြီးစကွန်းသည် ထိုင်ရာမှထလျက် နောက်သို့ ခြေလှမ်းသုံးလှမ်းဆုတ်လိုက်ပြီး သတိအနေအထား ရပ်တန့်ကာ စစ်ဗိုလ်လေးကို အလေးပြုလိုက်ပြီး လက်ဖတင်နင်ရဲ့ဒဏ်ရာများကို ခွဲစိတ်ကုသရာမှာ အထူးကျွမ်းကျင်သော ဆရာဝန်ကြီးအား ကြိုတင်၍စေခိုင်းထားပြီးဖြစ်၍ မကြာခင်ဒဏ်ရာများ သက်သာပျောက်ကင်းလိမ့်မည်ဟု မိမိယုံကြည်ကြောင်းပြောဆိုလေရာ ဒေါက်တာကြီးမှာ မည်သို့ပြောရမှန်းမသိ ငေးကြောင်သွား၏။

သို့သော် ထိုအခြေအနေကို သူ့အား လာရောက်ကြိုဆိုသည့် စစ်သားက ထိုဆရာဝန်ကြီးအား လေဆိပ်မှ ကြိုဆိုခဲ့ပြီဖြစ်ကြောင်းပြောလေရာ ထိုအခါကျမှ ဗိုလ်ချုပ်ကြီးမှာလည်း ပတ်ဝန်းကျင်ကို အသေအချာသတိပြုမိသွားပြီး သူနှင့် များစွာ မကွာဝေးသောနေရာတွင် ရပ်နေသည့် ဒေါက်တာဂျက်ဖာဆင်ကို တွေ့ရှိသွား၏။

"အိုး. . မိုင်ဂေါ့၊ ကျွန်တော် ရုတ်တရက် သတိမထားမိတာကို ခွင့်လွှတ်ပါဒေါက်တာ. . မဏိပူရ အခြေစိုက်စခန်းကို ရောက်ရှိလာတဲ့ ဒေါက်တာ့ကို မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ကျွန်တော် ဆုတောင်းပါတယ်"

ဟု. . ပြောပြီး ဖက်လှဲတကင်း နှုတ်ဆက်လေ၏။

ဒေါက်တာဂျက်ဖာဆင်မှာ ဗိုလ်ချုပ်ကြီး၏ နွေးထွေးသည့်ဆက်ဆံမှုများကြောင့် မနေတတ်အောင်ရှိနေတော့သည်။ ထို့ကြောင့် အလိုက်သင့်တုံ့ပြန်ပြောနေရ၏။

"ဘုရားသခင်ရဲ့ အလိုအတိုင်း အားလုံးအဆင်ပြေသွားလိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ် ဗိုလ်ချုပ်ကြီး"

ဗိုလ်ချုပ်ကြီးစကွန်း၏ စကားတွေအရ. . သူသည် စစ်ဗိုလ်လေးအတွက် အထူးစိုးရိမ်နေသည်မှာ ထင်ရှား၏။ ဒေါက်တာက လူနာကို စနစ်တကျကြည့်ရှုပြီးသည်နှင့် လူနာ၏ အခြေအနေမှာ အရေးပေါ်ခွဲစိတ်ရမည်ဖြစ်၍ သူ၏လုပ်ငန်းတာဝန်ကို. . ခရီးရောက်မဆိုက်ဆိုသလို စတင်ရန် ပြင်ဆင်လေတော့၏။



## အခန်း ◀ ၂ ▶
## သဲကန္တာရ လူငယ်တစ်ဦးက အလှူခံခြင်း

တစ်လဟူသော ကာလအတွင်း သူသည် အင်ဖာစစ်မြေပြင်၏ အခြေအနေအရပ်ရပ်ကို အတော်အတန် သိရှိခဲ့ရသည်။ အခြေအနေမှာ သူတွေးထင်သကဲ့သို့ မဟုတ်ဘဲ. . ဖက်ဆစ်တို့သည် တဖြည်းဖြည်း အရေးနိမ့်လျက် မဟာမိတ်တို့၏ ထိုးစစ်ကြောင့် ဖရိုဖရဲ ဆုတ်ခွာနေကြရသည်ကို ကြားရလေ၏။

မဏိပူရအခြေစိုက်စခန်းသို့ ရောက်ရှိလာသည့် လူနာများမှာလည်း နေ့စဉ်နှင့်အမျှ တဖွဲဖွဲ၊ တသဲသဲ မဆဲနိုင်အောင် ရှိနေလေရာ သူ့အဖို့မှာလည်း အိပ်ချိန်နားချိန်ဟူ၍ သတ်မှတ် မရလောက်အောင် ဖြစ်နေတော့သည်။

ထိုမျှပင် အလုပ်တာဝန်များပြားသော်လည်း သူသည် အရှေ့တိုင်းသား စစ်ဗိုလ်လေးရှိရာ လူနာဆောင်ရှက်ဖျင်တဲသို့ နေ့စဉ်လိုလို ညနေစောင်းသည်နှင့် သွားရောက်ကြည့်ရှု ကုသမြဲ ဖြစ်သည်။

စစ်ဗိုလ်လေး၏ဒဏ်ရာများမှာ အနည်းငယ်မျှ စိုးရိမ်စ ရာမရှိတော့ပေမယ့်. . ဒေါက်တာဂျက်ဖာဆင်မှာ သူ၏ လက်ထောက်ဆရာဝန်များနှင့် လွှဲအပ်ခြင်းမပြုဘဲ၊ သူကိုယ်တိုင်ဂရုတစိုက် လာရောက်ကြည့်ရှုပြီး ဆေးဝါးကုသပေး၏။

ထိုသို့ရောက်ရှိလေတိုင်း သူတို့နှစ်ဦးမှာ စကားများစွာ ပြောဖြစ်ကြ၏။ ရက်ကာလ ကြာမြင့်လာသည်နှင့်အမျှ သူတို့နှစ်ဦး၏ ခင်မင်မှုမှာ ရင်းနှီးပွင့်လင်းမှုဖြင့် မိတ်ဟောင်းဆွေမွှန်များကဲ့သို့ ဖြစ်သွားကြ၏။

အင်ဖာစစ်မြေပြင်တွင် ဒဏ်ရာဖြင့်ရောက်ရှိလာစဉ်က စစ်ဗိုလ်ကလေး၏ အသွင်အပြင်မှာ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများဖြင့် လူကြမ်းကြီးပမာ

www.burmeseclassic.com

[illegible] ဆေးကုသမှုခံယူသည့် ကာလအတွင်း သပ်ရပ်စွာနေထိုင် [illegible] ချောမွေ့ပြေပြစ်သည့်လူငယ်အဖြစ်. . ဒေါက်တာဂျက်ဖာဆင် [illegible]။

စစ်ပိုလ်လေးမှာ သူမှန်းထားသည့် အသက်အရွယ်ထက်များစွာ [illegible]သည့် အသက်နှစ်ဆယ့်ရှစ်နှစ်အရွယ် လူငယ်မျှသာ ဖြစ်သည်။

အရပ်အမောင်းမြင့်မားပြီး အသားအရေမှာ ကြေးနီရောင်ဖြစ်၏။ [illegible]ယ်ပျောင်းကျစ်လျစ်သော ကိုယ်ကာယနှင့် ချောမွေ့ခန့်ညားသော အရေ့တိုင်းသား စစ်ပိုလ်လေးမှာ. . အနောက်နိုင်ငံသား ဆရာဝန်ကြီးအတွက် မဟာလူစွမ်းကောင်းကြီး ဖြစ်နေတော့သည်။

"ဒဏ်ရာက မှန်းထားတာထက် ပိုပြီးကောင်းမွန်ပါတယ် လက်ဖတင်နင်၊ နောက်ရက်အနည်းငယ်အတွင်း လက်ဖတင်နင် လမ်းလျှောက်တာကို စပြီး လေ့ကျင့်နိုင်ပါလိမ့်မယ်။ သို့ပေမယ့် အဖျားမဝင်နိုင်အောင်တော့ ဂရုစိုက်ရမှာ ပေါ့လေ. . ."

ဒေါက်တာဂျက်ဖာဆင်သည် ဆေးထည့်ခြင်း၊ ပတ်တီးအသစ်လဲခြင်း များပြုလုပ်ရင်း အခြေအနေကို ပြောလေ၏။

"ကျေးဇူးတင်ပါတယ် ဒေါက်တာ၊ ဒေါက်တာရဲ့ ဂရုတစိုက်ကုသမှုကြောင့် ကျွန်တော်အခုလို ကျန်းမာလာတာပါ။ အခု လို လူနာတွေအပေါ်မှာ မေတ္တာတရားကြီးမားစွာနဲ့ ကုသပေးတဲ့ ဒေါက်တာ့ကို ဘုရားသခင် စောင့်ရှောက်ပါစေလို့ ဆုတောင်းပါတယ်. . ."

"လက်ဖနင်က အခုလိုဆုတောင်းပေးတော့ ကျွန်တော်ကလည်း ပေးတဲ့ဆုနဲ့ပြည့်ပါစေလို့. . လှိုက်လှိုက်လှဲလှဲ ခံယူပါတယ်လေ"

"ကျွန်တော်ဟာ စစ်မြေပြင် အခြေစိုက်စခန်းတွေမှာ သတ္တိကောင်းတဲ့ စစ်သားအတော်များများကို ဆေးကုခဲ့ရဖူးပါတယ်။ ဒါပေမဲ့ လက်ဖတင်နင်လို အသည်းကောင်းပြီး ခံနိုင်စွမ်းရည်ရှိတဲ့ သူမျိုးကိုတော့ တစ်ခါမှ မတွေ့ဖူးသေးဘူး"

"ဒါကတော့ ဒေါက်တာရယ်၊ ကျွန်တော်တို့ စစ်သားဆိုတာ အဆင်မသင့်ရင် စစ်တိုက်ရင်း. . အသက်တောင် သေချင်သေရဦးမှာ မဟုတ်လား၊ အသက်သေမှာ မကြောက်လို့ စစ်သားလုပ်နေမှတော့ ဒဏ်ရာက ကျည်ဆန်လေးခွဲထုတ်တာလောက် ကို ကြောက်လန့်အသည်းငယ်နေလို့ ဘယ်ဖြစ်ပါ့မလဲ။ သေမှာ



မကြောက်တဲ့သူအဖို့ နာတာလောက်ကို အသေးအဖွဲ့လို့ သဘောထားနိုင်ရမှာပေါ့. . ."

ဟု ပြောပြီး တစ်ဆက်တည်းပင် သူသည် ရှေးက ဘိုးဘေး ဘီဘင်များ လက်ထက်က ဖြစ်စဉ်အချို့ကို ရှင်းပြလေရာ ဒေါက်တာဂျက်ဖာဆင်မှာ တအံ့တသြဖြင့် စိတ်ဝင်တစား ဖြစ်သွားပြီး. . .

"အို. . တကယ့်ကို အံ့သြစရာပါလား လက်ဖတင်နင်ရယ်. . ."

ဟု ပြောလေ၏။

စစ်ဗိုလ်လေးရှင်းပြသည့်ဖြစ်စဉ်မှာ မြန်မာဘုရင်များ လက်ထက်က စစ်တိုက်ဖို့ လူရွေးသောအခါ လက်ဖျားထိပ်ကို အပ်နှင့်စိုက်ပြီး တူနှင့်ရိုက်သည်တွင် မတွန့်မဆုတ် နောက်မဆုတ်သည့်သူကိုမှ စစ်သည်အဖြစ် လက်ခံရွေးချယ်ကြောင်း ပြောပြခြင်းဖြစ်သည်။ စစ်သားဟူသည်မှာ သတ္တိကောင်းသလောက် ဒဏ်ရာအနာတရ ဖြစ်လာလျှင်လည်း မညည်းမညူ ခံနိုင်ရည်ရှိရမည်ဟု ရည်ညွှန်းသည့် သဘောဖြစ်သည်။

စစ်ဗိုလ်ကလေးမှာ ထိုစကားများကို ပေါ့ပေါ့ပါးပါး ပြောလိုက်ခြင်းဖြစ်ပေမယ့် သူ့အားစိုက်ကြည့်နေသော ဒေါက်တာကြီး၏မျက်ဝန်းက ၎င်းစကားများကို နားထောင်လျက်က အထင်ကြီးလေးစားမှုဖြင့် အရောင်ဝင်းလက်နေကော့သည်။

ထို့နောက် သူသည် တစ်ကြိမ်တစ်ခါမှ မမေးဖူးသော မေးခွန်းကို မေးလိုက်လေ၏။ စစ်ဗိုလ်ကလေးကို မည်သည့်နိုင်ငံသား ဖြစ်ပါသလဲဟု မေးလိုက်ခြင်းဖြစ်သည် စစ်ဗိုလ်ကလေး၏ သိမ်မွေ့စွာဖြေကြားသည်ကို ကြားရသောအခါ. . သူသည် အလွန်အားရကျေနပ်ဖြစ်သွားပြီး ချီးကျူးပြောဆိုလေ၏။

စစ်ဗိုလ်ကလေးက အရှေ့တောင်အာရှက မြန်မာလူမျိုး ဖြစ်ကြောင်း ပြောဆိုပြီး မြန်မာနိုင်ငံကို ဒေါက်တာရောက်ဖူးပါသလားဟု သူ့အား ပြန်လည် မေးလေရာ. . .

"ရောက်ဖူးတာပေါ့ လက်ဖတင်နင်၊ ကျွန်တော် မြန်မာပြည်မှာ နှစ်အတော်ကြာ လှည့်လည်သွားလာခဲ့ဖူးပါတယ်။ မြန်မာလူမျိုးတွေဟာ ကူညီကြင်နာတတ်ပြီး လူတစ်ဖက်သားကို စေတနာရက်ရောစွာနဲ့ ပေးကမ်းစွန့်ကြတဲ့နေရာမှာ သဒ္ဓါတရား အရှိဆုံးလို့ ကျွန်တော်သုံးသပ်မိပါတယ်။ ကျွန်တော် အလွန်ခင်မင်တဲ့

www.burmeseclassic.com

လက်ဖကောင်နင်ကို မြန်မာလူမျိုးအဖြစ်သိလိုက်ရတာ တကယ့်ကို ဂုဏ်ယူကျေနပ်ပါတယ်"

ဟု အားပါးတရ ပြောလေတော့၏။

ထို့နောက်မှာတော့ ဒေါက်တာဂျက်ဖာဆင်သည် မြန်မာစကားကို အတော်အတန်ပီသအောင် ပြောဆိုနိုင်သူဖြစ်သည်ကို စစ်ဗိုလ်လေးမှာ တအံ့တဩသိရှိရလေရာ နောက်နေ့များမှစ၍ သူတို့နှစ်ဦးသည် မြန်မာစကားကို အဓိကအားပြုပြီး ပြောဆိုကြသဖြင့် နှစ်ဦးသားအဖို့ အဖွဲ့ကျနေတော့၏။ ရင်းနှီးခင်မင်မှုမှာလည်း ပို၍ခိုင်မာသကဲ့သို့ ဖြစ်သွားကြ၏။

ဆောင်းဦးရာသီ၏ တစ်ခုသော တနင်္ဂနွေနေ့တွင်ဖြစ်သည်။ တောတောင်များ ဝန်းရံလျက်ရှိသည့် ဒေသဖြစ်၍ ညနေစောင်း မတိုင်ခင်ကတည်းက ဝန်းကျင်တစ်ခွင်လုံး မြူနှင်းများဝေ့ဆိုင်း ကျဆင်းလာလေ၏။

ထူထဲသည့်အဝတ်အထည်များ အထပ်ထပ်ဝတ်ဆင် ထားသော်ငြား အအေးဓာတ်မှာ အရိုးကွဲမတတ် ချမ်းစိမ့်နေလေ၏။

စစ်တန်းလျားတစ်ခုလုံးမှာ မည်သည့်လှုပ်ရှားသံမျှ မကြားရဘဲ လွန်စွာတိတ်ဆိတ်လျက်ရှိ၏။ ယခင်နေ့များကထက် တစ်စစပြင်းထန်လာသည့် အအေးဒဏ်ကြောင့် စစ်သည်များမှာ မည်သူမျှ တန်းလျားအပြင် မထွက်ကြဘဲ စောစီးစွာ အိပ်စက်နေကြခြင်း ဖြစ်သည်။

ဒေါက်တာဂျက်ဖာဆင်သည် ညဦးယံကတည်းက စစ်ဗိုလ်ကလေး၏ ရှက်ဖျင်တဲသို့ ရောက်ရှိခဲ့ပြီး၊ ထုံးစံအတိုင်း နှစ်ဦးသား စကားများစွာပြောဆိုကြ၏။

ဒေါက်တာကြီး ပြန်သွားသည်တွင် စစ်ဗိုလ်လေးမှာ. . ညဉ့်နက်သည့်တိုင်အောင် အိပ်စက်မရဖြစ်နေ၏။ သို့နှင့် လွန်စွာသိနားလည်ရခက်သည့် ဒေါက်တာကြီးအကြောင်းကို တွေးနေမိ၏။ သို့ရှိစဉ်မှာပဲ ထူးခြားမှုတစ်ခုကို သတိပြုမိလိုက်၏။ ချိုအီမွှေးပျံ့သော ပန်းပေါင်းစုံရနံ့ဖြစ်သည်။ ကာလကြာမြင့်စွာ နေထိုင်ခဲ့သည့်တစ်လျှောက် ထိုရနံ့မျိုး တစ်ကြိမ်တစ်ခါမျှ မရဖူးသဖြင့် သူသည် လွန်စွာအံ့ဩသွားလေ၏။

အံ့ဩမှုနှင့်အတူ သံသယအတွေးဖြင့် စူးစမ်းရှာဖွေရန် လဲလျောင်းနေရာမှ ထလိုက်သည်တွင်. . .

"ဟင်. . ."



သူသည် လွန်စွာထိတ်လန့်သွား၏။ မိမိကိုယ်မိမိ မယုံနိုင်အောင် ဖြစ်သွားပြီး ထပ်မံကြိုးစားကြည့်သည်။ အခြေအနေမှာ ပို၍ပင်ဆိုးဝါးသွားပြီး ခန္ဓာကိုယ်က လှုပ်ရှားချင်စိတ်မရှိ လောက်အောင် ဖြစ်သွား၏။

ထိုရနံ့ကို သိသာစွာ ရှူရှိုက်ရသည်နှင့်အမျှ မျက်ဝန်းတွေက မှေးစင်းလျက် နီးတစ်ဝက်အိပ်မက်ကဲ့သို့ ဖြစ်သွားပြီး အသိတရားများ မလွတ်ကင်းအောင် အတတ်နိုင်ဆုံး ထိန်းချုပ်ထားရ၏။

မျက်ဝန်းကိုဖွင့်လိုပေမယ့် ဘယ်လိုမှဖွင့်မရအောင် လေးလံနေ၏။ သို့သော် တဲအတွင်းမီးဖိုအလင်းတွင် ရိပ်ခနဲ လှုပ်ရှားသွားသဖြင့် အသားကျလေ့ကျင့်ထားသည့် စစ်သားတစ်ဦး၏ အသိဖြင့် ထိုအရာမှာ သက်ရှိသတ္တဝါတစ်ကောင်၏ လှုပ်ရှားမှုဆိုတာ သိလိုက်၏။

ထိုအသိကြောင့် အပြင်းအထန် တုန်လှုပ်သွားပြီး. . .

"ဘယ်သူလဲ. . ."

ဟု အော်ဟစ်မေးလိုက်၏။ အတန်ကြာသည့်တိုင် တုံ့ပြန်သံ မကြားရဘဲ လှုပ်ရှားမှုများသာ. . ပို၍ သိသာနေသဖြင့် အိပ်ရာမှ အားကုန်ကျုံးထလိုက်၏။ သို့သော် သူ့တစ်ကိုယ်လုံး အနည်းငယ်မျှ လှုပ်ရှားနိုင်စွမ်းမရှိဖြစ်နေ၍ ကိုယ့်အဖြစ်ကို လွန်စွာဝမ်းနည်းသွား၏။

ထပ်မံ၍. . .

"ဘယ်သူလဲလို့မေးနေတာ. . မကြားဘူးလား"

ဟု အော်ဟစ်လိုက်ပြန်၏။ ထိုစကားကို အင်္ဂလိပ် ဘာသာ၊ ကုလားဘာသာ၊ မြန်မာဘာသာ စသဖြင့်. . ဘာသာ စကား(၃)မျိုးဖြင့် တစ်ဆက်တည်း မေးလိုက်သည်တွင် မိနစ်အနည်းငယ်အတွင်း ပထမဆုံးကြားရသည်မှာ ငိုရှိုက်သံဖြစ်သည်။

တိုးသဲ့စွာ ထွက်ပေါ်နေရာမှ သိသာစွာ ကြားရလေ၏။ သူအံ့ဩနေစဉ်မှာပဲ ထပ်မံအံ့ဩဖွယ်အဖြစ်နှင့် ရင်ဆိုင်ရပြန်၏။ ထိုအရာမှာ သူ့အားမြန်မာဘာသာစကားဖြင့် ပီသစွာ ပြောလာခြင်းဖြစ်သည်။

"ဒုက္ခရောက်တဲ့လူတစ်ယောက်ပါ အရှင်. . ကျွန်တော် အခုလိုရောက်ရှိလာတဲ့အတွက် အပြစ်မယူစေလိုပါဘူး. . ကျွန်တော့် ဒုက္ခတွေကို ဒီလောကမှာ အရှင်တစ်ယောက်သာ ကူညီနိုင်မှာမို့ အခုလို အရဲစွန့်ရောက်ရှိ

www.burmeseclassic.com

ပေါ်ချင်း ဖြစ်ပါတယ်"

"အဲဒီလို လာရင်လည်း ကောင်းကောင်းလာပါလား၊ ဘာဖြစ်လို့ငါ့ကို ပျော်ရအောင် လုပ်ထားရတာလဲ"

"ခွင့်လွှတ်ပါ အရှင်၊ ကျွန်တော် အရှင့်ကို အိပ်မွေ့ချရုံလေး လုပ်ထားတာပါ။ အဲဒီလိုလုပ်ရတာလည်း အရှင်အထင်မှားပြီး ကျွန်တော့်ကို သေနတ်နဲ့ ပစ်မှာစိုးလို့ပါ။ နောက်ပြီး စစ်တန်းလျားက အစောင့်စစ်သည်တွေ ရိပ်မိသွားပြီး ကျွန်တော့်ကို ဖမ်းဆီးသတ်ဖြတ်မှာ စိုးရိမ်မိလို့ပါ. . . ကျွန်တော့်ကိုကယ်ပါ အရှင်. . ."

"ဒီနေရာမျိုးဟာ လူတစ်ယောက်ကို ကယ်ချင်တိုင်းကယ်လို့ရတဲ့ နေရာမျိုးမဟုတ်ဘူး၊ မင်းရဲ့လုပ်ရပ်ကဘယ်လောက် အန္တရာယ်ကြီးတယ်ဆိုတာ မင်းမသိဘူးလား၊ မင်းကိုကယ်ရအောင် ငါကသိကြားမင်း မဟုတ်ဘူးကွ. . မင်းရဲ့ မှန်းအတတ်ပညာကို ပြန်ရုပ်သိမ်းမလား မသိမ်းဘူးလား"

ထိုသို့ ကြိမ်းမောင်းပြောဆိုခြင်းခံရသည်တွင် မည်သည့် စကားမှ ထွက်မလာဘဲ ငိုရှိုက်သံသာ ထွက်ပေါ်လာသဖြင့် စစ်ဗိုလ်လေးမှာ လွန်စွာ ဒေါသထွက်သွားပြီး. . .

"ဟေ့ကောင်. . ကျက်သရေမရှိ လာမငိုစမ်းနဲ့၊ မင်းလုပ်ပုံက မသာ အလောင်းတစ်လောင်းဘေးမှာ ပူဆွေးငိုကြွေးနေသလို ဖြစ်နေပြီ။ မင်းကြောင့် ငါ့မှာရှင်လျက်သေနေသလိုပဲ၊ မင်းဘယ်သူလဲ၊ ဘာကြောင့် ငါ့ဆီရောက်လာပြီး ဘာကိုအလိုရှိတာလဲဆိုတာ သေချာပြောပြ။ အရေးကြီးတာက ငါ့ကိုထမရ ထိုင်မရလုပ်ထားတာကို အမြန်ဆုံး ရုပ်သိမ်းပေး"

"လုပ်. . လုပ်ပေးပါ့မယ် အရှင်၊ ဒါ. . ဒါပေမဲ့ အရှင် ဒေါသတကြီး ကျွန်တော့်ကိုမောင်းမထုတ်ဖို့ တောင်းပန်ပါရစေ၊ ပြီး. . ပြီးတော့ သေနတ်နဲ့လည်း မပစ်ပါဘူးလို့ ကတိပေးစေချင်ပါတယ်"

"ဘယ်လိုကောင်လဲကွာ၊ အကူအညီလည်းလိုချင်သေးတယ်၊ တောင်းလိုက်တဲ့ကတိကလည်းမျိုးစုံပဲ. . ဒီနေရာမျိုးမှာ မင်းအတွက် ဘယ်လောက် အန္တရာယ်များတယ်ဆိုတာ မင်းမသိဘူးလား၊ အစောင့်တွေသာ မင်းကိုတွေ့သွားရင် ဘာမှမေးမြန်းစုံစမ်းမနေဘဲ မင်းကိုပစ်သတ်ကြမှာ"

"မှန်ပါတယ်အရှင်၊ သို့ပေမယ့် သေလုနီးပါး ဒုက္ခကြီးမားနေတဲ့



လူတစ်ယောက်အနေနဲ့ သေစေတော့ သဘောထားပြီး ကံကောင်းထောက်မမှုလေး အနည်းငယ်ရှိနိုင်သေးတယ်လို့ မျှော်လင့်ပြီး အရှင့်ဆီကို အသက်နဲ့ရင်းပြီး စွန့်စားဝင်ရောက်ခဲ့ခြင်းပါ အရှင်"

"ကောင်းပြီ၊ မင်းတောင်းတဲ့ကတိအတိုင်း ဖြစ်စေရမယ်၊ အခုလောလောဆယ် ငါ့တစ်ကိုယ်လုံး လှုပ်ရှားလို့ရအောင် အရင်လုပ်ပေးဦး"

ဟု ပြောလိုက်သည်တွင် ရနံ့ပြင်းစွာ ရှူရှိုက်နေရသည့် မွှေးရနံ့များ တဖြည်းဖြည်း လျော့ပါးသွားသည်ကို သတိပြုမိလေ၏။ ထိုအခိုက်အတန့်မှာပဲ ဟုန်လှုပ်စွာ တိုးလျှိုးတောင်းပန်နေသည့် စကားသံမှာ အဆက်မပြတ် ထွက်ပေါ်နေ၏။ ထိုစကား မှာ 'အရှင်. . ကတိတည်ပါစေနော်၊ အရှင့်ကတိအတိုင်း ကျွန်တော့်ကို သနားပါ' ဟူ၍ ဖြစ်သည်။

ထိုလေသံမှာ ရောဂါဝေဒနာတစ်ခုကို အပြင်းအထန် ခံစားနေရဟန်ရှိပြီး အမှန်ပင်ဒုက္ခနှင့် ရင်ဆိုင်နေရသူဟုယုံကြည်မိ၍ သနားကြင်နာစိတ် ဖြစ်ပေါ်လာ၏။

အကျိုးအကြောင်း သေချာမေးမြန်းပြီး မိမိကူညီနိုင်ပါက အလျင်အမြန်ကူညီပြီး ဤဝန်းကျင်မှ အမြန်ဆုံးထွက်ခွာသွားရန်ပြောမည်ဟု စိတ်ဝယ် ရည်ရွယ်လိုက်၏။

အံ့သြဖွယ်ကောင်းနေသည်မှာ ထိုသူသည် သာမန်လူမဟုတ်ဘဲ စုန်းကဝေအတတ်များဖြင့် မိမိအား ဖမ်းစားနိုင်စွမ်းရှိသူဖြစ်ရာ ၎င်းအား ယုံကြည်စိတ်ချရန် မဝံ့မရဲဖြစ်မိသည်။

ထို့ကြောင့်. . အခြေအနေမဟန်ပါက သေနတ်ဖြင့်ပစ်ခတ်သင့်က ပစ်ခတ်ရန်. . သတိမလစ်အောင် ဂရုစိုက်ရမည်ဖြစ်သည်။

ရနံ့များ လွင့်ပြယ်သွားသည်တွင် သူ၏ခန္ဓာကိုယ်မှာ ကောင်းစွာ လှုပ်ရှား၍ရသွားသည်နှင့် သူသည် လဲလျောင်းရာမှ အလျှင်အမြန်ထိုင်လိုက်ပြီး ထိုသူကို ကြည့်လိုက်၏။

"ဟင်"

သူ၏ခန္ဓာကိုယ်မှာ အထိတ်တလန့်ဖြင့် ဆတ်ခနဲတောင့်မတ်သွားပြီး. . မြင်ရသည့် အခြေအနေပေါ်တွင် တအံ့တသြဖြစ်သွားလေ၏။

"မင်း. . မင်းဟာဘယ်နည်းနဲ့မှ မြန်မာလူမျိုးမဖြစ်နိုင်ဘူး. . မင်းက

www.burmeseclassic.com

ဘယ်သူလဲ၊ ဘယ်အရပ်ဒေသကလည်းဆိုတာကို ပြောစမ်း”

ဟု ကြိမ်းမောင်းသည့်လေသံဖြင့် မေးလိုက်ရာ ထိုသူသည် ခုတင်နှ
ငါးပေခန့်အကွာတွင် မြေတွင်ဝပ်တွားလျက်ရှိနေရာမှ ဦးခေါင်းကိုမော့လျ
ကတုန်ကယင်ပြောလေ၏။

သို့သော် သူ၏မျက်နှာကို အနက်ရောင်ပဝါဖြင့်အုပ်ထား၍ မျက်နှာကို
မမြင်ရဘဲ အသံကိုသာကြားရလေ၏။ သေးငယ်သော သူ၏ခန္ဓာကိုယ်အပေါ်
အနက်ရောင်အဝတ်ပွကြီး လွှမ်းခြုံထားလေရာ ရုတ်တရက်ကြည့်လျှင် အဝတ်
များလုံး ထွေးထားသကဲ့သို့ ဖြစ်နေတော့သည်။

သူသည် မခံမရပ်နိုင်လောက်အောင် ဝေဒနာအပြင်းအထန် ခံစားနေရ
ကြောင်း၊ စစ်ဗိုလ်လေး ကူညီပေးမှသာ ထိုဝေဒနာ သက်သာပျောက်ကင်းမည်
ဖြစ်ကြောင်း၊ စစ်ဗိုလ်လေးထံလာ ရောက်နိုင်ရေးအတွက် လွန်ခဲ့တဲ့ ရက်အနည်း
ငယ်ကတည်းက ကြိုးစားနေခဲ့ကြောင်း၊ သူတို့ခလေ့ထုံးစံတွင် သွားချင်သည့်
အချိန်သွား၍မရသဖြင့် . . နေ့ကောင်းရက်မြတ်ကို ရွေးချယ်နေရ၍ ယနေ့မှ
အရောက်လာနိုင်ခြင်းဖြစ်ကြောင်းစသဖြင့် ရှည်လျားစွာရှင်းပြပြီး သူ့အလိုရှိရာကို
တောင်းခံခွင့်ပြုရန် အသနားခံပြောဆိုလေ၏။

ထိုသူ ပြောဆိုနေသည့်စကားများ စစ်ဗိုလ်လေး၏ အကျင့်စရိုက်
စိတ်နေသဘောထားကို သိရှိနေသည်မှာ စစ်ဗိုလ်လေးမှာဗုဒ္ဓဘုရားရှင်၏
သာသနာကို သက်ဝင်ယုံကြည်သူဖြစ်ပြီး ရတနာသုံးပါးကို ဦးထိပ်ထားသူဖြစ်၍
သူ့အား သူလိုအပ်သည့်အရာကို လှူဒါန်းသည့်သဘောမျိုး ပေးကမ်းစေလို
ကြောင်း ပြောဆိုလိုက်လေတော့၏။

ထိုအခါ စစ်ဗိုလ်လေးမှာ အထွေအထူး စဉ်းစားမနေတော့ဘဲ
မင်းအလိုရှိတာဘာလဲဟု မေးလိုက်သည်တွင် ထိုသူက တုန်ယင်ဖျော့တော့သော
လေသံဖြင့် သူအလိုရှိရာကို တောင်းခံလေ၏။

လျှပ်တစ်ပြက်အတွင်း ဖြစ်ပျက်သွားသည့် အခြေအနေမှာ လွန်စွာ
ထိတ်လန့်ဖွယ်ကောင်းလှ၏။

'ဝုန်း'. . ဟူသောအသံနှင့်အတူ သေနတ်မောင်းတင်သံ ထွက်ပေါ်
သွားပြီး တစ်ဆက်တည်းပင် စစ်ဗိုလ်လေး၏ ကြိမ်းမောင်းဆဲဆိုသံမှာ ဟိန်းထွက်
သွား၏။



'ဝုန်း'. . ဟူသောအသံမှာ စစ်ဗိုလ်လေး ခုတင်ပေါ်မှာ အထိတ်တလန့်
ခုန်ဆင်းလိုက်သဖြင့် ထွက်ပေါ်သွားခြင်းဖြစ်သည်. . စစ်ဗိုလ်လေးသည်
အသားများ ဆတ်ဆတ်တုန်ယင်လျက် သေနတ်မောင်းကင်ပြီး ထိုသူကိုချိန်ထား
လေရာ ၎င်းမှာ အလွန်အမင်း တုန်လှုပ်ပြီး ငိုရှိုက်တောင်းပန်လျက် စစ်ဗိုလ်လေး၏
ခြေအစုံကို ပွေ့ဖက်ဦးခိုက်လေတော့၏။

အကယ်၍များ. . စစ်ဗိုလ်လေးအဖို့ အသိတရားလက် လွတ်သွားပါက
ထိုသူမှာ စက္ကန့်ပိုင်းအတွင်း အသက်သေဆုံးဖွယ် ဖြစ်သွားပါလိမ့်မည်။

ထိုသို့ ဆိုးဝါးစွာ ဖြစ်မသွားရခြင်းမှာ စစ်ဗိုလ်လေးသည် ထိုသူ၏
ညာဘက်ခြေထောက်ကို သတိပြုမိသွား၍ဖြစ်သည်။ ထိုခြေထောက်မှာ ပေါင်ရင်း
ပိုင်းမှကျိုးနေပြီး လှုပ်ရှားလိုက်တိုင်း အသည်းခိုက်မတတ် နာကျင်ခံစားနေရ
သည်ကို သိရှိလိုက်၍ဖြစ်သည်။

အနေအထားကိုကြည့်၍ သူကောင်းစွာသဘောပေါက်လိုက်သဖြင့်
သေနတ်ကိုချလျက် တွေဝေသွားလေ၏။

ထို့နောက် စစ်ဗိုလ်လေးသည် မိမိသိလိုသမျှကို အချိန် အနည်းငယ်ကြာ
အောင် မေးမြန်းပြီးနောက် အချိန်နှစ်ရက်ခန့် စောင့်ဆိုင်းရန်နှင့် သုံးရက်မြောက်
နေ့ ညဉ့်နက်ပိုင်းတွင် ပြန်လာရန် မှာကြားလိုက်လေ၏။

စိတ်မောပန်းစွာ ခံစားရသဖြင့် စစ်ဗိုလ်လေးသည် ခုတင်ပေါ်တွင်
ခြေပစ်လက်ပစ် လှဲချလိုက်၏။ မျက်ဝန်းကိုမှိတ်ထားသော်ငြား အာရုံ၌ ထိုသူ၏
စကားများကို ကြားယောင်နေမိသည်။

'ကျွန်တော် အလှူခံလိုတာက အရှင့်ရဲ့သွေး ဖြစ်ပါတယ်'

ဟူသော စကားပင်ဖြစ်သည်။

www.burmeseclassic.com

## အခန်း ◀ ၃ ▶
## ဗိုလ်ချုပ်ကြီးစကွန်းက အလေးပြုခြင်း

"ကျွန်ုပ်အသက်ကအခု ခြောက်ဆယ်ပြည့်ခါနီးပါပြီ. . လက်ဖတင်နင်၊ ကျွန်ုပ်ဖြတ်သန်းခဲ့တဲ့ ဘ၀သက်တမ်း တစ် လျှောက်မှာ လက်ဖတင်နင်လို လူငယ်မျိုး တစ်ခါမှမတွေ့ခဲ့ဖူးပါဘူး၊ ကျွန်ုပ်အများကြီးအံ့ဩတယ် လက်ဖတင်နင်. . အများကြီး လည်း လေးစားချီးကျူးမိတယ်၊ မြန်မာနိုင်ငံဟာ ကျွန်ုပ်တို့ရဲ့ ကိုလိုနီနိုင်ငံဖြစ်ပေမယ့် လက်ဖတင်နင်ကျော်စွာကိုတော့ ကျွန်ုပ်တို့ရဲ့ ဘုရင်မကြီးကို လေးစားသလိုမျိုး ကျွန်ုပ်လေးစားမိပါတယ်"

ထိုစကားကို ဗိုလ်ချုပ်ကြီးစကွန်းက ဝမ်းခေါင်းသံကြီးဖြင့် အားပါးတရ ချီးကျူးပြောလိုက်သဖြင့် စစ်ဗိုလ်လေးမှာ အလွန် အံ့ဩသွားလေ၏။ လွန်စွာ ဩဇာရှိန်ဝါကြီးမားပြီး လွန်စွာမှလည်း မာနကြီးသော ဗိုလ်ချုပ်ကြီးက ထိုသို့ပြောဆိုသည်မှာ မယုံနိုင်ဖွယ် ဖြစ်ရလေ၏။ သို့သော်လည်း ဗိုလ်ချုပ်ကြီးမှာ သူ၏ရင်၌ အစစ်အမှန်ခံစားမှုဖြင့် ပြောဆိုလိုက်တာကို ဝင်းလက်နေသည့် မျက်ဝန်းမှာ သိသာစွာထင်ဟပ်နေပါသည်။

စစ်ဗိုလ်လေးသည် သူ့အားဩည့်ဝတ်ပြုရင်း ဗိုလ်ချုပ်ကြီး ကမ်းလှမ်းသည့် အရာများကို ယဉ်ကျေးစွာ ငြင်းပယ်လိုက်ပြီး သူ့ရင်တွင်း၌ရှိနေသည့် သဘောတရားများကို အကြောက်အရွံ့မရှိ ထုတ်ဖော်ပြောဆိုလိုက်ခြင်းဖြစ်သည်။

"ကျွန်တော့်ကို အခုလို အသိအမှတ်ပြုပေးတဲ့အတွက် ဗိုလ်ချုပ်ကြီးကို အထူးပဲ ကျေးဇူးတင်ပါတယ်။ ကျွန်တော့်အနေနဲ့ထပ်ဆင့်ပြီး အလေးအနက် ပြောချင်တာက ပြောခဲ့တဲ့ကျွန်တော့် စကားတွေဟာ ဦးနှောက်နဲ့ အရင်းတည်တာ မဟုတ်ဘဲ နှလုံးသားနဲ့ အရင်းတည်ပြီး ပြောဆိုမိတဲ့စကားတွေ ဖြစ်ပါတယ်. .



ကျွန်တော်ဟာ သာမန်စစ်ဗိုလ်လေးပါ။ သာမန်စစ်ဗိုလ်တစ်ဦးကို ဗိုလ်ချုပ်ကြီး ကိုယ်တိုင် ယခုလိုနွေးထွေးစွာဩည့်ခံတာ တကယ့်ကိုအံ့ဩစရာပါ။ ကျွန်တော့် ဘ၀အတွက် မမေ့နိုင်လောက်တဲ့ အိပ်မက်လေးတစ်ခုလို ကြည်နူးခံစားရပါတယ်၊ တကယ့်အမှတ်တရပါပဲ ကျွန်တော်ဟာဗြိတိသျှတက္ကသိုလ်မှာ စစ်ပညာသင်ကြားပြီး ဗြိတိသျှလက်အောက်မှာ စစ်မှုထမ်းခဲ့ရပေမယ့် ကျွန်တော့် နှလုံးသား၊ ခံယူချက်နဲ့ စိတ်ဓာတ်တွေဟာ အမိမြန်မာနိုင်ငံရဲ့ ရင်ခွင်ထဲမှာပဲရှိပါတယ်။ တစ်ချိန်ချိန်မှာ အမိမြန်မာနိုင်ငံရင်ခွင်ထဲ ပြန်လည်တိုးဝင်ဖို့ ခိုင်မာစွာဆုံးဖြတ်ထားပါတယ်။ အခုအချိန်အခါဟာ ကျွန်တော့်အတွက် အဲဒီအခွင့်အရေးမျိုး ကြုံကြိုက်လာပြီဖြစ်လို့. . ကျွန်တော်ဗိုလ်ချုပ်ကြီးထံမှာ ခွင့်တောင်းခံရခြင်း ဖြစ်ပါတယ်။

"ကျွန်တော်ဟာ မြတ်ဗုဒ္ဓရဲ့အဆုံးအမကို သက်ဝင်ယုံ ကြည်သူဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ဗုဒ္ဓဘုရားရှင်ကိုယ်တော်မြတ်က ပရိနိဗ္ဗာန်စံတဲ့အထိ မပြတ်ဟောကြားခဲ့ပါတယ်။ ကျွန်တော်ဟာ စစ်တိုက်နေတဲ့ စစ်သားတစ်ယောက်ပါ။ စစ်မြေပြင်မှာ ရန်သူစစ်သည်ပေါင်း မြောက်မြားစွာကို နည်းမျိုးစုံနဲ့ သတ်ဖြတ်ခဲ့သူပါ။ မကြောက်မရွံ့ နောက်မတွန့်ဘဲ သုတ်သင်ခဲ့ရတဲ့ ရန်သူ့ သွေးညှီနံ့တွေဟာ ကျွန်တော့်လက်မှာ စွန်းပေနေဆဲပါပဲ. . ကျွန်တော်ဟာ ရန်သူကိုမုန်းလို့ သတ်တာမဟုတ်ပါဘူး။ တကယ်တော့ ကျွန်တော်တို့ လူသားတွေကို အုပ်စုတစ်စုနဲ့ တစ်စု၊ နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ စစ်မက်ပြုသတ်ဖြတ်စေခိုင်းနေတာ စနစ်ဆိုးတွေ၊ အယူဝါဒဆိုးတွေကြောင့် ဖြစ်ပါတယ်။ ကျွန်တော်ဟာ အင်ဖာစစ်မြေပြင်မှာ ဂျပန်စစ်သားပေါင်းရာနဲ့ချီပြီး သတ်ဖြတ်ခဲ့ရတယ်။ ကျွန်တော် ဂျပန်ကို မမုန်းဘူး၊ ကျွန်တော်မုန်းတာ ဖက်ဆစ်အာဏာရှင်စနစ်ကို မုန်းတာ။ ကျွန်တော်တို့ဟာ ဂျပန်ကို သတ်ဖြတ်နေတာမဟုတ်ဘူး။ အာဏာရှင်စနစ်ကို သတ်ဖြတ်နေတာဖြစ်တယ်. . ကျွန်တော်ဟာ ဂျပန်ကိုမမုန်းသလို တရုတ်ကိုလည်း မမုန်းဘူး၊ ကုလားကိုလည်း မမုန်းပါဘူး၊ အဆုံးစွန်ပြောရရင် ကျွန်တော်တို့နိုင်ငံကို ကိုလိုနီ ကျွန်ပြုထားတဲ့ ဗိုလ်ချုပ်ကြီးတို့ အင်္ဂလိပ်တွေကိုလည်း မမုန်းပါဘူး၊ ကျွန်တော် မုန်းတာက ကိုလိုနီစနစ်ဆိုးကို မုန်းတာပါ၊ ကျွန်တော်တို့တိုက်နေတာ လူကိုတိုက်နေတာမဟုတ်ဘူး၊ စနစ်ဆိုးကို တိုက်နေခြင်း ဖြစ်ပါတယ်။

ဒီနေ့ခေတ်ကာလဟာ ပုံသဏ္ဌာန်တစ်မျိုး ပြောင်းလဲနေပါပြီ. . အင်ပါ

www.burmeseclassic.com

ယာဆိုတာ စစ်နဲ့တည်ဆောက်ရမယ်ဆိုတဲ့ခေတ်မဟုတ်တော့ဘူးဆိုတာ ကျွန်တော့်ထက် အဆများစွာ ဉာဏ်ပညာမြင့်မားတဲ့ ဗိုလ်ချုပ်ကြီးက ပိုပြီး သိနားလည်ပါလိမ့်မယ်။ အခုဆိုရင် ကိုလိုနီလက်အောက်ခံ နိုင်ငံအတော်များများ လွတ်လပ်ရေးရနေကြပါပြီ. . ကျွန်တော်တို့တိုင်းပြည်လည်း အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဦးဆောင်မှုကြောင့် များမကြာမီ ကာလမှာ လွတ်လပ်ရေးရမယ်ဆိုတာ တစ်တိုင်းပြည်လုံးယုံကြည်နေပါတယ်။ ကျွန်တော်တို့ ဘိုးဘွားများလက်ထက်ကတည်းက ဆုံးရှုံးခဲ့ရတဲ့ လွတ်လပ်ရေးဟာ အခုဆိုရင် လက်တစ်ကမ်းအကွာမှာ ရောက်ရှိနေပါပြီ။ ကျွန်တော်တို့ရဲ့ အမျိုးသားခေါင်းဆောင်ကြီးတွေဟာ ကိုလိုနီစနစ်ဆိုးက လွတ်မြောက်တာနဲ့ မြန်မာနိုင်ငံတော်ကြီးကို ပြည်သူ့ဆန္ဒနဲ့အညီ တရားမျှတတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ဖို့ အပူတပြင်းဆောင်ရွက်နေတာ အလွန်ဝမ်းမြောက်စရာ ကောင်းလှပါတယ်။

ကျွန်တော်တို့ဟာ. . အမိမြန်မာနိုင်ငံတော်ကို တည်ဆောက်တဲ့အခါ ကိုလိုနီစနစ်ဆိုးကို အသက်သွင်းခဲ့တဲ့ အင်္ဂလိပ်တွေကို လက်ညှိုးထိုးပြီး အပြစ်စကားမဆိုဘဲ မိမိတို့ကို နှစ်ပေါင်းများစွာအုပ်ချုပ်ခဲ့တဲ့ အင်္ဂလိပ်တွေဆီက အကောင်းကိုအတုယူ အသုံးချတတ်ဖို့ အရေးကြီးပါတယ်။ အင်္ဂလိပ်တွေရဲ့ စည်းကမ်း စနစ်ကြီးမားပုံ၊ အလုပ်အပေါ်မှာ ဇွဲဝီရိယရှိပုံ၊ ဉာဏ်ပညာကို အပတ်တကုတ် လေ့လာဆည်းပူးနိုင်စွမ်းရှိပုံတွေဟာ ကမ္ဘာမှာ ဘယ်လူမျိုးမှ လိုက်မမီအောင် ကိုယ်စွမ်းကိုယ်စရှိကြသူတွေလို့ ကျွန်တော် လေ့လာအကဲခတ်မိပါတယ်။ ဒါကြောင့်လည်း နေမဝင်အင်ပါယာထူထောင်ပြီး ကမ္ဘာ့နိုင်ငံများစွာကို ကိုလိုနီကျွန်ပြုနိုင်စွမ်းတာ ဖြစ်ပါတယ်။ အဲဒီလို ကောင်းမွန်တဲ့ အကျင့်စရိုက်မျိုးတွေကို စံနမူနာပြုထားပြီး ကျွန်တော်တို့ မြန်မာလူမျိုးတွေ အတုခိုး ကြိုးစားသင့်ပါတယ်"

စစ်ဗိုလ်လေးက သူ၏ရင်တွင်း၌ အစစ်အမှန်ဖြစ်တည်နေသည့် သဘောတရားများ၊ အတွေးအခေါ် အယူအဆများကို ထိုသို့ရဲဝံ့စွာဖွင့်ဟ ပြောဆိုလေရာ ဗိုလ်ချုပ်ကြီးစကွန်းမှာ မည်သည့်စကားမျှ ခွန်းတုံ့မပြန်ဘဲ ကားမားစတိတ်စီးကရက်ကို ဖွာရှိုက်လျက် ငြိမ်သက်စွာ နားထောင်နေလေ၏။

ဗိုလ်ချုပ်ကြီးစကွန်း၏ ကမ်းလှမ်းချက်မှာ စစ်ဗိုလ်လေး၏ ဘဝအတွက်



သာမန်အမြင်အရကြည့်လျှင် ရွှေဘုံပေါ်စံရမည့် အခြေအနေမျိုးဖြစ်သည်။ ယူကဲ့သို့ သာမန်စစ်ဗိုလ်အဆင့်ရှိသူ ထောင်ပေါင်းများစွာတွင် လွန်စွာရခဲသည့် အခွင့်အရေးမျိုး ဖြစ်သည်။

သူ့အား စစ်မြေပြင်တွင် ကြမ်းတမ်းစွာ စစ်မှုထမ်းရမည့် အခြေအနေမှ ရာထူးတစ်ဆင့်တိုးမြှင့်ပြီး အင်္ဂလန်ရှိ ဘုရင့်စစ်တက္ကသိုလ်တွင် နည်းပြအဖြစ် ခန့်အပ်မည်ဟူသော အခွင့်အရေး ဖြစ်သည်။

သူသည် ထိုအခွင့်အရေးကို ယဉ်ကျေးစွာ ငြင်းပယ်ခဲ့ပြီး သူ့အား စစ်တပ်မှ နုတ်ထွက်ခွင့်ပေးရန် ဗိုလ်ချုပ်ကြီးကို အကြောင်းပြတောင်းလိုက်ခြင်း ဖြစ်၏။ သူ၏အကြောင်းပြချက်မှာ အမိမြန်မာနိုင်ငံတော်၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များတွင် တစ်ပိုင်တစ်နိုင် ဝင်ရောက်လုပ်ဆောင်လို၍ ထိုသို့တောင်းဆိုခြင်းပင်ဖြစ်သည်။

ကမ္ဘာပေါ်တွင် အင်္ဂလိပ်လူမျိုးများသည် အပါးနပ်ဆုံးဟု ပြောရမည် ဖြစ်သည်။ ကိုလိုနီလက်အောက်ခံနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံမှ မြန်မာနိုင်ငံသား စစ်ဗိုလ်လေးကို အင်္ဂလန်ရှိဘုရင့် စစ်တက္ကသိုလ်မှာ နည်းပြအဖြစ် ရည်ရွယ်ချက်များစွာဖြင့် ခန့်အပ်ခြင်းဖြစ်သည်။ သူတို့နိုင်ငံသား စစ်ဗိုလ်များစွာရှိသော်လည်း အဘယ်ကြောင့် ထိုရာထူးကို ပေးအပ်ခြင်းမပြုသည်မှာ များစွာစဉ်းစားစဖွယ် ဖြစ်၏။ သူတို့လူမျိုး စစ်ဗိုလ်များအဖို့ ထိုရာထူးအတွက် စိတ်ကူးဖြင့်ရူးသွပ်သူ များစွာရှိပါသည်။ သူတို့ကိုကျော်လွန်ပြီး မြန်မာစစ်ဗိုလ်လေးကို ခန့်အပ်လိုခြင်းမှာ လူကိုကြည့်ခြင်းမဟုတ်။ ရဲစွမ်းသတ္တိ၊ ဉာဏ်ပညာနှင့် အကျင့်သီလကောင်းမြတ်ခြင်းတို့ကြောင်း ဖြစ်သည်။

ထိုသူ၏ ဦးဆောင်မှုဖြင့် သီးပွင့်လာမည့်မျိုးဆက်သစ်များမှာ အဘယ်မျှ အစွမ်းအစရှိကြမည်ကိုတွေးခေါ်ပြီး မြန်မာစစ်ဗိုလ်လေးကို ထိုသို့ခန့်အပ်ခြင်း ဖြစ်သည်။ ဗိုလ်ချုပ်ကြီးစကွန်းသည် မြန်မာစစ်ဗိုလ်လေးကို စားကောင်းသောက်ဖွယ်စုံလင်စွာဖြင့် နေ့လယ်စာ တည်ခင်းဧည့်ခံလေ၏။ နေ့လယ်စာ စားသောက်ပြီးသည်တွင် သူတို့နှစ်ဦးသည် သီးစုံဖျော်ရည် ကိုယ်စီသောက်လျက် စကားများစွာ ပြောဆိုကြပြန်၏။ သူတို့နှစ်ဦး၏ လွတ်လပ်ပွင့်လင်းမှုမှာ ရုတ်တရက်ကြည့်သော် အသက်အရွယ်တူမိတ်ဆွေများ ပြောဆိုနေသကဲ့သို့ ထင်မှတ်ရလေ၏။

ဗိုလ်ချုပ်ကြီးစကွန်းသည် မြန်မာစစ်ဗိုလ်လေး၏ ဆန္ဒထက်များစွာ

www.burmeseclassic.com

ကျော်လွန်ပြီး ကူညီဆောင်ရွက်ပေးခဲ့ပါသည်။

သူ၏ ခွက်ဖျင်တဲထဲသို့ ပြန်လည်ရောက်ရှိသည်တွင် အချိန်မှာ ညနေစောင်းပြီဖြစ်၏။ သူရောက်ရှိသည်နှင့် သူ့အား စောင့်ကြိုနေကြသည့် ရဲဘော် ရဲဘက်များကြားတွင်း မအားလပ် အောင်ဖြစ်နေတော့၏။

လာရောက်နှုတ်ဆက်သူများမှာ လူမျိုးစုံ၊ စရိုက်စုံဖြစ်သည်။ အင်္ဂလိပ် စစ်တပ်တွင် စစ်မှုထမ်းကြသည့် စစ်သည်များမှာ အရှေ့တိုင်းသား၊ အနောက် တိုင်းသားစသဖြင့် ရှိကြလေရာ အချို့သူတွေက ၎င်းတို့ ယဉ်ကျေးမှုဓလေ့အ၊ အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသဖြင့် ထိုသို့ပေးအပ်ကြသူ အများစုမှာ အနောက်နိုင်ငံသားစစ်သည်များဖြစ်သည်။ အိန္ဒိယစစ်သည်များ ကတော့ သူတို့ဓလေ့အတိုင်း စစ်ဗိုလ်လေးအတွက် ဆုတောင်းစကားများပြော ဆိုရင်း ဦးညွှတ်နှုတ်ဆက်ကြလေသည်။

စစ်ဗိုလ်လေးသည် မကြာမီရက်ပိုင်းအတွင်း ဆေးခွင့်ဖြင့် စစ်တပ်မှ နှုတ်ထွက်တော့မည်ဖြစ်၍ ၎င်းတို့ ချစ်ခင်လေးစားကြသည့် နှစ်ပေါင်းများစွာ လက်တွဲခဲ့သော စစ်ဗိုလ်လေးကိုနှုတ်ဆက်၍ မဆုံးနိုင်အောင် ဖြစ်နေတော့သည်။

ထိုမြင်ကွင်းမှာ ကြည်နူးစရာကောင်းသလို ဝမ်းနည်းစရာလည်း ကောင်းလှပါသည်။ ဆေးခွင့်ဖြင့် မကြာမီစစ်တပ်မှ နှုတ်ထွက်ခွင့်ရတော့မည့် စစ်ဗိုလ်လေးကို နောက်တစ်ကြိမ်တွေ့ဆုံဖို့ ဘယ်လိုမှဖြစ်နိုင်တော့မည်မဟုတ်၍ သူတို့သည် ထိုကဲ့သို့ ဖက်လှဲတကင်းလာရောက်၍ နှုတ်ဆက်ကြခြင်းဖြစ်သည်။

စစ်ဗိုလ်လေးသည်ထိုညတွင် ဒေါက်တာဂျက်ဖာဆင်ကို သူ၏အဆောင်သို့ မပြန်စေဘဲ ၎င်းနှင့်သာ အတူတကွရှိနေစေရန်ပြောဆိုလေရာ ဒေါက်တာ ဂျက်ဖာဆင်က မကြာခင်ခွဲခွာကြရမည့်မိတ်ဆွေနှင့် ထိုသို့ပင် အချိန်များစွာ နေလိုကြောင်းပြောသဖြင့် များစွာအဆင်ပြေသွားတော့သည်။

ထို့နောက်မှာတော့ စစ်ဗိုလ်လေးသည် ဝန်းကျင်တစ်ခွင်ကို အကဲခတ် လိုက်ပြီး အဝင်တံခါးကို အတွင်းမှ မင်းတုန်းဖြင့်ပိတ်လိုက်လေ၏။ ပြီးနောက် သူသည် ဒေါက်တာဂျက်ဖာဆင်ကို ကော်ဖီခါးခါးဖြင့် ဧည့်ခံစကားပြောဆို တော့သည်။

ဒေါက်တာဂျက်ဖာဆင်မှာ ဆေးတစ်ဆုံဖြည့်ပြီး မီးညှိဖွာ ရှိုက်လျက် ယခင်နေ့များကအတိုင်း စကားများစွာပြောကြလေ၏။



စစ်ဗိုလ်လေးပြောသည့် အကြောင်းအရာများကို ကြားရသော ဒေါက်တာကြီးမှာ မျက်ဝန်းတွေ အဆမတန် ပြူးကျယ်သွားပြီး. . .

"အလိုလေး. . ဘုရားရေ။ လက်ဖတင် နင်တဲထဲကို ဂျစ်ပဆီ လူငယ် တစ်ယောက် ရောက်လာတယ်၊ အို. . ကြားရတာနဲ့ တကယ့်ရင်တုန်စရာပါလား လက်ဖတင်နင်ရယ်"

ဟူ၍ ခန္ဓာကိုယ်ယိမ်းယိုင်သည်အထိ အထိတ်တလန့် လှုပ်ခတ်သွား လေ၏။

ထို့နောက် စစ်ဗိုလ်လေးမှာ ထိုနေ့က ရင်ဆိုင်ခဲ့ရသည့်ဖြစ်ပျက်မှုများကို ပြည့်စုံစွာ ရှင်းပြလေတော့၏။

"မှန်ပါတယ် ဒေါက်တာ၊ အဲဒီလူငယ်ဟာ အသက်အရွယ်အားဖြင့် နှစ်ဆယ်ဝန်းကျင်အရွယ်လောက်ပဲ ရှိပါတယ်။ ဂျစ်ပဆီတစ်ယောက်လို့ သိလိုက်ရ တာက နဖူးတည့်တည့်မှာ ထင်ရှားတဲ့ဆေးမင်ရှိနေပြီး တောက်ပပြောင်လက် နေတဲ့ ကြေးဝါနား ကွင်းဆွဲထားတာကို မြင်လိုက်ရလို့ပါပဲ။ သူဟာ မဏ္ဍပ စစ်အခြေစိုက်စခန်းမှာ စစ်သည်ပေါင်း ထောင်သောင်းချီပြီး ရှိနေပါလျ ကျွန်တော့်ဆီကိုမှ ဦးတည်ပြီး ရောက်လာတာကတော့ အံ့ဩစရာပါပဲ။ ဒေါက်ဝ လည်း ကြားသိပါတယ်. . ဂျစ်ပဆီတွေဟာ စုန်းကဝေတွေ၊ သူခိုးသူဝှက်တွေ အများက သတ်မှတ်ထားကြတယ်ဆိုတော့ ကျွန်တော်လည်း သူ့ကိုဘယ် မယုံကြည်ဘူးလေ။ ဒါကြောင့် သေနတ်နဲ့ပစ်ဖို့အထိ ဆုံးဖြတ်ပြီးမှ သူ့အခြေအ ကိုသိလိုက်ရလို့ မနည်းပြန်ထိန်းလိုက်ရတယ်။ ကံသီပေလို့ပေါ့ ဒေါက်တာရယ်. နို့မဟုတ်ရင် အဲဒီညမှာပဲ အဲဒီဂျစ်ပဆီ သေနေလောက်ပြီ"

ဒေါက်တာ ဂျက်ဖာဆင်မှာ ကမ္ဘာ့နိုင်ငံအတော်များများ လှည့်လည် သွားလာဖူးသူဖြစ်၍ အိမ်ခြေအတည်တကျ နေထိုင်ခြင်းမရှိကြသည့် ဂျစ်ပဆီတို့၏ ဘဝကိုသိရှိထားပြီးဖြစ်သည်။

ဂျစ်ပဆီများမှာအုပ်စုဖွဲ့၍ လှည့်လည်သွားလာနေထိုင်ကြသည့် ထူးခြား သော မျိုးနွယ်စုဖြစ်သည်။ အထူးသဖြင့် ၎င်းတို့ အများဆုံး လှည့်လည်သွား လာသည့်ဒေသမှာ သဲကန္တာရအတွင်း၌ဖြစ်သည်။

သူတို့သည် သူတို့ရပ်တည်မှုအတွက် ကြံသလို၊ ဖြစ်သလို နေထိုင် စားသောက်ကြ၏။ မည်သည့်ဒေသ၊ မည်သည့်မြို့ရွာ အပေါ်တွင်မှ အစွဲအလမ်း

www.burmeseclassic.com

ဖော...မည်သည့်အုပ်စု၊ မြို့ရွာကိုမှ မထိပါးမစော်ကားသလို သူတို့ကိုထိပါး လာလျှင်လည်း ပြင်းထန်စွာ လက်တုံ့ပြန်ကြ၏။

အများအားဖြင့် သူတို့၏ခန္ဓာကိုယ်အရွယ်အစားမှာ မိန်းမများထက် ယောက်ျားများမှာ သေးသွယ်ကျစ်လစ်လေ၏။ သို့ သော်လည်း အားအစွမ်းမှာ လွန်စွာသန်မာ၏။ ရာသီဥတုဒဏ်ကိုသော်လည်းကောင်း၊ ကြမ်းတမ်းသည့် ခရီးကြမ်းကိုသော်လည်းကောင်း၊ သာမန်လူများထက် အဆများစွာ ကြံ့ခိုင်စွာ ခံနိုင်ရည် ရှိသူများဖြစ်သည်။

"ဂျစ်ပဆီတွေရဲ့ ဘဝဖြစ်စဉ်နဲ့ နေထိုင်မှုဟာ လူငယ်များယူဆသလို မှန်းတီးစရာမရှိပါဘူး။ လောကမှာ ဘယ်လိုလူ့အဖွဲ့အစည်းမှာဖြစ်ဖြစ် မိမိတို့ဘဝ မိမိတို့အသိုက်အမြုံ မပြိုကွဲစေဖို့ ကိုယ်စွမ်းဉာဏ်စွမ်းနဲ့ လုံခြုံအောင် ကာကွယ် ကြရတာပဲလေ။ သူတို့လည်း ဒီလိုသဘောပါပဲ။ သူတို့ဟာ အခြားသူတွေလို ခန္ဓာကိုယ်မဖွံ့ဖြိုးကြဘူး။ ကျစ်လစ်သေးသွယ်ကြတယ်။ ဂျစ်ပဆီ အမျိုးသားတွေရဲ့ အရပ်အမြင့်ဟာ အလွန်ဆုံးငါးပေကျော်ခန့် လောက်ပဲရှိတယ်။ ခန္ဓာကိုယ် ကလည်း သေးသွယ်တော့ အခြားသူတွေအဖို့ လှောင်ပြောင်အနိုင်ကျင့်စရာ ဖြစ်နေတာပေါ့။ တချို့ဆိုရင် လက်နက်အားကိုးနဲ့ ခြိမ်းခြောက်လုယက်တာကို ခံကြရတယ်။ တစ်ဖက်သတ် အနိုင်ကျင့်တိုက်ခိုက်ခံရတဲ့အခါ ဘယ်လို သက်ရှိ သတ္တဝါမဆို သူတို့တုံ့ပြန်နိုင်တဲ့ နည်းလမ်းတွေနဲ့ တုံ့ပြန်ရင်ဆိုင်ကြသလို.. သူတို့တွေလည်း သူတို့တတ်ကျွမ်းတဲ့ပညာတွေနဲ့ တုံ့ပြန်ကြတဲ့အခါ သူတို့အပေါ် အနိုင်ကျင့်နှိပ်စက်သူတွေဟာ အလွန်တုန်လှုပ်ကြောက်လန့်သွားကြတယ်။ သူတို့ဟာတုတ်၊ မား၊ သေနတ်တွေနဲ့ တုံ့ပြန်ကြတဲ့အခါ သူတို့ကို ကြောက်လန့် သွားပြီး တစ်မျိုးစွပ်စွဲပြောဆိုကြတယ်"

"လက်ဖတင်နင်လည်း သိပါလိမ့်မယ်။ သူတို့ဟာ မျိုးရိုး စဉ်ဆက် တတ်ကျွမ်းခဲ့ကြတဲ့ ထူးဆန်းတဲ့ မျက်လှည့်၊ လက်လှည့်၊ ပဉ္စလက်အတတ်တွေဟာ သူတို့အတွက် သူတို့ဘဝတွေအတွက် သံမဏိတံတိုင်းကြီးတွေလို လုံခြုံမှု ရှိစေခဲ့ပါတယ်။ သူတို့ရဲ့အတတ်ပညာတွေကြောင့် လူတွေဟာ သူတို့ကို တစ်မျိုး စွပ်စွဲကြပြန်တယ်။ ဂျစ်ပဆီတွေဟာ စုန်း၊ ကဝေ၊ မှော်ဆရာတွေကို ဖမ်းစား သူတွေ ခိုးဝှက်ယူဆောင်သူတွေဖြစ်လို့ ဘယ်လိုမြို့ရွာကိုမှ ဝင်ထွက်သွားလာ ခွင့်မပြုဘဲ မောင်းထုတ်ခြင်းကိုခံကြရတယ်။ တကယ်တော့ သူတို့တွေဟာ



ကျွန်တော်တို့ လောကဓာတ်ပညာတွေ လိုက်မမီနိုင်တဲ့ အံ့ဖွယ်ဂမ္ဘီရပညာရှင် တွေလို့ ကျွန်တော် ယူဆမိတယ်"

"ဒေါက်တာရှင်းပြမှ ကျွန်တော်လည်း ဂျစ်ပဆီတွေရဲ့ ဘဝကို ပြည့်ပြည့်စုံစုံ သိရတော့တယ်။ မက်ဆိုပိုတေးမီးယား စစ်မြေပြင်မှာတုန်းက ကျွန်တော်လည်း သူတို့အုပ်စုနဲ့ မထင်မှတ် ဘဲဆုံတွေ့တုန်းက ဉာဏ်မီသလောက် လေ့လာခဲ့ရပါတယ်..ကျွန်တော်ဟာ သူတို့ရဲ့တချို့အတွေးအခေါ်နဲ့ အယူအဆ တွေကို အထူးပဲနှစ်သက်မိပါတယ်။ ဂျစ်ပဆီတွေဟာ ဘယ်တိုင်းပြည် ဘယ်ရှင် ဘုရင်လက်အောက်မှာမှ အုပ်ချုပ်စိုးမိုးခံပြီး မနေလိုကြဘူး..သူတို့ဟာ ကိုယ်ပိုင် ခြေထောက်ကို အားကိုးပြီး ခြေသလုံးအိမ်တိုင်အဖြစ်နဲ့ ကမ္ဘာအနှံ့အပြား လှည့်လည်သွားလာနေကြတာ။ အံ့ဖွယ်ချီးကျူးစရာကောင်းလှပါတယ်။ အဲဒီလို သွားလာရင်း သူတို့တွေဟာ ရောက်လေရာအရပ်ဒေသမှာ လုပ်ကိုင်ရှာဖွေ စားသောက်နိုင်အောင် အမျိုးစုံသော အတတ်ပညာများကို တတ်ကျွမ်းသူတွေ ဖြစ်တယ်။ အမှန်မှာတော့ ဂျစ်ပဆီတွေကို လူတွေက ကြောက်လန့်ရွံရှာကြသလို လွတ်လပ်မှုကိုမြတ်နိုးတဲ့ ဂျစ်ပဆီတွေကလည်း လူတွေနဲ့ရောနှောနေထိုင်ဖို့ စိတ်မပါကြပါဘူး..သူတို့ကို အထင်အမြင်လွဲမှားပြီး မကြာခဏ ရန်ပြုနှောက် ယှက်လေ့ရှိကြတဲ့ လူတွေကို သူတို့ကလည်း ဝေးဝေးက ရှောင်ကြတာ မထူးဆန်း လှပါဘူးလေ"

သူတို့နှစ်ဦးသည် ထိုသို့ အမြင်ချင်းဖလှယ်ပြောဆိုကြပြီး ၎င်းကိစ္စကို မည်သို့ဆုံးဖြတ်ဆောင်ရွက်နေမှန်းမသိအောင် အကြံအိုက်နေကြသည်။

ဖြစ်တည်လာမည့် ပြဿနာမှာ..မှန်းဆမရလောက်အောင် ကြီးထွား သွားနိုင်၏။ ဂျစ်ပဆီများနှင့်ပတ်သက်ပြီး သူတို့ကဲ့သို့ အခြားသူများ တွေးမြင်ကြမည် မဟုတ်ဆိုတာ သေချာသည်။

ယခုလို မြောက်မြားစွာသော စစ်သည်တန်းလျားတွင်သာ၍ပင် ဆိုးဝါး သွားပါလိမ့်မည်။ ထို့အပြင် တစ်စုံတစ်ခုပေါက်ကြားသွားပါက စစ်ဗိုလ်လေးနှင့် ဒေါက်ဂျက်ဖာဆင်မှာ စစ်စည်းကမ်းဥပဒေကို ကျူးလွန်သူများအဖြစ် စွဲချက် တင်ခံရပြီး ကြီးလေးသည့်အပြစ်ဒဏ်မျိုးခံရမှာမလွဲ သေချာသည်။

လောလောလတ်လတ် အခွင့်ကောင်းရရှိထားသည့် မြန်မာစစ်ဗိုလ် လေးအဖို့မှာလည်း နာမည်ပျက်စာရင်းတွင် သွတ်သွင်းခံရမည်အပြင် ရရှိ...

www.burmeseclassic.com

...ရေးများ ဆုံးရှုံးဖွယ်အဖြစ်နှင့် ရင်ဆိုင်ရမည်ဖြစ်၍ သူ့အတွက် ထိုကိစ္စ... ...ခေါင်းခဲစရာ ဖြစ်နေတော့သည်။

ဒေါက်တာ ဂျက်ဖာဆင်မှာ မည်သည့်စကားမှမဆိုဘဲ ဆေးတံအိုးတွ... ဆေးတစ်ဆုံအသစ်ဖြည့်ကာ မီးညှိဖွာရှိုက်ရင်း လေးနက်စွာ တွေးနေသကဲ့သို့ စစ်ဗိုလ်လေးမှာလည်း အခါးရည်ကိုသောက်ရင်း တစ်စုံတစ်ရာ ဆုံးဖြတ်နိုင်စွမ်းမဲ့ ငြိမ်သက်နေလေ၏။ ထိုကိစ္စမှာ စစ်ဗိုလ်လေးတစ်ဦးတည်း စွမ်းဆောင်၍ ...ရသည်ကို ဒေါက်တာဂျက်ဖာဆင်သိသည်. . သူတို့နှစ်ဦးပူးပေါင်းဆောင်ရွက်မှ သာ ပြီးမြောက်မည့်ကိစ္စဖြစ်သည်။ စစ်ဗိုလ်လေး၏ ကြည်လင်သောမျက်နှာမှ မီးဖိုအလင်းရောင်ဖြင့် ဝင်းပလျက်ရှိရာ လူတစ်ဖက်သားပေါ်တွင် မေတ္တာ စေတနာဖြင့် ကူညီဖေးမလိုသည့် အတွင်းစိတ်သဏ္ဍာန်မှာ ၎င်းမျက်နှာပေါ်တွင် သိသာစွာပေါ်လွင်နေတာကို. . ဒေါက်တာဂျက်ဖာဆင် ရိပ်မိသိရှိလိုက်လေ၏။ ထိုအခိုက်အတန့်မှာပဲ သူသည် ဦးခေါင်းကို လေးပင်စွာညိတ်လျက် သူ၏ဆန္ဒကို ပြောလိုက်လေ၏။

"လက်ဖတင်နင်ရဲ့ဆန္ဒကို ကျွန်တော် နားလည်ပါတယ်။ ကျွန်တော်တို့ ဆရာဝန်ဆိုတာ လူနာတွေကို မိတ်ဆွေ၊ ရန်သူဆို ပြီး ခွဲခြားဆက်ဆံလို့မရပါဘူး။ ဘယ်လူနာကိုသာစေ၊ နာစေဆိုပြီး သဘောထားလို့ မရဘူးလေ။ လက်ဖတင်နင် ဆန္ဒကိုသာ ပွင့်ပွင့်လင်းလင်းပြောပါ"

ဟုပြောလေရာ စစ်ဗိုလ်လေးမှာ ဒေါက်တာကြီးကို ဖျတ်ကနဲကြည့်ပြီး အကြည့်ကို မီးဖိုဆီသို့ရွှေ့လျက် သူ၏ဆန္ဒကို ထုတ်ဖော်လိုက်လေ၏။

"ကျွန်တော် သူခံစားနေရတဲ့ဝေနာကို မကြည့်ရက်ဘူး။ ငြင်းပယ်ဖို့ တွေးမိပေမယ့် ဘယ်လိုမှမငြင်းရက်ဘူး ဖြစ်နေတယ်။ သူ့ဝေဒနာအတွက် ကျွန်တော်စွန့်စားချင်တယ် ဒေါက်တာ. ."

"သိပ်ကို မွန်မြတ်ပါပေတယ် လက်ဖတင်နင်ရယ်. . ကျွန်တော် အပြည့်အဝကူညီမယ်လို့ ကတိပြုပါတယ်. . ."

ဟုပြောလိုက်သည်တွင် သူတို့နှစ်ဦးသည် အဓိပ္ပာယ်ပြည့်ဝသည့် အပြုံးကိုပြုံးလျက် တစ်ဦးကိုတစ်ဦးကြည့်လိုက်လေတော့သည်။



## အခန်း ◀ ၄ ▶
## ခိုးစားသော သစ်သီးကြောင့် ရင်ခုန်သူနှစ်ဦး

ထိုနေ့က. . ဒေါက်တာဂျက်ဖာဆင်သည် ယခင်နေ့များ ထက်စောပြီး စစ်ဗိုလ်လေး၏အမိုးရွက်ဖျင်တဲသို့ ရောက်ရှိလာ၏။

သူသည် ဆေးဝါးများနှင့်ခွဲစိတ်ပစ္စည်း အသုံးအဆောင်များကိုလည်း ဆေးအိတ်ကြီးထဲထည့်၍ တစ်ပါတည်းယူဆောင်ခဲ့၏။

ရာသီဥတုမှာ ယခင်နေ့များကကဲ့သို့ အအေးဓါတ်ပြင်းထန်ခြင်း မရှိသောကြောင့်. . စစ်သည်များ ညဥ့်နက်သည့်တိုင်အောင် အိပ်စက်ကြမည် မဟုတ်ပေ။ သူတို့သည်အုပ်စုဖွဲ့၍လည်းကောင်း၊ မိမိတို့အုပ်စုလိုက်မီးဖိုပြီး သောက်စားပျော်ပါးလျက်သော်လည်းကောင်း ရှိနေကြမည်ဖြစ်သည်။

ညဥ့်ဦးယံကျော်လွန်ပြီး ညဥ့်နက်ပိုင်းရောက်လာသည်တွင် သူတို့ တွေးထင်ထားသည့်အခြေအနေနှင့် အမှန်ပင်ရင်ဆိုင်ရတော့သည်။

ဒေါက်တာကြီးမှာ အသိအမြင်ကြွယ်ဝသူဖြစ်၍ ထိုအခြေအနေကို ဦးစွာသတိပြုမိလေသည်။ တစ်ဆက်တည်းပင် စစ်ဗိုလ်လေးလည်းရိပ်မိသွားရာ သူတို့သည်တစ်ဦးနှင့်တစ်ဦး ကြည့်လိုက်ကြပြီး မေးဆတ်အချက်ပြလျက် အခြေအနေကိုသတိဖြင့် စောင့်ကြည့်နေလိုက်၏။

ထိုအချိန်တွင် သတိပြုမိလိုက်သည့်အရာမှာ ချိုအီမွှေးပျံ့သည့် ပန်းပေါင်းစုံရနံ့ဖြစ်သည်။ ထိုရနံ့နှင့်ပတ်သက်ပြီး စစ်ဗိုလ်လေးပြောပြထားသဖြင့် ဒေါက်တာဂျက်ဖာဆင်သိထားပြီး ဖြစ်၍စောင့်ကြည့်နေစဉ်မှာပဲ အခြေအနေ... ရုတ်ခြည်းအံ့သြဖွယ်ဖြစ်သွားလေသည်။

ထိုရနံ့မှာမသိမသာရှိနေရာမှ သိသာစွာပျံ့လွင့်လာပြီး အချိန်အား...

www.burmeseclassic.com

ငယ်အတွင်း အနီးအနားဝန်းကျင်တွင် စစ်တန်းလျားများမှ ဆူညံစွာထွက်ပေါ်နေသော အသံများမှာ တဖြည်းဖြည်းတိုးတိတ်သွားလေ၏။

ထိုအနေအထားကို သတိထားမိစဉ်မှာပဲ သူတို့မျက်ဝန်းတွေလည်း လေးလံထိုင်းမှိုင်းလာလေရာ. . .

"ဒေါက်တာရေ. . အခြေအနေကတော့ ကျွန်တော်တို့ ထင်သလိုတကယ်ဖြစ်လာပြီဗျ။ တတ်နိုင်သမျှ သတိမလစ်အောင် ထိန်းထားမှဖြစ်မယ်"

ဟု စစ်ဗိုလ်လေးက ပြောလိုက်သောအခါ ဒေါက်တာ ဂျက်ဖာဆင်က သဘောကျစွာရယ်လျက်. . .

"ထိန်းမနေနဲ့ လက်ဖတင်နင်. . ဒီလိုအတွေ့အကြုံမျိုးက ရခဲတယ်. . ကျွန်တော်ကတော့ ဒီလိုအသစ်အဆန်း အတွေ့အကြုံမျိုးနဲ့ကြုံကြိုက်ရတာတကယ်ကျေနပ်တယ်ဗျာ. . ."

ဟု အားပါးတရပြောလေ၏။

သို့သော် ဒေါက်တာဂျက်ဖာဆင် တွေးထင်သလိုဖြစ်မလာခဲ့ပါ. . အချိန်အားဖြင့် နာရီဝက်နီးပါးမျှကြာမြင့်မည်ထင်၏။ အနီးဝန်းကျင်ရှိစစ်တန်းလျားများမှ စစ်သည်များ၏အသံမှာ ထိုအချိန်အတွင်း ငြိမ်သက်တိတ်ဆိတ်သွားပါသည်။

သူတို့သည် ထိုရနံ့ကိုသတိပြုမိရုံသာ ခံစားလိုက်ရပြီးရနံ့မှာ တဖြည်းဖြည်းပြန်လည်လွင့်ပြယ်သွားသဖြင့် ထိုအခြေအနေမျိုးဖြစ်သွားရခြင်းမှာ သူတို့ထံအရောက်လာမည့် ဂျစ်ပဆီလူငယ်ကြောင့်ဖြစ်၏။

မကြာမီ. . တဲပေါက်ဝ၌ အနည်းငယ်လှုပ်ကနဲဖြစ်သွားသည်ကို နှစ်ဦးသားတွေ့ရှိလိုက်သဖြင့်. . .

"ရဲရဲတင်းတင်းဝင်ခဲ့ကွာ၊ ငါတို့မင်းကိုစောင့်နေတာ"

ဟု စစ်ဗိုလ်လေးက အသံပြတ်ဖြင့်ပြောလိုက်သည်နှင့် တစ်ကိုယ်လုံးအနက်ရောင်ဝတ်ဆင်၍ ခေါင်းတွင်လည်း ဇာပဝါတစ်ထည် လွှမ်းအုပ်ထားသည့် ဂျစ်ပဆီလူငယ်သည် တဲအတွင်းသို့ဝင်လာပြီး သူတို့နှင့်အတန်ငယ်အကွာအဝေးတွင်ထိုင်လျက် ဦးခေါင်းကို မြေသို့ဦးညွှတ်ပြီး အရိုအသေပြုလေ၏။

ဒေါက်တာဂျက်ဖာဆင်သည် ဆရာဝန်တစ်ဦး၏ လျင်သောအသိဖြင့် သူ၏အခြေအနေကို ကောင်းစွာသိရှိလိုက်သည်။ ၎င်း၏ညာခြေမှာ ဆန့်တန်း



လျက်ရှိပြီး မြေပြင်တွင်တည့်မတ်စွာ ရပ်နိုင်စွမ်းမရှိဖြစ်နေ၏။

"မင်းရဲ့အစွမ်းက အံ့မခန်းပါဘဲ. . စစ်မြေပြင်မှာသာဆိုရင် အခုမင်းလုပ်လိုက်တဲ့လုပ်ရပ်ကြောင့် တို့စခန်းတစ်ခုလုံး ရန်သူ့လက်ထဲရောက်သွားမှာသေချာတယ်. . ."

ဟု စစ်ဗိုလ်လေးက ပြောလိုက်ရာ ဂျစ်ပဆီလူငယ်၏တုံ့ ပြန်စကားက သူတို့ကိုတအံ့တဩဖြစ်သွားစေပြန်၏။

"မစိုးရိမ်ပါနဲ့အရှင်. . ကျွန်တော်ဟာ အရှင့်ရဲ့တဲအနီးတစ်ဝိုက်က စစ်တန်းလျားများကိုသာ ကျွန်တော့်ရဲ့အစွမ်းနဲ့ အိပ်မွေ့ချခဲ့တာပါ. . ဒီလိုမှမလုပ်ရင် အရှင်တို့ထံကို ကျွန်တော် ဘယ်လိုမှရောက်ရှိနိုင်မှာ မဟုတ်ပါဘူး. . ဒီလိုလုပ်နိုင်ဖို့ ကျွန်တော်နဲ့တစ်ကွ ဂျစ်ပဆီခြောက်ယောက်ဟာ အဓိဋ္ဌာန်ဖြင့် ကျင့်ကြံခဲ့ရပါတယ်. . ."

ဟု ပြောလေရာ သူတို့နှစ်ဦးမှာ အထူးအဆန်းဖြစ်သွားပြီး တစ်ဦးကိုတစ်ဦး ကြည့်လိုက်ကြသည်။

ထို့ကြောင့် ဒေါက်တာဂျက်ဖာဆင်က မည်သို့ဆောင်ရွက်ခဲ့သည်ကို မေးလေရာ ဂျစ်ပဆီလူငယ်က. . .

"ကျွန်တော်တို့ဟာ သူတကာတွေလို အမိုးအကာနဲ့အိုးအိမ်အတည်တကျ မရှိပေမယ့် သဘာဝလဟာပြင်ထဲမှာ အဆင်ပြေအောင်နေကြရတဲ့အတွက် ကျွန်တော်တို့မှာ လူသာမန်တွေ မတတ်ကျွမ်းတဲ့အတတ်ပညာမျိုးတတ်မြောက်ကြပါတယ်. . . ဂျစ်ပဆီတွေဟာ မျောက်လိုပေါ့ပါးဖျတ်လတ်ပြီး ခုန်ပျံကျော်လွှားနိုင်ပါတယ်. . ဆင်လိုအားကောင်းပြီး မြွေတစ်ကောင်လို လူတွေရဲ့ခြေထောက်ကြားက တွန့်လိမ်တွားသွားနိုင်တယ်. . ဒါတင်မက လိုအပ်ရင် မြင်းတွေလိုလည်း အပြေးမြန်ပါတယ်အရှင်. . ဒါပေမယ့်အစောင့်အကြပ်အလွန်များပြားတဲ့ အရှင်တို့စခန်းကို အဲဒီအစွမ်းသတိတွေနဲ့ ဝင်ရောက်ရင် ဖြစ်နိုင်ဖွယ်ရှိပါတယ်။ သို့ပေမယ့် တစ်နည်းမဟုတ်တစ်နည်းနဲ့ ကျွန်တော့်ကို တွေ့ရှိသွားနိုင်တဲ့အတွက် အလွန်အသုံးနည်းတဲ့အစွမ်းသတ္တိကို အသုံးချခဲ့ရပါတယ်. . အဲဒီအစွမ်းသတ္တိကိုအသုံးချနိုင်ဖို့ ကျွန်တော်အပါအဝင် ဂျစ်ပဆီခုနစ်ယောက်ဟာ သတ်သတ်လွတ်စားပြီး အဓိဋ္ဌာန်ဝင်ရပါတယ်. . ခုနှစ်ယောက်ဆိုတာက ခုနှစ်ရက်သားသမီးကိုရည်ညွှန်းပြီး မေတ္တာပို့အမျှဝေခြင်းဖြစ်ပါတယ်. .

www.burmeseclassic.com

...မှာက အစွမ်းထိရောက်မည့်အပြင် အရှင်တို့အတွက်လည်း အန္တရာယ်ကင်းမှာ ဖြစ်ပါတယ်. . ."

ဟု ရှည်လျားစွာရှင်းပြပြီး မောဟိုက်သွားသည့်ဟန်ဖြင့် ခေတ္တမျှနားနေ၏။ သူသည်သွေးဆုတ်ဖြူရော်လျက် နှုတ်ခမ်းများ တဆတ်ဆတ်တုန်နေလေရာ ဝေဒနာကိုကြိတ်မှိတ်သည်းခံ ၍ "အင်း". . ဟူသော ညည်းသံကြီးထွက်ပေါ်လာပြီး မျက်နှာပေါ်တွင်လည်း ချွေးသီးချွေးပေါက်များ စီးကျနေတော့သည်။

ဒေါက်တာဂျက်ဖာဆင်မှာ စစ်ဗိုလ်လေးပြောပြထား၍ အခြေအနေကို သိရှိထားပြီးဖြစ်၍ တစ်စုံတစ်ရာမေးမြန်းခြင်းမပြုတော့. . ပြုဖွယ်ကိစ္စများ ဆောင်ရွက်ရန် နေရာမှထလိုက်လေ၏။

"အို. . ဘုရားရေ. . ဒီခြေထောက်ကို အမြန်ဆုံးခွဲစိတ် မှ ဖြစ်လိမ့်မယ်။ မခွဲရင်အရိုးကလိုက်စားပြီး ခြေထောက်တစ်ချောင်းလုံး ဖြတ်ပစ်ရတဲ့အထိ အခြေအနေဆိုးသွားနိုင်တယ်. . ပြဿနာက ခွဲစိတ်ကုသမှုပြီးဆုံးတဲ့အထိ ခံနိုင်ရည်ရှိဖို့ မေ့ဆေး မလုံလောက်တာဘဲ"

ဂျစ်ပဆီလူငယ်၏ ညာဘက်ခြေထောက်ပေါင်ရင်းမှာ အဆမတန် ရောင်ကိုင်းလျက် အရိုးကျိုးလျက်ရှိနေလေရာ. . ဒဏ်ရာမှာအရေးပေါ်ခွဲစိတ် ရမည့် အခြေအနေမျိုးဖြစ်၏။

ထိုမျှဆိုးရွားသော ဒဏ်ရာဖြင့် ရက်ကာလကြာမြင့်စွာ နေထိုင်ခဲ့ရသည့် လူနာမှာ အဘယ်မျှနာကျင်ခံစားရလိမ့်မည်ကိုတွေးမိ၍ ဒေါက်တာကြီးလည်း ကရုဏာသက်သွား၏။

လတ်တလော အရေးကြီးသည်မှာ လူနာအား ခွဲစိတ်ကုသရာတွင် လိုအပ်သည့်သွေးဖြစ်သည်။ ထိုကိစ္စကိုကြားသိရသည်နှင့် ဂျစ်ပဆီလူငယ်လေးသည် စစ်ဗိုလ်လေး၏ခြေအစုံကို ပွေ့ဖက်လျက် သူ၏ဦးခေါင်းဖြင့် အကြိမ်များစွာ ဦးခိုက်လျက်. . .

"အရှင်. . ကျွန်တော့်အပေါ်မှာ သနားကြင်နာဖို့ကို တောင်းပန်ပါတယ်။ အရှင်နဲ့ကျွန်တော်က သွေးအုပ်စုချင်းတူ ညီတာကို ကျွန်တော့်ပညာစွမ်းနဲ့ အစောကြီးကတည်းက သိရှိထားပါတယ်. . ဒီလိုကြမ်းတမ်းတဲ့ အရပ်ဒေသမှာ ကျွန်တော့်လို ဂျစ်ပဆီတစ်ယောက်အပေါ်မှာ မေတ္တာထားနိုင်တာဆိုလို့ အရှင်တို့ ဘာလျှင် ရှိပါတယ်. . ."



ဟု တုန်ယင်လှိုက်မောစွာဖြင့် သနားစဖွယ်ပြောဆိုလေ၏။ သူသည် စစ်ဗိုလ်လေး၏ စိတ်နေသဘာဝ၊ အကျင့်စရိုက်များ ကို အံ့သြဖွယ်ကောင်းအောင် သိရှိနေ၏။ အထူးသဖြင့် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ပြီး မေတ္တာတရားဖြင့် တစ်ပါးသအပေါ် စာနာတတ်သည့် စစ်ဗိုလ်လေး၏ အတွင်းစရိုက်ကို သိရှိနေလေ၏။

စစ်ဗိုလ်လေးမှာ ကျန်းမာသန်စွမ်းသူဖြစ်၍ ခွဲစိတ်ရာတွင် လိုအပ်မည့် သွေးကို လှူဒါန်းရန် ယခင်တွေ့ဆုံပြီးကတည်းက ဆုံးဖြတ်ပြီးဖြစ်သည်။

ထို့နောက်မှာတော့ လူနာကိုခုတင်ပေါ်တွင်လဲလျောင်းစေပြီး အရိုးကျိုးသည့်ညာခြေကို ခြေဖျားမှခဲဆွဲ၍ ဆန့်ထုတ်ပြီးသည်နှင့် ဒေါက်တာကြီးသည် လုပ်ငန်းကိုစတင်တော့၏။

စစ်ဗိုလ်လေးမှာလည်း ဒေါက်တာကြီး၏ လိုအပ်ချက်များကို အနီးကပ် ကူပိုးပေးလေ၏။

ဒေါက်တာကြီး၏မျက်နှာမှာ ပကတိငြိမ်သက်တည်ကြည်လျက် စစ်စခန်း တစ်ခုမှ ရွက်ဖျင်တဲတွင်းရှိနေသည့်အဖြစ်ကိုလည်းကောင်း၊ အစောင့်တပ်သားများ တွေ့မြင်သွားမှာကို စိုးရိမ်သည့်အချက်ကိုလည်းကောင်း ဘေးဖယ်ထားကာ လူနာတစ်ယောက်ပေါ်တွင် ပြုဖွယ်ဝတ္တရားကိုဆောင်ရွက်ရသည့် ဆရာဝန် တစ်ယောက်၏လေသံဖြင့်သာ. . .

"မောင်ရင်တို့ ကိုးကွယ်ယုံကြည်တဲ့ နတ်ဘုရားတွေဆီကို အာရုံက ပြုပေတော့. . ကျုပ်မေ့ဆေးပေးလိုက်ပြီ မေ့ဆေးမပြယ်ခင်အရေးကြီးတဲ့ အပိုင်းတွေ ပြီးစီးအောင် ကျုပ်ဆောင်ရွက်နိုင်မှာပါ. . ."

ဟု ပြောပြီး သူ၏လုပ်ငန်းကိုစတင်လေရာ ဂျစ်ပဆီလူငယ်မှာ သူ၏ ခေါင်းကို ဇာပဝါအနက်ဖြင့်ဖုံးလိုက်လေတော့သည်။

ဒေါက်တာကြီးသည် စိတ်တည်ငြိမ်အေးချမ်းစွာနဲ့ အလုပ်,လုပ်သွားရာ မှန်းထားသည့်အချိန်ထက် စောစွာပြီးစီးသွားလေ၏။

ဒဏ်ရာချုပ်ပြီးသည်နှင့် ဆေးများထည့်ကာ ကျွမ်းကျင်စွာ ပတ်တီးစည်းပြီး သည်တွင် ဒေါက်တာကြီးသည် ဟင်းကနဲ့သက်ပြင်းရှည်ကြီးများချလျက် အောင်မြင်မှုအထိမ်းအမှတ်ဖြင့် ဘုရားသခင်၏ဂုဏ်ကျေးဇူးကို ချီးမွမ်းတိုင်တည် လိုက်လေသည်။

www.burmeseclassic.com

လူနာများကို ခွဲစိတ်ကုသရာတွင် ဆရာဝန်သက်တမ်း နှစ်ပေါင်းသုံးဆယ်အတွင်း ယခုအကြိမ်ကုသရသည့် စိတ်လှုပ်ရှားမှုမျိုး တစ်ကြိမ်တစ်ခါမှ မကြုံတွေ့ဘူးခဲ့။ ညဉ့်နက်ပိုင်းကျော်လွန်လာသည်နှင့် အအေးဓါတ်က သိသာစွာပြင်းထန်လာသော်လည်း ဒေါက်တာကြီး၏ထူထဲသောအဝတ်များမှာ ချွေးတို့ဖြင့် ရွှဲစိုနေ၏။

ဒေါက်တာကြီးသည် ကိုယ်လက်ဆေးကြောသန့်စင်ပြီးသည်နှင့် မီးဖိုအနီးတွင်ထိုင်လျက် သူသောက်နေကျဗာဂျီးနီးယား ဆေးမှုန့်ဘူးကိုဖွင့်ပြီး ဆေးတံအတွင်းသို့ဖြည့်ကာ အားပါးတရ ဖွာရှိုက်လေ၏။ လေးလံသည့် ဝန်ထုပ်ဝန်ပိုးကြီးကို လွှတ်ချလိုက်သကဲ့သို့ သူ၏ရင်တွင်း၌ ပေါ့ပါးနေလေသည်။

ထို့အတူ သူသည်လွန်စွာအားရကျေနပ်မိ၍ တစ်ကိုယ်တည်းပြုံးနေပြန်၏။ မိမိသည် ရန်သူစစ်စခန်းကို စွန့်စားဝင် ရောက်ပြီး တိုက်ခိုက်နိုင်စွမ်းရှိသည့် စစ်သည်တစ်ဦးကဲ့သို့ စွန့်စားရသည့် ရင်ခုန်ခြင်းပီတိကို ခံစားမဆုံးဖြစ်နေတော့သည်။

"ကျွန်တော် အပွင့်လင်းဆုံးဝန်ခံရရင်. . ကျွန်တော့်ရဲ့ ဆရာဝန်သက်တမ်းတစ်လျှောက်မှာ လူနာတစ်ယောက်ကို ခွဲစိတ်ကုသပြီး အခုလိုပျော်ရွှင်မှုမျိုး တစ်ခါမှ မခံစားဖူးဘူး. . အခု ဖြစ်ပျက်မှုဟာ ကျွန်တော့်ဘဝအတွက် တကယ့်အမှတ်တရတစ်ခုပါပဲ. . ."

ဟု လှိုက်လှဲစွာပြောလေ၏။

လူနာခုတင်၏ ညာဘက်သုံးပေအမြင့်တွင် အမိုးရွက် ဖျင်ကိုင်းဖြင့် ချည်နှောင်ချိတ်ဆွဲထားသည့် သွေးပုလင်းမှသွေးရည်များမှာ အနည်းငယ်သာကျန်ရှိတော့၏။ ပုလင်းထိပ်မှ ပိုက်ဖြင့် စီးဆင်းကျလာသည့် သွေးများကြောင့် ခွဲစိတ်ပြီးစဉ်က ဖြူဖပ်ဖြူရော်ဖြစ်နေသော လူနာမှာ. . တဖြည်းဖြည်း သွေးရောင်ယှက်သမ်းလာသည်ကို သူတို့တွေ့ရလေ၏။

ငင်းပုလင်းထဲမှသွေးမှာ မိုးမလင်းခင် ကုန်ဆုံးသွားမည် ဖြစ်သည်။

စစ်ဗိုလ်လေး၏ ညိုမှောင်သော မျက်ဝန်းအကြည့်က ထိုပုလင်းဆီသို့ မကြာခဏရောက်ရှိနေ၏. . သူ၏မျက်ဝန်းက ထိုသို့ကြည့်မိလေတိုင်း ရင်၌ခံစားရသည့် ကြည်နူးမှုကြောင့် ဝင်းလက်တောက်ပနေပါသည်. . . ။

သူ့ဘဝတစ်သက်တာတွင် ထိုသို့ကြည်နူးမှုမျိုး တစ်ကြိမ်တစ်ခါမှ မခံစားဘူးခဲ့. . လူနာ၏ ခန္ဓာကိုယ်အတွင်း စီးဝင်လှည့်ပတ်နေသည့် ထိုပုလင်းထဲမှ



သွေးများမှာ သူလှူဒါန်းထားခြင်းပင် ဖြစ်သည်။

"ဗုဒ္ဓဘုရားရှင် ဟောကြားဖူးတဲ့ တရားတော်အဆိုအရ လောကကြီးမှာ ဘယ်လိုကိစ္စမျိုးမဆို အကျိုးအကြောင်း ညီညွတ်မှုမရှိဘဲ ဘာတစ်ခုမှ ဖြစ်မလာနိုင်ဘူးတဲ့. . ဒီဂျစ်ပဆီလူငယ်နဲ့ ကျွန်တော်တို့ဆုံဆည်းမှုဟာ ကံအကြောင်းတရားကြောင့်လို့ ကျွန်တော်ယူဆတယ် ဒေါက်တာ. . ဘဝပေါင်းများစွာက ကံအကြောင်းတရားတွေက လက်ရှိဘဝမှာ ကျွန်တော်တို့နဲ့ ဆုံဆည်းခွင့်ကြုံလာရတယ်. . ကျွန်တော့်စိတ်ထင်ပေါ့လေ. . ရှေ့အနာဂတ်မှာလည်း သူနဲ့ကျွန်တော်တို့ ဘယ်လိုပုံသဏ္ဌာန်အခြေအနေမျိုးနဲ့ ကြုံဆုံရမလဲမသိဘူး. . ."

ရက်သတ္တနှစ်ပတ်ခန့် ကြာမြင့်သည်တွင် ဂျစ်ပဆီလူ ငယ်၏ဝေဒနာမှာ မှန်းထားသည်ထက် သာလွန်ကောင်းမွန်လာပြီး ချိုင်းထောက်ဖြင့် လမ်းလျှောက်နိုင်သည့် အခြေအနေသို့ ရောက်ရှိလာ၏. . . ။

ဂျစ်ပဆီလူငယ်မှာ ငယ်ရွယ်ကျန်းမာသူဖြစ်၍ ထိုသို့ရက် ကာလတိုတိုအတွင်း လျင်မြန်စွာ ဝေဒနာပျောက်ကင်းခြင်းဖြစ်သည်ဟု ဒေါက်တာကြီးက ပြော၏။

ဂျစ်ပဆီလူငယ်အား လက်ခံထားခြင်းမှာ စစ်ဗိုလ်လေးနှင့် ဒေါက်တာကြီးတို့အတွက် လွန်စွာမှအန္တရာယ်ကြီးမား၏။ သို့သော်လည်း ထိုကာလအတွင်း အန္တရာယ်တစ်စုံတစ်ရာ မရှိခဲ့ပေ. . . ။

သူတို့နှစ်ဦးသည် ထိုကာလအတွင်း နေ့စဉ်နှင့်အမျှ စိုးရိမ်ပူပန်နေရ၏။ ထိုသို့ခံစားနေရပေမယ့် တစ်နေ့လွန်မြောက်သည်နှင့် ဘယ်လိုခံစားမှုနှင့်မှ မတူသည့် ကြည်နူးမှုမျိုးခံစားရ ပြန်၏။

ထိုသို့ဘေးအန္တရာယ်ကင်းစွာ တစ်နေ့ပြီးတစ်နေ့ လွန်မြောက်လေရာ. . ဂျစ်ပဆီလူငယ်၏ဝေဒနာမှာလည်း တဖြည်းဖြည်း သိသာစွာ တက်သာလာလေ၏။

ထိုလူငယ်လေးမှာ သူတို့နှစ်ဦးအတွက် အံ့ဖွယ်လူစွမ်းကောင်းတစ်ဦးပင်ဖြစ်သည်။

သူတို့အဖို့ ဘယ်တုန်းကမှ မတွေ့မကြုံဘူးသည့် အတတ်ပညာနှင့် အတွေးအခေါ်အချို့ကို ထိုလူငယ်ထံမှရရှိသဖြင့် အလွန်အံ့သြကြ၏။ အထူးသဖြင့် ဂျစ်ပဆီသို့အသုံးပြုသည့် ဂမ္ဘီရအတတ်ပညာများဖြစ်သည်။

www.burmeseclassic.com

သူတို့အပေါ် အန္တရာယ်အနည်းငယ်မျှ မကျရောက်စေရန် ထိုလူငယ်သည် ၎င်းအတတ်ပညာများကို အကွက်ကျကျ အသုံးချခဲ့ခြင်းဖြစ်သည်။ သို့မဟုတ်ပါက အန္တရာယ်မှာ အနည်းနှင့်အများ ကျရောက်မှာမလွဲသေချာ၏။

စစ်ဗိုလ်လေးနှင့် ဒေါက်တာဂျက်ဖာဆင်တို့မှာ မည်သည့် အတွေ့အကြုံ အတတ်ပညာကိုမဆို လေ့လာစူးစမ်းရာတွင် ဝါသနာထုံသူများဖြစ်၍ ထိုလူငယ်ထံမှ လေ့လာစူးစမ်း၍ မဆုံးနိုင်ဖြစ်နေလေရာ ထိုကာလအတွင်းမှာပဲ ၎င်းလူငယ်နှင့် သူတို့လည်း လွန်စွာခင်သွားတော့၏။

ထိုကာလအတွင်း ဂျစ်ပဆီလူငယ်လေးက သူတို့နှစ်ဦးအပေါ်တွင်. . အမည်နာမခွဲခြားပြီး သုံးနှုန်းပြောဆိုသကဲ့သို့ ၎င်းကိုယ်တိုင်လည်း သူတို့ခေါ်ပြောရန် အမည်သတ်မှတ်လေ၏။

စစ်ဗိုလ်လေးနှင့် ဒေါက်တာကြီးတို့မှာ သူ၏အရှင်သခင်ကြီးများဟု ဦးထိပ်ထားပြီး စစ်ဗိုလ်လေးကျော်စွာကို အရှင်ဟုသုံးနှုန်းပြီး. . ဒေါက်တာကြီးကိုတော့ သခင်ကြီးဟု သုံးနှုန်းပြောဆိုလေ၏။

သူ၏အမည်ကိုတော့ သူလွန်စွာနှစ်သက်လေးစားသော မြန်မာအမည် မှည့်တွင်၏. . သိဒ္ဓိဟူ၍ဖြစ်သည်။ သူကထိုအမည်နှင့် ပတ်သက်၍ အကျယ်တဝင့်ရှင်းပြသဖြင့် စစ်ဗိုလ်လေးနှင့်ဒေါက်တာကြီးတို့မှာ. . သဘောကျမဆုံးပင် ဖြစ်ရလေတော့သည်။

ထိုအမည်မှာ အခြားသူများအတွက်မဟုတ်. . သူ၏ အရှင်သခင်တို့ အတွက် ၎င်းအမည်ကဲ့သို့ သိဒ္ဓိဟူသည့် အနက်အဓိပ္ပါယ်မျိုး အစွမ်းရှိအစ ရှိစေရန် ရည်ရွယ်မှည့်တွင်ခြင်းဖြစ်ကြောင်း ပြောဆို၏။

"အရှင်တို့နှစ်ဦးဟာ ကျွန်တော့်အပေါ်မှာ စေတနာ၊ အကြင်နာ၊ ကရုဏာတရားနဲ့ ပြုစုကုသခဲ့ကြလို့ ကျွန်တော်အခုလို ကျန်းမာလာခြင်း ဖြစ်ပါတယ်. . မနက်ဖြန်ဆိုရင် ကျွန်တော် ဒီစခန်းက ထွက်ခွာရတော့မှာဖြစ်လို့ အရှင်တို့ကို နှုတ်ဆက်ရင်းနဲ့ ဆေးဖိုးဝါးခ ကန်တော့ချင်ပါတယ်. . အရှင်တို့ နှစ်ဦးက ကျွန်တော့်ကို သနားကြင်နာခဲ့ပါတယ်. . ကျွန်တော်ကလည်း အရှင့်ကိုပြန်ပြီး ကျေးဇူးပြုလိုပါတယ်"

"မလိုပါဘူးကွာ. . မင်းဒဏ်ရာကို ဆေးကုပေးခဲ့တာမှန်ပေမယ့် ဒါဟာ ဘုရားသခင်ရဲ့ အလိုတော်အရ ပြုမူဆောင်ရွက်ခဲ့တာပါ. . ငွေကြေးရလို့မှုကြောင့်



မဟုတ်ဘူး။ ဆရာဝန်တစ်ယောက်အနေနဲ့ လူနာတစ်ယောက်ကို ဆေးကုသပေးရပေမယ့်တာဝန်က ငါ့တာဝန်ပါ. . တာဝန်ဝတ္တရားကို ဆောင်ရွက်လို့ မင်းက ကျေးဇူးတင်ချင်တယ်ဆိုရင် ဘုရားသခင်ကို ကျေးဇူးတင်ပေတော့. . ."

"မှန်ပါတယ် သခင်ကြီး. . ဘုရားသခင်ရဲ့ ဂုဏ်ကျေးဇူးတော်ဟာ ကြီးမားသလို အရှင်တို့နှစ်ဦးရဲ့ကျေးဇူးဟာလည်း ကြီးမားပါတယ်. . အရှင်တို့ နှစ်ဦးက ကျွန်တော့်ကိုကယ်ခဲ့သလို ကျွန်တော်ကလည်း ကျွန်တော်တတ်ကျွမ်းတဲ့ ပညာနဲ့ ကျေးဇူးဆပ်ချင်ပါတယ်"

ဟု အားတက်သရော ပြောနေလေရာ စစ်ဗိုလ်လေးနှင့် ဒေါက်တာကြီးတို့မှာ ဘယ်လိုလဲဟူသောသဘောဖြင့် တစ်ဦးကိုတစ်ဦး ကြည့်လေ၏။ ထို့နောက် စစ်ဗိုလ်လေးက. . .

"ကောင်းပြီလေ. . မင်းက ဘယ်လိုပုံစံမျိုးနဲ့ ငါတို့ကို ကျေးဇူးဆပ်မှာလဲ. . ."

ဟု မေးလိုက်သောအခါ သိဒ္ဓိဟူသော ဂျစ်ပဆီလေးက သူမည်သို့ ကျေးဇူးဆပ်မည်ဖြစ်ကြောင်း ဆက်လက်ပြောကြားလာ၏။

"ကျွန်တော်တို့ ဂျစ်ပဆီတွေတတ်ကျွမ်းတဲ့ အတတ်ပညာများစွာ ရှိပါတယ်. . အဲဒီအတတ်ပညာထဲမှာ ကျွန်တော်တို့ အကျွမ်းကျင်ဆုံး အတတ်ပညာက ဗေဒင်၊ နက္ခတ်ပညာဖြစ်ပါတယ်. . အထူးသဖြင့် လူတွေရဲ့ လက်ဖဝါးပြင်ပေါ်က အရေးအကြောင်း၊ အမှတ်အသားတွေကိုကြည့်ပြီး ရှေ့ဖြစ်၊ နောက်ဖြစ်၊ ကံကြမ္မာအဆိုးအကောင်းတွေကို အခကြေးငွေနဲ့ ဟောပြောတာဟာ ဂျစ်ပဆီများရဲ့ အသက်မွေးဝမ်းကြောင်းအလုပ်တွေ ဖြစ်ပါတယ်. . လက်အမှတ်ဖတ်တဲ့ ပညာနဲ့ ပတ်သက်လို့ ထာဝရဘုရားသခင်ကိုယ်တော်တိုင် အသိအမှတ်ပြုထားခဲ့တာ အရှင်တို့လည်း သိမှာပါ. . ဟီဘရူးလူမျိုးတွေရဲ့ ရှေးဟောင်းသမ္မာကျမ်းစာ (ဓမ္မ ဟောင်းကျမ်း)လာ ဂျိုလ်ပြ(လောဘ)ဝတ္ထုမှာ. . .

"ထာဝရဘုရားသခင်သည်. . လူအားလုံးတို့အား မိမိတို့၏ လုပ်ငန်းတာဝန်များကို သိရှိနိုင်စေရန် သားသမီးများ၏ လက်ဝါးပြင်တွင် ထားပေးတော်မူတယ်လို့. . . ပါရှိပါတယ် အရှင်. . .

ဒါကြောင့် အရှင်တို့နှစ်ဦးသိလိုတယ်ဆိုရင် ထာဝရဘုရားသခင်ဟာ အရှင်တို့ရဲ့ လက်ဖဝါးပြင်ပေါ်မှာ ဘယ်လိုလုပ်ငန်းတာဝန်တွေ ဆောင်ရွက်ဖို့

www.burmeseclassic.com

အမှတ်အသားတွေ ထားပေးတော်မူတယ်ဆိုတာကို ကျွန်တော်ပြောပါရစေ. . ."

ထိုအခါ. . ဒေါက်တာကြီးက စစ်ဗိုလ်လေး၏ဘက်သို့လှည့်၍ မြန်မ
စကားဖြင့်. . .

"ဘယ်လိုသဘောရသလဲ လက်ဖတင်နင်. . ကျုပ်တို့ကို ကျေးဇူးဆပ်တ
အနေနဲ့ ကျုပ်တို့လက်အမှတ်တွေကို ဖတ်ပေးချင်တယ်လို့ ပြောနေပါလား. . ."

ဟု ပြောလိုက်လေရာ. . စစ်ဗိုလ်လေးက ဦးခေါင်းကို လေးနက်စွာ
ညိတ်လျက်. . .

"ကောင်းပါတယ် ဒေါက်တာ. . ဒါဟာ ကျွန်တော်တို့ ကိုသူ့အနေန
ကျေးဇူးဆပ်နိုင်တာ ဒီတစ်နည်းပဲရှိလို့ သူ့ကျေးဇူးဆပ်တာကို လက်ခံသင့်ပါ
တယ်. . သူ စိတ်ကျေနပ်အောင် လိုက်လျောတာပဲ ကောင်းပါတယ်. . . "

ထို့နောက်မှာတော့ ဂျစ်ပဆီလေး၏ဆန္ဒအတိုင်း လက်အမှတ်
ဖတ်မည်ဖြစ်၍ ဂျစ်ပဆီလေးသိဒ္ဓိက ဒေါက်တာကြီး၏ လက်ဖဝါးကို နူတ်ခမ်းဖြင့်
ထိနမ်းပြီး. . ကျေးဇူးတင်ကြောင်း အမူအရာပြလေသည်။

ဒေါက်တာကြီးသည် လက်ဖဝါးနှစ်ဖက်ကို စားပွဲပေါ်တွင် ဖြန့်တင်
ပေးထား၏. . သူ၏လက်ဖဝါးနှစ်ဖက်ကို ဂျစ်ပဆီလေးက မေ့စပ်သေချာစွာ
အပြန်ပြန်အလှန်လှန်ကြည့်ရှုပြီး တအောင့်မျှ ကြာသောအခါ. . .

"ရပါပြီ. . သခင်ကြီး၊ ဒီလောက်ဆို လုံလောက်ပါပြီ"

ဟု ဆိုကာ လက်ကို ပြန်ရုပ်သိမ်းခွင့်ပြုလိုက်၏. . . ပြီးလျှင်. . .

"ကျွန်တော့်အနေနဲ့ အခုလိုနေ့မျိုး၊ အချိန်အခါမျိုးမှာ ကျွန်တော့်
ကျေးဇူးရှင်များရဲ့ လက်အမှတ်ကိုဖတ်ခွင့်ရလိုက်တာ အလွန့်ကို ဝမ်းသာ
မိပါတယ်. . ဒီနေ့ဟာ ကြယ်၊ လ၊ နက္ခတ်တာရာ စုံလင်တဲ့နေ့ဖြစ်တာကို
စောစောကတည်းက ကျွန်တော်သိထားလို့ အဲဒီလိုအချိန်အခါမျိုးမှာ လက်အမှတ်
ဟောပြောခြင်း ဟာ ရာနှုန်းပြည့်မှန်ကန်မှုရှိတယ်လို့ ကျွန်တော်တို့ ဂျစ်ပဆီမျာ
ယုံကြည်ကြပါတယ်. . . "

သူက မိရိုးဖလာယုံကြည်မှုကို ထိုသို့ထုတ်ဖော်ပြောပြီး နောက်
ဟောပြောခြင်းကို စတင်လေတော့သည်။

"သခင်ကြီး. . သခင်ကြီးဟာ ဝန်လေး၍ ပင်ပန်းနေသူဖြစ်လို့ ဘုရာ
သခင်ပေါ်မှာ ယုံကြည်ကိုးစားခြင်းဖြင့် မိမိစိတ်ကို ဖြေသိမ့်နေသူဖြစ်တယ်. .



အဲဒီလေးလံဖိစီးမှုဟာ နှစ်ပေါင်းများစွာတိုင်အောင် သခင်ကြီးရဲ့နှလုံးအိမ်ကို
ညှိုးနွမ်းစေခဲ့ပါတယ်။ ကံကြမ္မာဟာ ဘယ်တော့မှ တသမတ်တည်းမရှိဆိုတဲ့
နိယာမအတိုင်း အဲဒီအကုသိုလ်ဖိစီးမှုဟာ သခင်ကြီးရဲ့ကိုယ်မှာ ဖယ်ခွာလု
နီးနေပါပြီ. . အမျိုးအနွယ်နှင့် သစ္စာတရားကိုစောင့်သိသူ သခင်ကြီးလက်နဲ့ ပြုစု
ကူသခဲ့သူဟာ သခင်ကြီးရဲ့ အကုသိုလ်အမိုက်မှောင်ကို အသက်ပေးပြီး ဖြိုခွင်း
ပေးပါလိမ့်မယ်. . ဘယ်တော့မှ အစားထိုးမရနိုင်အောင် ဆုံးရှုံးပြီလို့ သခင်ကြီး
ထင်မှတ်ထားတဲ့အရာများကို သူ၏ရဲစွမ်းသတ္တိနှင့် အရယူပေးပါလိမ့်မယ်. . .
မိစ္ဆာတွေရဲ့ကျိန်စာသင့်နေတဲ့ သခင်ကြီးရဲ့နှလုံးသည်းပွတ်ကို သူ၏မေတ္တာတရားနဲ့
အရယူပေးပါလိမ့်မယ်. . သခင်ကြီးနေရာမှာ သူနေပြီး. . သူ့ထံသို့သခင်ကြီး
သွားရလိမ့်မယ်။ နောင်ငါးနှစ်ကြာတဲ့အခါမှာ သခင်ကြီးလိုအင်ဆန္ဒများ ပြည့်ဝ
သွားရပါလိမ့်မယ်. . . "

ဒေါက်တာကြီးအား ဟောပြောသည်မှာ နာရီဝက်ခန့်ကြာလေ၏။
သို့သော် ၎င်းဟောပြောချက်များကို အနှစ်ချုပ်လိုက်ပါက အထက်ပါအတိုင်း
ဖြစ်လေသည်။

စစ်ဗိုလ်လေးမှာ အနီးတွင်ရှိနေ၍ ဂျစ်ပဆီလေး ဟောပြောသည်များကို
နားထောင်ရင်း ရင်၌ထူးကဲသည့် ခံစားမှုမျိုး ဖြစ်တည်ခံစားရ၏။ ထို့အတွက်
မိမိကိုယ်မိမိ နားမလည်နိုင်ဖြစ်ရ၏။

ဟောပြောခြင်း အဆုံးသတ်သောအခါ. . ဂျစ်ပဆီလေး သိဒ္ဓိက မြေပေါ်
ဒူးထောက်ကာ ဒေါက်တာဂျက်ဖာဆင်၏ လက်ဖဝါးကို မြတ်နိုးလေးစားစွာ
နမ်းရှိုက်လိုက်သည်။

နောက်တစ်နေ့မှာပဲ သူတို့သည် မထင်မှတ်သော အကြောင်းတရား
များနှင့် ကြုံဆုံရတော့သည်။ ရုတ်တရက်ကြီးဖြစ်၍ သူတို့သည် လွန်စွာအံ့သြ
သွားကြ၏။ သို့သော် ထိုအကြောင်းတရားများမှာ တစ်နေ့နေ့တွင် အနေးနှင့်
အမြန် ဖြစ်တည်လာမည်မှန်း သူတို့သိရှိပြီးဖြစ်သည်။

ဒေါက်တာကြီးမှာ မဏိပူရစစ်စခန်းမှ မက်ဆိုပိုတေးမီးယားစစ်စခန်းသို့
ပြောင်းရွှေ့ရမည်ဖြစ်သလို. . စစ်ဗိုလ်လေး ကျော်စွာမှာလည်း ဗိုလ်ချုပ်ကြီး
ကွန်း၏တင်ပြချက်ဖြင့် စစ်တပ်မှ ပင်စင်ဖြင့် နုတ်ထွက်ခွင့်ပြုကြောင်း အမိန့်စာ
ရရှိခဲ့ခြင်းဖြစ်သည်။

www.burmeseclassic.com

ငင်းကိစ္စများမှာ ထိုမျှမြန်ဆန်လိမ့်မည်ဟု ထင်မှတ်မထားခဲ့. . စစ်ဗိုလ် လေးအဖို့ လွန်စွာဝမ်းမြောက်ဖွယ်ကိစ္စဖြစ်ငေလ သည်။ သို့သော် ရရှိသည့်အချိန်မှာ လွန်စွာတိုတောင်းလွန်း၏။ ထိုနေ့တစ်နေ့သာလျှင်ဖြစ်သည်။

ငင်းနေ့ကုန်ဆုံး၍ နောက်တစ်နေ့မှာပဲ သူတို့နှစ်ဦးသည် ခွဲခွာရတော့ မည်ဖြစ်သည်. . ရင်းနှီးမှုကာလ တိုတောင်းသော်လည်း မိတ်ဆွေရင်းများသဖွယ် ခင်မင်မှုပမာဏ ကြီးမားခဲ့ကြသည့် သူတို့နှစ်ဦးမှာ ဘယ်အချိန်၊ ဘယ်ကာလမှ ပြန်လည်ဆုံတွေ့ရမည်ဟူ၍ အခွင့်အလမ်းမရှိသည့် ခွဲခွာမှုမျိုးပင် ဖြစ်လေသည်. . .။

အံ့ဩဖွယ်ပင် ဖြစ်သည်။ ထိုည သန်းခေါင်ယံမတိုင်မီတွင် စွန့်စွန့်စား စားဖြင့် သူတို့နှစ်ဦးကယ်တင်ပြုစု စောင့်ရှောက်ခဲ့သူ ဂျစ်ပဆီလေးသိဒ္ဓိမှာ သူ့ ထံမှ အပြီးတိုင် ထွက်သွားပေတော့မည်. . သူတို့မှာလည်း နောက်တစ်နေ့တွင် ဤစခန်းမှ အပြီးတိုင်ထွက်ခွာရတော့မည် ဖြစ်သည်။

ထိုနေ့တစ်နေ့လုံး သူတို့နှစ်ဦးသည် အတွေးကိုယ်စီဖြင့် ရှိနေကြ၏၊ အထူးသဖြင့် ဒေါက်တာကြီးမှာ စစ်ဗိုလ်လေးထက် ငြိမ်သက်လျက်ရှိက တစ်ခုခုကို လေးလေးနက်နက် စဉ်းစားသည့်ဟန်ဖြင့် မျက်နှာမှာ အသိရခက်စွ ရှိနေသည်။

ညနေခင်းသို့ ရောက်သောအခါ ဂျစ်ပဆီလေးသိဒ္ဓိက အားလုံးအတွက် အမှတ်တရ အစီအစဉ်လေးကို ပြုလုပ်၏။ ငင်းမှာ. . ညနေစာကို အတူတကွ စားသုံးရန် စီစဉ်ခြင်းဖြစ်လေသည်။

ညဉ့်ဦးယံရောက်သည်နှင့် သူတို့သုံးဦးသည် အတူတကွ ညနေစ စားကြ၏။ အစားအသောက်များကို သိဒ္ဓိစိတ်တိုင်းကျ စီစဉ်ခြင်းဖြစ်သည်. . အရသာမှာ ကောင်းမွန်လှသဖြင့် ဒေါက်တာဂျက်ဖာဆင်က ချီးကျူး၏. . စစ်ဗိုလ်လေးကလည်း စီစဉ်မှုကောင်းမွန်သည့်အတွက် အားရကျေနပ်ကြောင်း ပြောဆို၏။

ထိုအခါ. . သိဒ္ဓိက ထိုသို့အသိအမှတ်ပြုသည့်အတွက် ကျေးဇူးတင် ကြောင်းပြောဆိုပြီး ငင်းအစားအသောက်များမှာ အဘယ်မျှအဓိပ္ပာယ်ရှိကြောင်း ပြောဆိုလေရာ. . ဒေါက်တာကြီးနှင့် စစ်ဗိုလ်လေးမှာ လွန်စွာအံ့ဩသွားလေ၏။

ထို့အတူ လွန်စွာမှလည်း အားရကျေနပ် ဖြစ်သွားကြလေသည်။

သူတို့သုံးဦး၏ ညနေစာအစားအသောက်များမှာ ရိုးရိုးစင်စင်ပ



ဖြစ်သည်။ ကော်ဖီ၊ ပေါင်မုန့်နှင့် ဝက်ပေါင်ခြောက်များပင်ဖြစ်သည်။

"ကျွန်တော်တို့ ဂျစ်ပဆီတွေရဲ့ဓလေ့မှာ ထုံးစံတစ်ခုရှိပါတယ်. အဲဒါကဘာလဲဆိုတော့ မိတ်ဆွေသုံးယောက် တစ်စားပွဲတည်း အတူတိုင်ပြီး ပေါင်မုန့်နဲ့အသားကို စားမိရင်. . ဒီ လူသုံးယောက်ဟာ တစ်သက်လုံးအဖို့ မိတ်ဆွေကြီးများ ဖြစ်သွားကြပါတယ်. . အဲဒီရည်ရွယ်ချက်နဲ့ ကျွန်တော် အခုလိုမျိုး စီစဉ်ခြင်းဖြစ်ပါတယ်. . အခုဆိုရင် ကျွန်တော်တို့သုံးဦး ပေါင်မုန့်နဲ့ အသားကို စားနေမိပြီလေ. . အဲဒီတော့ ကျွန်တော်တို့သုံးယောက်လုံး ရှေ့အဖို့ တစ်သက်လုံး မိတ်ဆွေတွေ ဖြစ်သွားကြပြီ ပေါ့. . ."

ထိုညက သူတို့သုံးဦးသည် ငင်းအစားအသောက်များကို အားပါးတ စားသောက်ကြ၏. . စားသောက်ပြီးနောက် ကော်ဖီတစ်အိုးကျိုပြီး ညဉ့်နက်သည် တိုင် စကားပြောဆိုဖြစ်ကြသည်။

နောက်တစ်နေ့ ညဉ့်ဦးယံအချိန်တွင် သူတို့သုံးဦးသည် ညနေစာကို ထိုနည်းအတိုင်း စားသောက်ကြပြန်သည်။ ညစာ စားသောက်နေစဉ်. . အဝေး တစ်နေရာမှ ထွက်ပေါ်နေသောအသံကို သူတို့သတိပြုမိကြ၏။

ဒေါက်တာဂျက်ဖာဆင်နှင့် စစ်ဗိုလ်လေးမှာ ထူးဆန်းသော ထိုအသံကြောင့် တအံ့တဩဖြစ်သွားပြီး တစ်ဦးကိုတစ်ဦး ကြည့်လေ၏. . အကြည့်က သိဒ္ဓိထံရောက်သွားသည်တွင် အခြေအနေကို ကောင်းစွာသ ပေါက်သွားလေသည်။

သိဒ္ဓိသည် ထိုအသံကြောင့် စားသောက်နေရာမှ လက်စသတ်လိုက်၏၊ သူသည် ထူးထူးခြားခြား တည်ငြိမ်နေလေ၏. . နက်မှောင်သည့် မျက်နှာပေါ်မှ သူ၏မျက်လုံးမှာအထူးခြားဆုံးဟု ပြောရမည်ဖြစ်ပေသည်။ ကြည်လင်တောက် ဝင်းလက်တောက်ပသည့် မျက်လုံးတစ်စုံက. . စကားလုံးများစွာကို ပြောနေ သို့ဖြစ်သည်။

သူသည် ထိုမျက်ဝန်းဖြင့် သူ၏အရှင်သခင်ကြီးနှစ်ဦးကို ကြည့်ေ မျက်ဝန်းနှင့်အတူ သူ၏မျက်နှာအမူအရာမှာ မြူးကြွမှု အရိပ်အငွေ့များ သိသာစွာ ထင်ဟပ်နေတာကို အရှင်သခင်ကြီးနှစ်ဦး သတိပြုမိလေသည်။

အသံမှာ အုပ်စုလိုက် တီးခတ်နေသော ဗုံသံများပင်ဖြစ်သည်. တိုးသဲ့သဲ့ကြားနေရာမှ တဖြည်းဖြည်း ကျယ်လောင်လာသကဲ့သို့. . ရုတ်ခြည်း

www.burmeseclassic.com

အသံပျောက်ကွယ်သွားပြီး တစ်ဖန် တရွေ့ရွေ့. . ရွေ့လျားနေသကဲ့သို့ မထင်မရှား ကြားရပြန်လေ သည်။

တစ်ခါ. . ၎င်းအသံတွေက ပြတ်တောင်း၊ ပြတ်တောင်း ထွက်ပေါ်လာပြန်၏။

ထိုသို့ဖြစ်နေရခြင်းမှာ. . အကြောင်းမဲ့မဟုတ်။ အသံများ၏ နောက်ကွယ်တွင် အမိပ္ပာယ်များစွာ၊ စကားလုံးပေါင်းများစွာ ရှိနေကြောင်း. . သိဒ္ဓိက ရှင်းပြ၏။ အံ့ဖွယ်မျိုးနွယ်စုခလေ့ တစ်ခုပင်ဖြစ်သည်။

ထိုအခိုက်အတန့်မှာပဲ သိဒ္ဓိက သူအားပြုလျှောက်လှမ်းရသည့် ချိုင်းထောက်ကို ရွက်ဖျင်တဲန်ရံတွင် ထောင်လိုက်၏. . ပြီးနောက်. . သူသည် မြေတွင်ထိုင်လျက် သူ၏အရှင်သခင်ကြီး နှစ်ဦးကို ဦးကျကန်တော့လေ၏။

"အပြင်မှာ ညဥ့်နက်နေပါပြီအရှင်. . အိန္ဒိယပြည်ရဲ့ ရာသီဥတုဟာ ညဥ့်အခါမှာ ခရီးသွားလို့ အလွန်ကောင်းပါတယ်. . ဂျစ်ပဆီယောက်ျား၊ မိန်းမများဟာ. . သူတို့အဖော်ဖြစ်တဲ့ ကျွန်တော့်ကို စောင့်မျှော်နေကြပါတယ်. . အရှင်တို့ ကြားခဲ့ရတဲ့ ဗုံသံတွေဟာ ကျွန်တော်ပြန်မယ့် လမ်းခရီးမှာ ဘေးအန္တရာယ် မကျရောက်စေဖို့ ရည်ရွယ်တီးခတ်ကြခြင်း ဖြစ်ပါတယ်. . အရှင်တို့လည်း သတိပြုမိကြမှာပါ. . ကျွန်တော်တို့အနီးပတ်ဝန်းကျင် စစ်တန်းလျားက လွတ်လပ်စွာ ပြောဆိုနေကြတဲ့ စစ်သည်များရဲ့စကားသံတွေဟာ. . တဖြည်းဖြည်းတိုးတိတ်သွားကြတာ အဲဒီဗုံသံကြောင့်ပဲ ဖြစ်ပါတယ်. . ကျွန်တော်သာလျှင် နားလည်တဲ့ အဓိပ္ပာယ်ကိုလည်း ဗုံသံတွေဖြင့် ပြောဆိုနေကြတယ်. . အမိရင်ခွင်ဟာ ထာဝရအေးချမ်းတဲ့ ရင်ခွင်ဖြစ်ကြောင်း၊ ဘေးဥပါဒ်အန္တရာယ်အပေါင်းကို မိခင်ရဲ့ ရဲစွမ်းသတ္တိဖြင့် ရှင်းလင်းဖယ်ရှားနိုင် ကြောင်း. . မိခင်ရဲ့မေတ္တာတရားဟာ ကမ္ဘာမှာဘယ်အရာမှ စွမ်းဆောင်နိုင်စွမ်းမရှိတဲ့ ထာဝရအင်အားစုဖြစ်ကြောင်း. . စသဖြင့် အဓိပ္ပာယ်ကို ဖော်ဆောင်နေပါတယ်။

သိဒ္ဓိသည် သူ၏အရှင်သခင်နှစ်ဦးကို ဦးချကန်တော့ပြီးဖြစ်၍ သူပြောလိုသည့် စကားများကို မရပ်မနားပြောနေခြင်း ဖြစ်သည်. . သူက ထိုင်ရာမှ အားပြုထလျက် တဲန်ရံတွင် ထောင်ထားသည့် ချိုင်းထောက်ကို လှမ်းယူလိုက်ပြီး. . သူတို့နှစ်ဦးကို ပြုံးလျက်ကြည့်၏။

ထိုအပြုံးသည် လွန်စွာအသက်ဝင်လှ၏. . အဓိပ္ပာယ်များစွာကို



လှစ်ဟနေသကဲ့သို့. . ခံစားရ၏။ ဆွဲဆောင်မှုအား ကောင်းလွန်းသည်ကြောင့် သူတို့နှစ်ဦး၏ ရင်ထဲ၌ နင့်ကနဲ ခံစားလိုက်ရ၏။

"ဘဝတစ်သက်မှာ ဘယ်လိုမှ မေ့မရတော့မယ့် ကျေးဇူးရှင်နှစ်ဦးကို ကျွန်တော် နှုတ်ဆက်စကား မပြောလိုပါဘူး. . ဒီတစ်ခါခွဲခွာခြင်းဟာ ကျွန်တော်တို့အဖို့ ဘုရားသခင်ရဲ့ ကောင်းကင်နိုင်ငံတော်ရောက်မှ ပြန်ပြီးဆုံတွေ့ကောင်း ဆုံတွေ့နိုင်မှာ ဖြစ်ပါတယ်. . ဒါမှမဟုတ် သံသရာခရီးတစ်လျှောက်မှာ. . ဘဝတစ်ကွေ့မှာ. . ဆုံတွေ့ကောင်း ဆုံတွေ့နိုင်ပါလိမ့်မယ်. . .။ နှုတ်ဆက်ခြင်းဟာ ထာဝရခွဲခွာခြင်းသဘောဆောင်တဲ့အတွက် ကျွန်တော် အရှင်တို့ကို နှုတ်မဆက်ပါရစေနဲ့. . ကျွန်တော်တို့ သုံးဦးဟာ ဤနေရာ၊ ဤဒေသရဲ့မြေပေါ်မှာ အသားနဲ့ပေါင်မုန့်ကို အတူတကွ. . စားသုံးကြတဲ့အတွက် ထာဝရမိတ်ဆွေတွေအဖြစ် သတ်မှတ်နိုင်သလို. . တစ်ကြိမ်ခွဲခွာပြီးလျှင် နောက်တစ်ကြိမ် ပြန်လည်ဆုံတွေ့ရဦးမယ်ဆိုတဲ့ သဘောကို ဖြစ်တည်စေပါတယ်. . ဘယ်လိုပုံသဏ္ဍာန်မျိုးနဲ့ ပြန်လည်ဆုံတွေ့ကြမှာကို ထာဝရဘုရားသာလျှင် သိပါလိမ့်မယ်. . အကယ်၍များ ကျွန်တော့်အနေနဲ့ အခွင့်အရေးရှိမယ်ဆိုရင်. . ဘဝတစ်ဆင့်မကူး ပြောင်းခင် မျက်မှောက်ဘဝမှာပဲ ဆုံတွေ့လိုပါတယ်။ ဒါကြောင့် ကျွန်တော် နှုတ်ဆက်စကား မပြောလိုခြင်းဖြစ်ပါတယ်. . .။ထာဝရဘုရားသခင်၏ ကောင်းချီးမင်္ဂလာသည် အရှင်တို့အပေါ်တွင် ကျရောက်ပါစေ. . ."

ဟု အဆုံးသတ် ဆုတောင်းစကား ပြောဆိုပြီး သိဒ္ဓိသည် သူ့မျက်နှာကို ဇာပဝါအနက်ဖြင့် ဖုံးအုပ်လိုက်၏. . လျှပ်တစ်ပြက်အတွင်းဖြစ်သည်။ ဒေါက်တာကြီးနှင့် စစ်ဗိုလ်လေးတို့ တစ်စုံတစ်ရာ ပြောဆိုခြင်းမပြုခင်မှာဘဲ သူသည်တဲအတွင်းမှ လျင်မြန်စွာ ထွက်ခွာသွားတော့၏။

www.burmeseclassic.com

## အခန်း ◀ ၅ ▶

## နာဂလိုဏ်ဂူဘုရားအနီးက ကျောင်းတိုက်ကလေး

ဆောင်းအကုန် နွေဦးကာလနေ့တစ်နေ့ဖြစ်သည်။

မရမ်းကုန်းနှင့် တစ်ဆက်တည်းရှိသည့် နာဂလိုဏ်ဂူကုန်းမြင့်သည် မြို့အစွန်းဖြစ်သောကြောင့် လူနေကျဲပါးပြီး . . သစ်ကြီးဝါးကြီးများဖြင့် အုံ့ပို လျက်ရှိ၏။

ဘုရားကုန်း၏ ဆင်ခြေလျှောနေရာများတွင် ခြုံနွယ်များ ထူထပ် ရှိနေ၏။

သစ်ပင်ကြီးများထက်စာလျှင် ဝါးပင်များ ပိုမိုများပြား၏။ ဝါးရုံပင်အ အဖွဲ့များမှာ လက်ညှိုးထိုးမလွဲ ပေါက်ရောက်နေသကဲ့သို့ . . အချို့ဝါးရုံများ အလုံးအရှယ် သက်တမ်းရင့်မာပြီး မျက်စိတဆုံးကဲ့သို့ လွန်စွာမြင့်မား၏။

လေတိုးတိုင်း . . ယိမ်းနွဲ့နေလေရာ အစဉ်သဖြင့် တရှဲရှဲမြည်သံများ ထွက်ပေါ်နေတော့သည်။

နာဂလိုဏ်ဂူဘုရား ထီးတင်ပြီးသည်မှာ ရက်ပိုင်းမျှသာ ရှိသေး၏ အနီးအပါးတွင် နေထိုင်သည့်ဒေသခံများဖြင့် . . လွန်စွာစည်ကားသော ထီးတင် ဖြစ်သည်။

သက်တမ်းရင့် သစ်ပင်ကြီးများ၊ ဝါးရုံပင်ကြီးများ အုပ်ဆိုင်းကာ ထားသည်ကြောင့် ဘုရားရင်ပြင်တော်မှာ အေးမြလွန်းလှသည်။

ဘုရားရင်ပြင်တော်ခြေရင်းမှ ဆင်ခြေလျှောအတိုင်း ကိုက်တစ်ရာ အကွာတွင် ငါးပေဝန်းကျင်ခန့်သာကျယ်သည့် မြေနီလမ်းကလေးရှိ၏။ လမ်း ဖက်တစ်ချက်တွင် အသေးအကြီးစုံလှသည့် ဝါးရုံပင်များစီတန်းစွာ ရှိနေကြ



ဂဝံမြေသားလမ်းဖြစ်ပြီး တစ်ဖြောင့်တည်းမဟုတ်ဘဲ တောင်ကုန်း ဖွယ် နိမ့်မြင့်ဆင်ခြေလျှောအနေအထားဖြင့် ရှည်လျားသောလမ်းဖြစ်သည်။

ထိုလမ်းအဆုံးနေရာတွင် ပေါက်ပေါက်ဆုပ်များ ဖြန့်ကျဲထားသကဲ့သို့ ရှိနေသည့် မြေပုံများ၊ အုတ်ဂူများကို တွေ့ရ၏။ ၎င်းမှာ ထိုဒေသတစ်ဝိုက်တွင် လွန်စွာထင်ရှားသည့် တာတားက လေးသုသာန်ပင်ဖြစ်သည်။

သာမန်လူတစ်ယောက်အဖို့ သုသာန်ကိုမြင်ရသည်မှာ စိတ်ခြောက်ခြား ဖွယ် ကောင်းလှပါသည်။ အုတ်ဂူပျက်များ၊ အဟောင်းများ၊ မှတ်တိုင်များ၊ မြေပုံ မှိုများ၊ လတ်လတ်ဆတ်ဆတ် လာရောက်မြုပ်နှံထားသော အသုဘပစ္စည်း စအနများ၊ ဝါးကပ်များကို နေရာအနှံ့ တွေ့မြင်နေရ၏။

တချို့မြေနေရာများတွင် လူ၏အရိုးအပိုင်းအစတစ်ချို့ကိုပင်တွေ့ရ၏။ ထိုအရာများကို အကြောက်အလန့်မရှိ နေထိုင်ကြသည့် မိသားစုအချို့ကို တွေ့ရ သည်မှာ အံ့သြဖွယ်ဖြစ်သည်။

အုတ်ဂူများကြားတွင် မြေစိုက်တဲကလေးများဖြင့် နေထိုင်ကြသည့် သားစုအချို့ရှိ၏။ အထူးသဖြင့် သုဘရာဇာများနှင့် သူတောင်းစားများ ဖြစ်သည်. . ကလေးငယ်တချို့ ပြေးလွှားဆော့ကစားနေကြသည်မှာ. . ဝိတိုရိယ ဘုရင်မကြီး နန်းတော်အတွင်းက မြက်ခင်းပြင်ပေါ်တွင် ဆော့ကစားနေသကဲ့သို့ပင် ထင်မှတ်ရ၏။

ပူပင်မှုအလျဉ်းမရှိ၊ စုတ်ပြတ်သည့် အဝတ်များ. . မတော်တရော် အဝတ်များ. . အချို့ဆိုလျှင် အဝတ်ပင်မရှိ၊ အသားအရည် ခမ်းခြောက်ပြီး များအားဖြင့် ဗိုက်ပူနံကားဆိုသကဲ့သို့ ဖြစ်သည်။

အစာအာဟာရ ချို့တဲ့မှု၊ ငတ်မွတ်ခေါင်းပါးမှု၏ သင်္ကေတများပင် ဖြစ်သည်။ ကလေးငယ်များမှာ သုသာန်မြေပေါ်မှ မြေစိုင်မြေခဲများဖြင့် ပစ်ပေါက် ဆော့ကစားနေကြ၏. . သုသာန်အရှေ့ဘက် ညောင်ပင်ကြီးအောက်ရှိ ဆယ်နှစ် ရွယ် ကလေးငယ်သုံးဦး၏ ဆော့ကစားပုံမှာ လွန်စွာထိတ်လန့်ဖွယ်ဖြစ်သည်။

လူအရိုးခေါင်းခွံတစ်ခုကို အလယ်တွင်ထားပြီး အခြားအရိုးအပိုင်း စများဖြင့် ထိုအရိုးခေါင်းခွံကို တီးခေါက်ဆော့ကစားနေ၏. . သူတို့ပါးစပ်က ည်း ဦးတည်ရာမဲ့အသံများ အော်ဟစ်ကြလေရာ ထိုအသံများမှာ သူတို့ကြားဖူး ဝရှိသည့် သီချင်းသံစဉ် အပိုင်းအစများဖြစ်သည်။

www.burmeseclassic.com

(ယခုခေတ်ကာလတွင် ထိုသုသာန်ကို နိုင်ငံတော်အမိန့်ဖြင့် ပယ်ဖျက်ပြီး လူနေရက်ကွက်သစ်များအဖြစ် နေရာချထားပြီးဖြစ်သည်။ ၎င်းအနီးဝန်းကျင်တွင်လည်း တော်လှန်ရေးအစိုးရ နောက်ပိုင်းမြို့နယ်၊ ရပ်ကွက်များ သတ်မှတ်နေရာချထားပေးလေရာ ယခုအခါ လွန်စွာနေရာထူထပ်သည့် ရပ်ကွက်ကြီးဖြစ်နေပါသည်။ **စာရေးသူ**)

သုသာန်အနောက်ဘက်တွင် ပြည်လမ်းကို ဦးတည်သည့် လမ်းကျယ်ရှိသည်။ သို့သော် ထိုလမ်းကိုအသုံးပြု သွားလာသူ နည်းပါး၏။ ထူထပ်သည့်တောအုပ်ကြီးအတွင်း ဖြတ်သန်းရသကဲ့သို့ သွားလာရပြီး လူသွားလူလာပြတ်တောက်သဖြင့် အသုံးမပြုကြခြင်းဖြစ်သည်။

၎င်းလမ်းနှင့်ယှဉ်လျက် မြောက်ဘက်သို့ တိမ်းစောင်းသွားသည့် ဂဝံလမ်းကျဉ်းတစ်လမ်းရှိ၏. . တသီးတသန့် ရှိနေခြင်းဖြစ်ပြီး လမ်းကလေးမှာ ကုန်းမြင့်ဝိုင်းသို့ ဖြောင့်တန်းစွာ မြင့်တက်သွား၏. . အတော်အတန် သွားမိပါက ညာဘက်သို့ ထောင့်ဖြတ်ချိုးသွားပြီး ထိုနေရာတွင်. . အဝါရောင်ဆေးဖြင့် ရေးထားသည့် မြေစိုက်အမည်လေးရှိ၏။

"သလ္လာဝတီ သာသနာပြုကျောင်းတိုက်"ဟူ၍ဖြစ်သည်။

အချိန်မှာ မွန်းတည့်လွန်မြောက်စဖြစ်သည်. . သစ်ရိပ်၊ ဝါးရိပ်များကြောင့်. . နွေဦးကာလ အပူဒဏ်မှ သက်သာခွင့်ရစေ၏။

ဧကများစွာ ကျယ်ဝန်းသော. . ကျောင်းဝန်းအတွင်း၌ သလ္လာဝတီကျောင်းတိုက်မှာ ထီးထီးမြင့်မားလျက်ရှိ၏. . သစ်လုံးတိုင်များဖြင့် အခိုင်အမာဆောက်လုပ်ထားသည့် နှစ်ထပ်ကျောင်းဖြစ်သည်။

ပိန္နဲဆိုးရောင် သင်္ကန်းဝတ်ဆရာတော်တစ်ပါးသည်. . ကျောင်း၏ဝရန်တာတွင်ရပ်လျက်. . ကျောင်းဝင်းတံခါးဝသို့ ငေးကြည့်နေ၏. . ဆရာတော်သည် ဆွမ်းဘုန်းပြီးလေတိုင်း ထိုနေရာတွင်ရပ်၍ ငေးကြည့်စမြဲဖြစ်သည်။

နယ်လှည့်သာသနာပြုပုဂ္ဂိုလ်ဟူ၍ ထင်ရှားသော ဆရာတော်တစ်ပါးဖြစ်သည်. . ဆရာတော်၏ သက်တမ်းအတော်များများမှာ မြန်မာပြည်အနှံ့နယ်လှည့်သာသနာပြုရင်း ကုန်လွန်ခဲ့ရ၏။

ဆရာတော်သည် အသက်အရွယ်နှင့် ကျန်းမာရေးအခြေအနေအရလှည့်လည်သွားလာခြင်း မပြုနိုင်သည်မှာ. . တစ်နှစ်ခန့်ရှိပြီဖြစ်သည်။



လူငယ်တစ်ဦးသည် ကျောင်းဝင်လမ်းအတိုင်း ဖြည်းဖြည်းမှန်မှန်လျှောက်လှမ်းလာ၏။

လူငယ်၏အမည်မှာ ကျော်စွာဖြစ်သည်. . သူသည် ဗြိတိသျှစစ်တပ်တွင် လက်ဖတင်နင်ရာထူးဖြင့် တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူခဲ့သူဖြစ်သည်။

စစ်တပ်တွင်ရှိစဉ်က သူသည် လက်ဖတင်နင်ကျော်စွာဖြစ်သော်လည်း ယခုအခါမှာတော့ လက်ဖတင်နင်ဟူသော. . ဂုဏ်ပုဒ်ကို ကျေကျေနပ်နပ်စွန့်လွှတ်ပြီး. . သာမန်အရပ်သား ကျော်စွာအဖြစ် အပြီးတိုင်ခံယူလိုက်ပြီဖြစ်၏။

ဆရာတော်က သူ့ထံမည်သို့သောအကြောင်းနှင့် ရောက်ရှိလာသလဲဟုမေးရာ. . ကျော်စွာက စနစ်တကျထုပ်ပိုးထားသည့် အရာဝတ္ထုတစ်ခုကိုဆရာတော့်ထံ ကမ်းပေးလိုက်၏။

"မိတ်ဆွေတစ်ယောက်က ဆရာတော်နှင့်တွေ့ရင် ဒီပစ္စည်းကို ပေးဖြစ်အောင်ပေးဖို့ မှာကြားလိုက်တာကြောင့် အခုလို ရောက်လာရခြင်းပါ. . ."

ဟု တဆက်တည်း လျှောက်တင်လိုက်ရာ. . .

ဆရာတော်က စဉ်းစားသည့်ဟန်ဖြင့် မျက်မှောင်ကြုတ်လျက်. . .

"ရဟန်းတစ်ပါးအနေနဲ့ ဒကာ၊ ဒကာမများစွာနဲ့ တွေ့ကြုံဆက်ဆံနေရတော့ မိတ်ဆွေတွေက အများသားဆိုတော့ ဒကာ့အမည်က ဘယ်သူ. . ."

ဟု ထပ်မေးသဖြင့် ကျော်စွာ သူ့အမည်ကို မဆိုင်းမတွ ဖြေကြားလိုက်လေရာ ဆရာတော်က ဆက်၍. . .

"အင်း. . ဒကာကျော်စွာက ဘယ်အရပ်က လာခဲ့ပါသလဲ. . ."

"မဏိပူရစစ်စခန်းကပါ ဦးပဇ္ဇင်း. . ."

"အို. . ခရီးတယ်ဝေးလှပါလား. . ဒီလောက်ဝေးလှတဲ့ခရီးမှာ ဒကာကျော်စွာက ဘာများလုပ်ကိုင်လို့လဲ"

"တပည့်တော်က အင်္ဂလိပ်တို့ရဲ့မဟာမိတ်စစ်တပ်မှာ အမှုထမ်းရင်း. . မဏိပူရစခန်းမှာ လက်ဖတင်နင်ရာထူးနဲ့ တာဝန်ထမ်းဆောင်ခဲ့ရပါတယ်အခုစစ်ကြီးပြီးသွားလို့ မြန်မာပြည်ကို ပြန်လာခဲ့တာပါ. . ."

စစ်ဆိုသောစကားကြောင့် ဆရာတော်၏မျက်နှာပေါ်တွင် စိတ်မချမ်းမြေ့သည့် အရိပ်အငွေ့များ ထင်ဟပ်လာ၏. . ဆရာတော်မှာ တောင်တန်း

www.burmeseclassic.com

သာသနာပြုပုဂ္ဂိုလ်အဖြစ် ခရီးလှည့်လည်နေသူဖြစ်၍ စစ်၏သားကောင်ဖြစ်ကြရသည့် ပြည်သူများ၏ ကျိုးကန်းတောင်းမှောက်ဘဝအခြေအနေကို အမြဲမြင်တွေ့ခဲ့ရ၏။

"လူသားတွေရဲ့ ငြိမ်းချမ်းခြင်းနဲ့ ချစ်ခြင်းမေတ္တာ၊ အကြင်နာတရားဆိုတာတွေဟာ. . စစ်ကြောင့် ပျက်စီးခဲ့ရတာပဲ. . . ခေတ်ဆိုး၊ စနစ်ဆိုးကို အသက်သွင်းတာလည်း စစ်ကြောင့်ပဲ ဖြစ်တယ်. . ဒုတိယ ကမ္ဘာစစ်ပြီးစ ကျုပ်တို့မြန်မာပြည်သူအများစုဟာ၊ စနစ်ဆိုးကြောင့် အဲဒီအဖြစ်မျိုးတွေ ရောက်ကုန်တော့တာပေါ့။ အခုလို စစ်ကြီးပြီးဆုံးသွားတာ ကျုပ်တော့ အတိုင်းထက် အလွန်ဝမ်းသာမိပါတယ်. . နောင်ဆိုရင် ကျုပ်တို့မြန်မာနိုင်ငံ ပြည်သူတွေလည်း ငြိမ်းငြိမ်းချမ်းချမ်း၊ ပျော်ပျော်ရွှင်ရွှင်နဲ့ နေထိုင်နိုင်ကြရမယ်လို့ မျှော်လင့်မိတယ်"

ဟု လေးနက်စွာပြောဆိုပြီး. . ကျော်စွာပြောခဲ့သည့် မိတ်ဆွေတစ်ဦးပေးလိုက်သည်ဟူသောအရာကို တောင်းလေရာ ကျော်စွာလည်း အပေါ်စားခရီးဆောင်အိတ်အတွင်းမှ. . နှိုက်ယူလိုက်ပြီး ဆရာတော်ထံ တရိုတသေကမ်းပေးလိုက်လေသည်။

တစ်ပေပတ်လည်ခန့်ရှိပြီး အမြင့်မှာလက်တစ်ဝါးခန့်ရှိသည့် အရာဝတ္ထုတစ်ခုနှင့်အတူ ဆရာတော်ထံလိပ်မူထားသည့် စာတစ်စောင်ဖြစ်သည်။

ဆရာတော်က အိတ်အတွင်းမှမျက်မှန်ကို ထုတ်ယူတပ်ဆင်လိုက်ပြီး. . စာအိတ်အနားထောင့်စွန်းကို ဂရုတစိုက်ဆုတ်ယူပြီးနောက် စာကိုအလင်းရောင်များများရသော ပြတင်းပေါက်နားတွင် ဖြန့်ဖတ်လေ၏။

စာကိုဖတ်ရင်း ဆရာတော်၏မျက်နှာပေါ်တွင်. . ထူးဆန်းအံ့ဩသောအမူအရာများ ထင်ဟပ်လာတာကို ကျော်စွာသတိထားမိ၏။

ထို့နောက်မှာတော့ ပီသရှင်းလင်းစွာ ပြောဆိုလာသည့် ဆရာတော်၏စကားများမှာ ကျော်စွာ့အဖို့ မယုံနိုင်ဖွယ်ကောင်းလောက်အောင် ဖြစ်နေတော့သည်။ ၎င်းစကားများကို နားထောင်နေလျက်က အစဉ်သဖြင့် ရီဝေနေတတ်သော ဒေါက်တာဂျက်ဖာဆင်၏ မျက်ဝန်းကို မြင်ယောင်မိတော့၏။

"ကျုပ်တို့ လူသားတွေရဲ့ဘဝဟာ. . ကိုယ်ဖြစ်ချင်သလို ဖြစ်ခွင့်မရှိဘဲဘဝမှာအလှည့်အပြောင်းတွေအပေါ်မှာ သူဖြစ်ချင်သလို ဖြစ်နေရတယ်ဆိုတာကျော်စွာရဲ့ မိတ်ဆွေ ဒေါက်တာဂျက်ဖာဆင်ရဲ့အဖြစ်က သက်သေပြနေတာပဲလေ"



ဟု အစပျိုး ပြောဆိုပြီးနောက်. . .

"အင်း. . ကျုပ်ရဲ့ဒကာရင်း၊ မိတ်ဆွေရင်းတစ်ယောက် အသက်ရှင်ရှားရှိနေလို့ ဝမ်းသာမိပါရဲ့. . သူ့သတင်းအစအနကိုမှ မကြားရတာ နှစ်ပေါင်းများစွာ ရှိပြီဆိုတော့လည်း. . . ကျုပ်က သူ့ကို လူ့လောကထဲမှာ မရှိရှာတော့ဘူးလို့ထင်နေမိတာ. . ."

ဟု ပြောပြီး သက်ပြင်းတစ်ချက်ကို လေးပင်စွာ ချလိုက်လေ၏။

ကျော်စွာက 'မဏိပူရစစ်စခန်းမှာ. . သူနှင့်ဒေါက်တာ ဂျက်ဖာဆင်တွေ့ဆုံခဲ့ရသည့် အခြေအနေကို. . ပြည့်စုံစွာ ပြောပြလေရာ, . ဆရာတော်ကတည်ကြည်သော ဣန္ဒြေဖြင့် နားထောင်လေ၏။ ထိုစကား ပြီးဆုံးသွားသည်နှင့်ဆရာတော်က. .

"ဂျက်ဖာဆင်ဟာ မြန်မာပြည်မှာ နှစ်အတော်တော်ကြာကြာ နေသွားဖူးတယ်. . မြန်မာလူမျိုးတွေရဲ့ ယဉ်ကျေးမှု၊ အမျိုးဘာသာ၊ သာသနာကိုစောင့်ထိန်းမှုတွေကို အလွန်လေးစားသလို မြန်မာအငွေ့အသက်ကိုလည်းအထူးနှစ်သက်ပျော်မွေ့သူတစ်ယောက်ပါ. . ဒါ့ထက် ဒကာကျော်စွာကို သူ့ဇနီးဖြစ်တဲ့ ရှယ်လီရဲ့အကြောင်းများ နည်းနည်းပါးပါးပြောမပြခဲ့ဘူးလားကွယ်. . ."

ထိုစကားကြောင့်. . ကျော်စွာလည်း နားမလည်နိုင်ဖြစ်သွားပြီး. . .

"တပည့်တော်နှင့် အလွန်ခင်မင်ခဲ့ပေမယ့် ဒေါက်တာက သူ့ဇနီးအကြောင်း တစ်ကြိမ်တစ်ခါမှ ပြောမပြဖူးပါဘူး. . ဆရာတော်ပြောပြလို့ တပည့်တော်လည်း အံ့ဩမိတယ်. . သူ့အပြောအရ သူဟာ စစ်တပ်ဆရာဝန်အဖြစ်နဲ့မဏိပူရစစ်စခန်းကိုမရောက်ခင် မက်ဆိုပိုတေးမီးယား စစ်စခန်းမှာ နှစ်အတော်ကြာ တာဝန်ထမ်းဆောင်နေခဲ့တယ်. . တခြား မဟာမိတ်စစ်စခန်းတွေမှာလည်း အလျဉ်းသင့်သလို လှည့်လည်တာဝန်ထမ်းဆောင်ခဲ့ရတယ်လို့သိခဲ့ရပါတယ်. . . သူဟာ မပြတ်ခရီးလှည့်လည်ရသူဖြစ်လို့. . လူမျိုးများစွာနဲ့တွေ့ကြုံရလေတော့ ဘယ်လိုလူမျိုးစုတွေမှာဖြစ်ဖြစ်. . ပညာရပ်နဲ့ ပတ်သက်ပြီးလျှို့ဝှက်ဆန်းကြယ်တဲ့ ရှေးဟောင်းဆေးပညာရပ်တွေကို ရှာဖွေလေ့လာလိုက်စားမှုလို့ တပည့်တော်သိရပါတယ်. . ."

"ဟုတ်ပေလိမ့်မယ်. . ဒကာဂျက်ဖာဆင်က ဆေးပညာရပ်နှင့်

www.burmeseclassic.com

ပတ်သက်ရင် တက်ကြွပြီး မနားမနေရှာဖွေလေ့လာ ကြိုးပမ်းလေ့ရှိတယ်. . စိတ် စေတနာကလည်း ကောင်းလေတော့ ကိုယ်ရေးကိုယ်တာထက် အများအကျိုး စီးပွားကို ဆောင်ရွက်ချင်တဲ့စိတ် ပြင်းပြသူတစ်ယောက်ပါကွယ်. . မြန်မာပြည်ကိုရောက်တော့ သူ့အသက်ဟာ နှစ်ဆယ်ကျော်အရွယ်ပဲ ရှိသေးတယ် ဆေးပညာဘွဲ့ရပြီးစမှာ ကာသိုလစ်သာသနာပြုမစ်ရှင်အဖွဲ့ရဲ့ အထောက်အပံ့နဲ့ ရောက်လာခဲ့တာပါ. . အဲဒီ မစ်ရှင်အဖွဲ့ရဲ့ ရည်ရွယ်ချက်က ကမ္ဘာအနှံ့အပြားက လူမှုရေး၊ ကျန်းမာရေး၊ ဖွံ့ဖြိုးတိုးတက်မှုမရှိသေးတဲ့ နေရာဒေသတွေက ဒေသခံ လူမျိုးစုတွေကို ကျန်းမာရေးအသိဉာဏ်ပွင့်လင်းရေးနဲ့ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှု တို့အတွက် အခမဲ့ဆေးဝါးကုသပေးသလို လိုအပ်တဲ့ အကူအညီအထောက်အပံ့ တွေပေးပြီး သာသနာပြုဖို့ ဖြစ်တယ်. . အဲဒီအဖွဲ့ထဲမှာ ဂျက်ဖာဆင်နဲ့အတူတွဲပြီး အလုပ်လုပ်တဲ့ ရှယ်လီလို့ခေါ်တဲ့ သူနာပြုဆရာမလေးတစ်ယောက်လည်း ပါလာခဲ့ တယ်. . အနောက်နိုင်ငံသူလေးပါပဲ။ ဝေလနယ်သူလေးပေါ့. . အလွန်ရိုးသား ဖြူစင်ပြီး စိတ်သဘောထား နူးညံ့တဲ့သူလေးပါပဲ. . ဆရာဝန်နဲ့သူနာပြုဖြစ်နေ တော့ သူတို့နှစ်ဦးဟာ အတော်ပဲအတွဲညီခဲ့ကြတယ်. . မစ်ရှင်ရဲ့ရည်ရွယ်ချက် အတိုင်း. . သူတို့အဖွဲ့ဟာ မြန်မာပြည်တောင်တန်းဒေသတွေမှာ ငါးနှစ်ကြာ အောင်. . လှည့်လည်သွားလာပြီ တောင်ပေါ်တိုင်းရင်းသားတွေရဲ့ ကျန်းမာရေး ပညာရေး၊ လူနေမှုအဆင့်အတန်း မြင့်မားရေးတွေကို အားတက်သရော ဆောင်ရွက်ခဲ့ကြတယ်. . ကန့်သတ်ထားတဲ့ နှစ်အချိန်စေ့လို့ တခြားမစ်ရှင် အဖွဲ့တွေဟာ သူတို့နိုင်ငံကိုပြန်ကြတဲ့အခါ. . ဂျက်ဖာဆင်နဲ့ ရှယ်လီဟာ ဒီမှာပဲနေခဲ့ကြတာ. . အံ့သြစရာပေါ့ကွယ်။ သူတို့ ရည်ရွယ်ချက်က မစ်ရှင်ရဲ့ အထောက်အပံ့မရတော့ပေမယ့်. . သူတို့စရိတ်နဲ့သူတို့ လူမှုဝန်ထမ်းပရဟိတ လုပ်ငန်းတွေကို အစွန်အဖျားကျတဲ့ တောင်တန်းဒေသတွေမှာ ဆက်လုပ် သွားမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့နေခဲ့တာဖြစ်တယ်. . . အဲဒီကာလမှာပဲ သူ တို့နှစ်ယောက် လက်ထပ်ခဲ့ကြတယ်"

ကျောစွာမှာသည် မိတ်ဆွေကြီး၏ ဘဝအစိတ်အပိုင်း အချို့ကို သိရသဖြင့် အဘယ်ကြောင့် ထိုမျှလှို့ဝှက်နေရပါသနည်းဟု မိတ်ဆွေကြီးအပေါ် နားမလည်နိုင် ဖြစ်ရလေ၏။

နောက်ပိုင်းသိရသော ဖြစ်ပျက်မှုများကြောင့် သူသည် ပို၍ပင် နားလည်နိုင်စွမ်းမရှိလောက်အောင် တအံ့တသြဖြစ်ခဲ့ရသည်။ ထိုအရာများများမှာ ဤသို့ဖြစ်၏။



ဂျက်ဖာဆင်နှင့်ရှယ်လီတို့ကို လက်ထပ်ပေးခဲ့သူမှာ ဆရာတော်ဖြစ် သည်။ ဆရာတော်က သူတို့နှစ်ဦးကို ကမ္ဘာပေါ်မှာ လိုက်ဖက်အညီဆုံးအတွဲ ဖြစ်သည်ဟု. . ကောင်းချီးပေးပြောဆိုလေ၏။ အကြောင်းမှာ လူသားတွေအတွက် ကောင်းကျိုးချမ်းသာဖြစ်စေမည့် အလုပ်မှန်သမျှ စိတ်စေတနာထက်သန်စွာ ဆောင်ရွက်ဖြည့်ဆည်းပေးလိုသည့် စေတနာချင်းတူညီကြ၍ ဖြစ်သည်။

သူတို့လက်ထပ်ပြီး သိပ်မကြာခင်မှာဘဲ သူတို့ရည်ရွယ်ချက်အတိုင်း ဆောင်ရွက်ခဲ့ကြ၏။ သူတို့သည် လူမှုဝန်ထမ်းအလုပ်များကို ဆောင်ရွက်ရန် ချင်းတောင်တန်းတွေဘက်သို့ ခရီးထွက်သွားကြခြင်းဖြစ်သည်။

ထိုအချိန်ကာလမှစ၍ နှစ်ပေါင်းများစွာကြာသည်အထိ သူတို့ထံမှ မည်သည့်ဆက်သွယ်မှုမျိုးမှ မရရှိခဲ့သဖြင့်. . ဆရာတော်သည် လွန်စွာအံ့သြ နေမိသည်. . ထို့အတူ သူတို့အတွက် အထူးစိုးရိမ်နေခဲ့၏။ ထို့ကြောင့်ဆရာတော် မှာ ဘေးအန္တရာယ်ကင်းစေရန် မေတ္တာပို့ အမျှဝေရ၏. . သူတို့ထံမှ တစ်စုံတစ်ရာ ဆက်သွယ်လာမည့်အချိန်ကို စောင့်ဆိုင်းနေခဲ့ခြင်းဖြစ်သည်။

ဆယ်စုနှစ်နှစ်စုကျော်မျှ ဆက်သွယ်လာခြင်းမရှိသည်တွင် သူတို့ နှစ်ဦးအား လူ့လောကမှာရှိပါသေးသလားဆိုသည့် သံသယဖြစ်ရလေသည်။ ကျော်စွာမှတစ်ဆင့် သူ၏ဆက်သွယ်မှုကို မထင်မှတ်ဘဲသိရသဖြင့် အိပ်မက်များ မက်လေသလားဟု ထင်မှတ်ခံစားရသည်ဟု ဆရာတော်က ပြောဆို၏။

"နောက်ဆုံးမှာတော့. . နှစ်ပေါင်းများစွာ ကျုပ်စိတ်ထဲမှာ တထင့်ထင့်နဲ့ မဝခွဲမရဖြစ်နေတဲ့ သံသယတွေဟာလည်း. . ရှင်းလင်းသွားပါပြီ. . သူတို့နှစ်ဦး ဟာ ချင်းတောင်တန်းတွေဘက် ထွက်သွားပြီနောက်မှာ ဘာတွေဖြစ်ပျက်ခဲ့ကြ တယ်. . ကျုပ်ဆီကို ဘာကြောင့်များ စာရေးအဆက်အသွယ်မလုပ်တာလဲဆိုတာ တော့ ကံကြမ္မာကပဲ သိပါလိမ့်မယ်. . ဘယ်လိုပဲဖြစ်ဖြစ်ပါ ကျုပ်အလွန်မျှော်လင့် စောင့်တနေတဲ့. . မိတ်ဆွေတစ်ယောက်ဆီက သတင်းကောင်းကို ယူလာပေးတဲ့ အတွက် ဒကာကျော်စွာကို အထူးပဲကျေးဇူးတင်ပါတယ်ကွယ်. . သူတို့နှစ်ဦး ကျန်းမာချမ်းသာစွာ ရှိနေပါစေလို့ ဆုတောင်းမေတ္တာပို့ရမှာပေါ့လေ. . . ဘာပဲ ဖြစ်ဖြစ်လေ ကျုပ်အတွက်မှာတော့ နှစ်ပေါင်းများစွာ ဝန်လေးပင်ပန်းစွာ

www.burmeseclassic.com

ထမ်းဆောင်ထားရတဲ့ တာဝန်ကြီးတစ်ရပ်ကနေ ပေါ့လျော့သွားပြီလို့ ယူဆရလိမ့်မယ် ဒကာကျော်စွာ. . သူတို့ ဇနီးမောင်နှံဟာ လက်ထပ်ပြီး ကျုပ်ကျောင်းနဲ့ မိုင်ဝက်ခန့်ကွာ ဝေးတဲ့နေရာမှာ အိမ်တစ်လုံးဝယ်ယူခဲ့ကြတယ်. . အဲဒီအိမ်မှာ နှစ်အနည်းငယ်နေထိုင်ပြီး ချင်းတောင်ကိုထွက်ခါနီးမှာ ကျုပ်ထံမှာ ကူညီစောင့်ရှောက်ပေးဖို့ အပ်နှံခဲ့ပါတယ်. . ဒကာရင်းဖြစ်နေလို့ လက်ခံထားရပေမယ့် မြတ်ဗုဒ္ဓသာသနာကို ထမ်းရွက်နေတဲ့ ကျုပ်တို့ရဟန်းဘဝမှာ လောကီရေးရာကိစ္စတွေထဲမှာ မပါဝင် မပတ်သက်ရပါဘူး. . ရွှေ ငွေ၊ ဥစ္စာ၊ ပစ္စည်းရတနာနဲ့ အိုးအိမ်တိုက်တာဆိုတဲ့ လောကီဥစ္စာစည်းစိမ်ချမ်းသာတွေဟာ ကျုပ်လိုရဟန်းတစ်ပါးနဲ့ ဘယ်လိုမှ ဆက်စပ်တာတွေ မဟုတ်ပေဘူးလား. . ဒကာကျော်စွာ"

ဆရာတော်က ထိုသို့ရှည်လျားစွာ ရှင်းပြပြီးနောက်. . အခန်းထောင့်ရှိ နံရံကပ်ဗီရိုဆီသို့သွား၍ အံဆွဲတွင်းမှ တစ်စုံတစ်ရာကို ထုတ်ယူလိုက်ပြီး ကျော်စွာ့အနီးသို့ ပြန်လာပြီးနောက်. . ထိုအရာကို ကမ်းပေးလေရာ ကျော်စွာမှာ လှမ်းမယူဝံ့ဘဲ နားမလည်သည့်မျက်ဝန်းဖြင့် ငေးကြည့်နေလေတော့၏. . ၎င်းမှာ သော့တွဲတစ်တွဲပင် ဖြစ်သည်။

"ယူလေ ဒကာကျော်စွာ. . ဒီသော့တွဲက ဂျက်ဖာဆင်တို့အိမ်သော့တွဲပေါ့. . အိမ်လေးက တော်တော်ရှေးကျတဲ့ အိမ်ကလေး. . ."

ဟု ပြောလိုက်ရာ ကျော်စွာလည်း မလွှဲသာတော့သည်ကြောင့် ထိုသော့တွဲမှာ မိမိနှင့်ဘယ်လိုပတ်သက်နေပါသလဲဟု မေးလိုက်မိ၏. . ထိုအခါမှ ဆရာတော်မှာ အနည်းငယ် မျက်မှောင်ကြုတ်လျက်. . .

"နို့. . ဂျက်ဖာဆင်က ဒကာကျော်စွာကို ဘာမှမမှာလိုက်ဘူးလား. . ."

ဟု တွေဝေစွာမေးပြီး သူ၏လက်ထဲမှစာကိုပြန်လည်၍ ကပျာကယာဖတ်ရှုလေ၏။ ရုတ်ခြည်းပင် အခြေအနေကို သဘောပေါက်နားလည်သွားဟန်ဖြင့် သဘောကျစွာ ရယ်တော့သည်။

"အင်း. . ကျုပ်နားလည်ပြီ. . နားလည်သွားပြီ။ ဒကာကျော်စွာရဲ့ မိတ်ဆွေက ကျုပ်ကို တာဝန်တစ်ခုအနေနဲ့ ဆောင်ရွက်ပေးဖို့ မှာလိုက်တာပဲ. . ကျုပ်က ဒကာကျော်စွာကို အကျိုးအကြောင်း ပြောပြထားပြီးပြီလို့ ယူဆမိတာကြောင့် သူ့ရဲ့အိမ်သော့ကို အပ်လိုက်မိတာ. . သူက ဒကာကျော်စွာကို ဖွင့်မပြောခဲ့တာ အကြောင်းရှိမယ်ထင်ပါတယ်။ စာထဲမှာတော့. . ကျုပ်ကိုမဖြစ်မနေ



ဆောင်ရွက်ပေးဖို့ မှာလိုက်လေရဲ့. . ."

ဟု ပြောပြီး ကျော်စွာကို ပြုံးလျှက်ကြည့်၏. . ဆရာတော်သည် လူပေါင်းများစွာနဲ့ တွေ့ကြုံဆက်ဆံလာသူဖြစ်၍ ကျော်စွာ့ကိုမြင်ရုံနဲ့ စိတ်သဘောထား မွန်မြတ်သန့်စင်သူ လူငယ်တစ်ဦးဖြစ်ကြောင်း တွေ့စကပင် အကဲခတ်သိရှိခဲ့၏။ ဒေါက်တာဂျက်ဖာဆင်မှာလည်း ထိုလူငယ်၏စိတ်နေစိတ်ထားကို ကောင်းစွာ သိရှိခဲ့ပါလိမ့်မည်. . ထို့ကြောင့်လည်း လူငယ်အပေါ်၌ ထိုမျှရက်ရောကူညီပေးခဲ့ခြင်းဖြစ်လိမ့်မည်ဟု ဆရာတော်တွေးလိုက်မိ၏။

"စစ်တပ်က ပင်စင်ယူခဲ့ပြီးတဲ့နောက်ပိုင်းမှာ. . ဒကာကျော်စွာ့အဖို့ နေရေးထိုင်ရေး အခက်အခဲမရှိစေဘို့ သူစီစဉ်ပေးလိုက်တာကို ဒကာကျော်စွာ မငြင်းစေချင်ဘူး. . ငြင်းဖို့မသင့်ဘူးလို့ ကျုပ်ယူဆတယ် သူတို့ဇနီးမောင်နှံပိုင်တဲ့ အဲဒီအိမ်လေးမှာ ဒကာကျော်စွာကို ရာသက်ပန်နေထိုင်ဖို့ အပြီးတိုင်လွှဲပြောင်းပေးလိုက်တာပဲ. . သူ့အဖို့ မြန်မာပြည်ကို ပြန်ရောက်ဖို့ဆိုတာ ဒီတစ်သက် မှန်းဆနိုင်စွမ်းမရှိတဲ့ အခြေအနေဖြစ်လို့ သူပိုင်အိမ်ကလေးကို မိတ်ဆွေရင်းပမာ ခင်မင်သံယောဇဉ်ရှိတဲ့ လက်ဖတင်နင်ကျော်စွာအား. . တရားဥပဒေနဲ့အညီ လွှဲပြောင်းပေးစေလိုကြောင်းစသဖြင့် မှာကြားထားလေရဲ့. . ."

ကျော်စွာမှာ မည်သို့ပြန်လည်ပြောဆိုရမှန်းမသိအောင် ဖြစ်ရလေပြီ။

မိမိပေါ်မှာ ထိုမျှ စိတ်ရင်းစေတနာဖြင့် လိုက်လျောခဲ့သည့်အတွက်လည်း ဒေါက်တာဂျက်ဖာဆင်အပေါ်မှာ နားမလည်နိုင်အောင် တအံ့တဩဖြစ်မိသည်။

စစ်တပ်မှပင်စင်ဖြင့် အမိမြန်မာနိုင်ငံတွင် အခြေချနေထိုင်ရန် ရောက်ရှိလာသော်လည်း ကျော်စွာအဖို့. . အရေးကြီးဆုံးပြဿနာမှာ နေရာထိုင်ခင်းကိစ္စပင် ဖြစ်သည်။

စားရေးသောက်ရေး ကိစ္စအတွက်ကို မပူပင်ရသော်လည်း နေရာထိုင်ခင်းကိစ္စမှာ ထင်သလောက်မလွယ်ကူသည့် ကိစ္စမဟုတ်သောကြောင့်. . သူသည် အချိန်ယူဆောင်ရွက်ရန် ဆုံးဖြတ်ထား၏။

ဒေါက်တာဂျက်ဖာဆင်မှာ မိမိအခက်အခဲအတွက်. . ကြိုတင်သိရှိထားပါလိမ့်မည်။ ထိုအခက်အခဲကို ပွင့်လင်းစွာ ဖွင့်ဟပြောဆိုပြီး ကူညီလိုသော်လည်း. . ရက်ရောသည့် ကူညီမှုတစ်ခုဖြစ်သည့်အပြင် တစ်ပါးသူ၏ စိတ်နေ

www.burmeseclassic.com

သဘောထားကို သိထားသဖြင့်. . လက်ခံရယူရန် ငြင်းပယ်မှာကိုစိုးရိမ်မိ၍ ထိုသို့ စီစဉ်ခဲ့ခြင်းဟု ယူဆနိုင်ပါသည်။

ထိုယူဆမှု မှန်ကန်ကြောင်းကို ကျော်စွာသည် ထိုနေ့ညဉ့်ဦးယံအချိန်တွင် အံ့သြဖွယ် သိရလေတော့၏။

ကမ်းနားလမ်းတစ်လျှောက် တိုက်ခတ်လာသော ညဦးလေပြည်က ပြတင်းပေါက်မှတစ်ဆင့် တိုးဝင်လျက်ရှိလေ၏. . ကျော်စွာတည်းခိုသည့် အခန်းမှာ ကမ်းနားဘက်သို့ မျက်နှာမူထားသည့် တတိယထပ်အခန်းဖြစ်သည်။

ကျော်စွာသည် မနေ့နေ့လည်ကမှ မန္တလေးအစုန်ရထားဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့၏။ ဒုတိယကမ္ဘာစစ်ပြီးစ ရန်ကုန်မြို့သည် အဆောက်အအုံ အပြိုအပျက်များနှင့်. . လူစုလူဝေးများဖြင့် ရှုပ်ထွေးလျက်ရှိရာ. . အမှိုက်ပုံအတွင်း ရောက်ရှိနေသကဲ့သို့ ထင်မှတ်ရ၏။

သူ့အတွက်. . လတ်တလောအရေးကြီးသည့်ကိစ္စမှာ ဈေးနှုန်းအသင့်အတင့်ဖြင့် တည်းခိုနိုင်မည့်နေရာထိုင်ခင်းပင်ဖြစ်သည်. . ထိုကိစ္စမှာ အချိန်အနည်းငယ်အတွင်း စုံစမ်းရရှိသဖြင့် သူသည် မော်တင်လှည်းတမ်းတစ်လျှောက်. . ဖွင့်လှစ်ထားသည့် တည်းခိုဆောင်များမှ ထိုအခန်းကို ရရှိခဲ့ခြင်းပင် ဖြစ်သည်။

ဆရာတော်ကျောင်းမှ ပြန်ရောက်သည်တွင် အချိန်မှာ ညနေစောင်းပြီ ဖြစ်သည်. . ထို့ကြောင့် အချိန်အနည်းငယ် အနားယူပြီး ရေချိုးသန့်စင်၏ ပြီးနောက် ကမ်းနားလမ်း တစ်လျှောက်ဖွင့်လှစ်ထားသည့် စားသောက်ဆိုင်တွင် ညနေစာ စားသောက်ပြီး အချိန်ဖြုန်းမနေတော့ဘဲ အခန်းသို့ပြန်လာခဲ့သည်။

ယခင်နေ့က သူသည် ညဉ့်နက်ပိုင်းအချိန်ရောက်သည်အထိ နေထိုင်ပြီးမှ အခန်းသို့ ပြန်ခဲ့၏. . ကမ်းနားလမ်းတစ်လျှောက်မြင်ရသည့် လူတို့၏ ဘဝသရုပ်ကိုကြည့်ရှုရင်း စိတ်ဝင်စားမိခြင်းကြောင့် ဖြစ်သည်။

နေညိုချိန်ရောက်သည်နှင့်. . မြစ်ဝကျွန်းပေါ်ဘက်သို့ ထွက်သော သင်္ဘောများမရှိတော့သဖြင့် ကုန်တင်ကုန်ချ အလုပ်သမားများမှာ အလုပ်အားသွားကြပြီဖြစ်၏။

ထိုအခါ သူတို့သည် ကမ်းနားတွင် ဖွင့်လှစ်ထားသော ရေချိုးခန်းများတွင် ရေတစ်ခါချိုး တစ်မတ်နှင့်ရေဝင်ချိုးကြပြီး လမ်းဘေးတွင်ရောင်းသော ထမင်းဆိုင်များတွင် အဝစားတစ်ကျပ်နှင့် ထမင်းစားသူကစား. . အရက်ဆိုင် သွား၍ အပန်းဖြေကြသူက ဖြေကြ၏။

အချို့လည်း ထမင်းစား၊ အရက်သောက်ပြီး ဘောတံတားပေါ်တွင် ကာရေးတမော အိပ်ကြ၏. . ညဉ့်တစ်နာရီကျော်လျှင် မြစ်ဝကျွန်းပေါ်ဘက်မှ ပြန်ဝင်လာသော ကြက်ဥ၊ ကုန်စိမ်း၊ ကွမ်းသီး၊ အုန်းသီး၊ ပုဇွန်တင်သော လှေသဗ္ဗန်များ၊ သင်္ဘောများ၊ စက်လှေများ ဆိုက်ကပ်လာသောအခါ ကုန်တင်ကုန်ချ လုပ်ကြရပြန်သည်။

မြစ်ကမ်းတစ်လျှောက်တွင် ဆားနံ့သင်းသော သူတို့၏ ဘဝများမှာ နေ့နှင့်ဆက်ကာ လည်နေကြရသည့်အဖြစ်ကို. . ကျော်စွာသည် မနေ့ညက မီးအလင်းဖွင့်သော စားသောက်ဆိုင် တစ်ဆိုင်တွင် ညဉ့်နက်သည့်တိုင်အောင် ကြည့်ရှုခဲ့ရသည်။

သည်နေ့မှာတော့ ကျော်စွာသည် ဘာကိုမှကြည့်ရှုလို စိတ်မရှိတော့ပေ။ ဆရာတော် ဦးစံဝိမာထံမှပြန်လာသည့်လမ်းတစ်လျှောက်တွင် ဆရာတော်၏ စကားများနှင့် လွန်စွာသိနားလည်ရခက်သော ဒေါက်တာဂျက်ဖာဆင်၏ ပုံရိပ်များကိုသာ မြင်ယောင်နေမိ၏။

ညစာစားပြီး တည်းခိုဆောင်ပြန်ရောက်သည်နှင့် သူသည် ပြတင်းပေါက်မှ ကုလားထိုင်တွင် အချိန်ကြာမြင့်စွာ. . မလှုပ်မယှက်ထိုင်နေလေသည်။ သူနှင့်မလှမ်းမကမ်းရှိ ဆက်တီစားပွဲပေါ်တွင် သားရေဖြင့် စနစ်တကျထုပ်ပိုးထားသည့် အရာဝတ္ထုတစ်ခုရှိ၏။

မီးအလင်းဖြင့် ထိုအရာကို ထင်ရှားစွာမြင်ရသည်မှာ သူ့ရင်၌ ထူးခြားသည့် စိတ်ခံစားမှုမျိုး ဖြစ်ပေါ်ခံစားရ၏. . စောစောပိုင်းတုန်းက သူသည် မဂ်ပူရစ်စခန်းတွင် ဒေါက်တာဂျက်ဖာဆင်နှင့် ခွဲခွာနှုတ်ဆက်စဉ်က သူတို့နှစ်ဦး ပြောဆိုခဲ့ကြသည့် စကားများကိုသာ ပြန်လည်တွေးတောနေမိ၏။

ဆရာတော်က နောက်တစ်နေ့မနက်တွင် သူ့ထံအပ်နှံထားသည့် ဒေါက်တာဂျက်ဖာဆင်၏နေအိမ်ကို အပြီးတိုင်လွှဲအပ်မည်ဖြစ်၍ ကျောင်းသို့ ပြန်ရောက်လာရန် မှာကြားလေ၏။

ထိုကိစ္စနှင့်ပတ်သက်ပြီး ဒေါက်တာကြီးသည် ကြိုတင်စီစဉ်ထားပုံရ၏။ နှုတ်ဆက်ခွဲခွာကြရသည်မှာလည်း ကတိုက်ကရိုက်ဆန်သည့်အတွက် ပြည့်စုံစွာ



www.burmeseclassic.com

ရှင်းပြရန် အချိန်မရတော့သဖြင့် ထိုသို့စီစဉ်ခဲ့သည်ထင်၏။ သို့တည်းမဟုတ် တစ်ပါးသူ၏ အကူအညီကို အလွယ်တကူလက်မခံတတ်သော. . မိမိ၏ စိတ် နေစိတ်ထားကို သိရှိနေ၍ သူ၏အကူအညီကို ဥပါယ်တံမျဉ်ဖြင့် ထိုသို့ဆောင်ရွက် ခြင်းဟုလည်း ယူဆနိုင်လေသည်။

မည်သို့ဆိုစေ မိမိအဖို့ ဒေါက်တာကြီး၏ကူညီဖေးမမှုကို မထင်မှတ် ရရှိလိုက်သည်ကြောင့် နေရာထိုင်ခင်းအတွက် အနည်းငယ်မျှ စိုးရိမ်ဖွယ်မ တော့ပေ။

ထိုမျှ စိတ်ရင်းစေတနာ ထက်သန်သည့်. . မိတ်ဆွေကြီး၏ဘဝမှ ဘယ်လိုကံကြမ္မာဆိုးများ ကျရောက်ခဲ့ရပါသလဲ. . .

ကျော်စွာ၏အကြည့်က ဆက်တီစားပွဲပေါ်သို့ ရောက်ရှိသွားပြန်၏. သည်တစ်ကြိမ်တွင်တော့ သူသည် ၎င်းစားပွဲအနီးသို့ ရောက်ရှိသွားပြီး. ထိုအရာဝတ္ထုကို ကိုင်တွယ်ကြည့်ရှုပြီး ချက်ချင်းပင် ဆုံးဖြတ်လိုက်၏. . .။

ပြတင်းမှတစ်ဆင့် တိုးဝင်လာသည့် လေနှင့်အတူ. . အော်ဟစ်သံမျ နှင့် ရယ်သံလွင်လွင်များကို ကြားရ၏။ မနေ့ညကကဲ့သို့ သူသည် ထိုအသံမျ အပေါ် စိတ်ဝင်စားမှုမရှိတော့ဘဲ စနစ်တကျထုပ်ပိုးထားသည့် အရာဝတ္ထု အပေါ်မှာသာ အာရုံဝင်စားလျက် သားရေစများကိုသတိကြီးစွာ ဖြေခွာလိုက်၏

ဖန်မီးအိမ်အလင်းအောက်တွင် သားရေစများဖြင့်. . လွှမ်းအုပ်ထ သည့် အရာများကို ထင်ရှားစွာတွေ့ရ၏။ အပြာရောင် ဒိုင်ယာရီစာအုပ်ဖြစ်သည် ခရီးဆောင်ဒိုင်ယာရီစာအုပ်ဖြစ်၍ အတော်အတန်ထူ၏။

ထိုစာအုပ်ကို တွေ့ရသည်မှာ. . သူ့အဖို့မထူးဆန်းလှသော်လည် စာအုပ်ကို မယူလိုက်စဉ်မှာတော့. . .

"ဟာ. . ."

အဘယ်မျှ တအံ့တဩ ဖြစ်သွားသနည်းဟူမူ. . သူသည် ထိုင်ရာ ဆတ်ကနဲထလိုက်မိသလို သူ့၏မျက်ဝန်းတွေမှာလည်း အဆမတန်ပြူးကျယ်သွ တော့၏။



အခန်း ◀ ၆ ▶

## ကိုယ်ရေးမှတ်တမ်းနှင့် ကျိန်စာသင့်ပန်းတစ်ပွင့်

ကျွန်ုပ် ဒေါက်တာဂျက်ဖာဆင်နှင့် ဇနီးရှယ်လီတို့သည် မြန်မာပြည်တွင် နှစ်အနည်းငယ်နေထိုင်ကြပြီး. . ကျွန်ုပ်တို့၏ မူရင်းရည်ရွယ်ချက်အတိုင်း မဖွံ့ဖြိုးသေးသည့် တောင်တန်းဒေသများဆီသို့ ထွက်ခွာခဲ့ကြ၏။

ကျွန်ုပ်တို့နှစ်ဦးမှာ မစ်ရှင်အဖွဲ့များနှင့် လှည့်လည်သွားလာစဉ်က အတော်အတန် အတွေ့အကြုံရှိခဲ့ကြပြီဖြစ်၍ ထိုဒေသများသို့ သွားရောက်ရာတွင် များစွာအခက်အခဲ မရှိတော့ပေ။

၎င်းဒေသများမှလူတွေ အသိဉာဏ်ပွင့်လင်းလာအောင် ကိုယ်ကျင့် တရားကောင်းမွန်ပြီး ဘာသာတရားဘက်မှာလည်း လေးစားရိုသေကိုင်းရှိုင်းမှု ရှိအောင်၊ ခေတ်မီဆေးဝါးကုသမှုမှာ ယုံကြည်သက်ဝင်မှုရှိအောင်၊ ပညာရေး၊ လူမှုရေးစတာတွေမှာ တိုးတက်မြင့်မားလာအောင် အတတ်နိုင်ဆုံး ကြိုးပမ်းဆောင် ရွက်ခဲ့ကြသည်။

ထိုသို့ လှည့်လည်နေထိုင်ရင်းဖြင့်. . ကျွန်ုပ်နှင့်ဇနီး ရှယ်လီတို့မှာ ရှင်းတောင်တန်းများ၏ နယ်ခြားဒေသဖြစ်သည့် ဝှယ်လငေါက်၊ ယာဟောက်နယ် ဘက်မှတစ်ဆင့်. . အိန္ဒိယပိုင် အာသံပြည်(အာသံမီယာ) ထဲရှိ မာရခွာ(လူရိုင်း) တောင်တန်းများဘက်အထိ ရောက်ရှိကြလေသည်။

ထိုဒေသများတွင်လည်း လူတွေကို ဆေးဝါးကုသပေးရင်း၊ အသိဉာဏ် ပညာ တိုးတက်မြင့်မားလာအောင် ဟောပြောခြင်းဖြင့် အာသံမီယာတစ်ပြည်လုံး အနှံ့ လှည့်လည်သွားလာနေထိုင်ခဲ့သည်။

အာသံပြည်ထဲတွင် လူမျိုးပေါင်းစုံ နေထိုင်လျက်ရှိကြသည်။

www.burmeseclassic.com

သူတို့သည် တောင်တန်းကြီးပေါ်တွင် နေထိုင်ကြလေရာ အာသံပြည် လျှောင်ကြီးလှုပ်သောအခါ သူတို့နေသော တောင်ကြီးပြိုကျသွားပြီး လူများလည်း သေဆုံးကုန်ကြသဖြင့် လူမျိုးပြုတ်သလောက် ဖြစ်သွားခဲ့သည်ဟု ဆိုကြ၏။

ကျွန်ုပ်တို့ ဇနီးမောင်နှံမှာ စိတ်တူ၊ ဝါသနာတူများဟု ဆိုရမည်ဖြစ်သည်။ အကြောင်းကား ဆေးဝါးကုသရင်း ဒေသခံများအတွက် လူမှုပရဟိတ လုပ်ငန်းများ ဆောင်ရွက်ကြသော်လည်း ၎င်းတို့၏ ယဉ်ကျေးမှု၊ ဓလေ့စရိုက်များကိုလည်း တတ်အားသရွေ့ စုဆောင်းလေ့လာမှတ်သားရာတွင်လည်း လွန်စွာစိတ်အားထက်သန်ကြ၍ ဖြစ်သည်။

ထို့ကြောင့်လည်း ခွာထန်မီးလူမျိုးစု၏ ထူးဆန်းဖွယ် အတိတ်သမိုင်းကြောင်းကို ကြားသိရသောအခါ ကျွန်ုပ်တို့နှစ်ဦး အလွန်စိတ်ဝင်တစား ဖြစ်သွားကြသည်။

နှစ်ပေါင်းများစွာ ကြာမြင့်သည့်ယနေ့ကာလအထိ . . ကျွန်ုပ်၏ အသက်နှင့်ခန္ဓာကို သေသည်နှင့်မခြား ဒဏ်ခတ်ပိတ်ဆို့ခြင်းခံနေရသည်မှာ . . ၎င်းကဲ့သို့ စိတ်ဝင်တစားဖြစ်ခဲ့ခြင်းကြောင့်ဟု ကျွန်ုပ်အခိုင်အမာပြောရမည် ဖြစ်ပါသည်။

ကျွန်ုပ်တို့ဇနီးမောင်နှံ၏ လွန်စွာဆိုးဝါးသည့် ကံတရားမှာ ထိုစဉ်ကစ၍ အစပျိုးခဲ့ခြင်းဖြစ်သည်။

ကျွန်ုပ်နှင့် ရှယ်လီသည် ဆူဒယာပြည်နယ်အတွင်း . . ရှိနေစဉ် ခွာထန်မီးလူမျိုးစုများကြားတွင် လှည့်လည်သွားလာပြီး ဆေးဝါးကုသပေးခြင်း၊ စာပေပညာသင်ကြားပေးခြင်း၊ ဘာသာတရားနှင့် စပ်ဆိုင်သောတရားများကို ဟောပြောပြသပေးခြင်းများ ပြုလုပ်နေခဲ့ကြသည်။

ကျွန်ုပ်သိရသည်မှာ ထိုလူမျိုးများမှာ တောင်ပြိုကျရာတွင် . . မပါဝင်ဘဲ ကျန်ရစ်ခဲ့သူများမှ ပေါက်ဖွားလာကြသူများဟူ၍ဖြစ်သည်။ ပြောဆိုကြသည့် သူတို့စကားမှာလည်း လွန်စွာနားလည်ရခက်၏ . . အာသံမိယာပြည်သုံး စကားများဖြစ်သည့် ဟိန္ဒူစတန်နီ၊ ဘင်္ဂါလီ၊ နီပေါလ်စကားများနှင့်မတူဘဲ ခွာထန်မီ စကားသက်သက်ဖြစ်သည် . . ထို့ကြောင့် တတ်ကျွမ်းနားလည်ရန် အလွန်ခက်သည်။

အံ့သြဖွယ်ကောင်းလောက်အောင် ရှေးရိုးစွဲ အစဉ်အလာကို



ယုံကြည်ကြ၏။ ကာလအတန်ကြာမျှ ၎င်းတို့ကြားတွင် ပရဟိတလုပ်ငန်းများ ဆောင်ရွက်နေခြင်းကို အသိအမှတ်ပြုကြသလို . . ကျွန်ုပ်တို့အပေါ်မှာလည်း လွန်စွာချစ်ခင်မှု ရှိကြသော်လည်း သူတို့ဓလေ့ထုံးစံအရ သူစိမ်းသည့်သည်အဖြစ် ကျွန်ုပ်တို့ ကို ရွာပြင်တွင်သာ တည်းခိုနေထိုင်စေ၏။

သို့ဖြစ်၍ ကျွန်ုပ်တို့ဇနီးမောင်နှံမှာလည်း ရွာအပြင်ဘက် ခပ်လှမ်းလှမ်း . . သင့်လျော်သည့်နေရာတွင် ရွက်ဖျင်တဲထိုး၍ စခန်းချနေထိုင်ကြရသည်။

လူမျိုးစုများစွာနှင့်ထိတွေ့ဆက်ဆံဖူးသည်ဖြစ်၍ ကျွန်ုပ်နှင့်ရှယ်လီ တို့အဖို့ ထိုကိစ္စအပေါ်မှာ အနည်းငယ်မျှ စိတ်ပျက်ခြင်းမရှိကြပေ . . . ။

ထိုကိစ္စမှအပ ကျန်အချိန်များတွင် ၎င်းတို့သည် ကျွန်ုပ်တို့၏ လုပ်ငန်းများကို . . တတ်နိုင်သမျှ ကူညီလုပ်ကိုင်ပေးကြ ၏။

ဆောင်းဦးရာသီ၏ နေ့တစ်နေ့တွင်ဖြစ်သည်။ တိကျစွာပြောရလျှင် ၎င်းနေ့သည် ကျွန်ုပ်တို့ဘဝကို ကံဆိုးမိုးမှောင်ကျရောက်စေသည့်နေ့ပင် ဖြစ်တော့သည်။

ကျွန်ုပ်နှင့်ဇနီးရှယ်လီသည် ဆူဒယာပြည်နယ်တွင်း . . ခရီးမိုင်ပေါင်း များစွာ ဖြတ်သန်း၍ အခြားသော လူနေမြို့ရွာများနှင့် ဝေးကွာလှသည့် ဆူဒယာနယ်အစွန်ရှိ ခွာထန်မီးများ နေထိုင်သည့် ရွာငယ်လေးတစ်ရွာကို ရောက်ရှိခဲ့ကြ၏။

တောတောင်ထူထပ်သည့် အရပ်ဒေသတို့၏ ထုံးစံအတိုင်း အမှောင်ရိပ် စည် လျှင်မြန်စွာကျရောက်လာ၏။ မကြာမီ တောကြက်၊ တောငှက်များ၏ သိုက်မြုံအိပ်တန်းဆီမှ ဘာသာဘာဝ အော်ဟစ်မြည်ကြွေးသော အသံများကို ဆူညံစွာကြားရလေသည် . . တောတောင်တစ်ခုလုံး ပိုးကောင်၊ မွှားကောင်များ၏ တစီစီအော်မြည်သံများဖြင့် ပိတ်ဖုံးဆူညံနေတော့သည်။

ကျွန်ုပ်တို့လည်း တစ်နေကုန် ပင်ပန်းလာခဲ့၍ ထိုနေ့ ညနေစာကို ဖြစ်တတ်သလိုစားသောက်ပြီး . . စောစောအိပ်စက် အနားယူကြသည်။ အိပ်စက်ခြင်းမပြုမီ ကျွန်ုပ်က တဲအရှေ့ဘက်တွင် မီးပုံကြီးတစ်ပုံကို ဟိန်းဟိန်း တောက်အောင် ဖိုထားလိုက်၏ . . တောကောင်၊ သားရဲတိရစ္ဆာန်များ တဲအနားသို့ မကပ်စေရန်အတွက်ဖြစ်သည်။

ရွက်ဖျင်တဲထဲတွင် ခရီးဆောင်အိပ်ရာနှစ်ခုကို ယှဉ်၍ ခင်းထား

www.burmeseclassic.com

မိုးချုပ်စမှာပင် နှစ်ယောက်စလုံး မောမောနှင့်မိမိတို့အိပ်ရာထက်တွင် ကိုယ်စိ ကိုယ်c အိပ်ပျော်သွားကြ၏။

မည်သို့ပင် အိပ်မောကျနေပါစေ. . ကျွန်ုပ်သည် ညဥ့်နက်သန်းခေါင် လွန်သည်နှင့် တစ်ရေးနိုးတတ်စမြဲ ဖြစ်သည်။ ထိုသို့နိုးလာသည်နှင့်. . အကျင့်ပါနေသည့် ကျွန်ုပ်မျက်ဝန်းတွေက ဇနီးရှယ်လီကို ကြည့်လိုက်မိသည်။

"ဟင်. . ဘုရားရေ"

ကျွန်ုပ် အထိတ်တလန့်ဖြင့် ရှယ်လီကို လှမ်းခေါ်လိုက်သော်လည်း အနည်းငယ်မျှ တုံ့ပြန်သံကိုမကြားရသဖြင့်. . လွန်စွာစိုးရိမ်သွားမိ၏။ ခုတင် ပေါ်တွင် ရှယ်လီ့ကို မတွေ့ရတော့ပေ။ ကျွန်ုပ်ထပ်မံ၍ ခေါ်လိုက်သည်. . မီးဖိုမှ တဖျစ်ဖျစ်မီးတောက်သံများမှအပ မည်သည့်အသံကိုမျှ မကြားရ. . .။

အပေါ့အပါးသွားရန် အပြင်ဘက်သို့ ထွက်သွားလေသလား. . ထိုကိစ္စမှာလည်း ဖြစ်နိုင်ဖွယ်မရှိ။ ရှယ်လီသည် ညဥ့်နက်သန်းခေါင် ထိုကိစ္စမျာ ဆောင်ရွက်မည်ဆိုပါက ကျွန်ုပ်အား မဖြစ်မနေနှိုးနေကျပင်ဖြစ်သည်။

ဇဝေဇဝါအတွေးဖြင့် ရှယ်လီ့အိပ်ရာဆီသို့ နောက်တစ်ခါကြည့်လိုက် မိသည်။ ထိုအခိုက်အတန့်မှာပဲ မျက်လုံးမျက်ဆန်များ ပြူးကျယ်သွားပြီး အိပ်ရာ ငေါက်ကနဲ ထထိုင်မိတော့သည်။ အိပ်ချင်စိတ်မှာ မည်သို့ရောက်သွားပြီမသိ။

ရှယ်လီ့အိပ်ရာပေါ်တွင် ခပ်မည်းမည်းအရာတစ်ခုကို တွေ့မြင်လိုက်ရ ဖြစ်သည်။ ကျွန်ုပ်လည်း အထိတ်တလန့်ဖြင့် ထိုအရာကို ကပျာကယာ ကောက် လိုက်၏. . စောစောတုန်းက ထိုအရာကို ရှယ်လီ၏အဝတ်၊ ပဝါ၊ လက်အိ စသည် တစ်ခုခုဖြစ်လိမ့်မည်ဟု ကျွန်ုပ်ထင်မှတ်ခဲ့၏။

ထိုအရာကို ကြည့်နေရင်းက ကျွန်ုပ်တစ်ကိုယ်လုံး ကြက်သီးမွေးည ဖျင်းဖျင်းထလျက် အထိတ်တလန့်ဖြစ်နေ၏. . ဘယ်လိုအဓိပ္ပာယ်လဲ. . ဒါဟာ အကြောင်းမဲ့ဖြစ်ပျက်တာတော့ မဟုတ်ဘူး. . .။

ရှယ်လီ့ခုတင်ပေါ်တွင် တွေ့ရသည့်မည်းနက်တောက်ပြောင်လျ အရောင်တလက်လက်ထွက်နေသော ပန်းနက်ပွင့်ကြီးကို ကိုင်တွယ်ကြည့်ရှုရ တအံ့တသြဖြစ်နေမိသည်။

အာသံပြည်နယ် တောထဲတောင်ထဲတွင် လပေါင်းများစွာ လှည့်လ သွားလာခဲ့သည့် ကျွန်ုပ်အဖို့ ပန်းပွင့်ကြီးကိုကြည့်လျက် ထိုပန်းပွင့်နက်မျိုး တစ်ခါ



မတွေ့မမြင်ခဲ့ဘူးကြောင်း ချက်ချင်းသတိပြုလိုက်မိသည်။

ထိုခဏမှာပင် ရွက်ဖျင်တဲအတွင်း ထူးဆန်းစွာ ထွက်ပေါ်နေသည့် ရနံ့ကို ကျွန်ုပ်သတိပြုမိ၏. . ရနံ့မှာ ခပ်သင်းသင်းမျှသာ ဖြစ်သော်လည်း အလွန်မွှေးပျံ့၊ ထုံသင်းသည့်ရနံ့ပင် ဖြစ်သည်။ ထိုသို့သတိပြုမိ၍ စက္ကန့်အနည်း ငယ်အတွင်း ကျွန်ုပ်ဦးခေါင်းမှာ လေးလံလာပြီး. . အမြင်အာရုံ ရီဝေလာသည့် ကြောင့် ကျွန်ုပ်လည်း အထိတ်တလန့်ဖြင့် ပန်းပွင့်နက်ကြီးကို လွှတ်ချလိုက် တော့မှ. . နေသာထိုင်သာရှိသွား၏။

၎င်းရနံ့များမှာ ပန်းပွင့်နက်ကြီးဆီမှဖြစ်ကြောင်းကို. . ကျွန်ုပ်သိလိုက် သည်။ ပန်းပွင့်နက်ကြီးမှာ တစ်ထွာနီးပါးခန့်ရှည်လျားပြီး. . ပန်းရိုးတန်းမှာ ပကတိ နက်ရှိုင်းလျက်ရှိ၏။ အကယ်၍ ပန်းပွင့်နက်ကြီးကို နီးကပ်စွာရှုရှိုက်မိပါက မူးမေ့မိန်းမောသွားစေလောက်အောင် ရနံ့ပြင်းထန်သည့် ဂုဏ်သတ္တိထူးရှိကြောင်း ကျွန်ုပ်သိရှိလိုက်သည်။

ပန်းပွင့်နက်ကြီး ရောက်ရှိနေပြီး. . ရှယ်လီပျောက်ဆုံးနေခြင်းမှာ ကျွန်ုပ်တို့အပေါ် တစ်စုံတစ်ရာ အန္တရာယ်ကျရောက်ပြီဖြစ်ကြောင်း သိလိုက်ရပြီး ကျွန်ုပ်လည်း ဒယိမ်းဒယိုင်ခြေလှမ်းများဖြင့် တဲပေါက်ဝသို့ လျှောက်လှမ်း သွားပြီး. . .

"ရှယ်လီ. . ."

"ရှယ်လီရေ. . ဒါလင်. . ခေါ်တာ ကြားရဲ့လား"

အနီးအနားတွင် ရှယ်လီရှိနေပါက ကြားလောက်စေသည့်အသံဖြင့် အကြိမ်ကြိမ်အော်ခေါ်သော်လည်း. . ကျွန်ုပ်၏အသံများသာ တိမ်ဝင်သွားပါ သည်။ ပကတိ တိတ်ဆိတ်မှုတွင် ရှယ်လီ၏တုံ့ပြန်သံကို အနည်းငယ်မျှမကြား ရပေ. . သန်းခေါင်ယံကျော်လာသည်နှင့် ဝန်းကျင်တစ်ခုလုံး မြူနှင်းများဝေ့ဆိုင်း ကျဆင်းနေ၏။

ညဥ့်ဦးကတည်းက ထင်းတုံးကြီးများဆိုင်၍ ထည့်ထားခဲ့သောမီးဖိုမှာ မီးအားကောင်းစွာ တောက်လောင်နေဆဲဖြစ်ရာ မီးအလင်းရောင်မှာ အတော် အတန် အကွာအဝေးထိ ပျံ့နှံ့လင်းချင်းလျက်ရှိ၏။

အသိတစ်ချက်ရလိုက်သဖြင့်. . တဲအတွင်းသို့ ပြန်လည်ဝင်ရောက်ပြီး ဓါးတောင့်ထိုးဓါတ်မီးကို ယူဆောင်လိုက်ပြီး တဲမှ တော်တော်ဝေးဝေးနေရာ

www.burmeseclassic.com

ရောက်သည်အထိ တောတိုးပြီး ရှာဖွေ၏။

မည်သို့မျှ အကြောင်းမထူးဘဲ မိုးစင်စင်လင်းသွားသည့်အခါ.. ကျွန်ုပ်လည်း တစ်ညလုံး(မအိပ်ဘဲ) မနေမနား၊ တောတိုးရှာခဲ့သည့်ဒဏ်ဖြ မောဟိုက်နုံးခွေနေတော့သည်။ ခွန်အားဆုတ်ယုတ်နေသည့်အပြင် ဆူးခြုံပုတ်မျာ ဝင်တိုးမိ၍ဆူးခြစ်ဒဏ်ရာများဖြင့် ကျွန်ုပ်တစ်ကိုယ်လုံးစုတ်ပြတ်ပေါက်ပြဲကာ.. သွေး ချင်းချင်းနီရဲနေတော့သည်။

ထိုအချိန်တွင် ကျွန်ုပ်၏စိတ်နှင့်ခန္ဓာမှာ အရူးနှင့် မခြားဖြစ်နေပါလိမ့်မည်. . .။

ကျွန်ုပ်သည် ဒယိမ်းဒယိုင်ခြေလှမ်းများဖြင့် တဲဆီသို့ ပြန်လာရာ.. လမ်းတွင် စမ်းချောင်းတစ်ခုကိုတွေ့ရသဖြင့် စမ်းရေကို လက်ခုပ်နှင့်ခပ်၍ အားပါ တရသောက်နေစဉ်. . .

"အို. . ဒါတွေက ဘာတွေပါလိမ့်"

ကောင်းစွာလင်းနေပြီဖြစ်၍ စမ်းရေအစပ်၌ တွေ့ရသော ထူးခြား ကြောင့် ကျွန်ုပ်သည် ရုတ်ခြည်းပင် ကတုန်ကယင် ဖြစ်သွား၏။

ထူးထူးခြားခြား ပေါ်လွင်နေသည့် ခြေရာများပင်ဖြစ်သည်။ ခြေရ များမှာ များပြားရှုပ်ထွေးပြီး စမ်းချောင်းအထက်သို့ ဆန်တက်သွားလေရ ကျွန်ုပ်လည်း ၎င်းခြေရာများအတိုင်း လိုက်လံကြည့်ရှုသည်တွင် တစ်နေရာ၌ မသက်ာဖွယ်ခြေရာတစ်ခုကို တွေ့ရ၏။

ထိုခြေရာမှာ စမ်းရေစပ်မြေပျော့တွင် ဖြစ်သောကြောင့် အခြားခြေရ များထက် ပိုကြီးနေ၏. . ကျွန်ုပ်ကောင်းစွာ ခန့်မှန်းမိ၏။ ထိုသို့ဖြစ်ရသည်မှ တစ်စုံတစ်ခုသော လေးပင်သည့် ပစ္စည်းဝန်ထုပ်ကို သယ်ပိုးယူဆောင်ရသဖြင့်. . အခြားခြေရာများထက် ထင်းနက်စွာ ပေါ်လွင်နေခြင်းဖြစ်သည်။

ခြေရာများမှာ စမ်းချောင်းရေကို ဖြတ်ကူးသွားကြသည့် လက္ခဏာ ပေရာ. . ကျွန်ုပ်လည်း စမ်းချောင်းတစ်ဖက်သို့ ကူးလိုက်၏။ ရေစပ်၏ အခြား တစ်ဖက်ကမ်းမှာ အောက်ခြေရှုပ်၍ လွန်စွာထူထပ်သိပ်သည်းလှသော တော ်သည်။ စမ်း ချောင်းမှတက်၍. . နောက်ထပ် သုံးလေလံခန့် သွားမိသောအခါ ဆန်းများပြားလှသော ထိုခြေရာများသည်. . တောကြီးအတွင်း အစရှာမ ပျောက်အောင် ပျောက်ကွယ်သွားတော့သည်။



ကျွန်ုပ်လည်း ၎င်းအနီးပတ်ဝန်းကျင်တစ်ဝိုက်မှာ အချိန်ကြာမြင့်စွာ လှည့်လည်ရှာဖွေနေခဲ့သည်။ ထိုသို့ရှာဖွေရင်း. . လည်ချောင်းမှ အသံ မထွက်တော့သည်အထိ ကျွန်ုပ်ဇနီးအမည်ကို အော်ဟစ်ခေါ်နေမိသည်. . ရှယ်လီသည် ကျွန်ုပ်၏အသံကို ကြားနိုင်စွမ်းမရှိလောက်အောင် ဘယ်အရပ်၊ ဘယ်ကမ္ဘာသို့တိုင် ရောက်ရှိသွားပြီမှန်း မသိနိုင်တော့ပေ။

တဲဆီသို့ ပြန်ရောက်တော့ နံနက်နေခြည်လင်းပွင့်နေပြီဖြစ်၍ ညကမီးရောင်ဖြင့် ကျွန်ုပ်မမြင်နိုင်ခဲ့သော တဲနားမှခြေရာများကို တွေ့မြင်ရပြန် ၏. . . ထိုခြေရာများမှာ စမ်းချောင်းနံဘေးတွင် ကျွန်ုပ်မြင်တွေ့ခဲ့ရသော ခြေရာ များအတိုင်း တစ်သဝေမတိမ်း တူညီနေ၏။

မည်သို့ဆိုစေ. . ရှယ်လီသည် တဲအတွင်းမှ မိမိဆန္ဒအလျောက် ထွက်ခွာသွားခြင်းမျိုးမဟုတ်ဘဲ အမျိုးအမည်မသိသော လူတစ်စုက လာရောက် ဖမ်းဆီး ခေါ်ဆောင်သွားခြင်းဟု ကျွန်ုပ် ယတိပြတ်မှတ်ယူလိုက်သည်။

အချိန်တို့ဆိုင်းမနေတော့ဘဲ. . စခန်းနှင့် များစွာမကွာဝေးသည့် ခွာထန် မီးရွာငယ်အတွင်း ဝင်ရောက်၍ ကျွန်ုပ်တတ်ကျွမ်းသမျှ ခွာထန်မီးစကားဖြင့် စုံစမ်းမေးမြန်းကြည့်ရာ. . ထိုကိစ္စနှင့်ပတ်သက်ပြီး စိတ်ကိုင်းကျလောက်သော ရေရာသေချာသည့် အဖြေစကားကို မည်သည့်ရွာသူရွာသားကမျှ ဖြေကြား ပြောဆိုနိုင်ခြင်း မရှိပေ. . .။

ဒေသခံအများစုမှာ ကျွန်ုပ်ပြဿနာကို သိရသောအခါ အံ့အားသင့် နေကြ၏. . သူတို့ပြောစကားအရ ကျွန်ုပ်သိရသည်မှာ သူတို့ရွာလေးကို တည်ထောင်ခဲ့သည့် နှစ်ပေါင်းနှစ်ဆယ်အတွင်း ကျွန်ုပ်ကဲ့သို့ လူပျောက်ဆုံး သွားသည့် အဖြစ်မျိုးတစ်ခါမျှ မရှိခဲ့ဘူးကြောင်း. . ရွာအနီးဝန်းကျင်မှာလည်း လူသူများကို အနှောက်အယှက်ပေးတတ်လေ့ရှိသော လူဆိုး၊ သူခိုး၊ တောပုန်း၊ ဓားပြ စသည်တို့လည်း မရှိကြောင်းဟူ၍ဖြစ်သည်။

အာသံပြည်နယ်အတွင်းတွင် လှည့်လည်၍ ပရဟိတလုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်နေသည့် ကျွန်ုပ်တို့ဇနီးမောင်နှံ၏ သတင်းစကားများကို ဒေသခံခွာထန်မီးတို့ ကြားသိနေပြီးဖြစ်ကာ ကျွန်ုပ်ဇနီး၏ အဖြစ်ဆိုးအပေါ်တွင်. . ကရုဏာသက် စွာဖြင့် ၎င်းတို့က တစ်ရွာလုံးတွင် ရှိသမျှအားကောင်းမောင်းသန် ယောက်ျားများကို စုဆောင်းပြီး တောနင်းရှာဖွေပေးလေ၏။

www.burmeseclassic.com

နေ့ရက်များစွာ ကြိုးစားအားထုတ်၍ ရှာဖွေသော်လည်း ရလဒ်အဖြေမှ ကျွန်ုပ်အတွက် စိတ်ကျေနပ်ဖွယ်ရာ မရှိခဲ့ပေ. . ရှယ်လီသည်. . လက်ရာခြေရ အစအနမျှ မတွေ့ရအောင် ပျောက်ကွယ်သွားလေပြီ. . . ။

ကျွန်ုပ်နှင့်ဇနီးရှယ်လီတို့သည် မိမိတို့၏ အတတ်ပညာများဖြင့် လူမှုရေး ပရဟိတလုပ်ငန်းများကို သေတပန်သက်တဆုံး လုပ်ကိုင်ဆောင်ရွက်သွားကြ မည်ဟု စိတ်တူကိုယ်တူ သံမိဋ္ဌာန်ချထားခဲ့ကြသည်။ ထိုလုပ်ငန်းများ ဆောင်ရွက် ရာမှာလည်း ဘယ်တော့မှ ညည်းညူခြင်းမရှိကြသလို တစ်ဦးနှင့်တစ်ဦး အပေး အယူမျှတစွာ ဆောင်ရွက်နိုင်ခဲ့၍ ကျွန်ုပ်သည် လွန်စွာကျေနပ်ပျော်ရွှင် ခံစားရ သည်။

ရှယ်လီသည် ကျွန်ုပ်၏နှလုံးသည်းပွတ် အချစ်ဖြင့်ထုံမွမ်းသော မိန်းမ ကောင်း မိန်းမမြတ်တစ်ဦးဖြစ်သည်။ ကမ္ဘာပေါ်တွင် ရှယ်လီကဲ့သို့ ဖြူစင်မြင့်မြတ် သော အကျင့်သီလကောင်း မွန်သောမိန်းမမြတ်မျိုးများစွာ ရှိစေချင်သည်။ ပုခတ်လွှဲသော မိခင်၏ကြည်စင်သော မေတ္တာတရားသည် ကမ္ဘာလောကကြီး ကို ငြိမ်းချမ်းခြင်းနှင့် သာယာဝပြောခြင်းကို အစဉ်သဖြင့် ပေးစွမ်းနိုင်မည်ဟု ကျွန်ုပ်ယုံကြည်သည်။

ဘယ်လိုအခြေအနေမျိုးမှာဖြစ်ဖြစ် ထာဝရတည်တံ့နေမည်ဟု ယုံကြည် ထားခဲ့သည့် ကျွန်ုပ်၏ မျှော်လင့်မှုများမှာ ဘယ်လိုမှ ပြုပြင်ပြောင်းလဲ၍ မရသည့် ကံကြမ္မာဆိုးကြောင့် အဆုံးတိုင် ပျက်သုဉ်းခဲ့ရသည်။

ဖွံ့ဖြိုးမှုအလျဉ်းဆိတ်သုဉ်းသော နယ်ခြားတောင်တန်းဒေသများတွင် လူမှုရေး ပရဟိတလုပ်ငန်းများဆောင်ရွက်ရန် မွန်မြတ်သောစေတနာဖြင့် ကျွန်ုပ်နှင့် ချစ်ဇနီးရှယ်လီတို့သည် ရောက်ရှိလာကြသည်. . သို့သော် ကျွန်ုပ်မှာ တော့ ဘေးဒုက္ခ တစ်စုံတစ်ရာကျရောက်မှုမရှိသော်လည်း ချစ်ဇနီးရှယ်လီမှာ တော့. . ဗြဟ္မပုတ္တရမြစ်၏မြောက်ပိုင်း ဆူဒူးယားနယ် တောနက်အတွင်းမှ ခွာထန်မီးလူမျိုးစုတို့၏ ကျေးရွာလေးအနီးတွင် အစအနရှာမရအောင် ထူးဆန်းစွာ ပျောက်ဆုံးသွားခဲ့၏။

ကျွန်ုပ်အဖို့ အဘယ်မျှ ကြေကွဲခံစားရသည်မှာ ဆိုဖွယ်ရာမရှိတော့ပြီ. . ရက်၊ လ၊ နှစ်များစွာတိုင်အောင် အရှူးတစ်ပိုင်းအဖြစ် ကျန်ရစ်ခဲ့ရသည်။ ကျွန်ုပ် အတွက် အိပ်မက်ပမာ မှတ်ထင်မိ၍ ချစ်ဇနီးအမည်ကို ယောင်ယမ်းလျက်. .



မကြာမကြာ ခေါ်နေမိ၏. . ကျွန်ုပ် စိတ်နှလုံးကို ပို၍ထိခိုက်စေသည့်အချက်မှာ ပျောက်ဆုံးသွားသည့်အချိန်တွင် ရှယ်လီ၌ ကျွန်ုပ်တို့နှစ်ဦး၏ ရင်သွေးငယ်ကို ဝမ်းတွင်လွယ်ပိုးထားရပြီဟူသော အချက်ဖြစ်၏။

မမြင်ရသေးသော ရင်သွေးငယ်နှင့် ဇနီးသည်၏ ကံကြမ္မာကို တွေးမိ လေတိုင်း. . ကျွန်ုပ်သည် စိတ်ဆင်းရဲသောက ကြီးစွာခံစားရသည်။ သို့ကြောင့် လည်း ဆူဒယာပြည်နယ် တောတောင်အတွင်း ခြေရာချင်းထိစပ်မျှ အထပ်ထပ် လှည့်ပတ်၍ ဇနီးသည်ကို တွေ့လိမ့်နိုးနိုး ရှာဖွေနေခဲ့သည်။

ရှယ်လီအိပ်ရာပေါ်မှရရှိခဲ့သည့် ပန်းပွင့်နက်ကြီးမှာလည်း ကျွန်ုပ် အတွက် ထူးဆန်းသည့် ပဟေဠိပုစ္ဆာတစ်ပုဒ်နှယ် ဖြစ်နေ၍. . ထိုပန်းနက် ပွင့်ကြီးကို မြင်ရလေတိုင်း ကျွန်ုပ်စိတ်၌ ကြီးစွာသော ပင်ပန်းဆင်းရဲခြင်းကို ခံစားရ၏။ သို့သော်လည်း ထိုအရာကို မစွန့်နိုင်၊ မစွန့်ရက် ဖြစ်ရပြန်၏။

တစ်ခုသော ကာလတွင် ထိုပန်းနက်ပွင့်ကြီးကြောင့်. . ကျွန်ုပ်၏ ပျောက်ဆုံးသွားသော အိပ်မက်ကို ပြန်လည်ရရှိနိုင်ကောင်းရဲ့ဟူ၍ တွေးမိပြီး. . သွားလေရာ ယူဆောင်ခဲ့၏။ ကျွန်ုပ်သည် ပန်းနက်ပွင့်ကြီးကို ပုံသဏ္ဌာန်မပျက် အခြောက်ခံ၍. . ကတ္တီပါ အဖြူစခံကာ ကတ်ထူဘူးတစ်ခုတွင် သိမ်းဆည်းထားခဲ့ သည်။

ဆူဒယာပြည်နယ်အတွင်း ရောက်လေရာ ရွာငယ်တိုင်းတွင် ကျွန်ုပ်ဇနီး အကြောင်းကို စုံစမ်းလေတိုင်း သက်သေခံပစ္စည်းအဖြစ် ကျန်ရစ်ခဲ့သည့် ၎င်းပန်း နက်ပွင့်ကြီးကို ကြည့်ပြီး ခေါင်းကို လေးပင်စွာခါယမ်းလျက် သူတို့ဘာမှ မသိကြောင်းနှင့် ထိုမျှထူးဆန်းသည့်ပန်းကို တစ်ကြိမ်တစ်ခါမျှ မမြင်တွေ့ဘူး ကြောင်းဖြေကြားစမြဲ ဖြစ်သည်။

မည်သို့ပင်ဖြစ်ပစေ. . ကျွန်ုပ်သည် စိတ်ပျက်အားလျော့ခြင်းမရှိဘဲ ဇနီးနှင့်တစ်ကွ ဝမ်းတွင်လွယ်ပိုးလျက်သား ပါသွားသော ရင်သွေးငယ်ကို ရေမြေဆုံးစေ. . မတွေ့တွေ့အောင်ရှာမည်ဟု ယနေ့တိုင် စိတ်ပိုင်းဖြတ်ထားပြီး ဖြစ်၏။

*(အထက်ပါ ဖြစ်ပျက်မှုများမှာ ဒေါက်တာဂျက်ဖာဆင်က သူ၏ စိတ်ဆွေ လက်ဖနင်ကျော်စွာ သိရှိစေရန် ၎င်း၏အပြာရောင် ခရီးဆောင် ဒိုင်ယာရီစာအုပ်တွင် ပေးစာပုံစံဖြင့်. . ပြည့်ပြည့်စုံစုံ ရေးသားဖော်ပြခဲ့ခြင်းဖြစ်*

www.burmeseclassic.com

*သည်။ ဖြစ်ပျက်မှုကို အသေးစိတ်ဖော်ပြထားသည်မှာ လွန်စွာရှည်လျားလှ
သဖြင့်. . စာဖတ်သူများ ငြီးငွေ့မသွားစေရန် ၎င်း၏ဆိုလိုရင်းအနှစ်သာရကို ဖြ
ငုံ၍ စကားပြေပုံစံဖြင့် ကျွန်ုပ်ဟူသော နာမ်စားသုံးလျက် ပြင်ဆင်ရေးဖွဲ့လိုက်ပ
သည်။ ဆက်လက်ဖော်ပြမည့် ဖြစ်ပျက်မှုများကို ကျွန်ုပ်အနေဖြင့် အနည်းငယ်မှ
ပြင်ဆင်ခြင်းမပြုဘဲ ၎င်းရေးသားသည့်အတိုင်း ဖော်ပြလိုက်ပါသည်။
စာရေးသူ)*

"လက်ဖတင်နင်အပါအဝင် သိက္ခမ်းရင်းနှီးဖူးသမျှ မိတ်ဆွေအပေါင်း
အသင်းတွေက ကျုပ်ကိုနေရာတကာ လှည့်လည်သွားလာနေတဲ့ သိနားလည်မှ
ခက်တဲ့ လူထူးလူဆန်းကြီးတစ်ယောက်လို့ ထင်မှတ်နေကြတာ. . ကျုပ်သိပ
တယ်။ ကျုပ်ဘဝရဲ့ အဖြစ်အပျက် အကြောင်းအရာမှန်ကို မသိတဲ့သူတွေအဖို့
တော့ ဒီလိုထင်စရာပါပဲ. . ကျုပ်ကလည်း ယနေ့အချိန်အထိ ကျုပ်ဟာ ဘယ်လို
ရည်ရွယ်ချက်နဲ့ နေရာအတည်တကျမရှိ ခြေဦးတည့်ရာ လှည့်လည်သွားလာ
နေခဲ့တယ်ဆိုတာကို ဘယ်မိတ်ဆွေ တစ်ဦးတစ်ယောက်ကိုမှ ပြောမပြခဲ့ပါဘူး. .
လက်ဖတင်နင်နဲ့ ကျုပ်ဟာ မဏိပူရစစ်စခန်းမှာ မမျှော်လင့်ဘဲ. . ရင်းနှီးခဲ့
ကြတယ်။ စစ်မြေပြင်မှာ သူရသတ္တိနဲ့ ရဲဝံ့စွန့်စားစွာ တိုက်ခိုက်ခဲ့တဲ့ လက်ဖတင်
နင်ကို မြင်လိုက်ရကတည်းက ကျုပ်ဟာ. . ထူးထူးခြားခြား ခံစားလိုက်ရပါ
တယ်. . ကြေးနီရောင် အသားအရည်. . မြင့်မားတဲ့ အရပ်အမောင်းနဲ့ ခန့်ညား
ချောမွေ့တဲ့ လက်ဖတင်နင်ကို မြင်လိုက်ရတဲ့ခဏမှာပဲ ကျုပ်ရဲ့သွေးသား
ဆွေမျိုးတော်စပ်သူလို သံယောဇဉ်မျိုးနဲ့ ခင်မင်သွားခဲ့တယ်. . လက်ဖတင်နင်ဟာ
လူတစ်ဖက်သားရဲ့ ယုံကြည်ကိုးစားမှုကို အချိန်တိုတိုအတွင်း. . ဆွဲဆောင်
နိုင်စွမ်းတဲ့ သတ္တိထူးနဲ့ပြည့်စုံသူဖြစ်ပါပေတယ်"

"လက်ဖတင်နင် ဒဏ်ရာသက်သာလာတာနဲ့အမျှ ကျုပ်တို့နှစ်ယောက်ရဲ့
ခင်မင်မှုမှာလည်း တဖြည်းဖြည်း ကျစ်လစ်ခိုင်မာလာကြတယ်။ လက်ဖတင်နင်ရဲ့
စိတ်နေစိတ်ထား၊ ဝါ သနာ၊ စရိုက်သဘာဝတွေကို အနီးကပ်သိမြင်ရပြန်တော့. .
ကျုပ်အထူးပဲ လေးစားမိတယ်။ လက်ဖတင်နင်ဟာ ကျုပ်ရဲ့တူ၊ သားအရွယ်
ဖြစ်ပေမယ့်. . ရင့်ကျက်တည်ကြည်မှုနဲ့ အတွေးအခေါ် မြင့်မားမှုတော့
အရွယ်နှင့်မမျှအောင် ကြီးမြင့်လှသူဖြစ်ပါတယ်. . ဘယ်လိုအခက်အခဲနဲ့
ရင်ဆိုင်ရပါစေ မဆုတ်မနစ်ဇွဲသန်မှုနဲ့ ကြိုးစားနိုင်စွမ်းရှိတဲ့ လက်ဖတင်နင်ရဲ့



စကားလေး တစ်ခွန်းကို ကျုပ်အမှတ်ရမိတယ်။ "လူတစ်ယောက်မှာ ငွေ့ငွေ့
မျှသော အသက်ဓာတ်ကလေး ကျန်ရှိနေပါစေ. . ထိုသူမှာ မျှော်လင့်ချက်ဆိုတာ
မကုန်ဆုံးနိုင်ဘူး" ဆိုတာပါပဲ။ လက်ဖတင်နင်နဲ့ နီးကပ်စွာ နေထိုင်စဉ်ကာလ
တစ်လျှောက် အိပ်မက်ဆိုးပမာ ကျုပ်ရင်ဆိုင်ခဲ့ရတဲ့ ကျုပ်ဘဝရဲ့ဖြစ်ပျက်မှုတွေ
ကို ပြောပြလိုတဲ့ဆန္ဒတွေ တဖွားဖွားဖြစ်ပေါ်မိပေမယ့်. . ကျုပ်မပြောပြဖြစ်တာက
အဲဒီအကြောင်းတွေ ပြောမိတာနဲ့ ကျုပ်ရင်ထဲမှာ မခံမရပ်နိုင်အောင် ကြေကွဲခံစား
မိလို့ပါပဲ၊ ဒါကြောင့်လည်း နှစ်ကာလကြာမြင့်စွာ ကျုပ်ဘယ်သူ့ကိုမှ မပြောဖြစ်ခဲ့
တာပါ လက်ဖတင်နင်"

"လက်ဖတင်နင်ဟာ. . စစ်သားတစ်ယောက် ဖြစ်ပေမယ့် လျှို့ဝှက်
နက်နဲတဲ့ ပညာရပ်ဆိုင်ရာကိစ္စတွေမှာ အထူးပဲဝါသနာထုံတာ ကျုပ်သိထားပါ
တယ်။ ရှေးဟောင်းကျမ်းစာအုပ်ထဲက အစွမ်းသတ္တိပြည့်စုံတဲ့ ပန်းပွင့်အကြောင်းကို
လေ့လာနေတဲ့အကြောင်း ကျုပ်သိရပြီး. . အဲဒီပန်းပွင့်ဟာ ပန်းပွင့်နက်ကြီး
ဖြစ်နေတာကို ပုံနဲ့တကွ ကျုပ်သိရပြန်တော့ ကျုပ်အလွန်ပဲ တုန်လှုပ်ခံစားသွားရ
တယ်. . ရှေးဟောင်းကျမ်းစာအုပ်ထဲက ပန်းပွင့်နက်နဲ့ တစ်ထပ်တည်းတူညီနေလို့
ကျုပ်ဆီမှာရှိတဲ့ ပန်းပွင့်နက်ဟာ ဂမုန်းနက်ပန်းပွင့်ဖြစ်မှန်း အခိုင်အမာသိခဲ့ရတယ်
အဲဒီနေ့မှာ. . ပန်းပွင့်နက်နဲ့ပတ်သက်ပြီး အချိန်အတော်ကြာ အောင်ဆွေးနွေး
ကြတာ မမေ့နိုင်စရာပါပဲ. . အလွန်ထူးခြားဆန်းကြယ်တဲ့ ပန်းပွင့်လို့သာ
ကျုပ်သိထားခဲ့တဲ့ အဲဒီပန်းပွင့်နက်နဲ့ ပတ်သက်ပြီး လက်ဖတင်နင်က ကျုပ်ကို
ပြည့်ပြည့်စုံစုံ ရှင်းပြခဲ့တယ်. . ."

"လက်ဖတင်နင်တို့ မြန်မာရှေးဟောင်းကျမ်းစာထဲမှာ ဂမုန်းနက်ပင်ဟာ
ပွင့်မှုစလို့ အမြစ်အထိ ပဥ္စငါးပါး. . အားလုံး နက်မှောင်နေတဲ့အကြောင်း. .
ရှေးဟောင်း အင်္ဂရိတ်ကျမ်းစာတွေထဲမှာ ဂမုန်းနက်ဟာ လိမ်းရင်ရှိန်းပြီးတယ်. .
မှုန့်ထောင်းပြီး ကြေးဝါကိုထိုးပြီး အပြားခတ်၊ ရေနံမှာသွန်းရင်. . . သုဝဏ္ဏမွ
ရာဇ်ရွှေ ဖြစ်တဲ့အကြောင်း . . ထိုအစွမ်းသတ္တိများကြောင့် အင်္ဂရိတ်သမားများဟာ
ဂမုန်းနက်ကိုရရှိဖို့ အသေအလဲ ကြိုးစားနေကြကြောင်း. . ရှေးအဆက်ဆက်
ကစလို့ ယနေ့အထိ အင်္ဂရိတ်သမားတွေဟာ ဂမုန်းနက်နဲ့ပတ်သက်၍. . မျှော်လင့်
မားထားဖွယ် ဒဏ္ဍာရီသဖွယ် ပြောဆိုလျက်ရှိကြောင်း. . ထိုသို့ ပြောဆိုရင်း
မှတို့ကိုယ်တိုင်လည်း တစ်နေ့တွင် လွန်စွာအစွမ်းထက်မြက်တဲ့ ဂမုန်းနက်ကို

www.burmeseclassic.com

ရှာဖွေတွေ့ရှိနိုင်ပြီး လက်ဝယ်ပိုင်ဆိုင်လို့ ရွှေဖြစ်၊ ငွေဖြစ်ထိုးနိုင်လိမ့်နိုးနိုးနဲ့. .
မျှော်လင့်နေကြကြောင်း. . အချို့ဆိုလျှင် ဂမုန်းနက်ပန်းတစ်ပွင့်ရမည်ဆိုပါက
ငွေကိုပိဿာနှင့်ချိန်ဆက်ပြီး လဲလှယ်ဝယ်ယူမည်ဟုပင် ကြေညာပြောဆို
ကြောင်း. . စသဖြင့် ကျုပ်သိရှိရတော့ အံလွန်ပဲ အံဩခဲ့ရတယ်"

"ကျုပ်ဇနီးပျောက်ဆုံးပြီး ရရှိခဲ့တဲ့ ပန်းပွင့်နက်ကြီးဟာ လက်ဖတင်န
ပြောတဲ့ ဂမုန်းနက်ပန်းပွင့်ဆိုတာ ကျုပ်သိလိုက်ရတယ်. . အဲဒီအချိန်ကစ
အဲဒီဂမုန်းနက်ဟာ ကျုပ်ဘဝမှာ ဘယ်လောက်အရေးပါခဲ့တယ်ဆိုတာကို အလျ
သင့်တဲ့နေ့မှာ လက်ဖတင်နင်ကို ပြောပြတော့မယ်လို့ ကျုပ်ဆုံးဖြတ်လိုက်ပါတယ
သို့သော်လည်း အခြေအနေက ရုတ်တရက်ကြီး ခွဲခွာဖို့ အကြောင်းဖန်လာခဲ့တေ
ဒီအကြောင်းတွေကို ပြည့်ပြည့်စုံစုံသိရအောင် ပြောပြဖို့ အချိန်မရလောက်အော
ကတိုက်ကရိုက် ဖြစ်သွားတာကြောင့်. . အခုလို မှတ်တမ်းစာအုပ်မှာ ရှင်းလ
ပြောပြလိုက်တာပါ လက်ဖတင်နင်။ အခုလောက်ဆိုရင် လက်ဖတင်နင်လည
ကျုပ်အပေါ်မှာ ရှင်းရှင်းလင်းလင်း သဘောပေါက် နားလည်သွားလိမ့်မယ်
ကျုပ်ယုံကြည်ပါတယ်။ ကျုပ်အနည်းငယ်ဆက်ပြီး ပြောချင်ပါသေးတယ်. . .

"အရှေ့တိုင်း၊ အနောက်တိုင်းရဲ့. . ရှေးရိုးကျတဲ့ အယူအခ
အစဉ်အလာနဲ့ ယုံကြည်စွဲလမ်းမှုတွေအရ ဒီဂမုန်းနက်ဟာ ဘယ်လိုပဲ တန်
စွမ်းအင် အာနိသင်တွေထက်မြက်တယ်လို့ ညွှန်းဆိုထားကြပေမယ့်. . ရုက္ခဗေ
အမြင်မှာတော့ ဒါဟာ သာမန်သစ်ပင် ပန်းပင်တစ်ပင်ပါပဲ လက်ဖတင်နင်. .
ဒါပေမယ့် ဒီဘာမဟုတ်တဲ့ ပန်းနက်ပွင့်တစ်ပွင့်ကြောင့် လူတစ်ယောက်ဟ
အရူးကြီးတစ်ယောက်နဲ့မခြား. . စိတ်ဆောက်တည်ရာမရဘဲ နှစ်ပေါင်းများစ
ကမ္ဘာနေရာအနှံ့အပြား လှည့်လည်သွားလာခဲ့ရတယ်ဆိုရင် ယုံနိုင်ဖွယ်မရှိပါဘူ
ကျုပ်ဟာ အင်္ဂရိတ်သမားမဟုတ်ပါဘူး. . ဒါပေမယ့် ကျုပ်ဟာ ဒီဂမုန်းနက်ပွင့်
အရပ်ဒေသကို တွေ့အောင်ရှာနိုင်ဖို့အတွက် နှစ်ပေါင်းများစွာ ကမ္ဘာ့နေ
အနှံ့အပြား မရပ်မနားလှည့်လည်သွားလာပြီး စုံစမ်းရှာဖွေခဲ့တာ လက်ဖတင်န
ခင်မင်ရင်းနှီးဘဲ့ ကာလအထိတိုင်အောင်ပါပဲ. . ကျုပ်ဘဝမှာရှိသမျှ မျှော်လ
ချက်၊ ယုံကြည်ခြင်း၊ ချစ်ခြင်းမေတ္တာနဲ့ ချမ်းမြေ့ပျော်ရွှင်မှုမှန်သမျှတွေဟ
ဒီဂမုန်းနက်ပွင့်မှာ တည်နေပါတယ်. . ကျုပ်အသည်းနှလုံးမြုပ်နှံထားသလိုဖြစ်
ဒီဂမုန်းနက်တွေပွင့်တဲ့ အရပ်ဒေသတွေကို တွေ့ရှိနိုင်ဖို့ နှစ်ပေါင်းများစ



တိုင်းပြည်၊ မြို့ရွာ၊ နေရာဒေသအနှံ့ သွားလာရှာဖွေခဲ့ရတယ်. . ပြောရမယ်ဆိုရင်
မကုန်နိုင်ဘူးလေ. . ရက်လပေါင်းများစွာ ညတွေ၊ ညတွေမှာ အိပ်မရခဲ့တာတွေ၊
တစ်ခါတစ်ရံ စိတ်ဆင်းရဲ၊ လူဆင်းရဲနဲ့ မောပန်းနွမ်းနယ်လွန်းလို့ နှစ်နှစ်ခြိုက်ခြိုက်
အိပ်မောကျသွားပြီးမှ ပြန်သတိရပြီး လူကိုကိုင်လှုပ်အနှိုးခံရသလို ဖျတ်ခနဲလန့်နိုးခဲ့
ရတာတွေ။ ဒီလိုနိုးလာပြီးတဲ့နောက်မှာ ပြန်အိပ်လို့မပျော်နိုင်တဲ့ မျက်လုံး
ကြောင်တောင်နဲ့ တောင်တွေး၊ မြောက်တွေးတွေးပြီး မိုးစင်စင်လင်းခဲ့ရတာ
တွေ. . ဒီဂမုန်းနက်နဲ့ ပတ်သက်လို့ ကျုပ်ပေးဆပ်ခဲ့ရတဲ့ အချိန်ကာလ၊ ကိုယ်စိတ်
ခွန်အားနဲ့ ကျုပ်ဘဝရဲ့ ချမ်းမြေ့သာယာပျော်ရွှင်မှုတွေဟာ. . မနည်းတော့ပါဘူး
လက်ဖတင်နင်။ ကျုပ်ဟာ အရွယ်အိုမင်းရင့်ရော်လာပါပြီ. . အရွယ်ကြီးရင့်လာ
ပေမယ့် အဲဒီခံစားမှုတွေဟာ လျော့ပါးမသွားဘဲ ကျုပ်နှလုံးအိမ်မှာ မနေ့တစ်နေ့
ကလို လတ်ဆတ်နေဆဲပါ။ ဒါတွေကို အဆုံးသတ်ချင်ပါပြီ လက်ဖတင်နင်ရယ်. .
တစ်ချိန်ချိန်မှာ အဆုံးသတ်ပါစေတော့လို့ ကျုပ်ဘုရားသခင်ထံမှာ ဆုတောင်း
မေတ္တာပို့မိပါတယ်. . ."

"ကျုပ်ဟာ. . လက်ဖတင်နင်အပေါ်မှာ ထူးထူးခြားခြား ခင်မင်
သံယောဇဉ် ဖြစ်မိပါတယ်။ ရာသက်ပန် မိတ်ဆွေတစ်ယောက်အဖြစ် ကျုပ်နှလုံး
အိမ်မှာ စွဲမြဲယုံကြည်ခဲ့လို့ မိတ်ဆွေတစ်ယောက်အနေနဲ့ ကူညီသင့် ကူညီထိုက်တဲ့
ကိစ္စ ဆောင်ရွက်ပေးတာကို လက်ခံလိမ့်မယ်လို့ ကျုပ်မျှော်လင့်ပါတယ်. . .
လက်ဖတင်နင်ဟာ စစ်တပ်မှာရှိစဉ်က အခြားအရာခံစစ်သည်တွေလို ငွေကြေး
စုဆောင်းမှုနည်းပါးတော့. . ပင်စင်ငွေကြေး၊ ဆုကြေးငွေစတာတွေအပြင်
ငွေပိုငွေလျှံ အနည်းငယ်မျှသာရှိတာကို ကျုပ်သိခဲ့ရတယ်. . ဒီလိုဖြစ်ရတာလည်း
လက်ဖတင်နင်က အခြားစစ်သည်တွေလိုမဟုတ်ဘဲ မိမိစိတ်သန်ရာ ပညာဗဟုသုတ
ရှာဖွေမှုတွေမှာ နှမြောတွန့်တိုမှု မရှိဘဲ. . သုံးစွဲခဲ့တာကို ကျုပ်သိထားပါတယ်။
ဒါကြောင့် စစ်တပ်က ထွက်ပြီးတဲ့နောက် နေရာထိုင်ခင်းအတွက် လက်ဖတင်နင်
အဆင်ပြေနိုင်စေဖို့. . ကျုပ်ပိုင်ဆိုင်တဲ့ အုတ်တိုက်နဲ့ခြံဝင်းကို အပြီးတိုင်လွှဲ
ပြောင်းပေးလိုက်တာပါ. . အဲဒီအစီအစဉ်ကို မဏိပူရစစ်စခန်းမှာကတည်းက
ကျုပ်ဖွင့်ဟပြောလိုပေမယ့် လက်ဖတင်နင်ဟာ အလွယ်တကူ လက်မခံဘဲ
ငြင်းဆန်မှာစိုးလို့ ကျုပ်တို့ဇနီးမောင်နှံ ဆည်းကပ်ကိုးကွယ်တဲ့. . ဆရာတော်
ဦးစံမိမာမှတစ်ဆင့် လွှဲပြောင်းပေးလိုက်တာပါ။ လက်ဖတင်နင်ဟာ နိုးကြား

www.burmeseclassic.com

တက်ကြွတဲ့ လူငယ်တစ်ယောက်ပါ. . အနာဂတ်ဘဝခရီးမှာ တိုင်းပြည်အတွက် အများအကျိုးအတွက် ဆောင်ရွက်မယ့်လူဆိုတာ. . ကျုပ်ယုံကြည်ပါတယ်. . လက်ဖတင်နင်လို လူတစ်ယောက်ကို ကူညီခွင့်ရလို့. . ကျုပ်အလွန်ပဲ ကျေနပ် ခံစားရပါတယ်. . . ပြီးတော့ လက်ဖတင်နင် အလွန်စိတ်ဝင်စားတဲ့ ဂမုန်းနက်ပန်းပွင့်နဲ့ပတ်သက်ပြီး လေ့လာနိုင်စေဖို့ နှစ်ပေါင်းများစွာ ကျုပ်နဲ့ မခွဲအတူရှိနေတဲ့ ဂမုန်းနက်ပန်းပွင့်ကိုလည်း လွှဲပြောင်းပေးလိုက်ပါတယ်. . ကျုပ်နဲ့လက်ဖတင်နင် ဟာလည်း. . ဘယ်ရွှေဘယ်ကာလမှ ပြန်လည်ဆုံတွေ့နိုင်မယ်ဆိုတာကိုတော့. . ဘုရားသခင်မှသာ သိနိုင်ပါလိမ့်မယ်။ ရာသက်ပန်မိတ်ဆွေဖြစ်တဲ့ လက်ဖတင်နင်ကို မိမိအကျိုး၊ အများကောင်းကျိုးများကို စိတ်သွားတိုင်းကိုယ်ပါဆိုသလို ဆောင်ရွက်လုပ်ကိုင်နိုင်ပါစေလို့ ကျုပ်ဒေါက်တာဂျက်ဖာဆင် လေးလေးနက်နက် ဆုတောင်း မေတ္တာပို့လိုက်ပါကြောင်း. . . "

*ရာသက်ပန် မိတ်ဆွေကြီး*
*ဒေါက်တာ ဂျက်ဖာဆင်"*

ကျော်စွာသည် ဒေါက်တာဂျက်ဖာဆင်၏ မှတ်တမ်းစာအုပ်ကို နှစ်ကြိမ် ထက်မနည်း ဖတ်ရှုပြီးဖြစ်လေရာ. . ဖတ်ရှုလေတိုင်း ရင်၌တနင့်တပိုးခံစားရ၏။ လွန်စွာမှ ခင်မင်ရင်းနှီးသည့် မိတ်ဆွေတစ်ဦးဖြစ်၍ ကိုယ်ချင်းစာစိတ်က ဒေါက်တာ ဂျက်ဖာဆင်ရင်ဆိုင်နေရသည့် အခက်အခဲများကို မိမိဘဝနှင့်ရင်းပြီး ဝင်ရောက် ဖြေရှင်းဆောင်ရွက်ပေးလိုသည့်ဆန္ဒများ တဖွားဖွား ဖြစ်ပေါ်ခံစားနေမိ၏။

မိမိအကျိုးထက် အများအကျိုးကို စိတ်ရင်းစေတနာ ထက်သန်စွာ ဆောင်ရွက်သူကိုမှ ကံကြမ္မာကဘယ်လိုကြောင့် အဆုံးစွန် ရက်စက်ရလေသလဲ. . လူတစ်ယောက်၏ စိတ်နှလုံးကို နှစ်ကာလကြာမြင့်စွာ ရှင်လျက်သေဆုံးသလို အဘယ်အကြောင်းများကြောင့် ဒဏ်ခတ်ထားရပါသလဲ. . . ။

နင့်နင့်သီးသီးခံစားမှုဖြင့် ကျော်စွာသည် ဒေါက်တာဂျက်ဖာဆင်ကို မြင်ယောင်နေမိသည်. . လုပ်ငန်းခွင်ပြီးမြောက်၍ အားလပ်ချိန်များတွင်. . တစ်ဦးတည်း ငြိမ်သက်စွာရှိနေတတ်ပြီး ပြာလဲ့သော မျက်ဝန်းက အစဉ်သဖြင့် ရီဝေစွာငေးရီလေရာ. . ဒေါက်တာကြီးသည် ထိုမျက်ဝန်းဖြင့် မည်သည့်အရာကို မျှော်လင့်မှန်းဆနေတာကို ကျော်စွာနားလည်သိရှိနိုင်ပြီ ဖြစ်သည်။

ဒေါက်တာကြီး၏ ဘဝအကြောင်းကိုသိရ၍ သူသည် အံ့သြခြင်းနှင့်



အတူ စိတ်မချမ်းမြေ့စွာ ခံစားရ၏. . ထိုကဲ့သို့ ထပ်မံအံ့သြရသည်မှာ ဂမုန်းနက် ပန်းပွင့်ကို တွေ့မြင်လိုက်ရခြင်းပင်ဖြစ်သည်။

ထိုပန်းပွင့်နက် တင်ထားသည့် စားပွဲဆီသို့ လျှောက်သွားပြီး ထပ်မံ ကြည့်ရှုမိ၏. . ကြည့်ရှု၍ မဝနိုင်လောက်အောင် သူ၏စိတ်ကို ဆွဲညို့နိုင်စွမ်းသည့် ပန်းပွင့်ဖြစ်ပေတော့၏။ မြင်ရသည့်အခိုက်အတန့်မှာပင် သူ့နှလုံးသားကို တလှပ်လှပ် လှုပ်ခါသွား စေလောက်အောင် ခံစားလိုက်ရသည်။

ဘူးထဲတွင် ဖြူလွှတောက်ပသော စိန်ကတ္တီပါ အဖြူစတစ်စကို ခင်းထား၏. . ၎င်းအပေါ်မှာမှ အရိုးတစ်ထွာခန့်ရှိပြီး အခြောက်ခံထားသော ဂမုန်းနက်ပန်းပွင့်ကို တင်ထားခြင်းဖြစ်သည်။ ထိုပန်းပွင့်ကို မြင်ရသည့်ခဏမှာပင် ကျော်စွာ၏. . တစ်ကိုယ်လုံးမှာ တောင့်တင်းတုန်ခါသွားပြီး အံ့အားသင့်လျက် ပါးစပ်အဟောင်းသား ဖြစ်သွားခဲ့သည်။

ကျော်စွာသည် ပန်းပွင့်နက်ကို အကြိမ်ကြိမ်ကြည့်ရှုပြီးနောက် ကတ္တီပါ ဘူးအဖုံးဖြင့် အုပ်လိုက်၏. . ဒေါက်တာကြီး၏ ဘဝကို နှစ်ကာလများစွာ. . ချည်နှောင်ထိန်းချုပ်ထားခဲ့သည့် ဂမုန်းနက်ပန်းပွင့်သည် သူ၏ဘဝကိုလည်း ဘယ်လိုများ ထိန်းချုပ်လေဦးမည်ဆိုတာကိုတော့. . ကံကြမ္မာကသာလျှင် သိရှိနိုင် မည် ဖြစ်ပေတော့၏။

www.burmeseclassic.com

## အခန်း ◀ ၇ ▶
## အိမ်နီးချင်း မိတ်ဆွေ

ဒေါက်တာဂျက်ဖာဆင်၏ အိမ်ကလေးမှာ ခေါင်မိုးချွန်များနှင့် မီးခိုး ခေါင်တိုင်နှစ်တိုင်ရှိလေရာ. . ၎င်းပုံသဏ္ဍာန်မျိုး တည်ဆောက်ဖို့ တွေးမိသည့်. . ဒေါက်တာကြီး၏စိတ်ကူးကို ကျော်စွာ ချီးကျူးမိသည်။

အိမ်ကိုမြင်လိုက်သည်နှင့် ထူးခြားသော ရှေးဟောင်းအိမ်ကလေ ဖြစ်ကြောင်း. . အလွယ်တကူ သိရှိနိုင်၏။

ဒေါက်တာဂျက်ဖာဆင်နှင့် သူနာပြုဆရာမလေးရှယ်လီတို့ လက်ထပ်ပြီ ထိုအိမ်ကလေးတွင်. . လအတော်ကြာ နေထိုင်သွားကြသည်ဟု ဆရာတေ ပြောပြခဲ့၍. . ကျော်စွာ သိရှိပြီး ဖြစ်၏။

ထိုအိမ်သို့ရောက်ရှိသည့်နေ့က ဦးဆုံးသတိပြုမိသည်မှာ အိမ်ရှေ ဆင်ဝင် နဖူးစည်းပေါ်မှ ဆိုင်းဘုတ်လေးဖြစ်သည်။ ယုံကြည်ခြင်း၊ မျှော်လင့်ခြ ချစ်ခြင်းမေတ္တာသည်သာ အမြတ်ဆုံးဖြစ်သည်ဟူသော စာသားကို ရေးသ ထား၏။

၎င်းမှာ သမ္မာကျမ်းစာထဲမှ စာသားဖြစ်တာကို သိရှိသော်လည်း ထို တန်ဖိုးထားသူတစ်ဦး၏ ရင်ထဲက စိတ်နေသဘောထားကို သိရှိမှန်းဆနိုင်ပါသည်

ကျော်စွာသည် ထိုနေ့တစ်နေ့လုံး နေအိမ်အတွင်းအပြင်နှင့် ခြံဝ အနှံ့လှည့်လည်ကြည့်ရှုပြီး နောက်တစ်နေ့မှာပဲ လုပ်စရာရှိသည့်ကိစ္စများ ဆောင်ရွက်သည်။

ကျော်စွာသည် မိမိတစ်ဝမ်းတစ်ခါးအတွက် ဖြစ်သလို စားသောက် မနေမနား လုပ်ကိုင်ဆောင်ရွက်လေ၏။ အိမ်ကလေးမှာ နှစ်ပေါင်းများ



နေထိုင်သူမရှိဘဲ ပြုပြင်မွမ်းမံခြင်းမရှိသော စွန့်ပစ်ထားသည့် အိမ်ပျက်ကဲ့သို့ ဖြစ်နေသည်။ ထို့ ကြောင့်လည်း အိမ်ခြံဝင်းအတွင်း၌ ချုံနွယ်ပိတ်ပေါင်းများဖြင့် တောထနေ၏။

မနက်ခင်းနှင့် ညနေခင်းတစ်လျှောက်လုံးတွင် အိမ်ခြံဝင်းကို ရှင်းလင်း ခြင်းပြု၏. . နွေကာလ၏ အပူဒဏ်က ပြင်းထန်သည်ကြောင့် နေ့လည်နေ့ခင်းမှာ အနားယူလေ၏။ သို့သော်လည်း ထိုအနားယူသည့်အချိန်မှာ သူသည် အချိန် မဖြုန်းဘဲ ဖတ်ရှုလေ့လာသင့်သည့် စာပေများကို ဖတ်ရှုလေ၏။

ညနေစောင်းသည်နှင့် တစ်နေကုန် ခုတ်ထွင်ရှင်းလင်းထားသည့် အိမ်ကလေးကိုကား အတွင်းဘက် နံရံများကို ဖာထေးပြင်ဆင်၍ ဆေးအသစ် သုတ်ခြင်း၊ အင်္ဂတေပေါက်များကို ပိတ်ဆို့၍ အချို့ဆွေးမြည့်စပြုနေသော နေရာ များတွင် အသစ်လဲလှယ်ခြင်း၊ အပေါ်အိမ်ခေါင်မိုးတွင် လိုအပ်နေသောနေရာ များ၌ အုတ်ကြွပ်များ အစားထိုးမိုးကာခြင်းဖြင့် တစ်စတစ်စ မနားမနေ ပြုပြင် လာခဲ့ရာ ရက်အတန်ကြာသောအခါ အိမ်ကလေးမှာ ရှေးကနှင့်မတူတော့ဘဲ အသွင်အပြင် ထူးခြားလျက် နေချင့်စဖွယ် လှပခဲ့လေ၏။

ထိုသို့ဖြင့် လအနည်းငယ် ကြာမြင့်သည်တွင် အိမ်နှင့်ခြံဝင်းတစ်ခုလုံး ပြောစရာမရှိလောက်အောင် သပ်ရပ်ကောင်းမွန်သွားလေရာ. . အခြေအနေကို လာရောက်ကြည့်ရှုသည့် ဆရာတော်ဦးစံမိမာပင် မယုံမရဲဖြစ်သွားလေ၏။

ထိုအခါက ဆရာတော်သည် "ပဉ္စလက်အတတ်နဲ့ အသစ်ပြောင်းလိုက် သလိုပဲ. . အရင်က ဒီနေရာမှာ ချုံတွေ၊ မြက်တွေ တောထနေတဲ့ကြားထဲမှာ. . အိမ်အိုအိုလေးတစ်လုံး ရှိခဲ့တယ်လို့တောင် ထင်နိုင်စရာမရှိပါဘူး. . ဒါကြောင့် လည်း ဒေါက်တာဂျက်ဖာဆင်က. . တကာလေးကျော်စွာကို အံ့ဖွယ်အစွမ်း သတ္တိရှိတဲ့ လူငယ်တစ်ယောက်လို့ ချီးကျူးပြောဆိုခဲ့တာပေါ့" ဟု မိန့်ကြားပြော သွားလေ၏။

အိမ်နှင့် ခြံဝင်းအတွက် ပြင်ဆင်မှုများပြီးသည်နှင့်. . . ကျော်စွာသည် အိမ်မြောက်ဘက် မြေကွက်လပ်တွင် မြောင်းပေါင်များ စီမံပြုလုပ်ပြီ. . နှင်းဆီ ဝေလီယာစသော ပန်းမျိုးများကို စနစ်တကျ အကွက်ချ၍ စိုက်ပျိုးလေ၏။

ရပ်တန့်မရသော အချိန်၏ ရွေ့လျားမှုများက ရက်မှလသို့တိုင် ရွေ့လျား ပြီးဖြစ်ရာ ကျော်စွာနှင့် ထိုအိမ်ကလေးမှာလည်း နေသားတကျ ဖြစ်သွားတော့

www.burmeseclassic.com

သည်။ သူစိုက်ပျိုးထားသည့် ပန်းများမှာလည်း ကြီးရင့်ရှင်သန်လာကြပြီး ဝင်ငွေ များပင် ရရှိလေတော့၏။

ထိုကာလအတွင်း ကျော်စွာသည် သက်ရှယ်တူမိတ်ဆွေတစ်ဦးနှင့် သိကျွမ်းခင်မင်ခဲ့သည်။ ထိုသူမှာ တစ်ခြံကျော်တွင် စိုက်ပျိုးရေးလုပ်ကိုင်သူ ကိုစိန်သန်းဟူသော လူငယ်ဖြစ်သည်။

ကိုစိန်သန်းသည် ခြံဝင်းအတွင်း၌ ကျော်စွာ၏ လုပ်ပုံကိုင်ပုံများကို စောင့်ကြည့်ရင်း. . လွန်စွာအံ့သြခဲ့ရ၏။ ကျော်စွာ၏ ဇွဲဝီရိယရှိပုံမှာ သူ့အ မယုံနိုင်ဖွယ်ဖြစ်နေ၏။

တစ်နေ့မနက်တွင်. . ကျော်စွာသည် ခြံဝင်းအတွင်း၌ ကြိမ်ပေါက် နေသော ကုလားထိုင်တစ်လုံးကို ကြိမ်အသစ်ပြန်ထိုးနေခိုက် ကိုစိန်သ ရောက်ရှိလာပြီး နှစ်ဦးသား စကားပြောဆို ဖြစ်ကြ၏။

"ကျွန်တော်. . ခင်ဗျားကို မြင်မြင်ချင်း သဘောကျမိတယ်. . ကိုကျော်စွာ။ တစ်ခါတစ်လေ ကျွန်တော်တွေးမိတယ် ခင်ဗျားလို ဇွဲ၊ သ စိတ်ဓာတ်ကြံ့ခိုင်မှုရှိတဲ့ လူငယ်တွေ ကျွန်တော်တို့ တိုင်းပြည်မှာ အမြောက်အမြ ရှိကြရင် ကျွန်တော်တို့ မြန်မာနိုင်ငံဟာ တိုင်းတစ်ပါးလက်အောက်ကို ဘယ်တော့ ရောက်ခဲ့မှာမဟုတ်ပါဘူး. . ."

"တဆိတ်. . မြှောက်လွန်းပြီထင်တယ် ကိုစိန်သန်းရာ၊ ခင်ဗျားပြော အရဆိုရင် ကျွန်တော်ဟာ တကယ့်လူစွမ်းကောင်းကြီးကျနေတာပဲ. . ."

ကျော်စွာက အရယ်တစ်ဝက်ဖြင့် တုံ့ပြန်ပြောလိုက်၏။ ကိုစိန်သန်း သပ်ရပ်သန့်ရှင်းသော ကျော်စွာ၏ ခြံဝင်းကိုကြည့်ရှုရင်း ကွပ်ပျစ်အစွ တစ်ဖက်တွင် ဝင်ထိုင်၏။

"အကြောင်းမသိတဲ့သူ ဆိုရင်တော့. . ဟုတ်ပေမှာပေါ့။ ကျွန်တော် ခင်ဗျားနဲ့ ခင်မင်သိကျွမ်းတဲ့အချိန်ကစပြီး. . သတိထားအကဲခတ်နေခဲ့သူဆိုတော့ ကျွန်တော့်အပြောက လိုတောင်လိုနေပါဦးမယ်. . ."

ဟု ပြောပြီး နှစ်ဦးသား ပြိုင်တူလိုရယ်မိကြ၏။

ကိုစိန်သန်းသည် အချိန်အားသည်နှင့် ကျော်စွာထံသို့ ရောက်လာ ဖြစ်သည်။

သူ၏ ဟန်ပန်မှာ ရင်းရင်းနှီးနှီး၊ ကျွမ်းကျွမ်းဝင်ဝင်ရှိ သည်. . လူပုံ



သဏ္ဌာန်မှာလည်း ပွင့်လင်းကြည်လင်၍ သူ့ကို မြင်ကာမျှနှင့် ရင်ထဲတွင် ဘာကိုမှ ကွယ်ဝှက်သိုသိပ်မထားတတ်ဘဲ အရိုးခံစိတ်သဘောအတိုင်း ပြောမယ့်သူ ဖြစ်ကြောင်း သိနိုင်ပေသည်။

"ခင်ဗျားကို ကျွန်တော် အမြဲသတိထားမိတယ်. . . ကိုကျော်စွာ။ တစ်နေ့တစ်ရက်မဟုတ်ဘူး. . လပေါင်းများစွာ ရှိခဲ့ပြီ။ ခင်ဗျားဟာ တစ်နေ့ တည်းမှာ အလုပ်ဆယ်မျိုးလောက်ကို မရပ်မနား လုပ်နိုင်တယ်. . အဲဒီအလုပ် တွေဟာ တစ်မျိုးပြီးတစ်မျိုးပြောင်းသွားပေမယ့်. . ခင်ဗျားစိတ်အာရုံတွေက ယိုင်မသွားဘူး. . အလွန့်ကို စိတ်ပါလက်ပါ ရှိလွန်းတယ်။ တစ်မျိုးပြောင်း သွားတာနဲ့ အရင်အလုပ်က စိတ်အာရုံကိုဖြတ်တောက်ပြီး အလုပ်သစ်အပေါ်မှာ တစူးစိုက်စိုက်လုပ်လေ့ရှိတယ်. . ဒီလို အစွမ်းသတ္တိမျိုးဟာ တော်ရုံလူမှာ ရှိတာမဟုတ်ဘူး။ တစ်ခါတစ်လေ ကျွန်တော်စဉ်းစားမိတယ်. . ခင်ဗျားမှာ စိတ်ပျက်ငြီးငွေ့ခြင်းဆိုတာ ရှိပါသေးရဲ့လားလို့"

ဟူ၍ ကိုစိန်သန်းက ပြောလေရာ ကျော်စွာက ကြိမ်အဖျားကို ဓားဖြင့် လှီးဖြတ်ရင်း. . .

"အေးဗျာ. . ခင်ဗျားပြောမှ ကျွန်တော်လည်း ကိုယ့်ကိုယ်ကိုယ် သတိထားရမလို ဖြစ်နေပြီ"

ဟု ရယ်လျက် ပြောလေ၏။

ထိုနေ့က သူတို့နှစ်ဦးသည် မထင်မှတ်ဘဲ ယခင်တွေ့ဆုံကြစဉ်နှင့် မတူ. . အချိန်ကြာမြင့်စွာ စကားပြောဆိုဖြစ်ကြ၏။

ထိုအခါ ကိုစိန်သန်းသည် အများနှင့်မတူ. . ထူးခြားသည့် ကျော်စွာ၏ စိတ်နေသဘောကို ပို၍နားလည်သိရှိသွား၏

"ခင်ဗျား အသက်အရွယ် ဒီလိုလုပ်ရည်ကိုင်ရည်မျိုးနဲ့သာဆို ရှေ့လျှောက် ခင်ဗျားအတော့်ကို ကြီးပွားတိုးတက်ဦးမယ်ဆိုတာ. . ကျွန်တော် ရဲရဲကြီး အာမခံဝံ့တယ်. . . ဒါနဲ့စကားမစပ် ရှေ့ဆက်ပြီး ဘယ်လိုစီးပွား လုပ်ငန်းတွေများလုပ်ဖို့ ရည်ရွယ်ထားလဲ. . စိတ်တော့မရှိနဲ့ဗျာ. . စပ်စုတယ် လို့လည်း မထင်စေချင်ဘူး. . ကျွန်တော်က ခင်ဗျားကို ခင်မင်လေးစားမိလို့ သိ တဲ့စိတ်နဲ့ မေးကြည့်တာပါ"

"ရပါတယ် ကိုစိန်သန်းရာ. . ကျွန်တော် ဘယ့်နှယ်မှစိတ်မရှိပါဘူး. .

www.burmeseclassic.com

ကျွန်တော့်နေရာမှာ တခြား. . ကျွန်တော်နဲ့သက်ရွယ်တူတဲ့ ယောကျ်ားလေ တစ်ယောက်သာဖြစ်ရင် သူ့အဖြေဟာ တစ်မျိုးဖြစ်ကောင်းဖြစ်နေပါလိမ့်မယ်. . ကျွန်တော်ကတော့ ကျွန်တော့်စိတ်ကူးစိတ်သန်းနဲ့ အတွေးအခေါ်၊ ဝါသနာ၊ ဆ မျှော်လင့်ချက်တွေဟာ တခြားသူတွေနဲ့မတူတာမို့ ကြီးပွားချမ်းသာမယ့် ကိုယ်ပို အလုပ်တစ်ခုခုကို လုပ်ကိုင်ဖို့ စိတ်ကူးမရှိဘူးလို့ပဲ ဖြေပါရစေ. . ."

အလုပ်ကို လက်စသတ်ကာ သူ စိုက်ပျိုးထားသည့် ပန်းခြံဆီသ ငေးကြည့်နေ၏။ တစ်ဆက်တည်းဆိုသလို ပီပြင်သည့်အပြုံးမျိုး ပြုံးလိုက်လျ ကိုစိန်သန်းကို ကြည့်လိုက်ပြီး. . .

"ကျွန်တော့်မှာ ကြီးပွားချမ်းသာလိုတဲ့ဆန္ဒသာရှိခဲ့ရင် အစကတည်းက စစ်တပ်ထဲကိုမဝင်ဘဲ ကြီးပွားချမ်းသာနိုင်မယ့် တခြားကုန်သည်၊ ပွဲစားအလ တစ်ခုခု. . ဒါမှမဟုတ်ရင်လည်း ရာထူးဌာနန္တရနဲ့ လာဘ်သပ်ပကာရှင် အလုပ်တစ်ခုခုလုပ်ဖို့ ရွေးချယ်ဆုံးဖြတ်ခဲ့မှာပေ့ါ. . ."

"ကြားရတာ အံ့ဩစရာပါပဲ. . ကိုကျော်စွာလို လူတစ်ယောက်အ သူတကာတွေနဲ့ မတူတဲ့ စိတ်ကူးအတွေးအခေါ်မျိုးတွေ၊ အကြံအစည်၊ ရည်ရွ ချက်တွေ ရှိနေမယ်လို့. . . ကျွန်တော်ယူဆထားမိတယ်. . ကြီးပွားချမ်းသာ မဟုတ်ဘူး ဆိုတော့. . ."

"ကျွန်တော့် စိတ်သဘောထားကို မသိသူအဖို့တော့. . ကျွန်တော့် ခပ်ကြောင်ကြောင်လူလို့ ထင်မှတ်သွားနိုင်ပါတယ် လူတစ်ကိုယ်. . ဉာဉ်တစ်မျိုး ဆိုရမှာပေ့ါလေ။ ကျွန်တော့် အတွက်တော့ မဖြစ်နိုင်လို့သာ. . အထိုက်အလျော ငွေကြေးအတွက် အခုလို စိုက်ပျိုးရေးလုပ်ငန်းလေးကို တပိုင်တနိုင် လုပ်နေ တာပါ. . ကျွန်တော်အမှန်တကယ် လိုချင်တာက ငွေမဟုတ်ပါဘူး။ ကိုယ်ပို အချိန် များများလိုချင်တာပါ. . ကျွန်တော့်အတွက်က အချိန်က ငွေထက် ပိုတန် ရှိနေတယ်လို့ ဆိုရမှာပေ့ါလေ။ ကျွန်တော့်ဘဝထဲက အချိန်တွေကို ငွေကြေးရ တစ်ခုတည်းအတွက် သုံးစွဲမပစ်ချင်ဘူးဗျာ. . ."

ကိုစိန်သန်းနှင့် မိတ်ဆက်စကားပြောဆိုရင်း. . စတင် ရင်းနှီး ကတည်းက ကျော်စွာ၏ လုပ်ရည်ကိုင်ရည် ဇွဲသတ္တိကို မြင်တွေ့ရ၍ သူသ တအံ့တဩဖြစ်ခဲ့သည်။

သာမန်လူအဖို့. . ရက်ကာလများစွာ အချိန်ယူဆောင်ရွက်ရမ



ခြံဝင်းကြီးနှင့်နေအိမ်မှာ ထိုလူငယ်ရောက်ရှိပြီး. . ရက်အနည်းငယ်အတွင်း ထူးခြားစွာပြောင်းလဲသွား၏။ သပ်ရပ်သည့်အသွင်အပြင်မှာ. . တစ်နေ့ထက် တစ်နေ့ သိသာစွာ ပြောင်းလဲလာလေရာ သူသည် ထိုခြံလူငယ်အပေါ် စိတ်ဝင်စား မိသဖြင့် ဝင်ရောက်မိတ်ဆွေဖွဲ့ခဲ့ခြင်းဖြစ်သည်။

သူနှင့်သက်ရွယ်တူသည့် ၎င်းလူငယ်မှာ အရွယ်နှင့်မလိုက်အောင် ဂုဏ်ရှိန်အဆင့်အတန်းရှိသူဖြစ်ကြောင်း. . တအံ့တဩ သိရလေ၏. . မိမိတို့ မြန်မာလူငယ်တစ်ယောက်မှာ ထိုမျှ ထွန်းပေါက်သူမျိုး ရှိပါသေးသလားဟု ဂုဏ်ယူကျေနပ်မိသလို လေးစားမှုလည်း တိုး၍ဖြစ်တည်ခံစားသွားလေ၏။

မြန်မာလူမျိုးတစ်ယောက်ဖြစ်ပါလျက်. . အင်္ဂလိပ်စစ်တပ်တွင် လက်ဖတင်နင်ရာထူးအဆင့်ထိရပြီ အမှုထမ်းနိုင်ဖို့ဆိုတာ တော်ရုံတန်ရုံ အစွမ်း အစဖြင့် မလွယ်ကူကြောင်းကို သိရှိထား၍ဖြစ်သည်။

ထို့နောက်ပိုင်း ရင်းနှီးခင်မင်ခဲ့သည်တွင် ကျော်စွာ၏ အများနှင့် မတူသော ထူးခြားသောစရိုက်သဘောများကို အနီးကပ် သိရှိရပြန်၏. . .။

ထိုနေ့တွင်လည်း သူသည် မထင်မှတ်သည့်အကြောင်း ကိစ္စတစ်ခုကို သိရပြန်၏။ ထိုကိစ္စမှာ သာမန်ကိစ္စမဟုတ်ဘဲ လွန်စွာလျှို့ဝှက်နက်နဲပြီး ကယ်သူမှ မတွေးမကြံနိုင်သည့်ကိစ္စ တစ်ခုပင်ဖြစ်သည်။

နှင်းဆီ၊ ဒေလီယာစသည့် ပန်းပျိုးခင်းနှင့် ငါးကိုက်မျှအကွာတွင် မြောင်းပေါင်သုံးခုရှိ၏. . ပေါင်ပေါ်တွင် ရေဖျန်းထားသဖြင့် မြေသားမှာ စိုစိုနူးညံ့နေလေရာ စိုက်ပင်တစ်ခုခု ပျိုးထားကြောင်း ကိုစိန်သန်းသိလိုက်၏။

စိုက်ပျိုးရေးသမားပီပီ. . ကိုစိန်သန်းသည် ထိုအရာကို စိတ်ဝင် စားဖြစ်သွားပြီး သူ့ထုံးစံအတိုင်း. . ပွင့်လင်းစွာ မေးလေ၏။

"ကိုကျော်စွာ. . ဟိုမြောင်းပေါင်လေးတွေမှာ ပျိုးထားတာ. . ဘာသီးပင် တွေလဲဗျ"

ကျော်စွာက မထူးခြားသည့်ဟန်ဖြင့် ဂမုန်းပန်းပင်ဘွေဖြစ်ကြောင်းနှင့် မျိုးသပ်စိုက်ပျိုးထားခြင်းဖြစ်ကြောင်း. . ပြောဆိုလေရာ ကိုစိန်သန်းမှာ မျက်ကြော ရှုံ့လျက် နားမလည်သည့် အမူအရာဖြင့် ကျော်စွာကိုကြည့်ရင်း. . .

"ဂမုန်းပင်ကို ဒီလိုစိုက်ရတယ်လို့ ကျွန်တော်ဖြင့် မကြားမိဘူး. ကိုကျော်စွာ။ မြေအိုးနဲ့ စနစ်တကျ စိုက်ပျိုးရတယ်. . မဟုတ်လား. . ."

www.burmeseclassic.com

တောင်းပန်ပါတယ်၊ မလှဲသာလို့ အခုလိုဝင်ရောက်ခဲ့ခြင်းပါ. . အရှင်"

ဟု ပြောလေရာ. . ထိုအခါမှ ကျော်စွာလည်း အံ့သြမှုဖြင့် တွေ နေခြင်းကိုရပ်တန့်လျက်. . ဂျစ်ပဆီလေးသိဒ္ဓိကို အားရဝမ်းသာနှုတ်ဆက်စက ပြောလေ၏။

နှစ်ဦးသား ဖက်လှဲတကင်းနှုတ်ဆက်ပြီးနောက် ချက်ချင်းပင်. ဧည့်ခန်းခန်းအတွင်းရှိ မီးအိမ်များကို ထွန်းညှိလိုက်၏. . . ။

ဧည့်ခန်းအတွင်း အလင်းအားပြည့်သွားသည်နှင့် ထူးခြားသည့်အသံ ကျော်စွာသတိပြုမိလိုက်၏။ ထိုအသိကြောင့် အနီးတွင်ရှိသော သိဒ္ဓိကို နားမလ နိုင်ဖြစ်သွားပြီး. . ကြည့်လိုက်မိသည်။

"သိဒ္ဓိက မည်သို့မျှမပြောဘဲ. . သူ့ကိုပြုံး၍သာ ကြည့်နေ၏။

အသံမှာ ခြံဝင်းတံခါးဆီမှ အချက်ပေးခေါင်းလောင်းသံဖြစ်၏။ ဧည့် တွင် မီးအလင်းရောင်ထွက်ပေါ်လာသဖြင့် ထိုခေါင်းလောင်းကို တီးလိုက်ခြင်း ကျော်စွာသဘောပေါက်သွား၏။ ယခုလို အချိန်မျိုးမှာ ခေါင်းလောင်းတီး အချက်ပေးသည်မှာ မည်သည့်ဧည့်သည်မျိုးဖြစ်လေမလဲ. . . ။

ထိုအတွေးမှာ ရုတ်ခြည်းပင် ရပ်တန့်သွားသည်. . ကျော်စွာသ အိမ်တံခါးဖွင့်ပြီး၊ မီးအိမ်တစ်လုံးယူဆောင်လျက် ခြံဝင်းတံခါးဆီသို့ ပြေးထွ သွားရာ. . . ဝင်းတံခါးဆီသို့အရောက်မှာတော့ သူတွေးထင်ထားသက အမှန်ပင် ဖြစ်နေတော့သည်။ သူသည်ခြံဝင်းတံခါးဖွင့်ဖို့ပင် မေ့လျော့သွားပြီး အံ့သြဝမ်းသာ ဖြစ်နေမိ၏။

"ညကြီးအချိန်မတော်မှာ ဧည့်သည်ရောက်လာလို့ စိတ်အနေ အယှက် ဖြစ်သွားပြီလား လက်ဖတင်နင်၊ ကျုပ်ကိုတွေ့ရတာ ဝမ်းသာပါရဲ့လ

ဟူသောစကားကို ကြားရတော့မှ ကျော်စွာလည်း. . ခြံတံခါးကို အ အမြန်ဖွင့်၍ ချစ်ခင်ဝမ်းမြောက်စွာဖြင့် ထိုသူကို ပွေ့ဖက်နှုတ်ဆက်လေတော့

ထိုသူမှာ. . မဏိပူရစစ်စခန်းတွင် လွန်စွာခင်မင်ရင်းနှီးခဲ့ရ ရာသက်ပန်မိတ်ဆွေကြီး. . ဒေါက်တာဂျက်ဖာဆင် ဖြစ်ပေတော့၏။



အခန်း ◀ ၉ ▶

ဂျစ်ပဆီတို့၏ ရင်တွင်းစကား...

မိုးဦးရာသီအစ. . နေ့တစ်နေ့တွင် ဖြစ်သည်။

ချင်းတောင်မှာ ပင်ကိုယ်သဘာဝအတိုင်း မိုးများသော အရပ်ဒေသ ဖြစ်သည်။ ခရီးသွားငါးဦးသည် ထိုဒေသအတွင်း မရပ်မနား ခရီးဆက်နေကြ၏။

သူတို့သည် ပေါ့ပါးသော ဝန်စည်စလွယ်များကို သယ်ပိုးရန်. . အထမ်းသမားအချို့ ငှားရမ်းခဲ့ကြ၏။

ထိုဒေသ၏ ထူးခြားချက်မှာ မိုးရာသီအစသို့ ရောက်သည်နှင့် တိမ်ထုကြီးများ မြေခ,လာခြင်းပင်ဖြစ်သည်။ မိုးရာသီ စအချိန်များတွင် မြင့်မားသော တောင်ထိပ်ဖျားများဆီမှ တောင်ခိုးများ တလိပ်လိပ် တက်လာလေ့ရှိ၏။

ထိုအခါများတွင် တောင်ခိုးတွေက မိုးကောင်းကင်ဆီမှ ပြိုကျလာသော တိမ်အုပ်ကြီးများနှင့် ရောယှက်ပေါင်းစပ်မိပြီး၊ အလွန်ထုထည် သိပ်သည်းသွားလေ၏။

မြေပြန့်ဒေသများကဲ့သို့. . မိုးတိမ်ကို မျှော်နေရန်မလို၊ တောတောင်ထပ်သည်နှင့်အမျှ နေ့နေ့ညည ရာသီမရွေး မစဲအောင် ရွာတတ်လေ့ရှိသည်။

သူတို့သည် ထိုမျှဆိုးဝါးသည့် ရာသီဥတုကို ကြံ့ကြံ့ခံရင်း ရက်အနည်းငယ်ခန့် မရပ်မနား ခရီးဆက်ကြသော်လည်း တစ်နေ့သောအခါတွင် ရှေ့ခရီးဆက်လိုမှုဆက်မရသည့် အခြေအနေနှင့်ရင်ဆိုင်ရသဖြင့် မလွဲမရှောင်သာ ခန်းချရပ်နား ရသည်။

ထူးထဲသော အနွေးအင်္ကျီကို ဝတ်ဆင်ရုံသာမက၊ အခင်းစောင်ထူများဖြင့် ရစ်ပတ်သယ်ဆောင်ခဲ့ရသည့် လူမမာ အဘိုးအိုကြောင့်ဖြစ်သည်။

www.burmeseclassic.com

ဥတုပြင်း၊ ရောဂါကြမ်းတို့ကြောင့် အဘိုးအို၏ ဝေဒနာမှာ ဆိုးသ
ထက်ပင် ဆိုးလာပြီး၊ တစ်ခါတစ်ရံ အသိတရားလွတ်ကင်းသည့်အခြေအနေ
ဆိုက်ရောက်လာလေ၏။ အဘိုးအိုကြောင့်ပင်လျှင် သူတို့သည် ထိုသို့ခ
ထွက်လာခြင်း ဖြစ်သည်. . .။

ခရီးသွားအုပ်စုမှာ အဘိုးအိုအပါအဝင် ငါးယောက်ဖြစ်၏။ အဘိုးအို
ခရီးစဉ်တစ်ထောက်လုံး. . ၎င်းတို့ထဲမှ လူနှစ်ဦးက ထမ်းစင်ဖြင့် ဂရုတစိ
သယ်ဆောင်ခဲ့ကြ၏။ ကျန်နှစ်ဦးမှာ ဝန်စည်စလွယ်ပစ္စည်းများ သယ်ဆော
ကြ၏။

သူတို့ခရီးစဉ်သို့ရောက်ရှိရန် ဆယ်ရက်ခန့် မရက်မနားသွားရမ
ဖြစ်သည်။ ရက်ဆက်ရွာသွန်းတတ်လေ့ရှိသော မိုးက သည်းထန်စွာ ရွာသွ
နေသဖြင့် မည်သို့မျှ ခရီးဆက်ရန်မဖြစ်နိုင်၍. . သူတို့အုပ်စုသည် မိုးလွတ်သ
တောင်စောင်းတစ်ခုမှ ဂူတစ်ခုထဲတွင် ခိုအောင်းနေကြရသည်။

သူတို့သည် ဂူထဲ၌ မီးမပြတ်ဖိုထားလေ။ ထိုမီးဖိုဘေးတွင် လူမ
အဘိုးအိုကို နေရာချထားပေးပြီး. . သူတို့ကတော့ အဆင်ပြေသလို နေထိုင်ကြ
ငှားလာသောအထမ်းသမားသုံးဦးမှာ လူမာအဘိုးအိုနှင့် ၎င်းတို့အုပ်စု
ကြည့်လျက်. . သူတို့အချင်းချင်း တီးတိုးပြောဆိုနေကြတာကို ၎င်းတို့လူစုဝ
အသက်နှစ်ဆယ်ကျော်အရွယ် ကလေးငယ်တစ်ဦး၊ အကဲခတ်မိသွားသဖြင့်.
မေးမြန်းခြင်းပြုလေ၏။

၎င်းအထမ်းသမားများမှာ အခကြေးငွေဖြင့် လုပ်ကိုင်ကြသော်လ
သူတို့အုပ်စုနှင့် ရက်အတန်ကြာ ခရီးအတူသွားခဲ့သည်ဖြစ်၍ အတန်အသ
နားလည်မှုရှိနေကြပြီးဖြစ်ရာ. . သူတို့မည်သည့် အခက်အခဲနှင့် ရင်ဆိုင်နေ
သည်ကို အနည်းနှင့်အများ ခန့်မှန်းသိရှိနေကြပြီဖြစ်သည်။

"ဟောဒီ ဝှယ်လငေါက်တောင်တန်းကြီးနဲ့ ကပ်နေတဲ့ ဟိုဘ
အာသံမီယာပြည်နယ်က လူရိုင်းတောင်တန်းတွေမှာ. . လှည့်လည်သွားလာနေ
ဆေးဆရာကြီးရှိတယ်. . ကျုပ်တို့ လူမျိုးတော့ မဟုတ်ဘူး၊ ကုလားလူမျိုးလ
မဟုတ်ဘူး. . သူ့ အသားဟာ ဖြူလို့ လူဖြူဆရာကြီးလို့ ခေါ်ကြတယ်. . တို့
တပိုက် သူမကြာခဏရောက်လာပြီး လူတွေကို ဆေးကုပေးလို့ တို့လူမျိုးတွေဟာ
သူ့ကို ကောင်းကောင်းကြီး သိနေကြတယ်၊ ဘုရားပေးတဲ့ ဆေးဆရာကြီး



တို့လူမျိုးတွေက ယုံကြည်နေကြတယ်လေ။ အလွန်အံ့ဩစရာ အစွမ်းသတ္တိရှိတဲ့
ဆေးဆရာကြီးပေါ့ကွယ်"

ဟု. . ပြောလေရာ၊ လူငယ်မှာ အလွန်စိတ်အားထက် သန်သွားပြီး၊
ရှေ့သို့ပင်တိုးလျက်. . .

"ပြော. . ပြောပါဦးဗျာ၊ ကျွန်တော်အလွန်ပဲ စိတ်ဝင်စားပါမိပါတယ်"

ဟု ပြောလေရာ၊ အထမ်းသမား နောက်တစ်ဦးက. . ဆေးငုံလျက်က

"ဟုတ်တယ်ကွယ့်. . မကျန်းမာတဲ့လူတွေကို သူ့လက်နဲ့ထိလိုက်ရင်
ဝေဒနာတွေလျော့ပါးသွားပြီး. . ကျန်းမာလာကြတယ်. . လူဖြူဆရာကြီးဟာ
မကျန်းမာဘူးဆိုရင် လူမမာကို ကြည့်ပြီး၊ ဒီမြေကြီးမှာ ဘယ်အပင်ကိုယူပြီး. .
ဆေးကုရမယ်ဆိုတာ သိတယ်. . ဝှယ်လငေါက်နယ်ထဲမှာ သူထက်ပိုကောင်းတဲ့
ဆေးဆရာမရှိနိုင်ပေဘူး ဆရာလေး. . မကျန်းမာနေတဲ့ ဆရာ လေးတို့ လူမမာကို
လူဖြူဆရာကြီးနဲ့ ပြရင်ကောင်းမယ်လို့. . ကျုပ်တို့ အကြံပြုပါရစေ"

ဟု ပြောသည်တွင် ထိုလူငယ်လေးမှာ လွန်စွာကျေးဇူးတင်လှသဖြင့်
နှုတ်ဖြင့်ပြောဆိုရုံသာမက အမူအရာဖြင့်လည်း အရိုအသေပြုလျက် ဦးညွှတ်
လေတော့၏. . .။

သူတို့သည် ထိုလူပမာ အဘိုးအိုအတွက် အဘယ်မျှစိုးရိမ်သောက
ဖြစ်နေရကြောင်း တစ်ဆက်တည်းရှင်းပြလေ၏။ သူတို့သာလျှင်မဟုတ် သူတို့
မျိုးနွယ်စုတစ်ခုလုံး ပူဆွေးသောကဖြစ်နေရကြောင်း. . ထိုသို့ ခရီးထွက်လာ
ရခြင်းမှာလည်း လူမမာအဘိုးအိုအား ဖလမ်းမြို့ရှိ ဆေးရုံတစ်ရုံတွင် ဆေးဝါး
ကုသပေး ရန်အတွက်ဖြစ်ကြောင်း ပြောဆိုလေ၏။

ဒေသခံ အထမ်းသမားသုံးဦး၏ ရိုးသားသောစိတ်ရင်း စေတနာကို
သိရှိလိုက်ရသဖြင့် လူငယ်သည် သူတို့၏လူမျိုးစုအကြောင်းနှင့် လူမမာ
အဘိုးအိုမှာ သူတို့လူမျိုးစုတွင် အဘယ်မျှအရေးပါသူဖြစ်ကြောင်းတို့ကို
ပွင့်လင်းစွာ ရှင်းပြလေတော့သည်။

လူငယ်၏ အမည်မှာ. . ရာဂျူးဟူ၍ဖြစ်သည်။ ထိုအမည်မှာ ၎င်းတို့
မျိုးနွယ်စုအမည်ဖြစ်၏။ ၎င်းတို့မှာ အခြေတကျနေထိုင်ခြင်းမရှိဘဲ. . နေရာအနှံ့
လှည့်လည်သွားလာနေထိုင်ကြသည့် ဂျစ်ပဆီမျိုးနွယ်စု ဖြစ်သည်။

လူမမာအဘိုးအိုက သူ၏အဘိုးတော်စပ်သူဖြစ်သည်။ ထိုပြင် ၎င်းအဘိုး

www.burmeseclassic.com

အိုမှာ သူတို့မျိုးနွယ်စုတစ်ခုလုံးအား ကွပ်ကဲထိန်းသိမ်းစီမံသူ . . အကြီးအကဲလည်း ဖြစ်သည်။ အသက် အရွယ်ကြီးရင့်သကဲ့သို့ ဉာဏ်ပညာနှင့်လည်း ပြည့်စုံသူ ဖြစ်သောကြောင့် မိမိတို့ မျိုးနွယ်စုတစ်ခုလုံး လွန်စွာအားထားကြသကဲ့သို့ လွန်စွာမှလည်း ကြည်ညိုလေးစားခြင်းခံရသူဖြစ်သည်။

ထိုစကားကို ကြားရသောအခါ . . အထမ်းသမားသုံးဦးလည်း ပါးစပ်ဟလျက် တအံ့တသြဖြစ်သွားလေ၏ . . ထိုသို့ အံ့သြမှုဖြင့်ပင် ထိုလူငယ်စကားကို နားထောင်လေ၏။ သူတို့အဖို့ ဂျစ်ပဆီလူမျိုးတို့၏ အကြောင်းကို ကြားသိဖူးကြသော်လည်း . . ၎င်းတို့ကို တစ်ကြိမ်တစ်ခါမျှ နီးကပ်စွာ မကြုံတွေ့ဖူးခဲ့ပေ။

ဂျစ်ပဆီလူငယ်က ဆက်၍ . . .

"ကျွန်တော့်မိဘနှစ်ပါးဟာ . . ကျွန်တော်ငယ်စဉ်ကတည်းက ဆုံးပါးသွားခဲ့ပါတယ်။ အဘိုးအိုလက်ထဲမှာ ကြီးပြင်းခဲ့ရတဲ့ ကျွန်တော်ဟာ ဂျစ်ပဆီတို့ တတ်သင့်တတ်အပ်တဲ့ပညာရပ်တွေကို အဘိုးသင်ပြပေးလို့ အလုံးစုံတတ်မြောက်ခဲ့ပါတယ် . . ကျွန်တော်လိုပဲ တခြားသူတွေလည်း သူ့အတိုင်းအတာနဲ့ တတ်မြောက်ကြပါတယ် . . အဲဒီပညာရပ်တွေကြောင့်ပဲ၊ ကျွန်တော်တို့ဟာ ငွေကြေးဥစ္စာများစွာပိုင်ဆိုင်ကြတယ်။ စီးပွားဥစ္စာကို အပူတပြင်းရှာဖွေခြင်းမရှိတဲ့ ကျွန်တော်တို့ဆီကို စီးပွားဥစ္စာတွေက တဖွဲဖွဲရောက်ရှိခဲ့ကြတယ် . . ကျွန်တော်တို့ဟာ ခန္ဓာကိုယ်ကို ပင်ပန်းကြီးစွာ ရုန်းကန်ပြီး . . စီးပွားရှာကြသူတွေ မဟုတ်ပါဘူး။ အတတ်ပညာမျိုးစုံ ကျွမ်းကျင်သူတွေဖြစ်လို့ . . အဲဒီပညာတွေကလည်း လူအများတတ်ကျွမ်းခြင်းမရှိတဲ့ ပညာများဖြစ်လေတော့ ကျွန်တော်တို့အဖို့ အခွင့်အလမ်းကောင်းခဲ့တာလို့ ယူဆရမှာဖြစ်ပါတယ် . . အချို့ပညာရပ်တွေဆိုရင် အလွန်နားလည်ရခက်သလို တစ်ပါးသူနားလည်သဘောပေါက်စေဖို့ ရှင်းပြရခက်ပါတယ်"

"ကျွန်တော်တို့ဟာ . . ရှားပါးမျိုးနွယ်စုတစ်ခုလို့ ပြောရမှာဖြစ်လို့ မိမိတို့မျိုးနွယ်စု တိမ်ကောပပျောက်မှု မဖြစ်စေဖို့ အထူးသတိထားရပ်တည် နေထိုင်ရသူတွေဖြစ်တယ် . . စည်းလုံးခြင်း၊ ညီညွတ်ခြင်း၊ မျှတခြင်းဆိုတာ ကျွန်တော်တို့မျိုးနွယ်စုတွေရဲ့ နှလုံးသည်းပွတ်ထဲ အစဉ်ကိန်းအောင်းနေရ တို့တာဝန် အရေးသုံးပါးဖြစ်တယ် . . တိုးပွားလာတဲ့ စီးပွားဥစ္စာတွေကို ထား သိမ်းပိုက်ထားခြင်း မပြုပါဘူး။ သိမ်းပိုက်ခြင်းဟာ လူမဆန်တဲ့ပြစ်မှု



ကျူးလွန်တယ်လို့ ကျွန်တော်တို့အစဉ်သဖြင့် ခံယူထားပါတယ် . . သိမ်းပိုက်သူဟာ တဒင်္ဂသာယာမှုဖြစ်ပေမယ့်၊ သမိုင်းကြောင်းမှာ အလွန်အရုပ်ဆိုးအကျည်းတန်တဲ့ အဖြစ်နဲ့ အဆုံးသတ်မှာဖြစ်ပြီး . . သူ အသက်ရှင်စဉ်မှာလည်း သူ့ရဲ့ မျိုးဆက်တစ်ခုလုံး လုံခြုံမှုမရှိတဲ့ အကျဉ်းစံဘဝမျိုးနဲ့ ကြေကွဲစွာ အဆုံးသတ်ကြရပါလိမ့်မယ် . . ."

"တကယ်တော့ ပေးကမ်းစွန့်လှူခြင်းအရာမှာ ကျွန်တော်တို့ မျိုးနွယ်စုကို ဘယ်သူမှ မမီနိုင်ပါဘူး။ သိမ်းပိုက်ခြင်းကင်းသလို ပိုင်ဆိုင်မှုနည်းပါးအောင် ကျင့်ကြံနေထိုင်ကြသူတွေ ဖြစ်ပါတယ် . . မိတ်ဆွေများကို အခုလို ရှင်းပြရခြင်းဟာ တဒင်္ဂသိ ကျွမ်းခဲ့ရပေမယ့်၊ ရိုးသားပွင့်လင်းပြီး တစ်ဖက်သားအပေါ်မှာ စာနာကူညီလိုတဲ့ စိတ်ရင်းစေတနာကို သိလိုက်ရတာကြောင့် . . ကျွန်တော်တို့ မျိုးနွယ်စုနဲ့ ပတ်သက်ပြီး ရိုးသားပွင့်လင်းစွာ ပြောပြခြင်း ဖြစ်ပါတယ်"

ဟု ပြောဆိုပြီး လူငယ်က . . သူ့အဘိုးဖြစ်သူ အကြီးအကဲ လူမမာ အဘိုးအိုမှာ သူတို့မျိုးနွယ်စုအတွက် အဘယ်မျှအရေးပါသူ . . ဖြစ်နေတာကို ဆက်ရှင်းပြလေ၏။

အဘိုးအိုမှာ ဂျစ်ပဆီမျိုးနွယ်စု၏ အကြီးအကဲဖြစ်သည်။ အစဉ်အလာအရ သူ၏ဦးဆောင်မှုတာဝန်နှင့် အခန်းကဏ္ဍများကို သူတို့မျိုးနွယ်စုမှ တစ်ဦးတစ်ယောက်ကို ရိုးရာဓလေ့ထုံးစံဖြစ်သည့် အခမ်းအနားနှင့်တကွ လွှဲအပ်ရမည် ဖြစ်သည်။

အဘိုးအိုလွှဲအပ်မည့်သူမှာ သူ၏တစ်ဦးတည်းသော မျိုးနွယ်ဖွားဖြစ်သည့် ရာဂျူးဟူသော လူငယ်ဖြစ်၏။ အိန္ဒိယ- မြန်မာနယ်ခြားဒေသဖြစ်သည့် ရောဒိန်းမြို့နှင့် များစွာမကွာဝေးသည့် သဲကန္တာရနယ်မြေတွင် အခမ်းအနားကျင်းပပြီး . . လွှဲပြောင်းပေးရန်ရောက်ရှိစဉ် ရုတ်တရက် ထိုသို့ဖျားနာသည့် ဝေဒနာကို အပြင်းအထန်ခံစားရသဖြင့် လွှဲပြောင်းမည့်အခမ်းအနားကို ရွှေ့ဆိုင်းထားရလေ၏။

အဘိုးအို၏ ကျန်းမာရေး ပြန်လည်ကောင်းမွန်လာရေးသည် . . သူတို့ မျိုးနွယ်စုအတွက် လွန်စွာအရေးကြီးသောကိစ္စ ဖြစ်သည်။ ထိုကိစ္စအတွက် သူတို့မျိုးနွယ်စုတစ်ခုလုံး စိုးရိမ်ပူပန်နေရကြောင်း . . ၎င်းရာဂျူးဆိုသော လူငယ်က ရှင်းပြလေ၏။

www.burmeseclassic.com

မည်သည့်လူ့အဖွဲ့အစည်းမှာမဆို မျိုးဆက်ဟောင်းနှင့် မျိုးဆက်သ အသွင်ကူးပြောင်းသည့်ကိစ္စမှာ လွန်စွာအရေးကြီး၏။ ကုန်ပစ္စည်းတစ်ခုလို 'ရှေ့' 'အင့်' ဟူ၍ ပေးအပ်လိုက်ပါက ဦးဆောင်သူသာလျှင်မဟုတ်ဘဲ. . ဦးဆောင်မှု အောက်ရှိ မျိုးနွယ်စုကြီးတစ်ခုလုံး ဖရိုဖရဲဖြစ်သွားမည်ဖြစ်၏။ ထို့ကြောင့်လည်း ၎င်းကိစ္စမျိုးမှာ သိမ်မွေ့ညင်သာသဖြင့် လွန်စွာသတိထားရသောကိစ္စဖြစ်သည်။

ဂျစ်ပဆီ မျိုးနွယ်စုများမှာ ထိုနယ်ခြားဒေသရှိ သဲကန္တာ ရနယ်မြေ အတွင်း၌ စခန်းချရပ်နားပြီး. . မိမိတို့ ပြန်အလာကို စိုးရိမ်တကြီး စောင့်မျှော် နေကြမည်ဖြစ်၏။ မိမိတို့အကြီးအကဲ အဘိုးအို ဝေဒနာပျောက်ကင်းသက်သာဖို့ အရေးကိစ္စမှာ. . မိမိတို့ မျိုးနွယ်စုတစ်ခုလုံးအတွက် အသက်တမျှအရေးကြီး သည့်ကိစ္စပင် ဖြစ်သည်။

ထိုသို့ဖြင့် သူတို့သည် ဂျစ်ပဆီအဘိုးအိုအတွက် ထိုညမှာပင် စုစည်း တိုင်ပင်ပြီး အဖြေရှာကြ၏။

အာသံပြည်နယ်ထဲမှာ လူရိုင်းတောင်တန်းများမှာ. . ဝှယ်လဝေါက်နယ် ဘက်မှသွားလျှင် တစ်ညအိပ်ခရီးနှင့် ရောက်ရှိမည်ဖြစ်သည်။ သူတို့နေသည့် ဒေသမှာ ဖလမ်းမြို့သို့ ရောက်ရှိရန်မှာ ခန့်မှန်းခြေ. . ဆယ်ရက်မျှ ကြာမြင့်မည် ဖြစ်ရာ အချိန်အတိုင်းအတာအရ ဘယ်လိုမှနှိုင်းယှဉ်မရအောင်. . ကွာခြား နေလေ၏။

အဆုံးသတ်ညှိနှိုင်းပြီးသောအခါ ၎င်းတို့သည် မိုးသည်းထန်သည့်ကြားမှ ပင်. . တောတိုးထွက်ခွာသွားလေ၏။ ထိုလူများမှာ အထမ်းသမား ချင်းလူမျိုး နှစ်ယောက်၊ ဂျစ်ပဆီနှစ်ယောက်တို့ဖြစ်သည်။

စခန်းတွင် လူမမာအား အနီးကပ်ပြုစုရန်အတွက်. . လူမမာ၏ မြေးဖြစ်သူ ရာဂျူးနှင့်အတူ. . ဂျစ်ပဆီတစ်ဦးနှင့် ချင်းလူမျိုး အထမ်းသမား တစ်ဦး သာလျှင်. . ကျန်ရှိလေ၏။

သူတို့သွားရမည့် ခရီးမှာ လွန်စွာကြမ်းတမ်း၏ တောင်ပြိုခြင်း၊ သစ်ပင် ကြီးငယ်များ ပြိုလဲ၍လမ်းပိတ်ဆို့နေခြင်း အခြားသားရဲတိရစ္ဆာန်တို့၏ ဘေးရန်များ. . စသည်ဖြင့် လွတ်ကင်းအောင် ရှောင်လွှဲသွားရမည်ဖြစ်၍ လွန်စွာ သတိကြီးစွာထားလျက်. . သွားရမည်ဖြစ်သည်။

လူနာ၏အခြေအနေမှာမူ. . ထိုမျှရက်ကြာကြာခံနိုင်ပါ့မလားဟု စိုးရိမ်



ယ်ဖြစ်နေ၏။

လူနာမှာ စကားပြောဆိုနိုင်စွမ်းသည့် ခွန်အားပင်မရှိတော့ပေ. . ညသို့ရောက်သည်နှင့် အအေးဓာတ်မှာ လွန်ကဲလာသဖြင့်. . ရာဂျူးသည် အဘိုးအို လူမမာ၏ အနီးတွင် မီးဖိုလျက် ထင်းမပြတ်ထည့်ပေးလေ၏။ အထမ်းသမား ချင်းလူမျိုးမှာလည်း ကြင်နာစွာ ကူညီဖေးမဆောင်ရွက်ပေးသဖြင့်. . လူနာအပေါ် အထူးဂရုစိုက်၍ ပြုစုနိုင်နေခြင်းဖြစ်၏။

မည်မျှပင် နှစ်သိမ့်အားပေးစကား ပြောသော်ငြား. . သူ၏ အဘိုး လူမမာမှာ ဂူအမိုးကိုမျက်လုံးများ လှန်ကြည့်၍သာ နေတော့၏။ ရှေးဖြစ် နောက်ကြောင်းများကို အောက်မေ့စဉ်းစားနေပုံရ၏။ ရာဂျူးသည် အလိုက် တသိပင် စကားမပြောတော့ဘဲ၊ အရိပ်အခြေအနေကို စောင့်ကြည့်နေစဉ်မှာပဲ ညဉ့်နက်ပိုင်းရောက်သောအခါ. . လူမမာ၏ ခန္ဓာကိုယ်မှာ မီးကျီးခဲတမျှ ခြစ် ခြစ်တောက်ပူလောင်လာပြီး ကယောင်ကတမ်း စကားများပြောလေတော့သည်။

အားနည်း ညှိုးချုံးနေသဖြင့် စကားတွေက ပီသမှုမရှိ၊ ဗလုံးဗထွေး ဖြစ်နေသည်။

ရာဂျူးသည် အဘိုးအို၏ ဆိုးဝါးသောအခြေအနေကို မကြည့်ရက်. . ကိုယ်ခံအားလျော့ပါးသည့် အသက်အရွယ်နှင့်မမျှအောင် ပြင်းထန်စွာ ခံစားနေရ သည့် ဝေဒနာကို အဘိုးအိုအဘယ်မျှ နာကျင်ခံစားစေရမည်ကို တွေးမိပြီး. . မျက်ရည်ဖြိုင်ဖြိုင် ကျဆင်းနေတော့သည်။

သူသည် ပူလောင်ခြောက်သွေ့သော အဘိုးအို၏ လက်များကို ဖျစ်ညှစ် ဆုပ်ကိုင်ထား၏။

အချိန်အတော်ကြာသောအခါ ကယောင်ကတမ်းပြောဆိုမှုများ ရပ်တန့် သွားပြီး "အင်း" ဟူ၍ အသံရှည်ကြီးဆွဲ၍ မျက်လုံးမှိတ်လျက် ငြိမ်သက်သွား ပြန်၏။ ထိုညတစ်ညလုံး အပြင်းအထန်ဖျားပြီးနောက်. . နောက်တစ်နေ့ မနက်တွင် အဖျားအနည်းငယ်ကျ၍ သက်သာသလိုရှိကာ ညပိုင်းသို့ရောက် သည်နှင့် ယမန်နေ့ကထက် ပို၍ပြင်းထန်စွာ အလူးအလဲ ဖျားပြန်သည်။

တစ်ချီတစ်ချီတွင် ရင်ဝ၌တင်းကျပ်၍ အသက်မရှူနိုင်တော့ပဲ. . မျက်ဖြူကြီးအထက်သို့လန်ကာ တအင်းအင်းတအဲအဲ ဖြစ်နေလေရာ၊ ထိုအဖြစ်မျိုးမှာ လူမမာအဖို့ အသက်ပင်ပါသွားမလားဟု ထင်ရလေ၏။

www.burmeseclassic.com

သူသည်အဘိုးအို၏ ခေါင်းရင်းတွင်ထိုင်လျက် မေတ္တာပို့ အမျှဝေ၏။ သူတို့ကိုးကွယ်ရာ နတ်ဘုရားများကို တိုင်တည်ကန်တော့လျက်. . အဘိုးအို၏ အနာရောဂါ ပျောက်ကင်းအောင် အသက်ချမ်းသာရစေကြောင်း မေတ္တာပို့လေ၏။ တစ်ဖန် သူတို့အဖွဲ့သားများ သွားရောက်ခေါ်ယူသည့် လူဖြူဆရာကြီးအား လမ်းခရီးတွင် အခက်အခဲ အတားအဆီးကင်းစွာဖြင့်. . မိမိတို့ရှိရာသို့ အမြန်ဆုံး ရောက်ရှိလာနိုင်ပါစေကြောင်း လှိုက်လှဲလေးနက်စွာ ဆုတောင်းလေတော့၏။

ညဉ့်နာရီပြန်နှစ်ချက်ခန့်ရှိလျှင်. . ရာဂျူးသည် စိတ်မောလူမောဖြင့် ခေတ္တမျှမှေးခနဲ အိပ်ပျော်သွား၏။ ဖျတ်ခနဲ သူလန့်နိုးသောအခါ အရှေ့ဘက် ကောင်းကင်တွင် လင်းအရုဏ်ရောင်နီသမ်းနေပြီဖြစ်သည်။ ဂူပေါက်ဝမှာ မှုန်ဝါးဝါးအလင်းရောင်များ ဖြာဆင်းလျက်ရှိ၏။

သူသည် အိပ်ရာမှ ကပျာကယာ လူးလဲထလိုက်ပြီး၊ အဘိုး၏ခန္ဓာကိုယ်ကို စိုးရိမ်ကြီးစွာ စမ်းသပ်ကြည့်လိုက်၏။ ကိုယ်ငွေ့မှာ ခပ်နွေးနွေးနှင့် အသက်ရှိနေသေးသည်ကိုတွေ့သဖြင့် စိုးရိမ်မှုများကြားမှ အတန်ငယ် စိတ်သက်သာစွာ ခံရလေ၏။

ထိုအခိုက်မှာပဲ ဂူပေါက်ဝ၌ အရိပ်တစ်ခုကျရောက်သဖြင့်. . နေရာမှ ခုန်ထ၍ ဂူနံရံတွင် အသင့်ချိတ်ဆွဲထားသော သေနတ်ကိုဆွဲဖြုတ်၍ ဂူပေါက်ဝသို့ ထိုးချိန်းလိုက်၏။

"ကိုယ်တော်လေး. . ကျုပ်တို့ လူဖြူဆရာကြီးကိုပင့်ခေါ်ပြီး ပြန်ရောက်လာတာပါ"

ဟု ဂျစ်ပဆီဘာသာစကားဖြင့် အလန့်တကြား ပြောဆိုသံကို ကြားရသောအခါ သူသည်မယုံနိုင်လောက်အောင် အံ့ဩသွားလေသည်။

အကြောင်းကား. . ထိုသူမှာ မိမိတို့အုပ်စုမှ ဂျစ်ပဆီတစ်ယောက် ဖြစ်သော်လည်း တစ်ကိုယ်လုံးမှာ ဝတ်ထားသည့် အဝတ်အစားများ စုတ်ပြတ်လျက်. . လူမှာလည်း မမှတ်မိလောက်အောင် အဖုအသီး အပိမ့်ကြီးများ ထွက်လျက် ကြောက်မက်ဖွယ်ကောင်းလောက်အောင် ရုပ်ဆင်းပျက်နေ၍ ဖြစ်သည်။

ထိုသို့ဖြစ်ရခြင်းမှာ လူရိုင်းနယ်မြေထဲသို့သွားရာ၊ ပြန်ရာတွင် အလျင်အမြန်ရောက်ရှိလိုသည်ကြောင့် ဆူးနွယ်ခြုံနွယ်များကြား အတင်းတိုးဖြတ်



သွားခြင်းနှင့် အသွားခရီးတွင် ပင်ပန်းလွန်းသဖြင့် ခြုံကြီးတစ်ခုအတွင်း တစ်ညတိပ်ရပ်နားခဲ့စဉ် တောခြင်ရိုင်းကြီးများနှင့်. . မှက်၊ ခြင်၊ ယင်တို့ရဲ့ ကိုက်ခဲသွေးစုပ်ခံရမှုတို့ကြောင့်ပင် ဖြစ်သည်။

ရာဂျူးသည် သေနတ်ကိုချ၍ ၎င်းတို့အနီးသို့ အလျင်အမြန်ပြေးသွားလေ၏။ ဂူအဝသို့အရောက်မှာပဲ. . သူ၏မျက်ဝန်းများက အံ့ဩခြင်းကြီးစွာဖြင့် ပြူးကျယ်ဝိုင်းစက်သွားတော့သည်။

၎င်းအဖွဲ့သားများ ညွှန်ပြသည့် ဆေးဆရာကြီးကို တွေ့လိုက်ရသောကြောင့်ဖြစ်သည်။ နှစ်အတန်ကြာ၊ ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း သူ၏နှလုံးအိမ်မှာ မမေ့ပျောက်နိုင်စွမ်းမရှိသော ပုံရိပ်တစ်ခုပင်ဖြစ်သည်။

အသားဖြူဖြူမြင့်မားသော အရပ်အမောင်းဖြင့် ခန့်ညားစွာရပ်နေသော ဆေးဆရာကြီး. . . ။

ထိုဆရာကြီးသည် ဂူဝတွင်ရပ်လျက်. . အင်္ဂလိပ်စကားဖြင့် တစ်စုံတစ်ရာ ဆိုလေရာ၊ ထိုအဓိပ္ပါယ်ကို သိရှိလိုက်သော ရာဂျူးသည် လှိုက်လှိုက်လှဲလှဲ ကြည်နူးပျော်ရွှင်သွားလေ၏။ ဆေးဆရာကြီး ရွတ်ဆိုလိုက်ခြင်းမှာ မေတ္တာကာဝနာပို့သခြင်းပင် ဖြစ်သည်။

ဆေးဝါးကုသရာတွင် အစွမ်းထက်မြက်လှသော လူဖြူဆရာကြီးဟူ၍ ရိုင်းလူမျိုးများထဲတွင် နာမည်ကျော်ကြားသော ဆေးဆရာကြီးမှာ. . အခြားသူမဟုတ်ဘဲ ၎င်းအား မဏိပူရစစ်စခန်းတွင် စွန့်စားရဲဝံ့စွာ ဆေးဝါးကုသပေးခဲ့သည့် ဖခင်ကြီး ဒေါက်တာဂျက်ဖာဆင်ပင် ဖြစ်တော့၏။

www.burmeseclassic.com

## အခန်း ◀ ၁၀ ▶
## ဒေါက်တာကြီး၏ ရင်တွင်းသောက

"ဆရာဝန်တစ်ယောက်ဖြစ်တဲ့ ကျုပ်အဖို့စွဲမြဲတဲ့ အလေ့အကျင့်တစ်ခု ရှိနေပါတယ်. . စစ်မြေပြင်မှာ တိုက်ပွဲဝင်နေတဲ့ စစ်သားတစ်ယောက်လို ရန်သူကို အလစ်မပေးဘဲ. . အမြဲသတိရှိတဲ့ အလေ့အကျင့်မျိုးလို့ ပြောရမယ်ထင်ပါရဲ့၊ လူနာတွေကို ကုသမှုပြုလေတိုင်း ကျွန်ုပ်ဟာလူနာခံစားရတဲ့ ဝေဒနာကို ဘယ်လို တိုက်ခိုက်ဖယ်ရှားရမယ်ဆိုတဲ့ အသိကလွဲပြီး၊ တခြားဘာအာရုံမှ တွေးတောတာမျိုး မရှိခဲ့ဘူး။ ဒါကြောင့်လည်း သိဒ္ဓိကို ကျုပ်သတိမထားမိဘဲ သူတို့အကြီးအကဲ လူနာအဘိုးအိုကိုသာ ဆေးဝါးကုသဖို့ အာရုံစူးစိုက်ဆောင်ရွက်ခဲ့ပါတယ်၊ နာရီအနည်းငယ်ကြာမျှ လူနာကို စမ်းသပ်ဆေးဝါးကုသပြီးတော့မှ. . အနီးမှာ အစဉ်သဖြင့်ရှိနေတဲ့ သိဒ္ဓိကို သတိထားမိခဲ့တယ်"

"လူ့ဘဝမှာ လူတွေနေထိုင်ရတဲ့သက်တမ်းဟာ တကယ့်ကို တိုတောင်းပါတယ် လက်ဖတင်နင်. . အကြောင်းတရားတွေဟာ အံ့သြစရာကောင်းအောင် မြန်ဆန်လှပါတယ်။ မထင်မှတ်တဲ့နေရာမှာ မထင်မှတ်တဲ့လူတွေနဲ့ တွေ့ပြီး၊ မထင်မှတ်တဲ့ခရီးကို ရောက်ရပြန်တယ်. . အခု ကျုပ်လက်ဖတင်နင်ဆီကို ရုတ်တရက်ကြီး ရောက်လာခြင်းဟာလည်း အဲဒီလောကရဲ့ အလှည့်အပြောင်းတွေကြောင့်ပါပဲ"

ဟူ၍ ပြောဆိုပြီး၊ စကားကို ခေတ္တရပ်လျက်မျက်ဝန်းကို မျက်နှာကြက်ဆီသို့ ပင့်မော့လိုက်၏။ သူသည်လေးလံသော ပင့်သက်ကိုရှိုက်ရင်း ရှည်လျားသော သူ၏ မုတ်ဆိတ်ဖြူဖြူတွေကို ဘယ်လက်ဖြင့် သပ်ချလိုက်ပြီး ဆက်လက်ပြောဆို ပြန်၏။

"ဂျစ်ပဆီအကြီးအကဲ လူနာအဘိုးအိုဟာ ကျုပ်အတွက် တကယ့်ကို ထူးခြားတဲ့ပုဂ္ဂိုလ်ကြီးပါပဲ. . အံ့မခန်းပညာဉာဏ်ကြီးမားတဲ့ သူတော်စင်ကြီးအဖြစ် နိုင်းနှိုင်းလောက်အောင် ကိုယ်စွမ်းဉာဏ်စွမ်း ပြည့်ဝသူတစ်ယောက်လို့ ကျုပ်အသိအမှတ်ပြုမိပါတယ်။ လူနာအခြေအနေက အလွန်စိုးရိမ်စရာပါ. . အလွန် အားအင်ကုန်ခမ်းနွမ်းနယ်နေတဲ့အပြင်၊ တစ်ကိုယ်လုံးအေးစက် သွေးဆုတ်ဖျော့တော့နေလို့ သတိပြန်လည်အောင် မနည်းကြိုးစားကုသရတယ်. . အသက်ရှင်ခွင့်ဆိုတာ ငါးဆယ်ရာခိုင်နှုန်းလောက်ပဲရှိတာကြောင့် ကျုပ်အဖို့ အလွန်ပဲ ကြိုးစားရတယ်။ သို့ပေမယ့် နာရီအနည်းငယ်အတွင်း လူနာဟာ သေဖို့ ကံမပါ တော့ဘူးဆိုတာ ကျုပ်သိလိုက်ရတယ်. . အကယ်၍များ နောက်ထပ်တစ်ရက် နှစ်ရက်လောက် ကြန့်ကြာသွားမယ်ဆိုရင် လူနာရဲ့အခြေအနေဟာ ဘယ်လိုမှ မျှော်လင့်စရာ မရှိတော့ဘူးလေ. . လူနာအခြေအနေ ကောင်းမွန်လာခြင်းဟာ သူတို့မျိုးနွယ်စုတစ်ခုလုံးရဲ့ ကံကြမ္မာကို ကျုပ်ကကယ်တင်လိုက်ခြင်းလို့. . သူတို့က အသိအမှတ်ပြုပြောဆိုကြလို့ ကျုပ်လည်း နားမလည်နိုင်အောင် အံ့သြ ရတယ်. . ."

"လူနာရဲ့ အခြေအနေဟာ အစွမ်းထက်ဆေးမြစ်တွေနဲ့ ဖိဖိစီးစီး ကုသခွင့်ရသလို သူ့တပည့်သားချင်းတွေကလည်း ကြင်နာယုယစွာ ပြုစုကြတာ ကြောင့် ရက်အတော်အတန်ကြာတဲ့အခါ၊ ထူထူထောင်ထောင် ဖြစ်လာတဲ့ အခြေအနေအထိ. . ကျန်းမာရေးကောင်းမွန်လာခဲ့ပါတယ်။ သိဒ္ဓိနဲ့တကွ ကျန်ဂျစ်ပဆီ သုံးဦးလည်း သူတို့အကြီးအကဲဟာ အထူးစိုးရိမ်ဖွယ်မရှိတော့လို့ အလွန်ပဲ ပျော်ရွှင်နေကြတယ်. . ကျုပ်လည်း လူနာကျန်းမာရေး စိတ်ချရတဲ့အထိ ကုသပေးဖို့ သူတို့စခန်းမှာ နေထိုင်ခဲ့ပါတယ်. . အဲဒီလိုနေထိုင်ရင်း ကျုပ်ဟာ ဂျစ်ပဆီအကြီးအကဲဖြစ်တဲ့ လူနာအဘိုးအိုကို အနီးကပ်လေ့လာခွင့် ရခဲ့တယ်။ အဘိုးအိုရဲ့ အလေ့အထ အကျင့်အကြံနဲ့နေထိုင်မှုတွေဟာ ကျုပ်အတွက် ထူးခြားနေတယ်။ ဗြဟ္မပုတ္တရမြစ်တစ်ဖက်ကမ်းမှာနေထိုင်ကြတဲ့ ဆာဒူးလူမျိုး တွေကို ကျုပ်လေ့လာခဲ့ဖူးပါတယ်။ အဲဒီ ဆာဒူးလူမျိုးတွေရဲ့ အကျင့်စရိုက်နဲ့ သဏ္ဌာန်အားဖြင့်တူညီတယ်ဆိုရပေမယ့် အနီးကပ် သိရှိလေ့လာကြည့်တော့ အမျို့ ကိစ္စတွေမှာ ကွဲပြားနေတာကို တွေ့ရတယ်။ အဘိုးအိုဟာ အမိဝမ်းမှ ကျွတ်သည်နေ့မှစ၍ ငယ်ရွယ်စဉ် ကလေးဘဝကပင် တည်ငြိမ်အေးချမ်းသော စိတ်ထားရှိသူဖြစ်ကြောင်း. . ကိုယ်၊ နှုတ်အမူအရာ ညင်သာသိမ်မွေ့ အေးချမ်း



www.burmeseclassic.com

အောင် အချိုးကျကျ သင်ကြားပြသခံခဲ့ရသူဖြစ်လို့ မာန်မာနကင်းစင်သော အကျင့် သီလမြင့်မြတ်ကောင်းမွန်သူဖြစ်တာကို သိလိုက်ရတယ်. . . "

"ကျုပ်လည်း သူ့ကို ဆေးဝါးကုသပေးရတာကို ဘယ်လိုဖော်ပြရမှန်း မသိအောင် ကြည်နူးရတယ်. . အဘိုးအိုကလည်း ကျုပ်အပေါ်အစဉ်သဖြင့် နူးညံ့တဲ့မျက်ဝန်းနဲ့ကြည့်ပြီး၊ နွေးနွေးထွေးထွေး ပြောဆိုတယ်. . သူ့မျက်ဝန်းထဲက ပုံရိပ်တွေကို နွေးထွေးတဲ့ ရင်းနှီးဆက်ဆံမှုများကတစ်ဆင့် ကျုပ်အကဲခတ် သိရှိရတာက အဘိုးအိုဟာ. . ကျုပ်ရင်ထဲက တစ်စုံတစ်ရာကို သိရှိနေသလို ခံစားရတယ်။ နောက်ပြီး ကျုပ်စိတ်ထဲမှာလည်း အဘိုးအိုဟာ ကျုပ်ရင်ထဲက ပူပင်သောကတွေကို ကူညီဆောင်ရွက်နိုင်စွမ်းရှိသူလို့ ယုံကြည့်နေမိတယ်. . . "

"ကျုပ်ရဲ့ ယုံကြည့်မျှော်လင့်မှုတွေဟာ အမှန်တကယ် ဟုတ်မှန် နေတာကို ရက်အနည်းငယ်အတွင်း သိခဲ့ရပါတယ်. . အတော်အတန်ကျန်းမာ နေပြီဖြစ်လို့ ရက်သတ္တနှစ်ပတ်မျှ နေထိုင်ပြီး သူတို့ဂျစ်ပဆီများစခန်းချရာ . အိန္ဒိယ-မြန်မာ နယ်စပ်က ပရာဒိန်းမြို့ကလေးကို ပြန်ဖို့ဆုံးဖြတ်တဲ့နေ့မှာပဲ. . ဂျစ်ပဆီအဘိုးအိုနဲ့ ကျုပ်ဟာ စကားများစွာပြောဆိုဖြစ်ကြတယ်။ အဘိုးအိုက ခရစ်ယာန်ဘာသာဝင်များရဲ့ သမ္မာကျမ်းစာပါ ရှင်မဿဲကျမ်းမှာပါတဲ့ "ဝန်လေး ပင်ပန်းနေသူအပေါင်းတို့ ငါ့ထံလာကြဟော့", ဆိုတဲ့ စာသားကို ရွတ်ဆိုပြတယ်။ ပြီးတော့ ကျုပ်ရင်ထဲမှာ ဘယ်လိုစိတ်ဆင်းရဲသောကအပေါင်းနဲ့ ဝန်လေးပင်ပန်း နေတာကို သူရိပ်မိတဲ့အကြောင်းပြောဆိုပြီး. . အဲဒီ ပူပန်သောကတွေကို ငြိမ်းအေးစေနိုင်တာက မြတ်ဗုဒ္ဓရဲ့ဆိုဆုံးမခဲ့တဲ့ တရားဓမ္မများကို ကျင့်ကြံ အားထုတ်ခြင်းဖြင့်သာ ဖယ်ရှားနိုင်မယ်လို့ပြောဆိုပြီး. . ဘယ်လိုကျင့်ကြံရမယ် ဆိုတာကိုလည်း ပြည့်ပြည့်စုံစုံ ရှင်းပြတယ်. . . "

"အနှစ်ချုပ်ပြောရရင်တော့ ကိုယ်ကျင့်တရား စင်ကြယ်ကောင်းမွန် အောင် စောင့်ရှောက်ထိန်းသိမ်းခြင်းနှင့် စိတ်သမာဓိ ခိုင်ကျည်အောင် ကြိုးစားအားထုတ်ခြင်းလို့ ပြောရမှာပေါ့. . ကျုပ်လည်း သူ လမ်းညွှန်ဆိုဆုံးမတဲ့ နည်းလမ်းအတိုင်း ကျင့်ကြံမှုတွေ ပြုလုပ်တဲ့အခါမှာ ဘယ်တုန်းကမှ မရရှိခဲ့ဖူးတဲ့ ခံစားမှုမျိုး ရရှိခံစားခဲ့ရတယ်. . အချိန်အားရတာနဲ့ စိတ်သမာဓိ ခိုင်ကျည်စေဖို့ ဝိပဿနာတရားကို ကျင့်ကြံအားထုတ်သလို. . ဝေနေယျသတ္တဝါတွေ အားလုံး အပေါ် စိတ်အာရုံကို စူးစိုက်ပြီး လေးနက်စွာမေတ္တာပို့အမျှဝေတယ်။ ကျုပ်ဇနီး



ရှယ်လီနဲ့ ရင်သွေးငယ်ကိုတော့ အလုံးစုံမေတ္တာပို့သပြီး နောက်ဆုံးကျမှ မေတ္တာပို့ ဆုတောင်းတယ်. . ရက်အနည်းငယ်အတွင်းမှာပဲ ကျုပ်စိတ်အာရုံတွေဟာ ငြိမ်းချမ်းမှုနဲ့ ခိုင်ကျည်တဲ့သမာဓိမျိုး ရရှိခံစားခဲ့ရတယ်. . ဂျစ်ပဆီ အဘိုးအိုဟာ ပရိဒေဝသောကမီးလောင် မြိုက်ခံစားနေရတဲ့ ကျုပ်ကို အဲဒီနောက်ပိုင်းကာလ အတွင်းမှာ တရားဒေသနာနဲ့ ကုသပေးခဲ့ပါတယ်"

"သိပ်ကို အံ့ဩစရာပါပဲ. . လက်ဖတင်နင်၊ အဘိုးအို သင်ကြာပေးတဲ့ နည်းစနစ်အတိုင်း ကျင့်ကြံအားထုတ်လို့ ဆယ်ရက်လောက်ကြာတဲ့အခါမှာ ဘယ်တုန်းကမှ မရရှိခဲ့ဖူးတဲ့ ထူးခြားတဲ့ အာရုံတွေကို အိမ်မက်ထဲမှာ မြင်ယောင် ခံစားခဲ့ရတယ်။ ကျုပ်အနေနဲ့ အဲဒီအာရုံခံစားမှုတွေကို တိကျရှင်းလင်းအောင် ပြောဖို့ ခက်လှပါတယ်. . လက်ဖတင်နင်။ အနီးစပ်ဆုံးပြောရရင်တော့ အလွန်ကို အေးစက်မည်းမှောင်ပြီး၊ ချောင်ကျတဲ့အရပ်ဒေသမှာ ကျုပ်ဇနီးရှယ်လီကို တွေ့ရတယ်. . အသေအချာ စူးစိုက်ကြည့်မိတော့ ရှယ်လီရှိတဲ့နေရာဟာ ရေပတ်လည်ဝိုင်းနေတဲ့ ကျွန်းကလေးဖြစ်နေတယ်. . သူ့အနီးပတ်ဝန်းကျင်မှာ လည်း နက်မှောင်တောက်ပြောင်ပြီး အသွေးအရောင်နဲ့ ဂမုန်းနက်ပွင့်ကြီးကို တွေ့မြင်ရတယ်. . ကျုပ်ရင်ကို မခံမရပ်နိုင်အောင် တုန်လှုပ်သွားစေတာက ရှယ်လီ့နောက်ဖက်နားမှာရှိနေတဲ့ ပုံရိပ်ဖြူဖြူလေးပါပဲ။ လူသဏ္ဍာန်တစ်ခုဆိုတာ သိပေမယ့် သဲကွဲမှုမရှိတာကြောင့် ယောကျ်ားလား. . မိန်းမလားဆိုတာကို ဝေခွဲမရ ဘူးဖြစ်နေတယ်. . ကျုပ်ရင်ထဲမှာလည်း လိမ်ညာမရအောင် ခံစားနေတာကက အဲဒီပုံသဏ္ဍာန်ရိပ်ဟာ၊ ကျုပ်နဲ့ရှယ်လီရဲ့ ရင်သွေးဖြစ်မယ်လို့ နင့်နင့်သီးသီး ခံစားလိုက်ရတယ်. . . "

အဲဒီသဏ္ဍာန်ကို ရက်ခြားမြင်ယောင်မိတော့. . အိပ်မက်ရဲ့ထူးခြားမှုကို သတိပြုမိသွားတယ်. . ကျုပ်ဇနီး ရှယ်လီဟာ စကားပြောဆိုခြင်းမရှိပေမယ့်. . မျက်နှာအမူအရာတွေက အမျိုးမျိုးပြောင်းလဲနေတယ်၊ တစ်ခါတလေ မျှော်လင့် အားတက်တဲ့အမူအရာမျိုး ထင်ဟတ်လာသလို တစ်ခါတလေကျတော့ ညှိုးငယ် နေတာမျိုး ဖြစ်သွားပြီး. . များသောအားဖြင့်တော့ ကျုပ်ကို မျှော်လင့်အားကိုးသလို၊ အသနားခံသလို မျက်ဝန်းမျိုးနဲ့ ကြည့်နေတာမျိုးဖြစ်တယ်. . ကျုပ်ဟာ အိပ်ရာမှ နိုးတဲ့တိုင်အောင် အဲဒီပုံရိပ်တွေကို ဖျောက်ဖျက်မရအောင် စွဲထင်နေမိတယ်. . ကျုပ် တစ်သက်မှာ ဘယ်လိုမှ မျှော်လင့်နိုင်စွမ်းမရှိတော့ပြီလို ယူဆရမလိုဖြစ်တဲ့

www.burmeseclassic.com

မျှော်လင့်ချက်တွေဟာ အဲဒီပုံရိပ်တွေကြောင့် အပြင်းအထန် လှုပ်ရှားလာခဲ့တယ် ကျုပ်ဇနီးရှယ်လီနဲ့ ရင်သွေးဟာ ကျုပ်မသိနိုင်တဲ့ ကမ္ဘာမြေတစ်နေရာ မသေမပျောက် ကျန်းမာစွာရှိနေပြီး၊ ကျုပ်ဆီ အရောက်ပြန်နိုင်မယ်လို့ အစွမ်းကု မျှော်လင့်နေတယ်ဆိုတာကို. . ကျုပ် ယုံကြည်ခံစားရတယ်။

"အဘိုးအိုဟာ. . ကျုပ်ရင်ထဲက ဖြစ်ပျက်ခံစသားမှုကို ကြိုပြီး မြင်ပ သလိုပါပဲ လက်ဖတင်နင်. . သူ့ဝေဒနာ ပျောက်ကင်းသက်သာအောင် ပြုစုကု ပေးတဲ့အတွက် ကမ္ဘာမှာလွန်စွာ ရှားပါးပြီး၊ ဘယ်လိုမှ ရှာဖွေလို့မရတဲ့ ဂမုန်းပ နက်ပွင့်ကြီးကို လက်ဆောင်အဖြစ်ပေးအပ်တဲ့အခါ. . ကျုပ် ဘယ်လော တုန်လှုပ်သွားမလဲဆိုတာ လက်ဖတင်နင် တွေးတောပုံဖော်နိုင်ကောင်းပါရဲ့. ကျုပ်ဘယ်လိုဖြစ်သွားသလဲဆိုရင် ကိုယ့်အသိတရားကို ကောင်းစွာထိန်းချ နိုင်စွမ်းမရှိသူလို ဖြစ်သွားပြီး၊ ကျုပ်လည်း ကျုပ်ဘဝဖြစ်စဉ်တွေဟာ ဒီဂမုန်းပ နက်ပွင့်နှင့် ဘယ်လိုဆက်နွယ်ခဲ့ရကြောင်းကို အပြည့်အစုံ ရှင်းပြလိုက်ပါတယ်. ကျုပ်ရင်ထဲက ပူပင်သောကတွေကို အဘိုးအိုက တရားဓမ္မများနှင့် နှစ်သိ ပြောကြားပြီး၊ အဲဒီဂမုန်းပန်းနက်ပွင့် ရရှိလာပုံကို ပြောပြပါတယ်. . လွန်ခဲ့ ဆယ်စုနှစ်ကျော်ခန့်က ထူးဆန်းတဲ့ လူတစ်ယောက်ကို ကယ်ခဲ့ဖူးကြောင်း. အဲဒီသူရဲ့ ဘာသာစကားဟာ အလွန်နားလည်ရခက်ကြောင်း ခွာထန်မီးလူရိုင်း စကားမျိုးဖြစ်ပေမယ့်. . အလွန်ရှေးကျတဲ့အတွက် အမူအယာဖြင့်သာ နားလ ခဲ့ရကြောင်း ရှင်းပြတယ်၊ အဲဒီလူဟာ လူလတ်ပိုင်းအရွယ် အမျိုးသာ တစ်ယောက်ပါပဲ။ သူဟာ အတော့်ကို ရုပ်ပျက်ဆင်းပျက်နဲ့ မကျန်းမမာဖြစ် တယ်။ ကျုပ်တို့ ဂျစ်ပဆီတွေ အိန္ဒိယနယ် ဆူဒယာပြန်နယ်တစ်ပိုက် ရောက်ရှိစဉ်မှာ သူ့ကို တွေ့ခဲ့တာပေါ့. . သွေးထွက် သံယိုဒဏ်ရာတွေကြေ သူ့တစ်ကိုယ်လုံး မြင်မကောင်းအောင် ရုပ်ပျက်ဆင်းပျက်ဖြစ်နေတယ်. . သူ လူတွေကို အကူအညီမတောင်းဝံ့အောင် ကြောက်လန့်နေသလို သူ့စက ကိုလည်း ဘယ်သူမှ နားမလည်ဖြစ်နေတာက. . သူ့ကို အခြေအနေပိုပြီး ဆိုး စေတာပေါ့။ ကျုပ်တတ်ကျွမ်းနားလည်သလောက် ဆေးပညာနဲ့ သူ အတတ်နိုင်ဆုံးပြုစုကုသပေးတော့ အတန်ငယ်ကျန်းမာလာတယ်။ သူနဲ့အ တွေ့ရတဲ့ ဂမုန်ပန်းနက်ပွင့်ကို မြင်ကတည်းက အဲဒီပန်းဟာ ရှေးဟော ခွာထန်မီးလူမျိုးတွေ အထွတ်အမြတ်ထားရာ. . ပန်းဖြစ်တာကို ကျုပ်သိလိုက်



ရှေးအခါက ဆူဒယာပြည်နယ်အတွင်းမှာ ခွာထန်မီးလူမျိုးတွေနေတဲ့ တောင်ကြီး မြို့မကျမီ ကာလတုန်းက ရှေးဟောင်းခွာထန်မီး လူမျိုးတွေဟာ သူတို့နေထိုင်တဲ့ အရပ်ဒေသရဲ့ အလွန်လျှို့ဝှက်တဲ့နေရာမှာ ဒီဂမုန်းနက်ပင်ကို စိုက်ပျိုးထားလေ့ ရှိတယ်။ နောက်အခါမှာတော့ အာသံပြည်မှာ ငလျင်ကြီးလှုပ်ခဲ့ပြီး၊ သူတို့ နေထိုင်တဲ့ တောင်ကြီးပြိုကျသွားတဲ့အခါ လူမျိုးပြုတ်လုနီးပါး သေကြေပျက်စီးခဲ့တဲ့ အတွက် အဲဒီ ဂမုန်းနက်တွေဟာများစွာသော ခွာထန်မီး လူအများနဲ့အတူ. . ပျောက်ကွယ်နစ်မြုပ်သွားခဲ့တယ်ဆိုတာကို ကျုပ်အစဉ်အဆက် ကြားသိထားပါ တယ်။ ဒါကြောင့်လည်း အဲဒီထူးဆန်းတဲ့ ပန်းနဲ့အတူ တွေ့ရှိရတဲ့အတွက် ကျုပ်လည်း အလွန်အံ့ဩခဲ့ရတယ်။ သူ့ကို ပြုစုကုသပေးရင်း. . အဲဒီလူဟာ ပျောက်ကွယ်သွားတဲ့ ရှေးဟောင်းခွာထန်မီးလူမျိုးဖြစ်နေပြီး ပြစ်ဒဏ်ကြောင့် သေဒဏ် ပေး ခံလိုက်ရပေမယ့်. . ကံအားလျော်စွာ လွတ်မြောက်ခဲ့ခြင်းဖြစ်တယ်။

"အဘိုးအိုဟာ အဲဒီထူးဆန်းတဲ့ လူကို ပြုစုကုသပေးရင်း လအတန် ကြာတဲ့အခါမှာ သူတို့ပြောဆိုကြတဲ့ဘာသာစကားကို အတော်အတန် နားလည် လာသလို သူတို့တွေရဲ့ ဓလေ့ထုံးစံကိုလည်း လေ့လာသိရှိခဲ့ရတယ်။ သူ ဘယ်လို လွတ်မြောက်ခဲ့ရတယ်ဆိုတာနဲ့ သူ လွတ်မြောက်ခဲ့တဲ့ လမ်းခရီးစဉ်ကိုလည်း သိရှိခဲ့ရတယ်။ ဂျစ်ပဆီအဘိုးအို ဘယ်လိုပြုစုပေမယ့်လည်း. . အဲဒီ ထူးဆန်းတဲ့ လူဟာ အသက်ဆုံးပါးသွားပါတယ်။ အဲဒီလူ မဆုံးပါးခင်မှာ သူယူဆောင်လာခဲ့တဲ့ အဲဒီဂမုန်းပန်းနက်ပွင့်ကို ကျေးဇူးတုံ့ပြန်တဲ့အနေနဲ့ အဘိုးအိုကို ပေးခဲ့ပါတယ်. . လက်ဖတင်နင်"

ဟူ၍. . ရှည်လျားစွာ ရှင်းပြလေ၏။

ကျော်စွာသည် လွန်စွာအံ့ဩဖွယ်ဖြစ်ရပ်များကို မိတ်ဆွေနှစ်ဦးထံမှ ထင်မှတ်ဘဲ ကြားသိရသဖြင့် စိတ်ဝင်တစားဖြစ်နေတော့၏။ လောကကြီးတွင် လူတို့မသိရှိနိုင်သော သိနိုင်စွမ်းလည်း မရှိသော၊ သိရှိဖို့လည်း မလွယ်ကူသော ဖြစ်ပျက်မှု အကြောင်းအရာများမှာ အဘယ်မျှရှိနေကြပါသနည်း. . သို့ကြောင့် လည်း ငှင်းတိပ်မြုပ်ကွယ်ပျောက်လျက်ရှိသည့် အကြောင်းအရာများကို ပညာရှင် များက သုတေသနပြု ရှာဖွေဖော်ထုတ်ကြ၍သာ အချို့သောကိစ္စများကို လူအများသိရှိကြခြင်းဖြစ်သည်။ ထိုကိစ္စများကို အထူးစွန့်စားရှာဖွေ ဖော်ထုတ် ကြသည့် ပုဂ္ဂိုလ်များမှာ လူမျိုးစုသုတေသနပညာရှင်များပင် ဖြစ်သည်။

www.burmeseclassic.com

ထပ်မံသိရှိရသည့် ဖြစ်ပျက်မှုများမှာ ဤသို့ဖြစ်၏။

ဂျစ်ပဆီအကြီးအကဲ အဘိုးအိုထံမှ ကြားသိရသည့် အကြောင်းအရ များက ဒေါက်တာဂျက်ဖာဆင်နှင့် တိုက်ရိုက်သက်ဆိုင်နေသည်မှာ ငြင်းမရအော သေချာနေပြီဖြစ်သည်။ နှစ်ကာလများစွာ ပူပင်သောက ခံစားခဲ့ရသည့် ဒေါက်တာကြီး၏ အဖြစ်အပျက်များကို ကြားသိရသဖြင့် အခြားသူများလည်း လွန်စွာမှ စိတ်သဘောထားမြင့်မြတ်သည့် ဒေါက်တာကြီးအတွက် စိတ်မချမ်းမြေ စွာ ခံစားကြရ၏။

ထိုကိစ္စအတွက် 'အထူးစိတ်မချမ်းမြေ့ဖြစ်နေရသူမှာ ဂျစ်ပဆီလေ သိဒ္ဓိဖြစ်သည်။ ဒေါက်တာကြီးမှာ မိမိသာမက မိမိတို့မျိုးနွယ်စု၏ အကြီးအက ဖြစ်သူ၏ အသက်ကိုပါ ကယ်တင်ခဲ့သူဖြစ်လေရာ. . ကျေးဇူးတရားကို တုံ့ပြန်လို သဖြင့် ထိုကိစ္စကို ကူညီဆောင်ရွက်ရန် သူ၏အဘိုးထံမှ ခွင့်တောင်းလေ၏။ ထိုကိစ္စမှာ လွန်စွာကြီးလေးသောကိစ္စဖြစ်တာကို အားလုံးသိနားလည်ကြ၏။

စိတ်ကူးနှင့် လက်တွေ့တစ်ထပ်တည်းဖြစ်ဖို့ဆိုသည်မှာ လွန်စွ မှန်းဆရခက်သည့်ကိစ္စဖြစ်သည်။

အသက်နှင့် ရင်းနှီး၍ စွန့်စားဆောင်ရွက်သော်မှ အောင်မြင်မှုရမည် မရမည်ကို ဘုရားသခင်မှ သိနိုင်ပါလိမ့်မည်။

ဆင့်၍သွယ်တန်းနေသော တောင်စဉ်တောင်တန်းများကို ဖြတ်ကျေ ရမည်ဖြစ်သလို. . နက်ရှိုင်းကြီးမားသော တောအုပ်ကြီးများ၊ သဘာ ဘေးအန္တရာယ်များနှင့် သားရဲတိရစ္ဆာန်တို့ အန္တရာယ်များနှင့်လည်း မလွဲမသွေ ရင်ဆိုင်ကြုံတွေ့ရမည်ဖြစ်၍. . အသက်အန္တရာယ်အတွက် အလွန်စိုးရိမ်ဖွယ် ကောင်းလှသည့် ခရီးကြမ်းဖြစ်သည်။

သို့သော်လည်း ထိုကိစ္စကိုသိလိုက်ရသည့် ဒေါက်တာကြီးက. . သူ့ဘဝကို ဇနီးနှင့်ရင်သွေးအတွက် အဆုံးစွန်မြှုပ်နှံထားပြီးဖြစ်သလို သူ အသက်ရှင်နေထိုင်ခြင်းမှာလည်း ဇနီးနှင့်ရင်သွေးကို ပြန်လည်တွေ့ဆုံရ မျှော်လင့်ရန်မှတပါး အခြား ဆန္ဒရည်ရွယ်ချက်များ မရှိတော့ပြီဖြစ်၍ မည်သို့သော အန္တရာယ်ကိုမျှ အမှုမထားဘဲ ထိုအရပ်ဒေသသို့ အရောက်သွားပြီး တွေ့အော ရှာဖွေရန် အခိုင်အမာ ဆုံးဖြတ်လိုက်ပြီး၊ ဂျစ်ပစီအဘိုးအိုထံမှ ခရီးစဉ်လမ်း မြေပုံကို တောင်းခံလေ၏။



ဒေါက်တာကြီး၏ ဆန္ဒများပြည့်ဝခဲ့ပါသည်။ ထိုသို့ဖြစ်သွားရသည်မှာ လည်း. . သိဒ္ဓိကြောင့်ပင် ဖြစ်သည်။ အကယ်၍ သိဒ္ဓိ၏ ကူညီပံ့ပိုးမှုကို မရပါက၊ ဒေါက်တာကြီးမှာ ထိုအရပ်ဒေသသို့ ဘယ်လိုမှ သွားရောက်နိုင်မည်မဟုတ်ပါ။ အကြောင်းကား ထိုဒေသသို့ရောက်ရှိနိုင်မည့် လမ်းပြမြေပုံမှာ. . ၎င်းလူမျိုးများ၏ အလေ့အထများနှင့် လွန်စွာရှုပ်ထွေးနက်ရှိုင်းသည့် လမ်းကြောင်းများကို ဂျစ်ပစီ အဘိုးအိုသည်. . ၎င်းတို့တတ်ကျွမ်းသည့်ပညာရပ်များဖြင့် မှတ်သားထားခဲ့ခြင်း ကြောင့်ဖြစ်သည်။

ထိုအဓိပ္ပါယ်များကို သိရှိနားလည်နိုင်ဖို့ဆိုတာ သိဒ္ဓိသာလျှင် စွမ်းဆောင် နိုင်မည်ဖြစ်သည်။ ထိုကိစ္စအတွက် ဂျစ်ပစီအဘိုးအိုမှာ အနည်းငယ်မျှ ကန့်ကွက်ခြင်းမရှိသည့်အပြင်. . ဒေါက်တာကြီး၏ဆန္ဒကို ဝမ်းမြောက်ဝမ်းသာ ခွင့်ပြုပြီး၊ သိဒ္ဓိကို သူ မှတ်သားထားခဲ့သည်များကို ရှင်းပြသင်ကြားပေးလေ၏။

ထိုကိစ္စများ အဆင်ပြေချောမွေ့စေရန် သူတို့သည်. . ရက်ကာလ အတန်ကြာ အချိန်ယူပြင်ဆင်ခဲ့ရသည်။ သည့်နောက်မှာတော့ သူ၏ဇနီး ပျောက်ဆုံးစဉ်က ရှိရှိခဲ့သည့်ဂမုန်းပန်းနက်ပွင့်ကို လက်ဆောင်အဖြစ် ပေးအပ်ခဲ့ သည်။ ထို့နောက်မှာတော့ မြန်မာနိုင်ငံရှိ လက်ဖတင်နယ်ကျော်စွာဆီသို့ ထွက်ခွာလာခဲ့ခြင်း ဖြစ်သည်။

www.burmeseclassic.com

## အခန်း ◀ ၁၁ ▶

## ဂမုန်းပန်းနက်ပွင့် အစစ်လား... အတုလား

မီးလင်းဖိုမှ မီးအရှိန်ကြောင့် အခန်းမှာ ကောင်းစွာပူနွေးနေလေ၏။

သူတို့ သုံးဦးသည် မီးလင်ဖိုကို အလယ်တွင်ထားလျက် ခွေးခြေ... ပုလေးဖြင့် ထိုင်နေကြခြင်းဖြစ်သည်။ ထိုသို့ ထိုင်နေလျက်က နာရီအတော်များမျ... ကြာမြင့်သည်အထိ စကားပြောဆိုခဲ့ကြ၏။

ကျော်စွာသည် ကြားရသည့် စကားများအပေါ် အထူးပင် စိတ်ဝင်တစ... ဖြစ်နေပါသည်။ နှစ်ကာလများစွာ မျှော်လင့်ချက်ကင်းမဲ့ခဲ့ရပြီး ပူပန်မှုဖြ... လောင်မြိုက်ခံစားမှုများမှ လွတ်မြောက်ရန် လမ်းစတွေ့ရှိလိုက်ပြီဖြစ်သဖြ... ဒေါက်တာကြီးအတွက် ထိုသို့ဝမ်းမြောက်မိခြင်းဖြစ်သည်။

နှင်းတောထဲမှ ဖြတ်သန်းလာရသဖြင့် အေးစက်စိုစွတ်နေသေ... သူ့ကိုယ်မှာ မီးအရှိန်ဖြင့် ကောင်းစွာသွေ့ခြောက်နေ ပြီဖြစ်သည်။ ရှည်လျား... အရောင်စွတ်စွတ်ဖြူနေသည့် မုတ်ဆိတ်ရှည်ကြီးများမှာ သူ၏ရင်ဘက်ကျေ... အောင် ခန့်ညားစွာ ကျရောက်လျက်ရှိ၏။

သူ့ကိုယ်မှ အဝတ်များမှာ အစိုပြန်၍ အခိုးအငွေ့များ ထွက်လျက်ရှိ... မုတ်ဆိတ်ဖြူတဖွားဖွားနှင့်ထိုင်နေသည့် ဒေါက်တာကြီး၏ပုံသဏ္ဌာန်မှာ ခရစ်စ... ညများတွင် ကလေးတို့အား ရွှင်မြူးနှစ်သက်ဖွယ်ရာ ခရစ်စမတ်လက်ဆောင်... ပေးတတ်လေ့ရှိသော ခရစ်စမတ်ဘိုးဘိုးကြီး ဆန်ကာကလော့စ်နှင့် တူလှပေ...

ဂျစ်ပဆီသိဒ္ဓိ၏ အမူအရာမှာ အထူးပင်ရွှင်ပျနေ၏။ သူကိုယ်... ချစ်ခင်နှစ်သက်စွာဖြင့် အမည်သတ်မှတ်ပေးခဲ့သည့် အရှင်ဟူ၍ ပြောဆို... စစ်ဗိုလ်လေးကျော်စွာနှင့် သခင်ကြီးဟူ၍ ပြောဆိုသည့် ဒေါက်တာဂျက်ဖ...



...တို့နှင့်ထိုသို့နီးကပ်စွာ ဆုံတွေ့ခွင့်ရခြင်းအပေါ်မှာ ကျေနပ်မဆုံး ပျော်ရွှင်နေပုံရ၏။

မဏိပူရစခန်းမှ ထွက်ခွာစဉ် အတူတကွ သုံးဆောင်ခဲ့ကြသည့် အသားနှင့်ပေါင်မုန့်ကို တမ်းတမ်းတတပြောဆိုနေခြင်းက ထိုအချင်းအရာကို ဖော်ပြနေခြင်းပင် ဖြစ်သည်။ သူက ထိုအထိမ်းအမှတ်ပွဲလေးကြောင့် ယခုလို ရာသက်ပန်မိတ်ဆွေများနှင့် ပြန်လည်ဆုံစည်းရခြင်းဟု ပြောဆိုပြန်၏။

မည်သို့ဆိုစေ ထိုစဉ်က ဘယ်လိုမှမျှော်လင့်နိုင်စွမ်း မရှိတော့ဟု ထင်မှတ်ခဲ့ကြသော်လည်း ၎င်းတွေ့ဆုံခဲ့သည့်အချိန်မှ နောင်နှစ်နှစ်ကျော်ကြာမြင့်သည့် နေ့တစ်နေ့တွင်. . ဤသို့ အံ့သြဖွယ်ဆုံစည်းခဲ့ကြရသည်။

ထိုနေ့မှာပဲ ရက်ကာလများစွာ တပင်တပန်းကြိုးစားစိုက်ပျိုးခဲ့သည့် ကျော်စွာ၏ ဂမုန်းပင်မှလည်း သူမျှော်မှန်းသလို အပွင့်ပွင့်ခဲ့၏။ ထိုပန်းနက်ပွင့်ကို ကြည့်ရှုရင်း ဒေါက်တာကြီးနှင့်သိဒ္ဓိမှာ လွန်စွာအံ့သြသွားလေ၏။ ထိုမျှ အရည်အသွေး ကောင်းမွန်သည့် အပွင့်မျိုးဖြစ်ထွန်းအောင် စိုက်ပျိုးနိုင်စွမ်းသည့် ကျော်စွာကို အံ့ဩချီးမွမ်းပြောဆိုလေတော့၏။

အလင်းအားကောင်းသည့် ဖန်မီးအိမ်ကြီးများ ချိတ်ဆွဲထားသဖြင့် အတော်အတန် ကျယ်ဝန်းသော ထမင်းစားခန်းကြီးမှာ လင်းထိန်လျက်ရှိ၏။ ၎င်းအလင်းများ တစ်စုတစ်စည်းကျရောက်နေသည်မှာ ငါးပေခန့်အမြင့်ရှိသည့် စားပွဲခုံပေါ်သို့ ဖြစ်သည်။

ထိုစားပွဲခုံပေါ်ရှိ အဖြူရောင်ကတ္တီပါအစပေါ်တွင် ဂမုန်းပွင့်နက် သုံးပွင့်ရှိ၏။ ပန်းသုံးပွင့်အနက် အလယ်တွင်ရှိသော ပန်းပွင့်မှာ ထိုညတွင်မှ ပွင့်လန်းလာသည့် ကျော်စွာ၏ ဂမုန်းနက်ပန်းပွင့်ဖြစ်သည်။

သူတို့သုံးဦးသည် ထိုပန်းသုံးပွင့်ကို အကြိမ်ပေါင်းများစွာ ကိုင်တွ... ကြည့်ရှုခဲ့ပြီးဖြစ်သည်။ ဂျစ်ပဆီ အဘိုးအိုထံမှ ဂမုန်းနက်ပန်းပွင့်နှင့် ဒေါက်တာ... ကြီးက လက်ဆောင်အဖြစ်ပေးအပ်၍ ကျော်စွာရရှိသည့် ဂမုန်းနက်ပန်းပွင့်မှာ အရွယ်အစား၊ ပုံသဏ္ဌာန်နှင့်မျိုးဗီဇ တူညီနေသော်လည်း ကျော်စွာစမ်းသပ်... ...က်ပျိုးသည့် ပန်းနက်ပွင့်မှာတော့. . ၎င်းပန်းတို့နှင့် အရွယ်အစားနှင့် အ... ...သဏ္ဌာန်မှာ တူသော်လည်း အနှစ်သာရမှာ ကွဲလွဲနေ၏။

အဓိက ကွဲလွဲမှုမှာ အရိုးတိုင်ဖြစ်သည်။ ကျော်စွာ၏ ဂမုန်းပွင့်ကပန်းပွင့်... ...က်မှောင်ပမယ့် အရိုးတိုင်မှာ အနက်ရောင်သမ်းသည်ဆိုရုံမျှသာဖြစ်ပြ...

www.burmeseclassic.com

နှိုင်းယှဉ်ကြည့်လေမှ အနက်ရောင်မဟုတ်ဘဲ၊ ခရမ်းရောင်ဖြစ်နေ၏။ ဒေါက်တာကြီး၏ ဂမုန်းပွင့်က အရိုးတိုင်မှာ အရွက်ကဲ့သို့ ရှိန်းရှိန်းနက်မှောင်နေလေ၏။

ခြုံ၍ဆိုရသော ကျော်စွာ၏ ဂမုန်းပန်းနက်ပွင့်မှာ ရုက္ခဗေဒနည်းပညာဖြင့် စမ်းသပ်စိုက်ပျိုး၍ရရှိသည့် အောင်မြင်မှုဟူ၍ ယူဆရမည်ဖြစ်သည်။

ဋင်းကွဲလွဲမှုများကို တွေ့ရသည်တွင် ကျော်စွာသည် စစ်မှန်သော ဂမုန်းပန်းနက်ပွင့်များအပေါ် လွန်စွာစိတ်ဝင်တစား ဖြစ်မိလေ၏။ ထိုပန်းပွင့်များ ပေါက်ရောက်ရာ အရပ်ဒေသကိုလည်း စူးစမ်းလိုစိတ်များ တဖွားဖွားဖြစ်ပေါ်လာလေ၏။

ဒေါက်တာကြီးနှင့် သူသည် အချိန်အတော်ကြာသည်အထိ အပြန်အလှန်ပြောဆိုပြီးသည့် နောက်မှာတော့ သူ၏ဘဝသည် ထိုအချိန်မှစ၍ ဘဝတစ်ဆစ်ချိုး ပြောင်းလဲခဲ့ရတော့၏။

သူတို့နှစ်ဦး ပြောဆိုကြသည့်စကားများမှာ ဤသို့ဖြစ်၏။ ကျော်စွာသည် ဒေါက်တာကြီး၏ အကြောင်းကို အလုံးစုံသိပြီးဖြစ်၍ ဒေါက်တာကြီး ဘယ်လို စိတ်ကူးကြံစည်ထားသည်ကို မေးမြန်းလေ၏။ ထိုအခါ ဒေါက်တာကြီးက. . . .

"ဒီအတွက် လက်ဖတင်နင်ဆီကို. . ကျုပ်လာခဲ့တာပါ။ ကျုပ်အနေကတော့ ဇနီးနဲ့ရင်သွေးဟာ ကျုပ်မသိနိုင်တဲ့. .တခြားဘယ်လိုလူမှလည်း မသိရှိနိုင်တဲ့ အရပ်ဒေသတစ်ပါးမှာ မတရားဖမ်းဆီးချုပ်နှောင်ခံနေရတယ်လို့ အခိုင်အမာ ယုံကြည်ထားပါတယ်. . ခိုင်မာတဲ့အထောက်အထားတွေလည်း ရရှိထားပြီဖြစ်လို့ ဇနီးနဲ့ရင်သွေးကို ပြန်ရယူဖို့ကလွဲရင် တခြားရွေးချယ်စရာ နည်းလမ်းမရှိတော့ပါဘူး. . ဒါပေမယ့် ဒီကိစ္စအောင်မြင်အောင် ဆောင်ရွက်နိုင်ဖို့ ဆိုတာ ကျုပ်တစ်ယောက်တည်းရဲ့ အရည်အချင်းအစွမ်းအစနဲ့ ဘယ်လိုမှ ဖြစ်နိုင်မှာမဟုတ်သလို. . အနည်းဆုံးအသက်ပေးပြီး ယုံကြည်စိတ်ချရတဲ့ မိတ်ဆွေ တစ်ယောက်လောက်ကို အကူအညီတောင်းရမှာ ဖြစ်တယ်။ ရှေးဟောင်း ခွာထန်မီး လူမျိုးတွေရဲ့လက်ထဲကနေ သွားရောက်ကယ်တင်ဖို့ကိစ္စဟာ. . အင်မတန်ခက်ခဲသလောက် အသက်ဘေးအန္တရာယ်တွေလည်း များလှလေတော့ အတူ လိုက်ပါမယ့်သူဟာ ရဲဝံ့သတ္တိနဲ့စွန့်စားရဲတဲ့သူ. . အရေးအကြောင်းရှိလာရင် အခက်အခဲ အကျဉ်းအကျပ် အခြေအနေကနေ လွတ်မြောက်အောင်မြင်အောင် ရှုန်းကန်ထွက်နိုင်တဲ့ ဉာဏ်အရည်အသွေးအစွမ်းအစ ထက်မြက်သူ. . ကိုယ်နဲ့ ထပ်တူ စိတ်ချယုံကြည်အားကိုးရတဲ့သူဖြစ်ဖို့ အလွန်အရေးကြီးပါတယ်. .



လက်ဖတင်နင်ကတော့ ဒီအရည်အသွေးတွေနဲ့ အားလုံးကိုက်ညီပြည့်စုံသူလို့ ယုံကြည်ထားပါတယ်။ ဒါကြောင့်လည်း ဒီကိစ္စအတွက် တိုင်ပင်ဆွေးနွေးချင်လို့ လက်ဖတင်နင်ဆီ. . ရောက်လာခြင်းပါ"

သူတို့နှစ်ဦးကြားတွင် အပ်ကျသံကြားရမတတ် ငြိမ်သက်တိတ်ဆိတ်နေ၏။ မီးလင်းဖိုမှ မီးအရှိန်မှာ လျော့နည်းစပြုနေပြီဖြစ်၍ သိဒ္ဓိက မီးတောက်အားကောင်းစေရန် မီးစွတစ်ချောင်းဖြင့် ထိုးစွပြီး၊ မီးအရှိန်ကို မြှင့်လိုက်လေ၏။

"ကျုပ်အနေနဲ့. . လက်ဖတင်နင်ရဲ့အကူအညီကို အထူးသဖြင့် လိုအပ်နေပါတယ်. . ဒါပေမယ့်လက်ဖတင်နင်အနေနဲ့ သာမန်တောထဲမှာ ရိုးရိုးတန်းတန်း လှည့်လည်ရှာဖွေရတာမျိုးမဟုတ်ဘဲ အသက်ဘေးအန္တရာယ်ကြားထဲက စွန့်စွန့်စားစားသွားရောက်ရမယ့်ခရီးဖြစ်လို့ လက်ဖတင်နင်ဆန္ဒကို သိလိုပါတယ်"

ဟုမေးရာ ကျော်စွာလည်း မဆိုင်းမတွဆိုသလို. . ဒေါက်တာကြီးကို လေးနက်စွာကြည့်လျက်. . .

"အမှန်မှာတော့ ဒီမေးခွန်းကို ကျွန်တော့်ကိုမေးဖို့တောင်မလိုပါဘူး။ ဒေါက်တာ၊ မိတ်ဆွေခင်ပွန်းကောင်းမည်သည်မှာ တစ်ယောက်နှင့်တစ်ယောက် အခက်အခဲဒုက္ခကြုံလာရင် ကူညီရမှာပဲ။ ကျွန်တော်. . ဒေါက်တာ့ကို အလေးအနက်ပြောချင်ပါတယ်။ ဒေါက်တာ့အတွက် ကျွန်တော်အသက်ကိုတောင် စွန့်လွှတ်ဖို့ ဝန်မလေးပါဘူး။ ဒေါက်တာ့ဇနီးရှိတဲ့အရပ်ကို ဘယ်တော့ခရီးထွက်မယ်ဆိုတာကိုသာ သတ်မှတ်စီစဉ်ပါ။ ကျွန်တော်ကတော့ လိုက်ဖို့အဆင် သင့်ပါပဲ. . ."

ဟူ၍ ပြောလေရာ. . ဒေါက်တာကြီးမှာ ဝမ်းမြောက်ဝမ်းသာနှင့် ကျေးဇူးတင်စကား ပြောလေတော့၏။

ထိုအချိန်မှာပဲ သူတို့အနီးသို့ စားသောက်ဖွယ်ရာများနှင့် ရောက်ရှိလာသူမှာ သိဒ္ဓိဖြစ်သည်။ သူသည် လွန်စွာမြူးရွှင်လျက်ရှိပြီး. . ဒေါက်တာကြီးနှင့် ကျော်စွာတို့ စားသောက်ရန် ပြင်ဆင်ခင်းကျင်းလေ၏။

ကျော်စွာပြောလိုက်သော စကားများကို သူသည်ကြားသိလိုက်ရ၍ ထိုသို့ပျော်ရွှင်နေခြင်း ဖြစ်သည်။

ဋင်းပြင်ဆင်ဆောင်ရွက်လာသည့် အစားအသောက်များကိုကြည့်၍ ဒေါက်တာကြီးနှင့်ကျော်စွာမှာ သိဒ္ဓိ၏စိတ်ကူးကိုများစွာ သဘောကျသွားသဖြင့် အားရပါးရ ပြုံးလိုက်ကြသည်။

www.burmeseclassic.com

ထိုအစားအသောက်များမှာ မဏိပူရစစ်စခန်းတွင် သူတို့သုံးဦးအတူ တကွ စားသောက်ခဲ့ကြသည့် ဝက်ပေါင်ခြောက်ကင်နှင့် ပေါင်မုန့်တို့ဖြစ်သည်။ ထိုအရာများကို ကော်ဖီပူပူနှင့် အားပါးတရစားသောက်ရင်း၊ ခရီးစဉ်အတွက် တိုင်ပင်ပြောဆိုကြပြီးနောက် သူတို့သည် အချိန်ဖင့်နွဲ့မနေတော့ဘဲ နောက်သုံးရက်တွင် ခရီးထွက်ရန် ဆုံးဖြတ်လိုက်ကြ၏။



## အခန်း ◀ ၁၂ ▶
## သုံးယောက်ပေါင်း လောင်းကျော်နိုင်မည်လား

ခရီးထွက်ခွာရန် ပစ္စည်းပစ္စယများ ထုတ်ပိုးပြင်ဆင်ပြီးသောအခါ သူတို့သုံးဦးသည် နေအိမ်မှ ထွက်ခွာခြင်းမပြုမီ သလ္လာဝတီ ကျောင်းတိုက်မှ ဆရာတော်ဦးစံမိမာထံသို့ နှုတ်ဆက်ကန်တော့ရန် သွားရောက်ကြသော်လည်း ဆရာတော်မှာ မြစ်ဝကျွန်းပေါ်ဒေသသို့ သာသနာပြုရန် ခရီးထွက်သွားသဖြင့် ဆရာတော်၏ လက်ထောက်ဘုန်းတော်ကြီးနှင့်သာ တွေ့ဆုံခဲ့ရလေ၏။

၎င်းဆရာတော်ကိုသာ ဖူးမျှော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ပြီး နောက်တစ်နေ့မှာပဲ. . ခရီးစဉ်ကို စတင်ကြတော့၏။ သူတို့သည် ရန်ကုန်မှမန္တလေးသို့ အစုန်ရထားဖြင့် လိုက်ပါခဲ့ကြ၏။ မန္တလေးတွင် တည်းခိုပြီး နောက်တစ်နေ့မှာပဲ မုံရွာသို့ခရီးဆက်ကြလေ၏။ ထိုမှ ကလေးမြို့သို့ ရေလမ်းဖြင့် စုန်၍. . ကလေးဝမှ တမူးမြို့အထိ ၉၄-မိုင်ခရီးကို ကားဖြင့် ဆက်ကြပြန်၏။

မြန်မာပြည်၏ အနောက်မြောက်နယ်စပ်ဖြစ်သော တမူးမြို့သို့ ရောက်သောအခါ တစ်ဖက်အိန္ဒိယပြည်နယ်ထဲသို့ ဝင်ရောက်ဖို့သာရှိတော့သည်။ တမူးမြို့သို့ ရောက်သည်နှင့် သူတို့သည် ရိက္ခာများနှင့် အသုံးအဆောင်ပစ္စည်းများကို စနစ်တကျ ဝယ်ယူဖြည့်ဆည်းကြ၏။

သူတို့သည် တမူးမြို့တွင် တစ်ရက်ခန့်နေထိုင်ပြီးနောက် ခရီးဆက်ကြလေ၏။ ထိုခရီးမှာ ခြေလျင်ခရီးဖြစ်သည်။ ထို့ကြောင့် တမူးမြို့ထဲမှ အထမ်းသမားများကို ငှားရမ်းကြရ၏။ ၎င်းအထမ်းသမားကိစ္စကို တာဝန်ယူသူမှာ ဟိန္ဒီဖြစ်သည် သူ၏ အသက်အရွယ်နှင့်မလိုက်အောင် စွမ်းဆောင်နိုင်တာကို တွေ့ရသဖြင့် ဒေါက်တာကြီးနှင့်ကျော်စွာမှာ အံ့သြချီးကျူးမိလေ၏။

www.burmeseclassic.com

သိဒ္ဓိသည် အခြားသောပစ္စည်းဝန်စည်စလှယ်များကို အစစအရာရာ ကွပ်ကဲစီမံခန့်ခွဲလျက် အထမ်းသမားများအပေါ် စီမံအုပ်ချုပ်လိုက်ပါလာသော်လည်း သူနှင့်မခွဲမခွာရှိနေသည့် အိတ်ကြီးတစ်လုံးကိုတော့ မည်သူ့ကိုမျှ သယ်ဆောင်ခွင့်မပြုသဖြင့် ထူးဆန်းသည့်သူ့အပြုအမူကို ကျော်စွာက. . မေးမြန်းလေရာ၊ အရေးကြီးသော လက်နက်များဖြစ်၍ သူကိုယ်တိုင် ထိုသို့ဂရုစိုက်နေခြင်းဟု ပြောဆို၏။

မည်သို့သော လက်နက်ဟူသည်ကိုကား. . ရှင်းပြခြင်းမပြုသလို ကျော်စွာလည်း ထပ်မံ၍မေးမြန်းခြင်းမပြုတော့ပေ။ တမူးမြို့ လွန်မြောက်လာသည်တွင် မြောက်ဘက်သို့ မျက်နှာမူလျက် အင်ဖာတောကြီးအတွင်းမှ လားဝန်တင်လမ်းအတိုင်း ခရီးဆက်၏။

တစ်မိုင်ကျော်ခန့်အရောက်တွင် လွန်စွာရေစီးသန်သည့် ချောင်းသို့ ရောက်ရှိလေ၏။ ချောင်းကူးတံတား တစ်ခုတွေ့ရပြီး. . ၎င်းတံတားမှ ချောင်းတစ်ဖက်ဖြတ်ကူးပြီး၊ ခရီးဆက်ကြပြန်၏။

ထိုမှ. . ရက်အနည်းငယ် ခရီးဆက်ပြီးနောက် အင်ဖာမြို့မှ ၆၉-မိုင်ကွာဝေးသော ချောင်းတစ်ခုသို့ရောက်ရှိလေ၏။ အင်ဖာဒေသသို့ အရောက်တွင် လွန်ခဲ့သော နှစ်အနည်းငယ်ခန့်က. . ဖက်ဆစ်ဂျပန်များကို ထိုးစစ်ဆင်ခဲ့စဉ်က ပုံရိပ်များကို အမှတ်ရမိလေ၏။

မိုးသီးမိုးပေါက်များပမာ ပြန့်ကျဲကျရောက်လာသည့် ကျည်ဆန်များ၊ ဗုံးဆံများကြားတွင် အသက်စွန့်တိုက်ခိုက်ခဲ့သည့်အင်ဖာဒေသတွင် ထောင်ပေါင်းများစွာသော စစ်သည်၊ ရဲမက်များ အသက်စတေးခဲ့ကြရသည်မှာ အဘယ်မျှ ကြေကွဲဖွယ် ကောင်းလိုက်ပါသလဲ. . စနစ်ဆိုး၏ သားကောင်အဖြစ် သမိုင်းတွင်သည့် ဖြစ်ရပ်တစ်ခုပင်ဖြစ်သည်။

ကျော်စွာတို့ ရောက်ရှိသောအခါ အင်ဖာဒေသမှာ စစ်ရိပ်စစ်ငွေ့ကင်းစင်နေပြီဖြစ်၍ ကျေးရွာများမှ ဒေသခံများသည် လွတ်လပ်စွာ သွားလာနေကြပြီ ဖြစ်သည်။

ထိုဒေသတွင်လည်း အနည်းငယ်မျှသာ စခန်းချရပ်နားရုံမှလွဲ၍ သူတို့သည် ခရီးတွင်သမျှတွင်အောင်သွားကြသဖြင့် ရက်အတန်ကြာသည်တွင် မဏိပူရပြည်၏ နယ်ခြားမြို့ဖြစ်သော မိုးရေးမြို့သို့ ရောက်ရှိကြ၏။



တမူးမှ ငှားလာသော အထမ်းသမားများမှာ မိုးရေးမြို့သို့ အရောက်တွင် ၎င်းတို့တာဝန်ပြီးဆုံးပြီဖြစ်၍ ကျသင့်ငွေကို တောင်းခံကြ၏။ ၎င်းတို့ဒေသသို့ မပြန်ခင်ရရှိသည့် အခကြေးငွေများဖြင့် မိုးရေးမြို့တွင် လူသုံးကုန်ပစ္စည်းများကို ဝယ်ယူကြပြီး. . ထိုပစ္စည်းများကို သယ်ဆောင်လျက် ၎င်းတို့အရပ်ဒေသသို့ ပြန်သွားကြ၏။

ထိုအသုံးအဆောင်ပစ္စည်းများကို ၎င်းတို့ဒေသသို့ ရောက်သည်တွင် ဒေသခံများအား အမြတ်အစွန်းဖြင့် ပြန်လည်ရောင်းချရန်အတွက်ဟူ၍. . ကျော်စွာတို့အား ရှင်းပြလေ၏။

မိုးရေးမြို့မှတဆင့် သွားရမည့်ခရီးမှာ တောင်ပေါ်လမ်းများဖြစ်သည်။ ထိုခရီးစဉ်တစ်လျှောက်တွင် အချိန်တိုင်းဆိုသလို တစ်ကိုယ်တည်း အလုပ်ရှုပ်နေသူမှာ သိဒ္ဓိပင်ဖြစ်သည်။ ခရီးသွားနေစဉ်မှာသော်လည်းကောင်း ခရီးစဉ်ရပ်တန့်သည့် အခါများမှာလည်းကောင်း. . သူသည် စိတ်အာရုံကို စူးစိုက်လျက် ဒေါက်တာကြီးနှင့် ကျော်စွာတို့နားမလည်နိုင်သော ဘာသာစကားဖြင့် တစ်မျိုးမဟုတ်တမျိုး ရွတ်ဆိုလေ၏။

အစပိုင်းတွင် ကျော်စွာသည် ၎င်းအပြုအမူများကို နားမလည်နိုင်ဖြစ်ရသော်လည်း ဒေါက်တာကြီးရှင်းပြသဖြင့် မည်သည့်ကို ရည်ရွယ်ပြီး ထိုသို့ပြုလုပ်နေခြင်းဖြစ်ကြောင်း သိရလေ၏။

ဒေါက်တာကြီး ဆေးဝါးကုသပေးခဲ့သည့် ဂျစ်ပဆီ အကြီးအကဲ အဘိုးအိုက မိမိတို့သွားရောက်ရမည့် နေရာဒေသ၊ ဖြတ်ကျော်ရမည့် တောတောင်များ၊ မြို့များ၊ တွေ့ကြုံဆက်ဆံရမည့် လူမျိုးစုများ၊ ခရီးမိုင်အကွာအဝေးသည်ဖြင့်. . လွဲမှား မှုမရှိစေရန် ၎င်းကိုယ်တိုင် မမေ့မပျောက် မှတ်သားသည်များကို သိဒ္ဓိအား သင်ကြားပေးခဲ့ခြင်း ဖြစ်သည်။

"ဒီအကြောင်းအရာတွေ၊ ဖြစ်ပျက်မှုတွေကို အခုလို ကျုပ်တို့တတ်ကျွမ်းအသုံးပြုနေတဲ့ ပညာရပ်တွေနဲ့ မှတ်တမ်းပြုစုထားခြင်းဟာ စာရွက်စာတမ်းတွေကို အသုံးပြုရေးမှတ်ထားခြင်းထက် ပိုပြီးလုံခြုံစိတ်ချရမှုရှိတယ်လို့ ကျုပ်ယုံကြည်တယ် ကျုပ်တို့တတ်ကျွမ်းထားတဲ့ ပညာရပ်ဆိုတာက အစဉ်အဆက် အသုံးပြုနေရတာဖြစ်လို့. . ဘယ်လိုမှ ပျောက်သွားဖို့အကြောင်းမရှိဘူးလေ။ ကျုပ် အသက်မဆုံးသေးသရွေ့တည်တံ့နေနိုင် တာပေါ့. . . "

www.burmeseclassic.com

ထိုစဉ်က. . ဂျစ်ပဆီအကြီးအကဲ အဘိုးအိုပြောခဲ့သော စကားဖြစ်သည်။ အဘိုးအိုက ၎င်းအကြောင်းအရာများကို သိဒ္ဓိအား သင်ကြားပေးခဲ့၏။ ၎င်းတို့လူမျိုးစုများ တတ်ကျွမ်းကြသည့်ပညာများဖြင့် သင်္ကေတပြု မှတ်သားထားပုံကို သိဒ္ဓိသည် ရက်အနည်းငယ်အတွင်းမှာပဲ ကောင်းမွန်စွာ တတ်ကျွမ်းနားလည်ခဲ့လေ၏။

အချို့သောအစိတ်အပိုင်းများကို ၎င်းတို့ ဂျစ်ပဆီများ အသုံးပြုသည့် တဲ့ရော့ဖဲချပ်များဖြင့် အဓိပ္ပါယ်ပြု မှတ်သားထား၏။

ထိုသဘောတရားများကို စာဖတ်ပရိသတ်များ လွယ်ကူစွာသဘောပေါက်နားလည်စေရန် ကျွန်ုပ်အနေဖြင့် အနည်းငယ် ရှင်းပြလိုပါသည်။

မြန်မာတို့ သမိုင်းကြောင်းတွင် ပညာရှိအချို့သည် နောင်လာနောက်သားများသိရှိစေရန် သမိုင်းဆိုင်ရာအချက် အလက်များ၊ ကိန်းဂဏန်း ခုနှစ်သက္ကရာဇ်များ၊ လေးနက်သည့် ယဉ်ကျေးမှုထုံးတမ်းစဉ်လာများကို. . အလင်္ကာ၊ သံပေါက်၊ လေးချိုး၊ ဒွေးချိုး စသည်ဖြင့် သင်္ကေတပြု မှတ်တမ်းတင်ခဲ့ကြပါသည်။

အနီးစပ်ဆုံး ဥပမာအချို့ ဖော်ပြရသော် ကျွန်ုပ်တို့ငယ်စဉ်က ကြားဖူးခဲ့သည် တောတောင်ရယ်သာ၊ မာလာကင့်ဖူး၊ တစ်ပင်ကို နှစ်ပင်ယှက်တယ် ကျေးငှက်ကမြူးဆိုတဲ့ ဒွေးချိုးတို့၊ တစ်ပြား နှစ်ပြား လင်ပန်းပြား၊ ပြားသောစက္က ဖလံဖြူ ပလူပလဲ ပိုးတောင့်ထဲ၊ ဥ, ရင်ကောက် နို့ရေသောက်၊ ရွှေတောင်ခ လက်ဝဲပေါက်ပြ၏။ တူတင်နင်တင်ဘက်၊ ထွက်လေဟဲ့ ဘိတ်ဆုံး. . ဟူသော လင်္ကာများမှာ သာမန်ရွတ်ဆိုကောင်းရုံ ရေးသားသည့် သံပေါက်လင်္ကာများ မဟုတ်ပေ။ ရှေးယခင်က အင်္ဂိရတ်ပညာရှင်များက မျိုးဆက်ပညာရှင်များအတွက် ၎င်းတို့၏ ပညာရပ်များကို ထိုအလင်္ကာများဖြင့် လက်ဆင့်ကမ်းခဲ့ခြင်းဖြစ်သည်။

သိဒ္ဓိ၏ အဘိုးဖြစ်သူ. . ဂျစ်ပဆီ အကြီးအကဲအဘိုးအို မှတ်သားထားခြင်းမှာလည်း ဖော်ပြပါ ဥပမာကဲ့သို့ဖြစ်သည်။ ထို့ကြောင့်လည်း သိဒ္ဓိမှာ ခရီးစဉ်တစ်လျှောက် သွားလာဖူးသည်နှင့်မခြား ဦးဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

လမ်းကြောင်း လွဲမှားခြင်း၊ တွေဝေတုံ့ဆိုင်းခြင်း၊ မရှိသဖြင့် သူတို့သည် မျှော်မှန်းသည်ထက် ခရီးတွင်နေတော့သည်။ ဂျစ်ပဆီအဘိုးအိုမှာ ထိုမျှသာမက ၎င်းရှေးဟောင်း ခွာထန်မီးလူမျိုးများ ပြောဆိုသည့်စကားများကို လည်း



ဒေါက်တာကြီးနှင့် သိဒ္ဓိကို သင်ကြားလေ့ကျင့်ပေးခဲ့၏။

သူတို့သည် မိုးရေးမြို့မှ. . ရှေ့ခရီးကို ကားဖြင့်ထွက်ခွာခဲ့ကြ၏။ ခရီးမိုင်တော်များများ ဖြတ်သန်းပြီးသော်အခါ အင်ဖာတောကြီးအတွင်းက မြေနီတောင်ကို ဖြတ်ကျော်ရလေ၏။ ထိုတောအလွန်တွင် တစ်ပင်ချင်းပေါက်သော ဝါးတောကြီးသို့ ရောက်ရှိကြပြီး. . ၎င်းနေရာမှာပင် စခန်းချရပ်နားပြီးနောက် ခရီးဆက်ရာ စိနောင်ပန်းဟူ၍ ထင်ရှားသောတောင်ထိပ်သို့ ရောက်ရှိလေ၏။

ထိုတောင်ထိပ်မှ ဆက်လက်ထွက်ခွာသည်တွင် သစ်ပင်ကောင်းစွာ မပေါက်သော တောင်များပေါ်ရှိ နာဂရွာကလေးများကို တွေ့မြင်ရလေ၏။ မဏိပူရမြေပြန့်ဘက်သို့ ဆင်းမိကြသောအခါ လယ်ကွင်းတစ်လျှောက် နွားအုပ်ကြီးများနှင့်အတူ ကသည်းတို့၏ ရွံ့အိမ်ကလေးများကို ပြန့်ကျဲစွာတွေ့ရလေ၏။ ထိုဒေသ၏ ရှေ့ခရီးတွင် သစ်ပင်ကြီးကြီးမားမားဟူ၍ မတွေ့ရတော့ပေ။ ခိုက်ပင်ငယ်များနှင့် ဝါးပင်ငယ်များလောက်ကိုသာ တွေ့ရ၏။ သရက်ပင် အနိမ့်ကလေးများကို ထူးထူးဆန်းဆန်းတွေ့မြင်ရပြီး. . မြန်မာပြည်တွင် လွန်စွာကြီး၍ မြင့်မားလှသော လက်ပံပင်များသည်ပင် မဏိပူရမြေပေါ်တွင် လူတစ်ရပ်ခန့်သာ ရှိသည်ကို အံ့သြဖွယ်ရာ တွေ့မြင်ရလေ၏။

ထိုဒေသ၏ မြောက်ဘက်သို့ ဆက်လက်ထွက်ခွာကြ၏။ ၎င်းအရပ်ဒေသမှာတော့ ဖာတောင်းကြီးများကို ရွက်၍ အင်္ကျီမပါ၊ ထမီရင်လျားနှင့် ရှာစောင်ခြုံထားသော ဈေးထွက်လာသည့် ကသည်းများကို တွေ့မြင်ရ၏။ ထိုဒေသတွင် သူတို့ ညအိပ်ရပ်နားကြပြီး၊ နောက်တစ်နေ့မှာပဲ ခရီးဆက်ကြပြန်၏။

၎င်းဒေသမှ ဆက်လက်ထွက်ခွာသည့်ခရီးမှာ အာသံနယ်စပ်သို့ ဖြစ်သည်။ ထိုခရီးမှာ လွန်စွာပင်ပန်းသည့် ခရီးဖြစ်၏။ တောင်စဉ်ခုနှစ်ထပ်ဖြင့် ကာရံထားသည့် ၎င်းခရီးကို လွန်မြောက်သောအခါ "ဘားလံ" ခေါ် နယ်ကြားမြို့ကလေးသို့ ရောက်ရှိကြသည်။

ခရီးစဉ်တစ်လျှောက်တွင် မဖြစ်မနေ ရပ်နားတည်းခိုခြင်းမှလွဲ၍ ရပ်မနား ခရီးဆက်ကြခြင်းဖြစ်သည်။

ဒေါက်တာဂျက်ဖာဆင်မှာ အသက်အရွယ်နှင့်မမျှအောင် လွန်စွာ ဖက်ကြွလန်းဆန်းနေလေရာ. . ကျော်စွာသည်ပင် ၎င်း၏စိတ်ဓာတ်နှင့် ဇွဲလုံ့လကို ချီးကျူးမိလေ၏။ အခက်အခဲအချို့ရှိသော်လည်း ၎င်းပြဿနာများမှာ. .

www.burmeseclassic.com

သူတို့အတွက် ပြောပလောက်အောင် အနှောင့်အယှက်မဖြစ်ခဲ့ပေ။

သူတို့သည် ထိုနယ်ခြားမြို့ကလေး၏ အရှေ့မြောက်ဘက် ဗြဟ္မပုတ္တ မြစ်၏ မြောက်ပိုင်း ဆူဒယာနယ်သို့ ဦးတည်ထွက်ခွာခဲ့ကြ၏။ ဆူဒယာနယ် လွန်မြောက်သောအခါ အလွန်ကျောက်တောင်ထူထပ်ပေါများသော အရပ်ဒေသ သို့ ရောက်ရှိကြတော့၏။ ၎င်းတောင်စွယ် တောင်တန်းများအကြား သွားလာ သည့် ခရီးမှာ သူတို့သာလျှင်မက အထမ်းသမားများပင် သေလုသေခင် ပင်ပန် ကြလေသည်။ သိဒ္ဓိမှာလည်း ၎င်းမှတ်သားထားသည့် ကဗျာ၊ လင်္ကာများကို မပြတ်ရွတ်ဆိုလျက်. . ခရီးစဉ်လွဲချော် မသွားစေဖို့ အထူးသတိထားနေရ၏။ ထိုဒေသမှာ သူတို့ခရီးစဉ်အတွက် လွန်စွာသတိဝီရိယထားပြီး သွားရမည့် အစိတ် အပိုင်းဖြစ်ကြောင်း သိဒ္ဓိက သတိပေးပြောဆိုလေ၏. . . ။

သူတို့သည် ထူထဲမာကျောသော ဖိနပ်များ စီးထားကြသော်လည် ကျောက်စွန်း၊ ကျောက်ဆွယ်၊ အချွန်အတက်တို့ဖြင့် ကြိမ်ဖန်များစွာ ပွတ်တိုက် ထိရှခြင်းကြောင့် သူတို့ခြေထောက်များတွင် ခြစ်ရာ၊ ရှရာ၊ စူးရာများဖြ ပေါက်ပြဲဖူးရောင် ကွဲအက်နေတော့သည်။

ထိုအတိုင်း ခရီးရက်ဆက်ကြာအောင် သွားခဲ့ပြီးနောက် ပေါင်မုန့်ကို အလယ်ပိုင်းက ပိုင်းထားသကဲ့သို့ တိတိရိရိပြတ် သားစွာကွဲအက်နေသော နက်ရှိုင်းမတ်စောက်လှသည့် တောင်ချပ်ကြားတစ်ခုသို့ ရောက်ရှိလေတော့၏။ သူတို့အားလုံးလွန်စွာ မောဟိုက်နေကြပြီဖြစ်သည်။ အထမ်းသမားများမှာ ငွေကြေ အများအပြားရရှိမည်ဟူ၍သာ လိုက်ပါခဲ့ရသော်လည်း. . သူတို့(၃)ဦးကို နားမလည်နိုင် ဖြစ်နေကြ၏။ လူသူနေထိုင်ခြင်းမရှိသော ကျောက်သားလွင်ပြ အတိ၊ ပြည့်နှက်နေသည့် ထိုဒေသသို့ သူတို့တစ်သက်တွင် တစ်ကြိမ်တစ်ခါ အငှားလိုက်ဖူးခြင်း မရှိခဲ့ပေ။ လွန်စွာဝေးလံခေါင်သီသည့်အပြင် မြင့်မားလှသည့် ကျောက်တောင်မြင့်ကြီးများသာ ဝန်းရံပတ်လည်နေသည့် ထိုဒေသမျိုးကို. . ဘယ်လို ခရီးသွားမှုလည်း သွားရောက်ခြင်းမရှိဘူးခဲ့ချေ။

သူတို့စခန်းချ ရပ်နားနေစဉ်. . အထမ်းသမားများက ရှေ့ခရီးကို ဆက်လိုက်ဖို့ ငြင်းဆိုကြပြီး. . ၎င်းတို့၏ အခကြေးငွေများကို တောင်းခံလေသည် ထိုသို့တောင်းခံကြရင်းက ကျော်စွာတို့၏ ခရီးမှာအဓိပ္ပါယ်မရှိသော ခရီးဖြစ်သည် အပြင် ထိုအတိုင်း ခရီးဆက်မည်ဆိုပါက ကျောက်တောင်၊ ကျောက်စွယ်မျ



ကြားတွင် ဘေးအန္တရာယ်များလွန်းလှ၍. . အသက်အန္တရာယ်ဆုံးရှုံးရုံကလွဲပြီး၊ ာတစ်ခုမျှ အကျိုးမရှိနိုင်တာကြောင့် ခရီးမဆက်ကြရန် ဝေဖန်ပြောဆိုလေ၏။

ထိုစဉ်မှာပဲ. . သိဒ္ဓိသည် ဝမ်းသာအားရ အမူအရာဖြင့် သူတို့အနီးသို့ ရောက်ရှိလာလေရာ. . အထမ်းသမားများ၏ အခြေအနေကို သိလိုက်သဖြင့် ၎င်းတို့ဆန္ဒအတိုင်းလိုက်လျောပေးဖို့ ပြောဆိုသောကြောင့် ဒေါက်တာဂျက်ဖာဆင် လည်း ကျေးဇူးစကားပြောဆိုပြီး ၎င်းတို့၏လုပ်အားခကို အကြေအလည် ပေးချေ သည့်အပြင် အပိုကြေး(ဘောက်ဆူး)ကိုပါ၊ ပေးလိုက်သဖြင့် လွန်စွာကျေနပ် ပျော်ရွှင်လျက်. . နှုတ်ဆက်ထွက်ခွာသွားတော့သည်။

အထမ်းသမားများ ထွက်ခွာသွားသောအခါ သိဒ္ဓိက ထိုတောင်ချောက် ကြားသို့ ပြေးသွားပြီး၊ ဝမ်းလျားမှောက်လျက် ငုံ့ကြည့်လေ၏။ အချိန်အနည်းငယ် စူးစမ်းပြီးနောက်. . မိမိတို့ ခရီးစဉ်အဆုံးမှာ ထိုနေရာဖြစ်ကြောင်း ၎င်းက အခိုင်အမာ ပြောဆိုလေ၏။ သိဒ္ဓိ၏လက်ထဲတွင် ဂျစ်ပဆီများ အသုံးပြုသည့် တဲရော့ဖဲချပ်များကို တွေ့ရ၏။ သူသည် အထမ်းသမားများနှင့်ကျော်စွာတို့ ညှိနှိုင်း ပြောဆိုနေစဉ်မှာ စခန်းနှင့် အတန်ငယ်ကွာလှမ်းသော ကျောက်ကမူစွန်းအနီးသို့ ရောက်ရှိနေ၏။ သူသည် တဲရော့ဖဲချပ်များဖြင့် တစ်ကိုယ်တည်း အလုပ်ရှုပ်နေ ခဲ့ခြင်း ဖြစ်သည်။ မိမိတို့၏ အဆုံးသတ်ခရီးစဉ်ကို ၎င်းဖဲချပ်များ ဖြင့် သင်္ကေတပြု မှတ်သားခြင်းဖြစ်ကြောင်း သိဒ္ဓိရှင်းပြ၍. . ကျော်စွာတို့ သိရလေ၏။

"ဘယ်လိုလဲကွ. . သိဒ္ဓိ၊ မင်း ပြောစကားအရဆိုရင် တို့တွေ ဒီချောက် ကြားကြီးထဲ ဆင်းရမှာပေါ့"

ကျော်စွာက နက်ရှိုင်းလှသော တောင်ချောက်ကြားကို ငုံ့ကြည့်ရင်း မေးလိုက်လေ၏။ အောက်ခြေကို သဲကွဲစွာမမြင်ရပေ. . မည်းမှောင်သည့် အရိပ်အယောင်များသာ လွှမ်းခြုံထားသဖြင့် အဘယ်မျှနက်ရှိုင်းသည်ကို မှန်းဆမသိနိုင်ဖြစ်ရလေ၏။

"မှန်ပါတယ်. . အရှင်၊ ခွာထန်မီးတို့ရဲ့ ပျောက်ဆုံးနေတဲ့ မြို့တော် လမ်းပေါက်ဝဟာ. . ဒီချောက်အောက်ခြေ တောင်ချိုင့်ကြားမှာ ရှိနေပါတယ်။ ကျွန်တော်မှာ အသုံးပြုရန် ကျန်ရှိနေသေးတဲ့ ဖဲချပ်ငါးချပ်ရှိပါတယ်. . တောင် ချောက်ကြားရဲ့ အောက်ခြေကို ဘယ်လမ်းက ဆင်းရမယ်ဆိုတာနဲ့ အောက်ခြေ ရောက်တဲ့အခါမှာ ဝင်ပေါက်ကို ဘယ်လိုရှာရမယ်ဆိုတာကို အဲဒီဖဲချပ်တွေကို

www.burmeseclassic.com

အသုံးပြုပြီး ရှာရမှာဖြစ်ပါတယ်"

ဒေါက်တာဂျက်ဖာဆင်ကတော့ ရှည်လျားလှသော. . မုတ်ဆိတ်ဖြူ ကြီးများကို လက်ဖြင့်ပွတ်သတ်လိုက်ပြီး. . စိတ်အားထက်သန်သည့် မျက်ဝန်း သိဒ္ဓိကို ကြည့်လေ၏။

ထို့နောက်မှာတော့ သိဒ္ဓိ၏ ဦးဆောင်မှုဖြင့်. . တောင်ချောက်ကြ အတွင် ဆင်းသက်နိုင်မည့်လမ်းကို ရှာဖွေရာ ညနေမတိုင်မီ. . ၎င်းလမ်းကြော ကို တွေ့ရှိလေ၏။ တစ်ညအိပ် စခန်းချပြီး၊ နောက်တစ်နေ့မှာပဲ ထိုလမ်းကြော အတိုင်း ဆင်းသက်ခဲ့ကြ၏။ လမ်းကြောင်းအမှန်ကို တွေ့ရှိ၍သာ သူတို့ အ အန္တရာယ်မရှိ ဆင်းသက်နိုင်ခြင်းဖြစ်သည်။ ဒေါက်တာ ဂျက်ဖာဆင်က. . သိဒ္ဓိ၏ ကိုယ်စွမ်းကိုယ်စကို အကြိမ်ကြိမ် ချီးမွမ်းမဆုံး ရှိနေတော့၏။ တောင်ချောက်ကြ အောက်ခြေသို့ ရောက်သောအခါ နေဝင်နေပြီဖြစ်သည်။ ကျောက်ဆော ကျောက်ကြားတွင် အမှောင်ထုမှာ ထူထပ်သိပ်သည်းလွန်းသဖြင့် ကိုယ့်လက်ကိုပ ပြန်မမြင်နိုင်တော့ပေ. . .။ ထိုညအဖို့ သူတို့သည် သင့်လျော်ရာနေရာရှာဖွေ အိပ်စက်ကြပြီး၊ နောက်တစ်နေ့မှာပဲ ဂူပေါက်ဝကို ရှာဖွေကြ၏။ သိဒ္ဓိသည် ကျောက်တောင်ဂူပေါက်များတွင် ထွက်ချည်ဝင်ချည်ဖြင့် ရှာဖွေလေ၏။ ထို ရှာဖွေလျက်က မကြာခဏဆိုသလို. . ၎င်း၏ တဲရေ့ဖဲချပ်များကို မြေတွင်စီလျ ခင်းချလိုက်ပြီး၊ ဟိုရွှေ့ဒီရွှေ့လုပ်ပြန်၏။

ဂူပေါက်များမှာ လွန်စွာများပြား၏. . . ဒေါက်တာ ဂျက်ဖာဆင်နှ ကျော်စွာတို့လည်း ကိုယ့်နည်းကိုယ့်ဟန်ဖြင့် စူးစမ်းရှာဖွေ၏။ ထုံးစံအတိုင်းပ ဖြစ်သည်။ နာရီအနည်းငယ် အတွင်းမှာပဲ. . သိဒ္ဓိ၏ အားပါးတရအော်သ ထွက်ပေါ်လာ၏။ ဂူပေါက်ဝကို တွေ့ရှိသွားလေပြီ. . .။

ကျော်စွာနှင့် ဒေါက်တာဂျက်ဖာဆင်သည် မဆိုင်းမတွပင်. . သိဒ္ဓိနောက်သို့ လိုက်လာခဲ့ကြ၏။ လမ်းမှာ လွန်စွာကျဉ်းမြောင်း၏။ ခြေတစ်ဖ စာမျှပင် မရှိပေ။ ထိုမျှကျဉ်းမြောင်းသော လမ်းကြားကလေးအတိုင်း ခက် ကပ်သက်စွာ လျှောက်လှမ်းခဲ့လေရာ. . အတန်အသင့် ကျယ်ဝန်းသော ဂူပေါက် တစ်ခုကို တွေ့ကြရ၏။

ကြီးမားသော ကျောက်တောင်ကြီးတစ်ခု ပိတ်ဆို့ကာ ဆီးလျက်ရှိရာ. . သိဒ္ဓိမို့သာ စိတ်ရှည်လက်ရှည် ရှာတွေ့နိုင်ခြင်း ဖြစ်သည်။



ဂူ၏ အတွင်းဘက်သို့ အတန်ငယ်ဝင်ရောက်မိသောအခါ. . အလင်း ရောင်အားနည်းမှိန်ဖျော့သော အခန်းတစ်ခုသို့ ရောက်ရှိကြ၏။ အခန်း၏ နံရံ တစ်ဖက်တစ်ချက်တွင် မြင်လိုက်ရသည့်အရာများကြောင့် တအံ့တဩဖြင့် တုံ့ရပ် သွားကြ၏။ လူ့အရပ်အမောင်အတိုင်း ထုလုပ်ထားသော ကျောက်ရုပ်တုနှစ်ခုကို တွေ့လိုက်ရခြင်း ဖြစ်သည်။ ရုပ်တုများ၏ ပုံသဏ္ဍာန်မှာ ခပ်မည်းမည်းဖြစ်၏။ သဲသဲကွဲကွဲ မရှိလှပေ. . သို့သော်လည်း အမှောင်ကို ကျင့်သားရလာသည်တွင် လွန်စွာအချိုးအစားပြေပြစ်စွာ ပြုလုပ်ထားသည့် ယောကျ်ားရုပ်တုတစ်ခုနှင့် မိန်းမ ရုပ်တုဖြစ်ကြောင်း သိရှိကြလေ၏။

"ခွာထန်မီးလူကြီးတွေက. . ကျွန်တော့်အဘိုးကို ပြောခဲ့တယ်. . သူတို့ လူမျိုးတွေရဲ့ တဘောင်စကားတွေမှာ ပါတယ်ဆိုတဲ့ရုပ်တုဟာ ဒါဖြစ်လိမ့်မယ် ထင်တယ်. . သခင်ကြီး"

သိဒ္ဓိက မှတ်ချက်ချလိုက်သောအခါ ဒေါက်တာကြီးက အနီးကပ် ကြည့်ရှုနေရာမှ လွန်စွာအားရကျေနပ်သည့် လေသံဖြင့်. . .

"အဖြစ်နိုင်ဆုံးပါပဲ. . ကျုပ်ဘဝမှာ နှစ်ပေါင်းများစွာ မျှော်လင့်ချက် ကင်းမဲ့ခဲ့ရတဲ့ ဘဝအိပ်မက်တွေ ပြန်လည်နိုးထခွင့်ရရှိတော့မှာဖြစ်လို့. . ကျုပ်ရဲ့ မိတ်ဆွေနှစ်ဦးကို အထူးပဲ ကျေးဇူးတင်လှပါတယ်။ ကျုပ်အသေအချာ ကြည့်ရှု ပြီးပါပြီ. . ဒါဟာ ရှေးဟောင်း ခွာထန်မီးမျိုးနွယ်စုများ တိုင်းပြည်ရဲ့ ဝင်ပေါက် နေရာသာလျှင် ဖြစ်တယ်. . ."

ဟူ၍ ပြောလေ၏။ ထိုအချက်ကို ပို၍ခိုင်မာသွားစေတာက. . ၎င်းရုပ်တုရှေ့တွင် ရှိနေသည့်ကြေးခွက်ကြီးပင် ဖြစ်သည်။ အနီးကပ်ကြည့်ရှုသော အခါ မီးလောင်ကျွမ်းစ ထင်းတုံးအစအနများကို တွေ့ရ၏။ ဒေါက်တာ ဂျက်ဖာဆင်က တစ်စုံတစ်ခုကိုကောက်ယူ၍ နမ်းရှုံ့ကြည့်ရာ အလွန်မွှေးပျံ့ချိုအီ သော ရနံ့ကိုရလေ၏။

"ဒါဟာ. . 'လောဗန်' လို့ ခေါ်တဲ့ အမွှေးနံ့သာတုံးပဲ၊ မီးပူဇော်ထားတာ လို့ ယူဆနိုင်တယ်. . ပြာတွေဖြူတာဖွေးနေတာကို ကြည့်ရင် မီးပူဇော်ထားတာ ရက်အနည်းငယ်ပဲ ရှိဦးမယ်။ ဒါဟာ. . ဘယ်နည်းနဲ့မဆို ကျောက်တောင်တံတိုင်း တွေရဲ့ အတွင်းဘက်က ရှေးဟောင်းခွာထန်မီးလူမျိုးတွေရဲ့ လက်ရာဖြစ်မှာပဲ"

ဟူ၍ ဒေါက်တာကြီးက မှတ်ချက်ပြုလေ၏။ တွေ့ရှိရသည့်

www.burmeseclassic.com

အခြေအနေပေါ်မှာ ကျော်စွာလည်း ယုံကြည်သွားလေ၏။

"သိပ်ကို အံ့သြစရာပဲ. . ဒေါက်တာ၊ ဒေါက်တာထင်မြင်ချက်ေ အတိုင်း ကျွန်တော်လည်း တစ်ထစ်ချယုံကြည်ပါတယ်။ ကျွန်တော်တို့ဟ ရှေးဟောင်းခွာထန်မီးမျိုးနွယ်စုတွေ နေထိုင်တဲ့ မြို့တော်ကိုသွားရမယ့်. . လမ်းအစဖြစ်တဲ့ ဂူပေါက်ဝကို ရောက်နေကြပါပြီ။ ဒီကနေရှေ့ကို ဘယ်လို မမြင်နိုင်တဲ့ အန္တရာယ်များက ကျွန်တော်တို့ကို ဘယ်လိုစောင့်ကြိုနေလို မယ်ဆိုတာ မပြောနိုင်ပေဘူး. . ရုပ်တုတွေရဲ့လက်ရာဟာ သိပ်ကိုထူးခြားပါတယ် ရှေးဟောင်း ခွာထန်မီးတွေဟာ ယဉ်ကျေးမှုအနုပညာမှာ အရည်အသွေး အဆ အတန်း မြင့်မားသူတွေဆိုတာကို အဲဒီရုပ်တုတွေက သက်သေပြနေပါတယ်"

ရုပ်တုများလက်တွင် ကိုင်ထားသော အရာများမှာ အဓိပ္ပါယ်တစ်ခုက ဖော်ညွှန်းထားပုံရ၏။ ကျောက်နက်သားဖြင့် ထုလုပ်ထားသည့် ယောက်ျားရုပ်၏ လက်တွင် ရာဇလှံတံကို ကိုင်ဆောင်ထားပြီး. . ကျောက်ဖြူသား မိန်းမရုပ်၏ လက်တွင်မူ ပန်းနက်ပွင့်များကို ကိုင်ဆောင်ထားလေ၏။

ရုပ်တုနှစ်ခုကြားတွင် ကျဉ်းမြောင်းသေးငယ်သော စင်္ကြံလမ်းကလေ ရှိ၏။ အတန်ကြာမျှ လေ့လာကြည့်ရှုပြီးနောက်. . သူတို့သည် နာရီအနည်းငယ် ထိုလမ်းအတိုင်း လိုက်လာခဲ့လေရာ ဂူခန်းမတစ်ခုသို့ရောက်ပြီး အောက်သို့ဆ သော လှေကားထစ်တစ်ခုတွေ့ရာဖြင့် ထိုလှေကားအတိုင်း ဆက်လက်လိုက်ပါ ဆုံးဖြတ်လိုက်ကြ၏။

"ကျွန်တော်သတိထားမိတယ်. . ဒေါက်တာ"

"ဘာများလဲ. . လက်ဖတင်နင်"

"အခု ကျွန်တော်တို့ဝင်ခဲ့တဲ့ ဂူကြီးဟာ ရုပ်တုတွေရှိတဲ့အခန်းအထိ မူလဂူပေါက်ဖြစ်ပြီး. . ကျန်တာတွေက လူ့လက်နဲ့ပြုပြင်လုပ်ဆောင်ထားတာ ဖြစ်တယ်"

ထိုအခါ ဒေါက်တာကြီးက မီးတုတ်အလင်းဖြင့် ဂူနံရံတွေကို ကြ လိုက်ပြီး. . သဘောပေါက် နားလည်ဟန်ဖြင့် ဦးခေါင်းညိတ်လျက်က. . .

"ဟုတ်ပေသားပဲ. . လက်ဖတင်နင်ပြောမှ ကျုပ်သတိထားမိကေ တယ်။ ကျုပ်စဉ်းစားမိတယ်. . လွဲချင်လည်း လွဲနိုင်တာပေါ့လေ၊ တောင်ပြ ပျိုကျပြီးနောက် မသေလို့ကျန်ခဲ့တဲ့ ရှေးဟောင်းခွာထန်မီးလူမျိုးတွေဟာ သ



ကျောက်ဂူတစ်ခု ရဲ့ နောက်ဘက်အတွင်းထဲကို ဥမင်လမ်းဖောက်လုပ်ပြီး၊ ဝင် ရောက်ပြောင်းရွှေ့ခဲ့ကြတယ်လို့ ကျုပ်ယူဆမိတယ်"

ဟု. . ပြောလေ၏။ သိဒ္ဓိကလည်း ထိုအယူအဆကို ထောက်ခံပြောဆို လေ၏။

"အရှင်နဲ့ သခင်ကြီးပြောတာ မှန်တယ်. . ဂူနံရံရဲ့ စူးရာဆောက်ရာ တွေက လူ့လက်နဲ့ ဖောက်ဖျက်ထွင်းထုထားတဲ့. . အရာတွေ"

သူက ဆက်၍. . .

"အဘိုးပြောခဲ့တာကို သခင်ကြီးလည်း အမှတ်ရမှာပါ။ အချို့ ကျောက်ကျားတွေမှာ ရေစိမ့်ယိုနေတာကိုတွေ့နိုင်ပြီး အဲဒီရေကို သောက်လို့ရတယ် ဆိုတာကိုလေ။ ရေအတွက် ကျွန်တော်တို့ စိုးရိမ်စရာမရှိတော့ဘူးပေါ့"

ဟု ပြောလေ၏။

သူတို့အတွက် အစစအရာရာ အဆင်ပြေစေသည်မှာ နံရံတွင် မီးတုတ်များကို တွေ့ရခြင်းပင်ဖြစ်သည်။ ဥမင်လမ်းတစ် လျှောက် ရေစိမ့်သော အချို့နေရာများမှာ. . ရေညှိများဖြင့် ချောကျိချွတ်ချော်နေသဖြင့် ခြေကုတ်ရ ခက်ခဲသောကြောင့် လွန်စွာသတိထားသွားကြရ၏။ မြေပြန့်လွင်ပြင်တွင် သွားပါက ထိုထက်သုံးဆပို၍ ခရီးတွင်ဖွယ်ရာ ရှိသော်လည်း. . အေးစိမ့်စိုထိုင်း မှည်းမှောင် နေသော ဥမင်လိုဏ်ခေါင်းထဲတွင် ခြေတစ်လှမ်းချင်း စမ်းပြီးသွားနေရသဖြင့် စိတ်ထင်သလောက် ခရီးမပေါက်နိုင်ဘဲ ဖြစ်နေလေ၏။

အချို့နေရာများတွင် အစားအသောက်ရိက္ခာများ သိုလှောင်ထည့်သွင်း ထားသည့် ဂူတွင်းအခန်းငယ်လေးများကို တွေ့ကြရသည်။ အလင်းရောင် လုံးဝ မရှိသော်လည်း လေကောင်းလေသန့်ကိုမူ ရရှိပေ၏။ လေမှာ အနည်းငယ်စွတ်စို သည်မှအပ. . ညစ်ညမ်းခြင်း မရှိပေ။ မီးတုတ်များကို မကြာခဏထွန်းညှိ၍ အသစ်လဲကြရ၏။ ထိုသို့ဖြင့် သုံးရက်သုံးည လျှောက်နေသော ကျော်စွာ၏ ခြေထောက်က ကျောက်သား လှေကားတစ်ခုပေါ်သို့ ချမိလေ၏။ တစ်ခဏ အတွင်း သူသည် အခြေအနေကို ကောင်းစွာနားလည်သွားပြီး. . ဤသို့ပြောလိုက် လေ၏။

"ဂူလမ်းဆုံးပြီ ဒေါက်တာ. . ဒီလှေကားထစ်တွေအ တက်သွားရင် ခွာထန်မီးလူကြီးလာခဲ့တဲ့ ဂူတွင်းပေါက်ဝကို ရောက်မှာမယ်. . သို့

www.burmeseclassic.com

မီးတုတ်တွေ သိမ်းလိုက်တော့. . . "

ၾင်းတို့အထဲတွင် စိတ်အလှုပ်ရှားဆုံးမှာ ဒေါက်တာကြီးပင် ဖြစ်သည်။ သူသည် ပထမဦးဆုံးသော ကျောက်သားလှေကားထစ်တွင်ရပ်၍ ဘုရားအာ[ရုံ] ပြုလေ၏။

"ဘုရားသခင်သည် ငါ့ကို ကယ်တင်၏။ ကြောက်လန့်သောစိတ်မရှိ[ဘဲ] ရဲရင့်မည်"

ဟူသော သမ္မာကျမ်းစာက တရားစားကို ရွတ်ဆိုလိုက်လေ၏။

ထိုနောက်တွင်ကား ရှည်းလျားမြင့်မားသော ကျောက်လှေကားထ[စ်] များကို တက်ကြသည်. . လှေကားထစ်များမှာ တွေးထင်သည်ထက် မြင့်မားလျ[က်] ရှိ၏။ ၎င်းလှေကားထစ်များ အဆုံးတွင် ညိုမှိုင်းသော ကျောက်နံရံတံခါးတစ်ချပ်[ကို] တွေ့ရ၏။ ထိုအခါ သိဒ္ဒိက. . ၎င်းတံခါးကို ကြည့်ရှုလေ့လာပြီး၊ နှုတ်က တကွ[က်] တွတ်ရွတ်ဆိုလေ၏။ သူမှတ်ထားခဲ့သည့် လက်ာ၊ စာပိုဒ်တစ်ခုဖြစ်သလို. . ထိုအရာမှာ ၎င်းတံခါးကိုဖွင့်နိုင်မည့် နည်းလမ်းဖြစ်ကြောင်းကျန်သူမျ[ား] သိလိုက်ရသဖြင့်. . စောင့်ကြည့်နေလေရာ အချိန်ခဏအတွင်း သိဒ္ဒိ၏ စွ[မ်း] ဆောင်မှုဖြင့် တံခါးချပ်ပွင့်သွားလေ။ ထိုတံခါးမှထွက်လျှင် လူတစ်ကိုယ်[စ]ဝင်သာရုံကျယ်သော ဂူပေါက်ဝလေးကို တွေ့ရ၏။ သူတို့သည် ထိုဂူပေါက်ဝ[မှ] တစ်ယောက်ပြီး တစ်ယောက်ထွက်ခဲ့ကြရာ. . ဆူးချုံပုတ်အနည်းငယ် ကြိုကြ[ား] ပေါက်နေသည့် ကျောက်လွင်ပြင်မြေပေါ် သို့ ခြေတင်မိကြတော့၏။

ထိုအခါ. . သူတို့သည် တအံ့တသြဖြင့် ဝန်းကျင်တခွင်ကို ငေးမေ[ာ] ဝေစွာ ကြည့်နေကြ၏။ သူတို့သည် အမှန်တကယ်ပင် ရှေးဟောင်းခွာထ[န်မီး] လူမျိုးများ၏ ပိုင်ဆိုင်စိုးမိုးရာ. . . နယ်မြေဒေသအစကို ရောက်ရှိကြလေပြီ။

"ကြည့်စမ်းပါဦး. . သခင်ကြီးတို့၊ သစ်ပင်ဝါပင်ရယ်လို့ ကြီးကြီးမားမ[ား] မတွေ့ရတဲ့အပြင် မြင်မြင်သမျှ ကျောက်သားလွင်ပြင်ကြီးပါပဲလား. . ဘယ်[လို] အရပ်ဒေသများပါလိမ့်"

ဟူ၍ သိဒ္ဒိက တအံ့တသြ ပြောဆိုလေသည်။ သူကပင် ဆက်၍. .

"ဒါတင်မကသေးဘူး. . အလင်းရောင်ကလည်း မှိုင်းဝေနေ[သ]ော မြင်ရတာတစ်မျိုးပဲ. . နေရောင်လည်း မရှိဘူး။ စာတန် (မာရ်နတ်ရဲ့ဘုံ)ကို[များ] ရောက်နေလေရောသလား"



ဟု ထပ်မံ ညည်းညူလိုက်ပြန်၏ ၎င်းထင်မြင်ချက်မှာ အမှန်ပင် ဖြစ်သည်။ သူတို့သည် ဝန်းကျင်တစ်ခွင်ကို အကြိမ်ကြိမ်လှည့်ပတ်ကြည့်ရှုပြီး ဖြစ်သည်။

ကောင်းကင်ကို မမြင်ရဘဲ. . အဆင့်ဆင့်အထပ်ထပ် အုပ်မိုးနေသည့် ကျောက်တောင်မြင့်ကြီးများကိုသာ တွေ့ရ၏။ ၎င်းကျောက်တောင်မြင့်ကြီးများ ပတ်လည်ဝန်းရံနေလေရာ. . ညွတ်မိုးနေသည့် တောင်တံတိုင်းကြီးကြားမှ ကျဆင်းလာသော နေအလင်းရောင်မှာ အောက်ခြေကျောက်လွင်ပြင် မြေပေါ် သို့ အရောက်တွင် နီကျင်ညိုမှိုင်းလျက်. . နေဝင်ခါးနီး ညနေဆည်းဆာရောင်သဖွယ် ဖျော့လျော့နေလေ၏။

သူတို့နှင့် ကိုက်ငါးဆယ်ခန့်အကွာတွင် စီးဆင်းနေသော ချောင်းရေပြင်ကို တွေ့ရ၏။ ချောင်းတစ်ဖက်တွင် မြင့်မားသော ကျောက်တောင်ကြီးရှိ၏။

"အဘိုးနဲ့ တွေ့ဆုံခဲ့တဲ့ ခွာထန်မီးလူကြီးက ဒီချောင်းကို ဖြတ်ခဲ့ရတယ်လို့ ပြောတယ်. . ချောင်းတစ်ဖက်ကို ရေကူးပြီး မဖြတ်သင့်ဘူး. . ရေသံကြောင့် အန္တရာယ်ကျရောက်နိုင်တယ်. . . "

သိဒ္ဒိ ထင်မြင်ချက်မှာ မှန်ကန်၏။ ကျော်စွာကလည်း. .

"ဒါဖြင့်လည်း တို့တွေ ဒီချောင်းကမ်းနားအတိုင်းလျှောက်ပြီး. . ဟိုဘက်ကမ်းကို ဘယ်လိုကူးနိုင်မယ်ဆိုတာ လေ့လာကြည့်ရအောင်"

ဒေါက်တာကြီးမှာ မည်သည့်စကားမှ မဆိုနိုင်အောင် တတ်ကြွနေလေ၏။ အတန်ကြာအောင် လျှောက်မိသောအခါ ကျော်စွာ တွေးထင်ထားသည့် အတိုင်း. . တစ်ဖက်ကမ်းသို့ ကူးနိုင်ရန်အတွက် ကြိုးတံတားကို တွေ့ရလေ၏။ ထိုတံတားမှာ လွန်စွာထူးဆန်း၏။ ဘေးတစ်ဖက်တစ်ချက်တွင် ကိုင်စရာလက်တန်းကို ပြုလုပ်ထားခြင်း မရှိပေ။ ကြိုးမှာလည်း ထူးဆန်းသော နွယ်ပင်တစ်မျိုးဖြင့် ရက်လုပ်ထားခြင်း ဖြစ်သည်။

သူတို့သည် ကြိုးပခတ်တံတားအတိုင်း တငြိမ့်ငြိမ့် တလှုပ်လှုပ် လျှောက်၍ တစ်ဖက်ကမ်းသို့ ကူးခဲ့ကြ၏။ ကျောက်တောင်ပေါ် သို့ တက်ရာတွင် သိဒ္ဒိက ရှေ့မှဦးဆောင်၏။ ကျောက်တောင်မှာ အတန်ငယ် မတ်စောက်၏။ သို့သော်လည်း ကမူအစွန်းများရှိသဖြင့် ၎င်းတို့ကို ကုတ်ကတ်ဖက်တွယ်နိုင်သဖြင့်. . အဆင်ပြေစွာတက်နိုင်ကြ၏။ ထိုသို့ဖြင့် တောင်ခွပ် လတ်တစ်နေရာသို့

www.burmeseclassic.com

ရောက်ရှိသည့်တွင် တောင်၏တစ်ဖက်အောက်ခြေရှိ မြင်ကွင်းကိုတွေ့
ရလေရာ. . တအံ့တသြဖြင့် မျက်ဝန်းတွေက ပြူးကျယ်သွားကြ၏။

တောင်ခြေအောက်တွင် အမိုးပြန့်ကားသော ရွံ့စေးအိမ်ငယ်လေး
များစွာကို တွေ့ရ၏။ ကျောက်သားမြေနီလမ်းကလေးမှာ စနစ်တကျ ဖောက်
ထားပုံရ၏။ ထိုလမ်းကလေးပေါ်တွင် နွားနောက်အုပ်ကြီး သွားလာနေသည်
တွေ့မြင်ရ၏။ နွားအုပ်နောက်တွင် လိုက်ပါလာသော လူအချို့ရှိ၏။ ပုံသဏ္ဍာန်
အသားမည်းနက်၍ အရပ်မြင့်မားပြီး၊ ထွားကျိုင်းသော ကိုယ်နေဟန်ထား
သည်။ ရုပ်ထွေးများပြားစွာ သွားလာနေကြသည့် မိန်းမများလည်း ရှိ
မိန်းမများမှာ အဝတ်ကိုခေါင်းမြီးခြုံ၍ အုပ်ထားကြ၏။ လူယဉ်ကျေးတို့ ဌာ
သာမန် မိန်းမများနှင့်ယှဉ်လိုက်လျှင် ၎င်းအမျိုးသမီးများက ပို၍အရပ် မြင့်
ကြ၏။

အိမ်ခြေငါးရာခန့်ရှိသော တဲကလေးများအလယ်တွင် မြေကွက်
ပြန့်ကျယ်တစ်ခုရှိပြီး. . အလယ်တွင် အဆောက်အအုံကြီးတစ်ခုရှိ
အဆောက်အအုံရှေ့တွင် ရွှေရောင်တောက်ပသောပိုးသားတစ်ခုကို အလံ
လွှင့်ထူထား၏။ ထိုအခြင်းအရာများကို စိတ်ရှည်လက်ရှည်ကြည့်ရှုနေလျ
ဒေါက်တာဂျက်ဖာဆင်သည် သက်ပြင်းတစ်ချက်ချလျက်. . .

"ကျုပ်တို့ တကယ့်ကို ရောက်လာခဲ့ကြပြီ လက်ဖတင်နင်၊
ရာစုများစွာ ပျောက်ဆုံးနေခဲ့တဲ့ တကယ့်ရှေးဟောင်း ခွာထန်မီးတို့ရဲ့ မြို့တော်
ပါပဲ. . . ကြည့်ပါဦး မိုးထိလုနီးပါး မြင့်မားနေတဲ့ကျောက်တောင်တွေ
တစ်တောင်ပေါ်မှာ တစ်တောင်ညွှတ်ထပ်ကိုင်းအုပ်နေကြလေတော့
ကြွက်တွင်းတွေလို ဒီတောင်တွေရဲ့အောက်ခြေမှာ ပုန်းအောင်းနေကြ
သူတို့တွေ ရှိနေတယ်ဆိုတာကို ယဉ်ကျေးတိုးတက်ပါတယ်ဆိုတဲ့ ဒီကျေ
တံတိုင်းအပြင်ဘက်က မသိနိုင်တာ. . အံ့သြဖို့မရှိပါဘူးလေ. . ."

ဟူ၍ လေးပင်စွာ မှတ်ချက်ပြုလေ၏။ ဒေါက်တာကြီးတဲ့
ကျော်စွာနှင့်သိဒ္ဓိလည်း ထူးဆန်းလှသည့် မြင်ကွင်းကိုကြည့်၍မဝနိုင်
ဖြစ်နေကြ၏။ ထိုစဉ်မှာပဲ သူတို့အသားပေါ်သို့ လာရောက်တို့ထိသည့်
စက် အထိအတွေ့ကြောင့် အထိတ်တလန့်ဖြင့် နောက်လှည့်ကြည့်လိုက်တော့

"ဟင်. . ."



သူတို့အဖို့ အနည်းငယ်မျှ ပြင်ဆင်ချိန်မရလိုက်တော့ပါ. . ထိုအခိုက်
အတန့်မှာ ဦးချိုတံပိုးမှုတ်သံများကို ချောက်ချားထိတ်လန့်ဖွယ် ကြားလိုက်ရတော့
၏။

သူတို့အား တို့ထိလာသည့်အရာမှာ. . ခွာထန်မီးစစ်သည်တို့၏ လှံသွား
များပင် ဖြစ်သည်။ စစ်သည်မှာ ဆယ်ဦးမျှဖြစ်၏။ တံပိုးမှုတ်သံကြောင့် ခွာထန်မီး
အမြောက်အများ လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး၊ ၎င်းတို့ထံ ဝိုင်းအုံကြည့်ရှုကြလေ၏။
ထိုခဏမှာပဲ စစ်သည်ထဲမှ အကြီးအကဲဖြစ်သူ၏ မာကျောသည့် အမိန့်သံကို
ကြားရလေ၏။

"ငါတို့ခွာထန်းမီး မြို့တော်ထဲကို ကျူးကျော်ဝင်ရောက်လာတဲ့ လူသူစိမ်း
များကို ဖမ်းဆီးခေါ်ဆောင်ခဲ့ကြလော့. . ."

ထိုအခါ. . စစ်သည်များက လှံများဖြင့်ချိန်ရွယ်လျက် တောင်အောက်
သို့ ဆင်းရန် ခိုင်းစေကြ၏။

သူတို့လည်း တောင်အောက်သို့ ဆင်းရန် ပြင်ဆင်ကြရ၏။ ထိုစဉ်မှာပဲ
သိဒ္ဓိက သဘောကျစွာ ပြုံးရယ်လိုက်ပြီး. . .

"အရှင်. . လက်ဖတင်နင်ရေ. . ခွာထန်မီးတွေက သူတို့မြို့ကို
တောင်ပေါ်ကနေ ခိုးကြောင်ခိုးဝှက်ကြည့်တာကို မကြိုက်ဘူးတဲ့. . ဒါကြောင့်
သူတို့ကိုယ်တိုင်လိုက်ပြမယ်ဆိုပြီး လာခေါ်တာပေါ့. . ."

ဟု ပြောလေရာ. . ကျော်စွာကလည်း သဘောကျပြီး-

"ဒီလိုဖြစ်လည်း လှံတွေနဲ့ ချိန်ခေါ်ဖို့ မလိုပါဘူးကွာ. . ငါတို့ကလည်း
သူတို့နေတဲ့ နေရာကို ရောက်ချင်လွန်းလို့ လာခဲ့ကြတာပဲ. . ."

ဟု. . တုံ့ပြန်ပြောလျက် သူတို့လာခဲ့သည့်လမ်းအတိုင်း ကျောက်တောင်
ပေါ်မှ ပြန်ဆင်းခဲ့ကြလေ၏။

www.burmeseclassic.com

## အခန်း ◀ ၁၃ ▶
## ပန်းနက်ရှင်မ ဘယ်သူလဲ

မြောက်များလှစွာသော လမ်းသေးလမ်းမွှားကလေးများကို ကျော်ဖြတ်၍ မြို့လယ်မြေကွက်လပ်ဆီသို့။ သူတို့ရောက်လာချိန်တွင် တွေ့မြင်ရသမျှသော ခွာထန်မီးယောကျ်ားမိန်းမတို့မှာ အံ့သြထိတ်လန့်သော မျက်လုံးများနှင့် သူတို့အား ကြည့်ကြလေ၏။

ယောကျ်ား၊ မိန်းမအားလုံးတို့၏ ဆံပင်များမှာ ခွေလိပ်တွန့်လိမ်လျက် နက်မှောင်လွန်းသည်။ ၎င်းဆံနွယ်များမှာ. . ပုံသဏ္ဍာန်အမျိုးမျိုးဖြစ်၏။ အားလုံး လိုလိုပင် ရွှေကြိုးများ၊ ရွှေလက်ကောက်၊ ရွှေခြေချင်းများဖြင့် တောက်ပသော ပိုးသား အဝတ်အထည်များကို ဝတ်စားဆင်ယင်ထားကြ၏။

ဆာရီဝတ်စုံအောက်မှ လွတ်ထွက်နေသော အမျိုးသမီးများ၏ လက် တစ်ဖက်တွင် လက်ကောက်ဝတ်မှ လက်မောင်းရင်းတိုင်အောင် အရွယ်အစား အမျိုးမျိုးသော ရွှေလက်ကောက်လက်ကျပ်များ ဆင့်ကာဆင့်ကာ ဝတ်ဆင်ထား၏။

"ဒီလူတွေ ရွှေတွေ ဒီလောက်တောင် ဝတ်ထားနိုင်တာ ဒီအရပ်မှ ရွှေထွက်လို့ ဖြစ်ရမယ်. . ဒီရွှေတွေကို ယဉ်ကျေးပါတယ်ဆိုတဲ့ ကျွန်တော်တို့ ကမ္ဘာက လူတွေသာသိလိုက်ရင်. . ဒီမျိုးနွယ်စုအဖို့ အတော့်ကို အန္တရာယ်ရှိ နိုင်တယ်"

ကျော်စွာက ထိုသို့ မှတ်ချက်ပြုလိုက်လျှင် ဒေါက်တာကြီးကလည်း. . .

"ဟုတ်ပေတာပေါ့. . လက်ဖတင်နင်၊ မြေလျှောင်ကြီးလှုပ်သလို သူတို့ နေထိုင်တဲ့ တောင်ကြီးပြိုသွားတဲ့အခါ သူတို့ဟာ. . ကျောက်တောင်တွေရဲ့ အတွင်းပိုင်းကို ပြောင်းရွှေ့ခဲ့ရာက အခုလို ရွှေအများအပြားထွက်ရှိတဲ့ ရတနာ



သိုက်နယ် မြေကိုတွေ့ရှိခဲ့တာပေါ့. . ဒီသယံဇာတတွေကို အရင်းတည်ပြီး၊ လူယဉ်ကျေးမှုကမ္ဘာမှာ အချမ်းသာဆုံး အကြွယ်ဝဆုံး မျိုးနွယ်စုဖြစ်သွားမှာ သေချာတယ်. . သို့ပေမယ်လည်း သူတို့ကို ဦးစီးဦးဆောင်ပြုနေတဲ့ ခေါင်းဆောင် (ဒါမှမဟုတ်) သူတို့ဘုရင်ဖြစ် သူရဲ့အတွေးအခေါ် ဉာဏ်ပညာမြင့်မားမှုပေါ်မှာ မူတည်တာပေါ့လေ. . ."

ဟု. . တွေးတွေးဆဆပြောလေ၏။

ထိုစဉ်မှာပဲ. . သိဒ္ဓိက ဘာသံလဲ မသိဘူး၊ ကြားရတယ်ဟု ပြောသဖြင့် သူတို့နှစ်ဦး နားစွင့်လိုက်ကြ၏။

တံပိုးခရာမှုတ်သံ ဖြစ်သည်။ အခြေအနေကို ရုတ်ခြည်းပင် သိရှိလိုက်၏။ ၎င်းတို့၏ အကြီးအကဲတစ်ဦးဦး လာရောက်နေပြီဟု အချက်ပေးလိုက်ခြင်း ဖြစ်သည်။

ထိုအသံများမှာ ပိုမိုဆူညံကျယ်လောင်လာ၏။ ၎င်းအသံကြောင့် လူအများမှာ ရုတ်ရုတ်သဲသဲ ဖြစ်သွားကြ၏။ ထိုစဉ်မှာပဲ တောင်ကြားလမ်းဆီမှ လှံရှည်များ ကိုင်ဆောင်ထားကြသည့် စစ်သည်တော် နှစ်ဆယ်၊ အစိတ်ခန့် ထွက်လာကြသည်ကို တွေ့လိုက်ရ၏။ မြင်ကွင်းမှာ ထူးဆန်းလှပေသည်။

ထိုစစ်သည်များ အလယ်တွင် လူလေးယောက်ထမ်းထားသည့် ဝေါတစ်ခုပေါ်၌ တင်းတိမ်စဖြင့် ကာရံထားသူကိုမြင်ရသဖြင့် သူတို့သုံးဦး ငေးမောကြည့်နေမိ၏။ ဝေါကိုထမ်းကြသူများက စင်မြင့်လှေကားအနီးတွင် ရပ်တန့်လိုက်လေရာ. . တင်းတိမ်ကာရံထားသော ထမ်းစင်အတွင်းမှ မြင့်မားထွားကျိုင်းလှသော ခွာထန်မီး လူမည်းကြီးတစ်ဦး ထွက်လာ၏။ ကျော်စွာသည်. . ထိုလူကြီးကို မြင်လျှင်မြင်ချင်း သူတစ်သက်တွေ့ဖူးသမျှ လူအားလုံးထဲ၌ အရုပ်အဆိုးဆုံး ဖြစ်ပေသည်ဟု မှတ်ချက်ချမိလေ၏။

"ခွာထန်မီး မျိုးနွယ်စု၏ အကြီးအကဲ 'ဘာဆက်'ကို အရိုအသေ ပြုကြလော့. . ."

စစ်သည်တစ်ယောက် အော်သံဆုံးသည်နှင့် ကျန်စစ်သည်များက ၎င်းတို့၏ ခါးတွင်အသီးသီး ချိတ်ဆွဲထားသော. . ဦးချိုတံပိုးများကို နားကွဲမတတ် ကျယ်လောင်ဆူညံစွာ မှုတ်ကြလေ၏။

ထိုအခါ ခွာထန်မီးများသည် နှုတ်မှ မသဲကွဲသော ရေရွတ်မြည်

www.burmeseclassic.com

တမ်းသံများ ပြုလုပ်ကြပြီး. . မိမိတို့၏လက်ကို အပေါ်သို့မြှောက်ကာ ဦးညွှတ်အရို အသေပေးကြပြန်သဖြင့် သူတို့သုံးဦးလည်း ဘာလုပ်ရမှန်းမသိ ဖြစ်သွားကြတော့၏။

ထိုစဉ်မှာပဲ. . .

"အရပ်တပါးက လူရိုင်းတွေ ဘာလုပ်နေကြတာလဲ. . တို့ရဲ့ အကြီးအကဲကို အရိုအသေပေးရမယ်ဆိုတာ နားမလည်ကြဘူးလား. . အခုချက်ချင်း အလေးအမြတ် ပြုကြစမ်း"

ဟု. . စစ်သည်တစ်ဦးက ခပ်ကြမ်းကြမ်း စေခိုင်းလေရာ မခံမရပ်နိုင် ဖြစ်သွားသော သိဒ္ဓိက. . .

"အလို. . ဒီကောင်တွေက ကျွန်တော်တို့ကို လူရိုင်းတွေလို ပြောနေကြပါလား. . သူတို့ကပဲ ပြောရတယ်ရှိသေး. . တောက်. . ."

ဟူ၍ ပြောလေ၏။

ထိုအခြေအနေကို လိုက်လျောရုံမှတစ်ပါး အခြားမရှိတော့ပြီမို့. . ကျော်စွာက-

"ကဲ. . ဒေါက်တာရေ ဒီအခြေအနေမှာ သူတို့ခိုင်းသမျှ လုပ်တာဟာ ဘေးအကင်းဆုံးပါပဲ. . သူတို့ရဲ့ အင်မတန် မသတီစရာကောင်းတဲ့ အကြီးအကဲကို အလေးအမြတ်ပြုကြစို့. . ."

ဟု ပြောဆိုပြီး. . သူက ဦးဆောင်လျက် ၎င်းတို့နည်းတူ ပြုလုပ်လေ၏။

သိဒ္ဓိမှာ သူ၏အရှင်က တိုက်တွန်း၍သာ လိုက်ပါလုပ်ဆောင်ရသော်လည်း ဘဝင်မကျနိုင် ဖြစ်နေလေ၏။

"အရှင်က အရိုအသေပြုဆိုလို့သာ ပြုရတာ. . လက်ကိုအပေါ်မြှောက်ပြီး ခေါင်းငုံ့ရတာ ကိစ္စမရှိပေမယ့်. , သူ့ရှေ့က မြေကြီးပေါ် ဒူးထောက်ခိုင်းရင်တော့ ကျွန်တော်မထောက်နိုင်ဘူး. . ဒါ အမှန်ကို ပြောတာ"

ထိုစဉ်မှာပဲ. . ၎င်းစစ်သည်များထံမှ ကျွန်ုပ်တို့အကြီးအကဲကြီး သက်တော်ရာကျော် ရှည်ပါစေ ဟူသော. . အသံကြီး ဟိန်းထွက်လာလေ၏။

"ဘုရားရေ. . ဒီကောင် ရုပ်ပျက်ဆင်းပျက်ကြီးကိုများ သက်တော်ရာကျော်ရှည်ပါစေတဲ့. . မရှည်တော့ရော ဘာဖြစ်မှာတဲ့တုန်း။ ကျွန်တော်တော့ သူ အသက်ရှည်စေချင် သူကောင်းချင်စိတ် မရှိဘူး"



သိဒ္ဓိတစ်ယောက်တည်း တတွတ်တွတ် ပြောကြားနေရာ. . ကျော်စွာနှင့် ဒေါက်တာဂျက်ဖာဆင်မှာ သူစိတ်တိုနေပုံကို ကြည့်၍ သဘောကျစွာ ပြုံးမိလေ၏။

၎င်းတို့အကြီးအကဲ၏ အသက်အရွယ်မှာ ငါးဆယ်ဝန်းကျင်ဖြစ်သည်။ ခေါင်းမှာ ကြီးမားပြီး. . နှာခေါင်းမှာ ပိပြား၏။ လိမ်ကောက်ရှုပ်ပွနေသော ဆံနွယ်များထက်တွင် ရွှေဖြင့်ပြုလုပ်ထားသော ဦးရစ်သရဖူကို ဆောင်းထား၏။

သူနှင့် အလွန်လိုက်ဖက်ခြင်းမရှိသော ဝတ်စုံဖားဖားကြီးကို ဝတ်ဆင်ထား၏။ ဝတ်ရုံ၏အနားများတွင်. . ရွှေနှင့် ကျောက်မျက်ရွဲများ စီခြယ်ထား၏။ ရွှေသားခြေနင်းတစ်ရန်ကို စီးနင်းထားကာ. . သူကိုင်ဆောင်ထားသော ရာဇလှံတံအသွားမှာ ရွှေဖြင့်ပြုလုပ်ထားသည်ကို တွေ့ရ၏။

အကြီးအကဲက ပြုံးကျယ်သော မျက်ဝန်းဖြင့်ကြည့်ပြီး၊ နေမြဲအတိုင်း နေစေဖို့ပြောလိုက်သဖြင့် စစ်သည်များနည်းတူ. . ကျော်စွာတို့လည်း ပင့်မြှောက်ထားသောလက်ကို ပြန်လည်ရုပ်သိမ်းလိုက်၏။ ထိုအခါ ရှေးဆုံးမှ စစ်သည်တစ်ဦးက ရှေ့သို့ ထွက်သွားပြီး. . .

"ကျွန်ုပ်တို့အကြီးအကဲ ကိုယ်တော်ကြီး ဘုန်းတော်ကြီး၍ သက်တော်ရှည်ပါစေသတည်း. . ကျွန်ုပ်တို့၏ ပျောက်ဆုံးနေသော မြို့တော်အတွင်းသို့ နှင့်ဝှက်ဥမင်လမ်းမှ ဤလူသူစိမ်းများကျူးကျော်ဝင်ရောက်လာပါတယ်။ ကျွန်ုပ်တို့ ကင်းလှည့်နေစဉ် ရွှေထွက်သော ချောင်းတစ်လျှောက်မှာ ဤသူများကို တောင်ကုန်းတစ်ခုပေါ်မှာ တွေ့ခဲ့ရပါတယ်. . သူတို့ဟာ ကျွန်ုပ်တို့ မြို့တော်ကို ချောင်းမြောင်းကြည့်ရှုနေကြပါတယ်။ ကျွန်ုပ်တို့တစ်သက်မှာ ဤသို့အဖြစ်မျိုး တစ်ခါမှ မကြုံဘူးတာကြောင့် သူတို့ကို တွေ့ခဲ့ရတဲ့အခါမှာ အလွန်ပဲ အံ့သြမိပါတယ်။ ဤလူ သူစိမ်းများအား မည်သို့ဆောင်ရွက်ရမည်ကို အမိန့်ရှိပါလော့"

အကြီးအကဲ၏ ပုံဆိုးလှသောမျက်နှာမှာ ကျက်သရေ မင်္ဂလာမရှိစွာ တွန့်လိမ်သွား၏။ တစ်ယောက်တည်းပင် စိတ်မချမ်းမြေ့သော ညည်းညူသံကြီး ထွက်ပေါ်လာပြီး. . .

"ကျွန်ုပ် များစွာအံ့သြမိသလို လွန်စွာမှလည်း အထိတ်တလန့် ဖြစ်ရပါတယ်. . ကျွန်ုပ်တို့ရဲ့ ရှေးဟောင်းတဘောင် စကားဟာ အမှန်တကယ် ဖြစ်လာပြီ ထင်ပါရဲ့။ ရာစုများစွာ ရပ်တည်နိုင်ခဲ့ကြတဲ့ ကျွန်ုပ်တို့မြို့တော်ကြီး ပျက်စီးချုပ်ငြိမ်းတော့မည်ကို. . ကျွန်ုပ် အလွန်စိုးရိမ်မိတယ်။ အစောင့်

www.burmeseclassic.com

စစ်သည်များ ဤကိစ္စကို ကျွန်ုပ်ဉာဏ်မမီပါ. . ကျွန်ုပ်တို့၏ ဘဝနှင့်အသ အိုးအိမ်စည်းစိမ်ကို ထာဝရပိုင်တဲ့ ဆေးဆရာကြီးအလီဘာသာလျှင် ဆုံးဖြ နိုင်ပါလိမ့်မယ်။ ဆေးဆရာကြီးအလီဘာကို အကြောင်းကြားစေလော့"

"ကောင်းပါပြီ. . ကိုယ်တော်ကြီး၊ သို့ဆိုလျှင် အခုပင် ကျုပ် သွားခေါ်ပါ့မယ်"

ထိုစကားကြောင့် ကျော်စွာတို့လည်း လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ ၎င်းတို့ထဲတွင် အလွန်အမင်း စိတ်လှုပ်ရှားသွား သူမှာ ဒေါက်တာဂျက်ဖာဆ ဖြစ်သည်။ ကြောက်လန့်၍ ထိုသို့ဖြစ်သွားခြင်း မဟုတ်ပါ. . သူတို့အကြီးအ ပြောလိုက်သည့် အလီဘာဟူသော ဆေးဆရာကြီးကို အထူးစိတ်ဝင်စားသေ ကြောင့် ဖြစ်သည်။ သို့သော်လည်း အခြေအနေမှာ တစ်မျိုးဖြစ်သွားပြန်၏။ ၎ အကြီးအကဲကပင် ဆက်၍. . .

"စစ်သည်များ ခေတ္တဆိုင်းငံ့ကြပါဦး. . ဆေးဆရာကြီး အလီဘာဟ အခုလိုရက်အတွင်းမှာ ပန်းနက်ဘုရင်မနဲ့ တွေ့ဆုံဖို့ ပန်းနက်ကျွန်း သွားရောက်လေ့ရှိတာကြောင့် ဤသူစိမ်းများကို ခေါ်ဆောင်မသွားသေးမီ သူ အကြောင်းကို အလီဘာဆေးဆရာကြီးထံ ကြိုတင်အကြောင်းကြားသင့်တယ် ကျွန်ုပ် ယူဆပါတယ်။ ဒါကြောင့် သူစိမ်းများကို ကျွန်ုပ်တဲအတွင်း. . ချုပ်နှော ထားလိုက်ကြပေတော့"

"ကောင်းပါပြီအရှင်. . ."

ဟု စစ်သည်များက ပြောဆိုပြီး. . ကျော်စွာတို့အား မြို့၏ အစ ကျသော ကျောက်တောင်များ ခြေရင်းဆီသို့ ခေါ် ဆောင်သွားကြ၏။

"အင်း. . အခြေအနေကတော့ ဘယ်လိုမှ မှန်းဆမရသေးဘူး။ သူ မျိုးနွယ်စုမှာ ဩဇာအရှိဆုံး အလီဘာက ဆေးဆရာကြီးဆိုတာ ထင်ရှားတ အဲဒီပုဂ္ဂိုလ်နဲ့တွေ့ဆုံတော့မှ ကျုပ်တို့လည်း ဘယ်လိုဆက်လက် လှုပ်ရှားရမယ်. ဘယ်လိုပြဿနာမျိုးနဲ့ ရင်ဆိုင်ရမယ်ဆိုတာ သိရလိမ့်မယ်. . ဘယ်လိုပဲဖြစ် လက်ဖတင်နှင်. . ကျုပ်တော့ အလွန်ပဲ ဝမ်းမြောက် နေမိတယ်"

ဟု ဒေါက်တာဂျက်ဖာဆင်က စိတ်လှုပ်ရှားစွာ ပြောလေ၏။ ကျော်စ ကလည်း. . .

"ဒါပေါ့ ဒေါက်တာ. . အခု ကျွန်တော်တို့ဟာ တကယ့် အိပ်မ



ကမ္ဘာထဲ ရောက်နေတဲ့အတိုင်းပါပဲ။ ကျွန်တော်တို့အဖို့လည်း စွန့်စားရကျိုးနပ်ခဲ့လို့ ပိပ်ကိုပျော်ရွှင်မိပါတယ်။ ကျွန်တော့်ကို အထူးစိတ်ဝင်စားစေတာက သူတို့စကား ထဲမှာ သိလိုက်ရတဲ့ ပန်းနက်ကျွန်းဆိုတာပေါ့. . ကျွန်တော့်အထင် မလွဲဘူးဆို ရင် အဲဒီပန်းနက်ဆိုတာ ဂမုန်းနက်ပန်းကို ရည်ညွှန်းတာလို့ ယုံကြည်မိတယ်"

ထိုအခါ ဒေါက်တာဂျက်ဖာဆင်က အားတက်ရွှင်လန်း စွာဖြင့်. . .

"အလွန်ကို ဖြစ်နိုင်ချေရှိတာပေါ့. . လက်ဖတင်နှင်။ အဲဒီ ပန်းနက် ဘုရင်မဆိုတာ ဘယ်လိုမိန်းမမျိုးလဲလို့ ကျုပ် အလွန်သိချင်တယ်။ ဆန္ဒစောလို့ ဖြစ်လို့သာ ငြိမ်နေလိုက်ရတာ. . ."

"ဟုတ်တယ် ဒေါက်တာ. . ဒီအတောအတွင်းမှာ ကျွန်တော်တို့ကို ဘယ်လိုမှ ရန်ပြုလိမ့်မယ် မဟုတ်ပါဘူး။ ကောင်းကောင်းနားပြီး အင်အားပြည့်ဖြိုး ကြည်လင်လာတဲ့အခါမှာ ရှေ့ကို ဘယ်လိုဆက်ကြမယ်ဆိုတာ ကြံစည်ကြတာပေါ့ လေ။ အခုလောလောဆယ်မှာတော့ စိတ်အေးလက်အေး နားပြီး၊ အစားကောင်း ကောင်းစားရဖို့သာ မျှော်လင့်ရမှာပေါ့. . ဒေါက်တာရယ်"

အေးစိမ့် မည်းမှောင်နေသော. . ဂူလမ်းမရှည်ကြီးထဲတွင် သုံးနေ့သုံးည ကြာအောင်လာခဲ့ရသည့် သူတို့(၃)ယောက်သည် လမ်းခရီးတွင် စိတ်ရောလူပါ. . င်ပန်းခဲ့ရသဖြင့် အတိုးချ၍ အိပ်စက်ကြလေ၏။ အိပ်ရာမှ နိုးသောအခါ ပန်းဆန်းအား ပြည့်လာပြီး. . ဆာလောင်မွတ်သိပ်လာလေ၏။

ထိုအချိန်မှာပဲ တဲအတွင်းသို့ အသားမည်းနက်လှသော ခွာထန်မီး အမျိုးသမီးငယ်တစ်ဦး ဝင်လာ၏။ သူမသည် လင်ပန်းတစ်ချပ်ပေါ်တွင် အသား ကင်များ၊ နို့အင်တုံတစ်လုံးနှင့် သစ်သီးများကို ယူဆောင်လာခြင်း ဖြစ်သည်။

သူတို့လည်း အစားအသောက်များကို အားပါးတရ စားသောက်ကြ၏။ ဩစရာကောင်းသည်မှာ ထိုအမျိုးသမီးငယ်က သူတို့အား စိတ်ဝင်စားစွာ ကြည့်ရှုနေခြင်းဖြစ်သည်။

ထိုအရိပ်အကဲကို သိလိုသဖြင့်. . ကျော်စွာက-

"ကျုပ်တို့ ဘယ်တော့လောက် အလီဘာဆေးဆရာကြီးနဲ့တွေ့ရမလဲ"

ဟု ခွာထန်မီးစကားဖြင့် မေးမြန်းရာ၊ အမျိုးသမီးငယ်သည် အလွန် ဩသွားပြီး. . မျက်ဝန်းတွေက ဝိုင်းစက်သွားလေ၏။

ကျော်စွာ တွေးထင်သည့်အတိုင်းပင် အမျိုးသမီးငယ်မှာ သူတို့အပေါ်မှာ

www.burmeseclassic.com

စိတ်ဝင်တစားဖြင့် စကားစမြည်ပြောချင် နေလေရာ. . သူမထံမှ အချို့ကိစ္စများ
သိရလေ၏။

သူမက ၎င်းတို့ဘာသာစကားကို ကျော်စွာတို့နားလည် ပြောဆိုနိုင်သ
အတွက်. . အံ့ဩမိကြောင်း ပြောဆိုပြီး၊ ဤသို့ ပြောပြလေသည်။

"အစောင့်စစ်သည်များ အလီဘာ ဆေးဆရာကြီးနှင့် တွေ့ဆုံ
သွားရောက်ပေမယ့်. . ဆေးဆရာကြီးကို မတွေ့ခဲ့ရပါဘူး။ ဆေးဆရာကြီး
ပန်းနက်ကျွန်းကို သွားရောက်နေလို့ ဖြစ်ပါတယ်. . နောက်သုံးရက်ကြာ
အလီဘာဆေးဆရာကြီး ပြန်လာပါလိမ့်မယ်။ အဲဒီ သုံးရက်အတွင်း အသင်တို့
ပတ်သက်ပြီး ဘယ်သူမှ တစ်စုံတစ်ရာ ဆုံးဖြတ်မှာ မဟုတ်ပါဘူး"

ဟူ၍ ခပ်တိုးတိုးပြောဆိုပြီး. . စားသောက်ပြီးသော ပန်းကန်များ
သိမ်းဆည်းပြီး ပြန်ထွက်သွားလေ၏။

"အင်း. . နောက်ထပ် သုံးရက်လောက်တော့ စိတ်အေးလက်အေး
နေရဦးမှာပေါ့လေ"

ဟု ဒေါက်တာကြီးက ရေရွတ်လေ၏။ တစ်ဆက်တည်းဆိုသ
လေးပင်စွာ ပင့်သက်ရှိုက်ပြီး. . .

"ကျုပ်တော့ ပန်းနက်ရှင်မကို မြန်မြန်တွေ့ချင်နေပြီ. . လက်ဖတင်နှင့်
သူဟာ. . ရှယ်လီ ဟုတ်, မဟုတ် မသိရမချင်း ကျုပ်အဖို့ နေရထိုင်ရတာ
စိတ်ဖြောင့်မှာ မဟုတ်ဘူး"

"နောက်ထပ် အချိန်သိပ်ကြာတော့မှာ မဟုတ်ပါဘူး. . ဒေါက်တာ
နေလက်စနဲ့ နေလိုက်ကြတာပေါ့. . ဒီအတောအတွင်းမှာ ဟိုမိန်းကလေးဆီ
သူတို့ဓလေ့ထုံးတမ်းစဉ်လာတွေနဲ့ သူတို့မြို့အကြောင်း သိနိုင်သမျှသိအော
ကျွန်တော်တို့ ကြိုး စားရလိမ့်မယ်"

သိဒ္ဓိမှာမူ ထိုရက်အတွင်း စားကာအိပ်ကာနှင့် စိတ်အေးချမ်းသာ
ရှိနေ၏။ တစ်ခါတလေ. . သူနှင့်မခွဲမခွာရှိနေသော ဘာမှန်းမသိသော
အိတ်ကြီးကိုဖွင့်၍ စစ်ဆေးနေတတ်၏။

သူတို့ထံသို့ ခွာထန်မီး မိန်းကလေးသည် နံနက်တစ်ကြိမ်၊ ညနေ
တစ်ကြိမ် ရောက်ရှိလာပြီး. . အစားအသောက်များကို ပို့ဆောင်ပေး၏။
တွေ့စတုန်းက အနည်းငယ်စိုးရွံ့နေသော်လည်း နောက်ပိုင်းမှာတော့ သူမ



အရာတွေက ရဲတင်းပွင့် လင်းလာလေရာ. . သူမ သိလိုသမျှတွေကို ကျော်စွာ
တို့ထံမှ မေးမြန်းလေ၏။

သူမသည် ကျောက်နံရံတံတိုင်းကြီး အပြင်ဘက်ရှိ လူများနေထိုင်သော
မြို့ရွာများ၊ ဓလေ့ထုံးတမ်းစဉ်လာများနှင့် ယဉ်ကျေးမှု၊ လူအမျိုးမျိုးနှင့်
တိုင်းပြည်များအကြောင်းတို့ကို မေးမြန်းလေရာ. . ကျော်စွာကလည်း
သူမနားလည်စေရန် အမူအရာများဖြင့် ဖြည့်စွက်ရှင်းပြလေ၏။

ထိုသို့ ရင်းနှီးလာသည်တွင် သူမ၏ဘဝဖြစ်ပျက်မှုများကို ပြောပြ
လေ၏။ ထိုအခါမှ သူမသည် အဘယ်ကြောင့်. . တစ်ပြည်နိုင်ငံသားများ
အကြောင်းကို သိလိုနေခဲ့ခြင်းဖြစ်ကြောင်းကို သဘောပေါက် နားလည်ခဲ့ရ၏။

သူ့အမည်မှာ နာတာလီဖြစ်၏။ သူမတို့ ခွာထန်မီးလူမျိုးများမှာ
သားသမီး အလွန်ရှားပါးကြ၏။ လင်မယားတစ်စုံတွင် သားသမီး တစ်ဦးထက်ပိုပြီး
ထွန်းကားခြင်းမရှိပေ။ အချို့ဆိုလျှင် သားသမီးပင် မရရှိကြပေ. . သူမမှာ
တစ်ဦးတည်းသော သမီးဖြစ်ပြီး၊ မိဘများမှာ သူမငယ်စဉ်ကတည်းက ဆုံးပါး
သွားခဲ့၏။ အမှန်မှာ သူမ၏ မိခင်သာလျှင် ဆုံးပါးခဲ့ခြင်းဖြစ်သော်လည်း
ခွာထန်မီးလူမျိုးတို့၏ ဓလေ့ထုံးစံအတိုင်း မိမိအိမ်ထောင်ဖက် ဆုံးပါးလျှင်
ကျန်သူပါ လိုက်ပါပြီး. . ဆုံးပါးသူနှင့်အတူ အရှင်လတ်လတ် သင်္ချိုင်းကျောက်
ဂူတောင် လိုဏ်ခေါင်းကြီးအတွင်း ပစ်ချခံရခြင်းဖြစ်သည်။

တစ်ကောင်ကြွက်ဘဝဖြင့် ကျန်ရစ်ခဲ့သော သူမကို. . အလီဘာ
ဆေးဆရာကြီး၏ အလုပ်အကျွေး အခိုင်းအစေအဖြစ် ရွေးချယ်ခန့်အပ်ခဲ့၏။

နောင်တွင် ဆေးဆရာကြီး၏ အလုပ်အကျွေး အခိုင်းအစေအဖြစ်မှ
ပန်းနက်ရှင်မ၏ အခြံအရံအဖြစ် လွှဲပြောင်းခံရလေ၏။

ဒေါက်တာကြီးမှာ ထိုအဖြစ်ကို ကြားလိုက်ရလျှင် လွန်စွာစိတ်လှုပ်ရှား
သွား၏။ သူသည် အလောတကြီး မေးမြန်းရန်ဟန်ပြင်လေရာ. . ကျော်စွာက
အနှောင့်အယှက်မဖြစ်စေရန် — အနှမစောရန် အမူအရာဖြင့် ဟန့်တားလိုက်သဖြင့် ငြိမ်နေလိုက်ရ၏။

ဆက်လက်ပြောဆိုသည့် အမျိုးသမီးငယ်၏ စကားကို ကြားရသည်တွင်
သူသည် အထိတ်တလန့်ဖြင့် ဘုရားသခင်ကို တိုင်တည်လိုက်တော့၏။ ၎င်းအမျိုး
သမီးငယ်၏ စကားများမှာ ဤသို့ဖြစ်၏။

ပန်းနက်ရှင်မထံသို့ ရောက်ရှိစက သူမသည်. . လွန်စွာ ပျင်းရိငြီးငွေ့

www.burmeseclassic.com

လျက် ပျော်ရွှင်မှု မရှိခဲ့ပေ။ ကာလအတန်ကြာ. . ပန်းနက်ရှင်မနှင့် နေထိုင်မိစဉ် မှာတော့ သူမအဖို့ တစ်သက်တွင် တစ်ကြိမ်တစ်ခါမျှ မကြားဘူးသော. . ထူးဆန်းအံ့သြဖွယ် အကြောင်းအရာများကို ပန်းနက်ရှင်ထံမှ ကြားသိရ၏။ ထို့ပြင် သူမတို့အပေါ် သနားကရုဏာသက်စွာဖြင့် ချစ်ခင်နွေးထွေးစွာ ဆက်ဆံခြင်း ခံရသဖြင့်. . နှစ်ကာလများစွာ ပျောက်ဆုံးခဲ့ရသည့် မိခင်မေတ္တာကို ရရှိသလို ခံစားရလေ၏။ သူမတို့ ခွာထန်မီးလူမျိုးများ နေထိုင်သော ကျောက်တံတိုင်းကြီး၏ အပြင်ဘက်တွင် နေထိုင်ကြသည့်. . လူများအကြောင်းဖြစ်၍ ထိုလူများမှာ များစွာ ယဉ်ကျေးမှုတိုးတက်ကြ ကြောင်း. . သူတို့ကဲ့သို့ ကြွယ်လနက္ခတ်တာရာများကို ကိုးကွယ် ပူဇော်ကြသူများ မဟုတ်ဘဲ. . စစ်မှန်သော ဘာသာအယူဝါဒရှိသူများ ဖြစ်ကြောင်း၊ အမျိုးမျိုးသော အတတ်ပညာများကို တက်မြောက်ကြကြောင်း စသည်များကို ပန်းနက်ရှင်ထံမှ အံ့မခန်းကြားသိရလေ၏။

ထိုအကြောင်းအရာများအပြင် သူမတို့၏ အရှင်သခင်ဖြစ်သော ပန်းနက်ရှင်မသည် အတိအကျ မခန့်မှန်းနိုင်သော ကာလတစ်ခုတွင် ကျောက်တံတိုင်းကြီးအပြင်ဘက် တိုင်းပြည်တွင် ကျန်ရစ်ခဲ့သော. . သူမခင်ပွန်းက သူမနှင့် သမီးငယ်ကေရီတို့ကို လာရောက်ကယ်တင် ခေါ်ယူလိမ့်မည်ဟု ယုံကြည်မျှော်လင့်ကြောင်း. . ပြောပြလေ၏။

သူမမှာ ပန်းနက်ရှင်မနှင့် သမီးဖြစ်သူ ကေရီတို့နှင့် နှစ်ကာလ ကြာမြင့်စွာ အနီးကပ်နေထိုင်ရသဖြင့် ချစ်ခင်တွယ် တာ သံယောဇဉ်ဖြစ်မိသလို သူမအပေါ်မှာလည်း အခြားသူများ ထက်ပို၍ ယုံကြည်စိတ်ချအားကိုး ချစ်ခင်သည်ဟု. . ပြောပြ လေ၏။

ထိုစကားများကို ကြားရသည်တွင် ဒေါက်တာကြီးမှာ အသံ တဆတ်ဆတ် တုန်ယင်လျက် မျက်ဝန်းတွေက ပြူးကျယ်နေတော့၏။ စိတ်သော ဖိစီးမှုကြောင့် မျက်နှာအမူအရာမှာ ညှိုးငယ်ဖျော့တော့ နေလေ၏။

အမျိုးသမီးငယ်ပြောပြသည့် ပန်းနက်ရှင်မသည်. . ချစ်ဇနီး ရှယ်လီပင် ဖြစ်မည်ဟု တစ်ထစ်ချယူဆမိလေရာ နီးလျက်ဝေးနေရသည့် အရေးကို နှစ်ပေါင်း များစွာ စိတ်ရှည်လက်ရှည် စောင့်ဆိုင်းနိုင်ခဲ့ပါလျက်. . ယခုမှ သူ့စိတ်တွေက သည်း မခံနိုင်နိုင်လောက်အောင် ဖြစ်မိလေရာ. . ကျော်စွာမှာ မနည်းချော့ ဖျောင်းဖျပြောဆိုရလေ၏။



အမျိုးသမီးငယ်မှာ သူတို့စားသောက်ပြီးစီးသည့် ပန်းကန်ခွက်ယောက် များကို ယူဆောင်ပြီး ထွက်ခွာသွားပြီဖြစ်၍. . လွတ်လပ်စွာ စကားပြောဆို ဖြစ်ကြ၏။

"ကျုပ်တော့ အချိန်တွေ ကြာရှည်မစောင့်ချင်တော့ဘူး လက်ဖတင်နင် ပန်းနက်ကျွန်းကို ဖြစ်အောင်သွားပြီး ရှယ်လီနဲ့သမီးကို အမြန်ပြေးတွေ့ချင်လှပြီ။ ကျုပ်ဘဝမှာ စောင့်ခဲ့ရတဲ့ကာလတွေဟာ. . ရှည်ကြာခဲ့ပါပြီ။ အခုလို မြင်ရကြားရ ပါလျက် တွေ့ဆုံခွင့်မရဘူးဆိုရင် ကျုပ်အဖို့ ရင်ကွဲနာကျပြီး သေဆုံးဖွယ် ဖြစ်ရပါလိမ့်မယ်. . . "

"ဒီလိုလည်း မဟုတ်သေးဘူး. . ဒေါက်တာ။ အခုအချိန်မှာ ဖြစ်သင့် တာကို ကျော်လွန်ပြီး ဖြစ်ချင်တာကို ဦးစားပေးလိုက်ရင်. . ဒေါက်တာ့ မျှော်လင့်ချက်တွေ ဆုံးရှုံးသွားမှာ သေချာတယ်. . ပန်းနက်ကျွန်းဆိုတာ ဘယ်မှာရှိမှန်းမသိသလို ဘယ်လိုသွားရမှန်း မသိသေးဘူး။ စိတ်မရှည်နိုင်တာ အတွက်နဲ့ တစ်သက်လုံး မျှော်လင့်စောင့်စားခဲ့တဲ့ ရလဒ်အဖြေဟာ. . အဆိုး ဘက်ကို ရောက်သွားမှာပေါ့ ဒေါက်တာ။ နောက်ထပ်ရက်ကလေး နည်းနည်း လောက် ထပ်စောင့်လိုက်ရင် ဒေါက်တာဖြစ်ချင်တဲ့ ဆန္ဒမျိုးဖြစ်လာမှာ သေချာ ပါတယ်"

ဒေါက်တာကြီးမှာ ကျော်စွာ၏သဘောထားကို သဘောပေါက်သွားပြီး ဦးခေါင်းကို တဆတ်ဆတ်ညိတ်လျက် သူ့ဆန္ဒစောသွားကြောင်း ဝန်ခံပြောဆို လေ၏။ သူ၏ ချစ်ဇနီးနှင့် သမီးကလေးမှာ ရှင်လျက်သေနေရသည့်အဖြစ်မျိုးနှင့် ကျောက်တောင်တွင်းထဲက အရိုင်းအစိုင်းများ၏ လက်ထဲတွင် ချုပ်နှောင် ဖမ်းဆီး ခံနေရသည့်အဖြစ်ကို တွေးမိရင်း ရင်၌မချိတင်ကဲ. . ခံစားနေရ၏။

သို့ကြောင့် နောက်တစ်ကြိမ်. . ခွာထန်မီး မိန်းကလေးရောက်လာသည့် အခါ ပန်းနက်ကျွန်းသို့ မည်သို့မည်ပုံ သွားရောက်ရမည်ကို မေးမြန်းရန်. . ကျော်စွာအား ပြောဆိုလေ၏။

သူ့ဆန္ဒအတိုင်း နောက်တစ်နေ့မှာပဲ. . ကျော်စွာက မေးလေရာ. . ထိုမိန်းကလေးက သူတို့ ထင်ထားသည်ထက် ပြည့်စုံစွာ ရှင်းပြလေ၏။

"လူသူစိမ်းများ. . ကျွန်မတို့နေထိုင်တဲ့ မြို့တော်ကို ဝန်းပတ်စီးဆင်း နေတဲ့ ချောင်းကြီးရဲ့အလယ်မှာ ပန်းနက်ရှင်မနေတဲ့ ပန်းနက်ကျွန်းရှိပါတယ်. .

www.burmeseclassic.com

ကျွန်မတို့ ခွာထန်မီးလူမျိုးတွေဟာ တစ်နှစ်ကိုတစ်ကြိမ် ပန်းနက်ကျွန်းကို သွား ပန်းနက်ရှင်မနဲ့ ပန်းနက်များကို အလေးအမြတ် ပြုကြပါတယ်။ မြို့သူမြို့သ များဟာ ပထဦးဆုံးလှေများနဲ့ မြို့တော်ဆိပ်ကမ်းက ထွက်ခွာကြပြီး အလီဘ ဆေးဆရာကြီးရဲ့ ဂူကို လှော်ခတ်သွား ကြရတယ်"

"အဲဒီကမှ တစ်ခါ ဂူကြီးကို ဖြတ်သန်းပြီး. . ဂူရဲ့တစ်ဖက်ပေါက်က ပန်းနက်ကျွန်းကို လှော်ခတ်ကြရပါတယ်. . အလီဘာဆေးဆရာကြီးရဲ့ဂူ မဖြတ်ဘဲနဲ့ ဘယ်လိုမှ သွားလို့မရပါဘူး. . ."

"အို. . လူသူစိမ်းများ သင်တို့ ဘာကြောင့်. . ပန်းနက်ကျွန်း သွားရောက်လိုတာကို ကျွန်မ သိပါတယ်။ ကျွန်မတို့ မျိုးနွယ်စုမှာ ရှေးယ နှစ်ကာလများစွာကတည်းက ပေါ်ထွန်းခဲ့တဲ့ တဘောင်စကား တစ်ခွန်းရှိပါတယ ဘယ်လိုမှ မထင်မှတ်တဲ့ ကာလတစ်ခုမှာ ကျွန်မတို့တိုင်းပြည်ထဲကို တစ်ပြည်နိုင် သားတွေ ရောက်လာပြီး. . ကျွန်မတို့ အမြတ်တနိုးထားတဲ့ ပန်းနက်များ ပန်းနက်ရှင်မကို လာရောက်ခေါ်ယူသွားလိမ့်မယ်ဆိုတာပါပဲ. . ကျွန်မ ခွာထန်မီး လူမျိုးတွေကတော့ ကျွန်မတို့ရဲ့သက်ဦးဆံပိုင်ဖြစ်တဲ့ အရှင်မင်းမြ အလီဘာရဲ့တန်ခိုးကို ဘယ်လိုလူမျိုးမှ ချေဖျက်နိုင်မှာ မဟုတ်ဘူးလို့. ယုံကြည်ခဲ့ကြတယ်။ ဒါကြောင့်လည်း ပန်းနက်ကို ခိုးယူဖို့ဆိုတာ. . ဘယ်လို ဖြစ်နိုင်စရာ အကြောင်းမရှိဘူးလို့ ထင်မှတ်ထားတယ်။ တခြားသူတွေ ဘယ် ထင်ကြမယ် မသိနိုင်ပေမယ့် ကျွန်မကတော့ အဲဒီလို ထင်မြင်မှုတွေ ပျက်ပြားသ ဖြစ်နေပါပြီ. . ."

"ဘာဖြစ်လို့လဲဆိုတော့. . ကျွန်မဟာ ပန်းနက်ရှင်မရဲ့ သွန်သ ဆုံးမမှုတွေ. . သင်ကြားပြောဆိုမှုတွေကို နှစ်ကာလများစွာ ကြားသိခဲ့ရတေ တစ်ပြည်နိုင်ငံသားများဟာ. . ဘယ်လောက်ဉာဏ်ပညာ ကြီးမားထက်သန်တာ သိနေလို့ဖြစ် တယ်။ ရှေးပဝေသဏီကစလို့ ဘယ်လိုလူတစ်ယောက်မှ အရော အပေါက်မရှိတဲ့ ကျွန်မတို့ အရပ်ဒေသကို အရောက်လာနိုင်စွမ်းရှိတာ သင်တို့ ဉာဏ်ပညာ ဘယ်လောက်ကြီးမားတယ်ဆိုတာ. . ကျွန်မ လက်တွေ့သိလိုက် လေ။ ဘယ်လိုအခက်အခဲမျိုးတွေ ရင်ဆိုင်ရပစေ. . သင်တို့ဟာ ပန်းနက်ကျွန်း ရောက်အောင်သွားနိုင်ကြမယ်လို့ ကျွန်မ ယုံကြည်ပါတယ်။ ရှေးပေ တဘောင်စကားအတိုင်း တကယ်ဖြစ်ရင်တော့. . ကျွန်မတို့ မြို့တော်နဲ့လူ



ပျက်သုဉ်းသွားပါလိမ့်မယ်"

"ဒါကတော့ အစွန်းရောက်တဲ့ ယုံကြည်စွဲလမ်းမှုလို့ ငါယူဆတယ်။ ဒီအစွဲကြီးဟာ. . မင်းတို့အတွက်လည်း အကျိုး မရှိသလို ငါတို့အတွက်လည်း အန္တရာယ်များလှပါတယ်။ ငါတို့ က မင်းတို့နယ်မြေထဲကို မျက်စိလည် လမ်းမှားပြီး ရောက်လာတာပါ. . မင်းတို့ဆီက ပန်းနက်တွေကို ခိုးယူဖို့လာကြတာ. . မဟုတ်ပါဘူး"

ကျော်စွာက ပြေလည်စွာ အလိုက်သင့်ပြောလိုက်သောအခါ သူမက. .

"ထိုအတိုင်းဖြစ်ပါစေလို့ ဆုတောင်းပါတယ်လေ. . သို့ပေမယ့် အရှင်မင်းမြတ်အလီဘာ, ကတော့ သင်တို့မျက်စိလည် လမ်းမှားတယ်ဆိုတာကို ယုံလိမ့်မယ်မထင်ပေဘူး။ ဒီနေ့ မနက်ပဲ အစောင့်စစ်သည်တွေ ပြန်ရောက်လာလို့ သင်တို့ကိစ္စကို ကျွန်မကြားသိခဲ့ရတယ်"

ဟု ပြောရာ သူတို့ခန္ဓာကိုယ်တွေက စိတ်ဝင်တစားဖြင့် လှုပ်ခတ်သွားလေ၏။

"သင်တို့ အကြောင်းကိုသိရတော့ အရှင်မင်းမြတ်ဟာ အလွန်ပဲ ဒေါသအမျက်ထွက်နေတယ်. . ညီလာခံကျင်းပချိန် နီးကပ်နေပြီဖြစ်လို့ သင်တို့ကို တင်းကျပ်စွာ ချုပ်နှောင်ထားဖို့ မှာကြားလိုက်ပါတယ်။ အို. . အသင်လူဖြူကြီး သင့်ကိုမြင်ကတည်းက. . သင်ဟာဘယ်သူဖြစ်တယ်ဆိုတာ ကျွန်မအကဲ ခတ်မိပါတယ်။ သင့်မျက်နှာပေါ်က အရိပ်အကဲကို ကြည့်ပြီး. . သင့်ရင်ထဲကို ကျွန်မ မြင်နိုင်ခဲ့ပါတယ်။ ကျွန်မတို့ရဲ့ ပန်းနက်ရှင်မဟာ သင့်လိုပဲ ဖြူစွတ်သော အသားအရေရှိသူဖြစ်လို့ သခင်မပြောတဲ့ခင်ပွန်းဟာ သင်ဆိုတာကို တွေ့မြင်ကတည်းက. . ကျွန်မရိပ်မိခဲ့ပါတယ်. . သင်တို့နဲ့ ကျွန်မတွေ့ဆုံမှုဟာ ဒီတစ်ကြိမ် နောက်ဆုံးဖြစ်တာကြောင့် သင်တို့ သိသင့်သိထိုက်တာကို အခုလို ကျွန်မ ပြောပြမိတာပါ။ သခင်မဟာ ကျွန်မကို အထူးချစ်ခင်ယုံကြည်သလို ကျွန်မကလည်း သခင်မရဲ့သမီး. . ပန်းနက်ကေရီအပေါ်မှာ အလွန်ပဲချစ်ခင် တွယ်တာရပါတယ်။ နောက်တစ်နေ့ဆိုရင် ပန်းနက်ကျွန်းကို. . ကျွန်မ ပြန်ရမှာဖြစ်လို့ ဘာများ မှာလိုပါသေးသလဲ. . ."

ဟု. . ပြောလေရာ ဒေါက်တာကြီးမှာ လွန်စွာအားတက် ရွှင်လန်းမှားပြီး. . .

www.burmeseclassic.com

"အလိုလေး. . ဝမ်းသာလိုက်ပါဘိ ကလေးမရယ်"

ဟု ထိုမိန်းကလေးကို ကျေးဇူးစကားများ အကြိမ်ကြိမ် ပြောဆို တော့၏။ ဒေါက်တာကြီးကိုကြည့်၍. . ကျော်စွာနှင့်သိဒ္ဓိတို့လည်း ကျေနပ်ပျော်ရွှ နေမိ၏။ ထိုစဉ်မှာပဲ ဒေါက်တာကြီးက သူ့လက်တွင် ဝတ်ဆင်ထားသေ မျိုးရိုးအစဉ်အဆက်၏ အထိမ်းအမှတ်လက်စွပ်အား ချွတ်၍. . ထိုမိန်းကလေး သို့ ကမ်းပေးလိုက်၏။

"ဒါကို ယူသွားပါ. . မိန်းကလေး။ ဒီလက်စွပ်ကို မြင်တာနဲ့ မင်း သခင်မဟာ ကျုပ်ဘယ်သူဘယ်ဝါဆိုတာ သိရှိသွားပြီး အလွန်ပျော်ရွှင်သွားပါ မယ်။ ကျုပ်တို့ဟာ မကြာခင်သောကာလမှာ သင်တို့ဆီ အရောက်လာလိမ့်မ လို့လည်း ပြောလိုက်ပါ။ တစ်ဆိတ် ကျုပ်မေးပါရစေဦး. . မင်းဟာ ပန်းန ကျွန်းက သခင်မအနီးမှာ အလုပ်အကျွေးပြုနေပါလျက်. . ဘာကြောင့်မ ဒီကိုရောက်နေရတာလဲ"

ဟူ၍ မေးမြန်းလိုက်ရာ တုံ့ပြန်ရှင်းပြသည့် မိန်းကလေး၏ စကားကြေ ဒေါက်တာကြီးသည် မိမိကိုယ် မိမိဆောက်တည်နိုင်စွမ်းမရှိအောင် အပြင်းအ တုန်လှုပ်ချောက်ချား သွားတော့၏။

"ကျွန်မ ရောက်ရှိလာခြင်းဟာ ပန်းနက်ရှင်မအတွက်ကြောင့်ပါပဲ. ယခုကာလအတွင်း ကျွန်မတို့ရဲ့ ပန်းနက်ရှင်မဟာ လွန်စွာစိတ်မချမ်းမြေ့ခံ နေရပါတယ်။ အဲဒီစိတ်ကြောင့်ပဲ ကျန်းမာရေး ချို့ယွင်းလာတာကြောင့် သခင်မ ဆေးဝါးတိုက်ကျွေးဖို့ အရှင်မြတ်ကြီးအလီဘာက ခေါ်ယူ၍. . ရောက်ရှိလာ ဖြစ်ပါတယ်. . အရှင်မြတ်ကြီး အလီဘာဟာ ဘုန်းတန်ခိုးကြီးမားသလို ဆေးပ အရာမှာလည်း လွန်စွာအစွမ်းထက်ပါတယ်. . သခင်မကြီး မှီဝဲဖို့ ဆေးများရ ဖြစ်လို့ မနက်ဖြန် မနက်ဆိုရင်ပဲ. . သခင်မကြီးထံပါးကို ပြန်ရမှာ ဖြစ်ပါတ

ဟု ပြောပြပြီး သူမတို့၏ သခင်မကြီး ဘယ်လိုအကြောင်းကြေ စိတ်နှလုံးကြေကွဲခံစားနေရကြောင်း ရှင်းပြလေ၏။

သူမတို့၏ အရှင်မြတ်ကြီးအလီဘာ ဆေးဆရာကြီးကြောင့်ပင် ဖြစ်သ ဤပျောက်ဆုံးနေသော မြို့တော်ကို. . သူမတို့ မျိုးနွယ်စု စတင်တည်ထောင် ရှေးဟောင်းနိမိတ် တဘောင်စကားများတွင် အလီဘာအရှင်မြတ် ဆေးဆရာ တစ်ဦးဦး လက်ထက်မှာ သူတို့၏ ပန်းနက်များကို ပြုစုစောင့်ရှောက်သ



န်းနက်ရှင်မကို ရှာဖွေတွေ့ရှိလိမ့်မည်ဖြစ်ကြောင်း. . .။

ပန်းနက်ရှင်မဟာ အသားအရည် စိုပြည်လှပသည့်. . လူဖြူမိန်းမ တစ်ယောက် ဖြစ်ပြီး၊ သူ့ကို ရှာဖွေတွေ့ရှိ၍ ခေါ်ဆောင်လာသည့်အခါ သူ့မှာ မွေးဖွားရသေးသော ရင်သွေး ကလေးယော်ပါလာရမှာဖြစ်ပြီး. . ထိုရင်သွေးမှာ မွေးဖွားသည့်အခါ မိန်းကလေးဖြစ်မှသာ ပန်းနက်ရှင်မ အစစ်အမှန်ဖြစ် ကြောင်း. . .

၎င်း တဘောင်နိမိတ်စကားများကို လွန်ခဲ့သည့် ရာစုနှစ်ပေါင်းများစွာ ကတည်းက. . မိမိတို့ ခွာထန်မီး တစ်မျိုးသားလုံးနှင့်တကွ အဆက်ဆက်သော အလီဘာအရှင်မြတ် ဆေးဆရာကြီးများက စွဲမှတ်ယုံကြည်ကြကြောင်း. .။ ထိုရှေးဟောင်း တဘောင်စကားအတိုင်း ပန်းနက်ရှင်မ အစစ်အမှန်ကို ရှာဖွေ တွေ့ရှိခဲ့လို့ မိမိတို့မျိုးနွယ်တစ်ခုလုံး လွန်စွာနှစ်ထောင်းအားရ ဝမ်းမြောက်ဝမ်းသာ ရှိခဲ့ကြကြောင်း. . .

သို့ကြောင့်လည်း အလီဘာ ဆေးဆရာကြီးဟာ. . ရှေးဟောင်း နိမိတ် တဘောင်စကားမှာပါရှိသည့် လိုက်နာဆောင်ရွက်ရမည့် အခြားကိစ္စတစ်ခုကို မကြာမီရက်ပိုင်းအတွင်း. . ဆောင်ရွက်ဖို့ပြင်ဆင်နေကြောင်း ထိုကိစ္စကို မိမိတို့ပြည်သူ လူထုအများရှေ့မှာ ကြီးကျယ်ခမ်းနားစွာ ကျင်းပမည်ဖြစ်၍. . ပြည်သူတစ်ရပ်လုံး အထူးစိတ်ဝင်တစားရှိနေကြောင်း စသဖြင့် ပြောဆိုလေ၏။

လွန်စွာ စိတ်ဝင်စားဖွယ် ကောင်းလှသဖြင့် ဒေါက်တာကြီးနှင့် ကျော်စွာတို့မှာ တစ်စုံတစ်ရာ ခွန်းတုံ့မပြန်ဘဲ ငြိမ်၍နေမိကြ၏။ ခွာထန်မီး မိန်းကလေး နာတာလီသည် စကားကို ခေတ္တရပ်တန့်လျက်. . မသိမသာ ငင့်သက်ရှိုက်လေ၏။ တစ်ဆက်တည်းပင် ဒေါက်တာကြီးကို ကရုဏာသက်စွာ ကြည့် လိုက်ပြီး. . .

"ပန်းနက်ရှင်မ ထံပါးမှာ အစေအပါးအဖြစ် မရောက်ခင်ကာလက ကျွန်မလည်း အဲဒီလိုစွဲလမ်းယုံကြည်ထားသူပါ။ သခင်မနှင့် နှစ်ကာလကြာမြင့်စွာ နေထိုင်ခဲ့ရပြီး သခင်မနဲ့ သခင်မရဲ့သမီး ပန်းနက်ဇေကရီတို့ရဲ့ သွန်သင်ဆုံးမမှု ကြောင့်. . ကျွန်မတို့ မျိုးနွယ်စုဟာ လွန်စွာသယံဇာတ ကြွယ်ဝတဲ့မြေပေါ်မှာ မှီတည်နေကြရပေမယ့် မျိုးနွယ်စုတစ်ခုလုံးဟာ. . ရှေးရိုးစွဲယုံကြည်မှုများနှင့် အသိဉာဏ်ပညာအရာမှာ ရာစုများစွာ နောက်ကျကျန်ရစ်နေကြရတယ်။

www.burmeseclassic.com

ကျွန်မတို့ဒေသမှာ ရွှေဆိုတာ လက်ညှိုးထိုးမလွဲ ပေါများကြွယ်ဝသလို လွန်စွာ အစွမ်းထက်ပြီး တန်ဖိုးဖြတ်မရတဲ့ ဂမုန်းနက်ပန်းပွင့် အမြောက်အမြား ပိုင်ဆိုင်ပါတယ်. . အဲဒီ ပန်းနက်ပွင့်ဟာ ဘယ်လိုအစွမ်းသတ္တိရှိပြီး. . အဘယ်မျှ တန်ဖိုးကြီးမားတယ် ဆိုတာကို သခင်မထံမှ သိရတော့. . ကျွန်မ အလွန် အံ့ဩမိပါတယ်။ သခင်မလို အသိဉာဏ်မြင့်မားသူ မဆိုလေနှင့် အသိဉာဏ်နည်းပါးသူ ကျွန်မအနေနှင့် တွေးဆမိပါတယ်. . အဖိုးမဖြတ်နိုင်တဲ့ အဲဒီ သယံဇာတ တွေကို အရင်းတည်ပြီး ကြွက်တွင်းလိုအောင်းနေတဲ့ ကျွန်မတို့ မျိုးနွယ်စုတစ်လုံးကို ယဉ်ကျေးတဲ့ကမ္ဘာက အခြားနိုင်ငံများနှင့် ရင်ဘောင်တန်းနိုင်တဲ့ ဘဝအဆင့်အတန်းမျိုးရောက်ရှိအောင် စွမ်းဆောင်လို့ရပါလျက်နှင့်. . ကျွန်မတို့ရဲ့ အဆက်ဆက် သက်ဦးဆံပိုင်အလီဘာ အရှင်မြတ်ဆေးဆရာကြီးများဟာ ရှေးရိုးစွဲဓလေ့ထုံးစံများကို သွတ်သွင်းပြီး. . အရိုင်းအစိုင်းဘဝ ဖြစ်စေခဲ့တာဟာ အလွန်ကြေကွဲစရာ ကောင်းလှပါတယ်. . ."

"ယခုလည်း အလီဘာအရှင်မြတ် ဆေးဆရာကြီးဟာ ခွာထန် မျိုးနွယ်တစ်ခုလုံးကို ရှေးရိုးစွဲအယူဓလေ့နဲ့ သွပ်သွင်းဖို့ ပြင်ဆင်နေပါတယ်. . အဲဒီကိစ္စဟာ ပန်းနက်သခင်မနှင့် တိုက်ရိုက်သက်ဆိုင်နေတာကြောင့် သခင်မ လွန်စွာစိတ် မချမ်းမြေ့ ခံစားနေရတယ်။ အလီဘာတစ်ယောက်ဟာ မသေဆုံးခင်. . သူ့နေရာကိုဆက်ခံမယ့် လူတစ်ယောက်ကို ရွေးချယ်ထား၍ သူတတ်မြောက်ထားသမျှ ပညာရပ်တွေ အားလုံးကို သင်ကြားပြသပေးရပါတယ်။ ရှေးဟောင်းစကား တွေထဲမှာ. . ပန်းနက်ရှင်မဟာ မွေးဖွားလာတဲ့ သမီးဟာ ခွာထန်မီး တစ်မျိုးသားလုံးကို ကယ်တင်နိုင်တဲ့ ထူးခြားမြင့်မြတ်တဲ့ အလီဘာ မယ်တော်အဖြစ်ခံယူရင်း. . ကျွန်မတို့ မျိုးနွယ်စုတွေဟာ အခုလို ကြွက်တွင်းနဲ့ တူတဲ့ ကျောက်တောင်စောင်းတွေထဲမှာ အောင်းနေရတဲ့ ဘဝမျိုးက ကျွတ်လွတ်ပြီး၊ ရှေးယခင် တောင်ကြီးပြိုမကျမီအတိုင်း ယဉ်ကျေးမှု အနုပညာ အဆင့်အတန်း မြင့်မားထွန်းကားတဲ့ လူမျိုးအဖြစ်နဲ့ ကျော်ဇောထင်ရှား ကောင်းစားလိမ့်မယ်လို့ တဘောင်စကား ရှိခဲ့ပါတယ်။ ဒီလို ထူးခြားမြင့်မြတ်တဲ့ အလီဘာမယ်ဇော်အဖြစ် ခံယူဖို့ဆို တာကလည်း. . ပန်းနက်ရှင်မရဲ့ သမီးဟာ ယခုလက်ရှိ ကျွန်မတို့ကို အုပ်ချုပ်စိုးမိုးနေတဲ့ အလီဘာဆေးဆရာကြီးနဲ့ လက်ထပ်မှ ဖြစ်ပါလိမ့်မယ်. . သူတို့က ဆင်းသက်လာတဲ့ ရင်သွေးဟာ အလီဘာဆေးဆရာကြီး ဆုံးပါးသွားတဲ့အခါ သူ့နေရာရာထူးကို ဆက်ခံပြီး. . ဆေးဆရာကြီးဖြစ်လာပါလိမ့်မယ်"



"အလိုလေးလေ. . ကြားရတဲ့စကားဟာ ကျုပ်နှလုံးသားကို မိုးကြိုးအစင်းပေါင်းများစွာ ပစ်ချခံရသလိုပါပဲလား. . ဘုရားသခင်ကူညီစောင်မတော်မူပါ"

ဒေါက်တာဂျက်ဖာဆင်အဖို့ ရုတ်ခြည်းပင် ရူးသွပ်သူကဲ့သို့ ခံစားလိုက်ရ၏။ သူသည် မခံမရပ်နိုင်သည့် ဒေါသကြောင့် မျက်နှာတစ်ပြင်လုံး နီရဲလာလျက်က. . .

"ငါ့သမီးကို. . ဒီလို အရိုင်းအစိုင်းကောင်ကြီးနဲ့ လက်ထပ်ရမယ် ဟုတ်လား. . ဘုရားသခင် ကြည့်မနေပါနဲ့။ ဒီကောင်ကြီးဟာ စာတန်(မာရ်နတ်)ရဲ့ အစေအပါး မိစ္ဆာမကောင်းဆိုးဝါး ကောင်ကြီးပါ. . ဒီကိစ္စ လုံးဝမဖြစ်စေရဘူး။ ငါ့ဇနီးနဲ့ သမီးတစ်ဝုံတစ်ခု ဖြစ်လို့ကတော့ ငါကိုယ်တိုင် အဲဒီမိစ္ဆာကောင်ကြီးကို သတ်မယ်တော့. . ."

ဟု ကြိမ်းဝါးပြောလိုက်ရာ. . သူ့အသံမှာ ကျယ်လောင် လွန်းသည့်အတွက်ကြောင့် အပြင်ဘက်မှ အစောင့်စစ်သားများ ကြားသွားမှာကိုပင် စိုးရိမ်ရ၏။ ထို့ကြောင့် မိန်းကလေးက စိုးရိမ်ကြီးစွာဖြင့်. . .

"အို. . လူဖြူကြီး၊ တိုးတိုးပြောပါရှင်"

ဟု ဟန့်တား လိုက်လေ၏။

ထို့နောက် မိန်းကလေးမှာ အချိန်လင့်ပြီဖြစ်၍ သူတို့ စားသောက်ပြီးသည့် ပန်းကန်ခွက်ယောက်များကို သိမ်းဆည်းလျက်. . ပြန်သွားတော့၏။ ပြန်ခင်မှာ ဒေါက်တာကြီးမှာ ကြားသည့်အတိုင်း ပန်းနက်သခင်မကို ပြောပြမည်ဟု ကတိပြုပြော ဆိုလေ၏။

ထိုနေ့မှစ၍. . ခွာထန်မီး မိန်းကလေးနာတာလီကို နောက်ထပ် မတွေ့မမြင်ရတော့ပေ။

ဒေါက်တာဂျက်ဖာဆင်တို့သည် ၎င်းတို့အချုပ်ခန်းအတွင်း၌ပင် နှစ်ဆယ့်တစ်ရက်တိတိ အချုပ်အနှောင်ခံနေရ၏။ ထိုနေ့မှာပဲ အလီဘာ ဆေးဆရာကြီး တရားစီရင်ဆုံးဖြတ်မည့် နေရာသို့ သွားရန်အတွက်. . အစောင့်စစ်သားများ လာရောက်ခေါ်ဆောင်ခြင်းကို ခံရတော့၏။

www.burmeseclassic.com

အခန်း ၄ ၁၄ ၃

## ကြွက်တွင်းထဲက ရွှေအိုရောင် မိန်းကလေး

အစောင့်စစ်သည်များသည် သူတို့သုံးဦးကို ဖောင်ပေါ်တင်၍ လှော်ခတ်ခေါ်ဆောင်သွားကြ၏။ သိဒ္ဓိသည် ခရီးတစ်လျှောက် လေ့လာမှတ်သားနေ၏။ ဒေါက်တာကြီးမှာ မချမ်းမြေ့သောခံစားမှုဖြင့် ညှိုးငယ်နေလေ၏။ ကျော်စွာက ချောင်း၏ အနေအထားနှင့် ဝန်းကျင်အနေအထားကို ကြည့်ရှုရင်း လိုက်ပါခဲ့၏။

အလီဘာဆေးဆရာကြီး တရားစီရင်မည့်နေရာသို့ . . ထိုနေ့ည မိုးချုပ်စအချိန်တွင် ရောက်ရှိလေ၏။ ကျယ်လွင့်သည့် ကျောက်သားရင်ပြင်ကြီးဖြစ်သည်။ ကျောက်တောင်ကြီး၏ အခြေလှေကားထစ် ခြေရင်းတွင် ချည်နှောင်ဆိုက်ကပ်ထားသော . . လှေဖောင်များစွာကို တွေ့ရ၏။

ထိုအချင်းအရာကိုကြည့်၍ ကျော်စွာတို့ သဘောပေါက်နားလည်သွား၏။ ခွာထန်မီး လူမျိုးများအားလုံးပင် ဆေးဆရာကြီးတရားစီရင်ခြင်း နာခံရန်လာရောက်ကြခြင်းပင် ဖြစ်သည်။

ရင်ပြင်ကြီးမှာ ကျယ်လွန်းသည်နှင့်အမျှ တောင်၏ အမြင့်ဆုံးနေရာတွင်တည်ရှိရာ . . ထိုနေရာမှ အောက်သို့ငုံ့ကြည့်ပါက မြင်ရသည့်မြင်ကွင်းမှာ အသည်းအေးစရာ ကောင်းလှ၏။ တောင်အောက်မှ အထက်သို့ပင့်၍ တိုက်ခတ်နေသော လေမှာ လွန်စွာပြင်းထန်၏။ လေတဟူးဟူး တိုက်နေသည့်ကြားမှ ခွာထန်မီး ယောက်ျားများမှာ တဖားဖားနှင့် သွားလာလှုပ်ရှားနေကြသည်။ ခေါင်းမြီးခြုံအနက်များနှင့် အမျိုးသမီးများမှာလည်း ရင်ပြင်ပေါ်တွင် ဟိုတစ်စုသည်တစ်စု . . စုဝေးလျက် တီးတိုးစကားများ ပြောဆိုနေလေ၏။

ထိုနေ့မှာ . . ၎င်းတို့ တစ်မျိုးသားလုံးအတွက် အရေးအကြီးဆုံးနေ့



အထူးခြားဆုံးနေ့တစ်နေ့ဖြစ်သည်။ ရင်ပြင်တော်၏ နေရာအနှံ့အပြားတွင် . . မီးတုတ်များကို နေရာအနှံ့ထွန်း ညှိစိုက်ထူထားသဖြင့် ရင်ပြင်တစ်ခုလုံး ဝါကျင့်ဖျော့တော့သော ဆီမီးရောင်ဖြင့် လင်းလျက်ရှိလေ၏။

မီးခိုး မီးငွေ့များမှာ မှိုင်းဝေလျက်ရှိ၏။ မှိုင်းဝေသော မီးခိုးငွေ့များနှင့် ဝါကျင့်ဖျော့လျော့စွာ လင်းနေသောဆီမီးရောင်ကြားတွင် အရိပ်များသဖွယ် တိတ်တဆိတ် ရွေ့လျားသွားလာနေသော . . ခွာထန်မီး ယောက်ျား၊ မိန်းမများကို မြင်ရသည်မှာ စိတ်ချောက်ချားဖွယ် ကောင်းလှ၏။

အလီဘာဆေးဆရာကြီးသည် ကျော်စွာတို့ ရောက်ပြီး၍ အချိန်များစွာ နောက်ကျပြီးမှ ရောက်ရှိလာ၏။ ခရမ်းရောင်ဝတ်ရုံကြီးများ ခြုံလွှမ်းထားသူများက . . သူ့ကို ခြံရံထားလေ၏။ သူကိုယ်တိုင်မှာမူ မည်းမည်းမှောင်သည့် မိန်းသားဝတ်ရုံကြီးကို ဆင်မြန်းထား၏။

ထိုစဉ်မှာပဲ နားထောင်ချင်စရာ မကောင်းလှသော . . အမင်္ဂလာတံပိုးခရာသံများ ထွက်ပေါ်လာ၏။ ထိုအသံများ အဆုံးသတ်သွားသည်နှင့် ၎င်းတို့ထဲမှ အကြီးအကဲဖြစ်သူက အသံနက်ကြီးဖြင့် . . .

"ခွာထန်မီး မြို့တော်သူ မြို့တော်သားများ၊ သင်တို့၏ ကြီးကျယ်မြင့်မြတ်လှသော အရှင်သခင် အလီဘာဆေးဆရာကြီး ရောက်လာပါပြီ . . မြင့်မြတ်သော အရှင်သခင်အား အလေးအမြတ် ပြုကြလော့ . . ."

ဟု အော်ဟစ်လိုက်ရာ . . ရှိသမျှ လူအားလုံးသည် နဖူးနှင့် မြေကြီး ထိကပ်သည်အထိ ပြားပြားဝပ်လျက် အရိုအသေပြုကြလေ၏။

ကျော်စွာတို့ သုံးဦးမှာ . . ရပ်မြဲရပ်နေကြ၏။ အလီဘာ ဆေးဆရာကြီးသည် သူ့ကို ပြားပြားဝပ်၍ အရိုအသေပြုနေကြသူများကို ဖြတ်ကျော်သွားပြီးနောက် ရင်ပြင်၏ တစ်ဖက်စွန်းတွင်ရှိသော . . ကျောက်ပလ္လင်မြင့်ပေါ်သို့ တက်သွားလေ၏။ ထိုနေရာမှ သူသည် မတ်တတ်ရပ်လျက် . . လူပရိသတ်အားလုံးကို စီးမိုးကြည့်လေ၏

"ကြည့်ပါဦး အရှင်သခင်ကြီးတို့ . . သူ့လို သက်ကြားရွယ်အိုကြီးက ဒီလောက်မြင့်တဲ့ ကျောက်တောင်ကြီးကို မမောမပန်း တက်လာနိုင်တာ အံ့သြစရာပါပဲလား။ ခါးကြီးကုန်းနေရတာကတော့ တကယ့်မကောင်းဆိုးဝါးကြီး အတိုင်းပဲ . . သူ့ကို မြင်ရတာ ငါဖြင့် မာရ်နတ်ရဲ့ ငရဲဘုံက ယမမင်းရှေ့မှာ ရောက်နေရသလို

www.burmeseclassic.com

ထင်မိတယ်. . . ”

သိဒ္ဓိက တီးတိုးပြောဆိုလေ၏။ ထိုအခါ ကျော်စွာက မချိတင်ကဲလေသံဖြင့်. . .

“အေး. . အဲဒီ ယမမင်းကြီးက မကြာခင်မှာ ငါတို့ကို တရားစီရင်လိမ့်မယ် သိဒ္ဓိရေ၊ အဲဒီအခါကျမှ တို့တစ်တွေ တကယ့်ငရဲဘုံကို ရောက်အောင်သူကစီရင်လိမ့်မယ်။ သူ့ကိုမြင်ရတာ တကယ့် မကောင်းဆိုးဝါး သရဲတစ္ဆေကိုမြင်ရသလိုပဲ. . ဘယ်နည်းနဲ့မှ ငါတို့အပေါ်မှာ တရားမျှမျှတတ ရှိမယ်ပုံ မရဘူး။ ဒီဇ္ဈာကြီးဆီမှာ တရားမျှတမှုနဲ့ သက်ညှာကြင်နာခွင့်ကိုတောင်းရင် ကျောက်ခဲမှာဆီညှစ်ရသလို ဖြစ်နေလိမ့်မယ်”

ဟူ၍ပြောလိုက်လေ၏။

အလီဘာ၏ ခန္ဓာကိုယ်မှာ အရိုးပေါ်အရေတင်လျက် ပိုးဝတ်ရုံအနက်အောက်မှ ထွက်နေသော လက်များမှာလည်း သစ်ကိုင်းခြောက်ကဲ့သို့ ခြောက်သွေ့ကောက်ကွေ့ကာ. . မီးသွေးကဲ့သို့ နက်ကျောမည်းမှောင်နေပေ၏။ ဆံပင်များမှာဖြူစွပ်ကျဲ ပါးလျက်ရှိ၏။ တောင်းဆုတ်ကဲ့သို့ ရှည်လျားသော မျက်နှာကြီးမှာမခန့်မှန်းနိုင်လောက်အောင်. . ရုပ်ဆိုးအိုစာ၍ အသားအရေများမှာလည်းနေရာအနှံ့ လျော့တွဲရှုံ့တွနေ၏။ မျက်နှာပေါ်တွင် တင်းနေသော အရေအကြောင်းများမှာ လက်နှင့် စိတ်တိုင်းကျဆုတ်ခြေပြီး ပြန်ဖြန့်ထားသော စက္ကူတစ်ရွက်ကဲ့သို့ ရှိလေ၏။ ပြောင်သလင်းခါနေသော မျက်ခုံးများ၊ မြင့်မားလှသောပါးရိုးနှင့် လင်းယုန်နှုတ်သီးကဲ့သို့ ကောက်ချွန်သော နှာခေါင်းအောက်တွင်ကျယ်ဝန်းသော ပါးစပ်ပေါက်ကြီးမှာ တွဲလျဲသော နှုတ်ခမ်းထူများနှင့် တည်ရှိနေ၏။ဆောင့်ကြောင့် ထိုင်လိုက်သောအခါ ထောင်ထားသော ဒူးနှစ်လုံးကြား၌သူ့ဦးခေါင်းမှာ. . ငိုက်စိုက်တွဲလောင်းကျနေပြီး အစာရှာမရသော လင်းတအိုကြီးငေးမှိုင်တွေဝေနေသည်နှင့် တူလှပေသည်။

ဒေါက်တာကြီးမှာ. . ထို အလီဘာဆေးဆရာကြီး၏ မသတီစရာရုပ်ဆင်းကိုကြည့်ပြီး မခံမရပ်နိုင် ပြောဆိုလေ၏။

“ဘုရားရေ. . ဒီလို ကျက်သရေမရှိတဲ့ မိစ္ဆာကြီးနဲ့ ငါ့သမီးက လက်ထပ်ရမယ် ဟုတ်လား. . လုံးဝမဖြစ်စေရဘူး။ အသက်ချင်းထပ်ပြီး ကာကွယ်မယ်ဘွဲ. . . ”



သူ၏ အသံကိုကြားရသည်တွင် ထိုအသံမှာလည်း ဂုင်းရုပ်ရည်ကဲ့သို့ပင်. . ငှက်ဆိုးထိုးသံကဲ့သို့ မနှစ်မြို့ဖွယ်ကောင်းလှ၏။

“အို. . ပျောက်ဆုံးနေသော ကျွန်ုပ်၏ ခွာထန်မီးလူမျိုးများ. . သည်နေ့ကား သင်တို့အားလုံးနှင့်တကွ ကျွန်ုပ်အတွက်ပါ၊ ထူးခြားသောနေ့ထူးနေ့မြတ် ဖြစ်ပေတယ်. . ကြယ်၊ လနက္ခတ်တာရာများ ထွန်းလင်းစုံလင်သည့် ယခုလို အချိန်အခါ မျိုးမှာ. . တရားစီရင်ခြင်းဟာ ကျွန်ုပ်၏တန်ခိုးအာဏာပိုမိုထက်မြက် ထွန်းတောက်စေတယ်လို့ ရှေးအဆက်ဆက်က. . အလီဘာဆေးဆရာကြီးများ ယုံကြည်စွဲမှတ်ခဲ့ကြပေတယ်။ သို့ဖြစ်၍. . ဤလိုညမျိုးမှာလွန်လေပြီးသောအခါကာလက ဆေးဆရာကြီးများ၏ ဓလေ့ထုံးဟောင်းများအတိုင်း ကျွန်ုပ်တို့ ခွာထန်မီး မျိုးနွယ်တစ်ခုလုံး၏အရေးကိစ္စဖြစ်သော တရားကိစ္စအမှုအခင်းများကို ဆုံးဖြတ်စီရင်မည်. . . ”

ဟူ၍ ပြောဆိုရပ်နားလိုက်လျှင် လူထုတစ်ရပ်လုံးက-

“သင့်မြတ် လျော်ကန်ပါသည်. . ဆေးဆရာ အရှင်မြတ်ကြီး. . . ”

ဟု သံကုန်ဝိုင်း၍ အော်ဟစ်ကြလေ၏

“ကောင်းပြီ. . ကျွန်ုပ်တို့ဟာ ရှေးဟောင်းတဘောင် စကားများအတိုင်းလိုက်နာကျင့်ကြံ နေထိုင်ခဲ့ကြတာ. . ရာစုနှစ်များစွာ ရှိခဲ့ပါပြီ။ သင်တို့အားလုံးကိုကျွန်ုပ်ပြောကြားလိုတယ်။ ရှေးဟောင်း တဘောင်စကားများထဲမှာ အစဉ်အဆက်အာဏာဆက်ခံလာကြသော ဆေးဆရာကြီးများမှာ တစ်ယောက်သော အလီဘာဆေးဆရာကြီးလက်ထက်တွင် ကျွန်ုပ်တို့မြတ်နိုးကိုးကွယ်သော ပန်းနက်များကိုပြုစုစောင့်ရှောက်ပေးမည့်. . ပန်းနက်ရှင် အစစ်အမှန်ကို ရှာဖွေတွေ့ရှိခန့်အပ်နိုင်လိမ့်မည်ဟု ပါရှိခဲ့ပေတယ်. . ကျွန်ုပ်လက်ထက်တွင် ထိုအတိုင်း အမှန်ပင်ဖြစ်ခဲ့တယ် မဟုတ်ပါလား ပြည်သူများ. . . ”

“ဟုတ်မှန်ပါသည်. . အရှင်မြတ်၊ ကျွန်ုပ်တို့ မြတ်နိုးကိုးကွယ်သောပန်းနက်များကို ပြုစုစောင့်ရှောက်မည့် ပန်းနက်ရှင်မ သက်တော်ရာကျော်ရှည်ပါစေသတည်း. . . ”

လူထုပရိသတ်ကြီးက တစ်ခဲနက် ဆုတောင်းပတ္ထနာ ပြုလိုက်ကြ၏။

“သင်တို့နဲ့ထပ်တူ ပန်းနက်ရှင်မအတွက် ကျွန်ုပ်လည်း ဆုတောင်းပါတယ်. . သို့မှသာ အလီဘာမယ်တော်ဖြစ်မည့် သူ၏သမီးမှမွေးမြူသော သူ၏

www.burmeseclassic.com

မြေးငယ်ကို ချီပိုးယုယနိုင်ပေလိမ့်မည်။ အို. . ခွာထန်မီးလူမျိုးများ. . ပန်းနက်ရှင်မမှ မွေးဖွားသော သမီးငယ်သည် ဤတိုင်းပြည်၏ အထွတ်အမြတ် ဖြစ်သော အလီဘာဆေးဆရာကြီးနှင့်လက်ထပ်၍ ထိုမှ သားယောကျ်ား မွေးဖွားလာခဲ့လျှင်. . ထိုကလေးငယ်သည်နောင်အခါ ဤခွာထန်မီးလူမျိုး မြို့တော်၌ပေါ်ထွန်းခဲ့ဖူးသမျှ အလီဘာ ဆေးဆရာကြီးများ အနက်တွင်. . တန်ခိုးအာဏာ အထက်မြက်ဆုံးနှင့် အကျော်ကြားဆုံး အလီဘာဆေးဆရာ ဖြစ်လာပါလိမ့်မည်။ ၎င်းက ကြွက်များသဖွယ် ကျောက်တောင် တွင်းအောင်း နေထိုင်ရသော သင်တို့ဘဝကို ကယ်တင်၍. . တစ်ချိန်က တိုးတက်ထွန်းကားခဲ့ သော အချိန်ကာလမျိုး ပြန်လည်ရောက်ရှိအောင် ဖန်တီးကြံဆောင်နိုင်ပေလိ မည်ဟူသော. . တဘောင်စကားတွင် ပါရှိခဲ့တာကို သင်တို့ယုံကြည် လက်ခံပါ လော. . . "

"ယုံကြည် လက်ခံပါသည်. . အလီဘာဆေးဆရာကြီး၊ ကျွန်ုပ် မိဘဘိုးဘွား ရှေးလူများက ထားခဲ့သော တဘောင်စာစကားများကို မည်သူ မပယ်လှန်ဝံ့ကြပါဘူး"

"သို့ဆိုလျှင်. . သင်တို့တစ်မျိုးသားလုံး ကောင်းစားထင် ပေါ်စေ အတွက် ကယ်တင်ကြံဆောင်ပေးမည့် အလီဘာဆေးဆရာကြီးတစ်ဦး ထွန်းက မွေးဖွားလာစေရန် ပန်းနက်ရှင်မ၏ သမီးသည် ကျွန်ုပ်နှင့်လက်ထပ်၍ မြင့်မြ သော အလီဘာ မယ်တော်အဖြစ်. . ခံယူလျှင် သင်တို့ သဘောတူညီကြပါမ လော. . . "

"သဘောတူညီပါသည်. . အလီဘာ အရှင်မြတ်ကြီး မြင့်မြတ်သော အလီဘာမယ်တော်အဖြစ်ခံယူမည့် ပန်းနက်ရှင်မ၏ သမီး. . သက်တော် ကျော် ရှည်ပါစေသတည်း"

အလီဘာဆေးဆရာကြီးက. . သူ၏အဆိုကို သူ့ဘာသာတင်သွင်း. . သူ့ဘာသာ အတည်ပြု. . သူ့ဘာသာဆုံးဖြတ် ပြောဆိုသမျှကို လူထုကြီးတစ် လုံးက ဝက်ဝက်ကွဲမျှ ဆူညံအော်ဟစ်ရင်း ချီးမွမ်းထောပနာ ပြုဘာပေး လေ၏။

ဒေါက်တာကြီးမှာ မခံမရပ်နိုင်အောင်. . ဒေါသဖြစ်နေ သည်ကြေ ဆွေ့ဆွေ့ခုန်လျက် ဆေးဆရာကြီးနှင့်တကွ. . ထိုလူများကိုပါ အမျိုး



ကျိန်ဆဲရေရွတ်နေတော့၏။ အလီဘာ ဆေးဆရာကြီးက တစ်ကြိမ်ပြော၍ ပြီးဆုံးလေတိုင်း သူသည် ဆဲဆိုကြိမ်းမောင်းလေ၏။

ထိုအခါ. . အနားမှ လှံကိုင်စစ်သည်က သူ့အား. . လှံနှင့်ထိုးတော့ မယောင်ချိန်တွယ် ခြိမ်းခြောက်၍ တိတ်တိတ်နေရန် အမိန့်ပေးလေ၏။

"ခွာထန်မီး လူမျိုးအပေါင်းတို့. . ထိုလူစိမ်းများက မျက်စိလည် လမ်းမှားပြီး ရောက်ရှိလာသည့် တောမုဆိုးများဟု ကျွန်ုပ်တို့ကို လိမ်ညာပြောဆို ကြတယ်. . ထိုအဆိုကို ကျွန်ုပ် အနည်းငယ်မျှ ယုံကြည်လက်ခံခြင်းမရှိပါ. . အမှန်တကယ်မှာလည်း သူတို့ဟာ ကျွန်ုပ်တို့နေထိုင်ရာ ကျောက်တောင်နံရံများ တံတိုင်းအတွင်းသို့ မျက်စိလည်လမ်းမှား၍ ရောက်ရှိလာခြင်း မဟုတ်ဘဲ. . အကြံအစည် ရည်ရွယ်ချက်အမျိုးမျိုးဖြင့် ကျွန်ုပ်အပါအဝင် ခွာထန်မီးလူမျိုး အားလုံးကို ဖျက်ဆီးပစ်ရန် လာခဲ့ကြသူများ ဖြစ်ကြသည်။ ကျွန်ုပ်အခိုင်အမာ ပြောနိုင်ပါတယ်. . ထိုလူ သူစိမ်းများသည် ရှေးယခင်ကာလက ကျွန်ုပ်နှင့် သင်တို့ကဲ့သို့ ခွာထန်မီးလူမျိုးများ ဖြစ်ခဲ့ကြဖူးတယ်။ ၎င်းတို့ဟာ ကျွန်ုပ်တို့ အစဉ်အလာကို အမြဲဆန့်ကျင်ကန့်ကွက်သူများ ဖြစ်တယ်. . သူတို့ဇနီးမယား များဟာ ကပ်ရောဂါတစ်ခုနှင့် သေလွန်သွားကြသည့်အခါ. . သူတို့ဟာ ၎င်းတို့ဇနီးမယားများနှင့်တကွ သချိုင်းကျောက်တောင် လှိုဏ်ခေါင်းထဲကို ပစ်ချခံရပြီး၊ သေဆုံးခဲ့ကြရတယ်. . သူတို့ဟာ ကျွန်ုပ်တို့မျိုးနွယ်စု သက်ဝင် ယုံကြည် လိုက်နာသည့် အစဉ်အလာတွေကို. . မိစ္ဆာအယူဝါဒတွေလို့ စွပ်စွဲပြော ဆိုပြီး အလီဘာအရှင်မြတ်ကြီးကို တွန်းလှန်ဖယ်ရှားဖို့ ကြိုးစားခဲ့ကြသူတွေ ဖြစ်တယ်။ သူတို့ အကြံအစည်အောင်မြင်ခြင်း မရှိခဲ့ပါဘူး. . သို့ပေမယ့် သူတို့သေဆုံးခါနီးမှာ အငြိုး အတေးကြီးစွာနှင့် အဓိဋ္ဌာန်ပြု ကျိန်ဆိုခဲ့ကြတယ်။ လင်သေလျှင် မယားကိုလည်းကောင်း၊ မယားသေလျှင် လင်ကိုလည်းကောင်း သချိုင်းကျောက်တောင် လှိုဏ်ခေါင်းအတွင်းသို့ အရှင်လတ်လတ် လိုက်ပါသွား စေခဲ့သော ဓလေ့ထုံးစံနှင့် ထိုဓလေ့ထုံးစံကို လိုက်နာရန် အမိန့်ပေးဆုံးဖြတ်သည့် အလီဘာဆေးဆရာကြီးနှင့် ခွာထန်မီးမျိုးနွယ်စုကို လက်စားချေတုံ့ပြန်ရန် ကျိန်ဆိုသော ဆုံးသွားရာမှ. . ၎င်းအဓိဋ္ဌာန်များအတိုင်း ယခုအခါ ကျွန်ုပ်နှင့် တကွ. . ကျွန်ုပ်တို့မြို့တော်ကြီးကို ဖျက်ဆီးချေမှုန်းရန်အတွက် ဤနေရာဒေသသို့ ရောက်ရှိလာခဲ့ကြခြင်း ဖြစ်ပေသည်။ ကျွန်ုပ်၏ လူများ. . . . "

www.burmeseclassic.com

အလီဘာ၏ စကားကြောင့် ငြိမ်ဝပ်နားထောင်နေကြသော လူပရိသတ်ကြီးမှာ လွန်စွာကြောက်ရွံ့ထိတ်လန့်သွားကြပြီး. . ညည်းတွားမြည်တမ်းကြလေ၏။

အလီဘာဆေးဆရာကြီးက ဆက်လက်ပြီး. . ကျွန်ုပ် ဆက်လက်ပြောပေဦးအံ့ဟုဆိုလျက်. . ကျော်စွာတို့ သုံးဦးအား တစ်ယောက်စီ လက်ညှိုးထိုးကာ. . . .

"ဤလူများကို တစ်ဦးစီ ခွဲခြားပြီး. . ကျွန်ုပ်ပြောဆိုပါမည်. . တစ်ဦးက ကျွန်ုပ်တို့ အထွတ်အမြတ်ထား၍ ကိုးကွယ်လေးစားသော ပန်းနက်ရှင်မကို ပြန်လည်ခေါ်ဆောင်သွားရန်အတွက်ဖြစ်ပြီး. . . ကြေးနီရောင် အသားအရည်နှင့် တင့်တယ်ပြေပြစ်သူ လူတစ်ယောက်က ပန်းနက်တွေကို ခိုးယူသွားလို၍ ဖြစ်တယ်. . အသားမည်းနက်ပြီး၊ လွန်စွာသေးညှက်သည့် ခန္ဓာကိုယ်နှင့် လူတစ်ယောက်ကတော့ ထိုလူနှစ်ယောက်၏ အစေအပါးဖြစ်ပြီး. . အလွန်ပရိယာယ်ဉာဏ်များသူဖြစ်တယ်။ ကျွန်ုပ်တို့ ခွာထန်မီးလူမျိုးများရှိနှင့်ထားခဲ့သော ရှေးဟောင်း တဘောင်စကားများထဲတွင် မမျှော်လင့်နိုင်သော အချိန်ကာလတွင်. . တစ်နေ့နေ့၌ ပျောက်ဆုံးနေသော မြို့တော်တည်ရှိသည့် ကျောက်တောင်နံရံတံတိုင်းများ အပြင်ဘက်မှ တစ်ပြည်နိုင်ငံသားများ ရောက်ရှိလာပြီး. . ကျွန်ုပ်တို့ အမွန်အမြတ်ထားသော ပန်းနက်များကို ယူဆောင်သွားကြလိမ့်မည်။ ထိုသို့ ယူဆောင်သွားလျှင်. . ကျွန်ုပ်တို့ ခွာထန်မီးလူမျိုးနှင့်တကွ၊ ပျောက်ဆုံးနေသော မြို့တော်ကြီးပါ ပျက်စီးချုပ်ငြိမ်းသွားလိမ့်မည်ဟု. . ကြိုတင်နိမိတ်ဖတ်ထားသည်များ ရှိခဲ့ဖူး၏။ သို့ဆိုလျှင် ကျွန်ုပ်အနေဖြင့် ဤတစ်ပြည်သားကျူးကျော်သူများကို မည်သို့စီရင် ဆုံးဖြတ်ရမည်နည်း. . . သူတို့ အလိုရှိသော ပန်းနက်ရှင်မနှင့် ပန်းနက်များ၊ ကျွန်ုပ်တို့ဒေသက ရွှေသယံဇာတများကို အလိုရှိသလောက် ပေးအပ်ပြီး. . သူတို့နေထိုင်ရာ အရပ်ဒေသကို ပြန်လည်ပို့ဆောင်ပေးရမည်လော. . . "

အလီဘာဆေးဆရာကြီးမှာ သူအလိုရှိရာသို့ ပါးနပ်စွာ ဆွဲခေါ်သွားပြီ၊ လူထု၏ထောက်ခံမှုကို အရယူလိုက်ခြင်းပင် ဖြစ်သည်။ သူ၏ဆန္ဒကို အများ၏ဆန္ဒအဖြစ် အသွင်ပြောင်းလိုက်ခြင်းဖြစ်၏။

ထိုအမေးစကားကြောင့်. . ခွာထန်မီးလူထုကြီးမှာ လွန်စွာ တုန်လှုပ်သွားပြီး. . .



"အလီဘာဆေးဆရာကြီး ထိုသို့ပြုလုပ်လိုက်ပါက. . နိမိတ်တဘောင်စကားအတိုင်း ကျွန်ုပ်တို့ မျိုးနွယ်စုနှင့်တကွ မြို့တော်ကြီးပါ၊ ပျက်စီးဆုံးရှုံးသွားပါလိမ့်မယ်. . ထိုအတိုင်း မဆောင်ရွက်လိုကြောင်း တောင်းပန်ပါရစေ အရှင်မြတ်ကြီး"

ဟု ဝိုင်းဝန်းပြောဆိုလေရာ၊ အလီဘာက လူထုကြီးကို သို့ဆိုလျှင် မည်ကဲ့သို့ ပြုလုပ်ရမည်နည်းဟု ကျယ်လောင်စွာ အော်ဟစ်မေးမြန်းလေ၏။

"ကျူးကျော်သူ. . တစ်ပြည်သူနိုင်ငံသားများကို အရှင်မထားဘဲ. . သတ်ပစ်သင့်ပါတယ် အလီဘာ ဆေးဆရာကြီး"

ဟု ပြောဆိုလေရာ ဆေးဆရာကြီးက. . .

"ကောင်းပေပြီ. . မည်သည့်နည်းများဖြင့် သင်တို့က သတ်စေလိုသနည်း. . . "

ဟု ပြန်လည်မေးလေရာ၊ တစ်ယောက်တစ်မျိုး ထင်မြင်အကြံပေးကြလေ၏။ ထိုအကြံပေးမှုများအထဲမှာ စစ်သည်အချို့၏ အကြံပြုချက်အတိုင်း ဆောင်ရွက်ရန် အလီဘာ ဆေးဆရာကြီးက ဆုံးဖြတ်လေ၏။

ကျော်စွာတို့ (၃)ဦးကို အရှင်လတ်လတ် သချိုင်းကျောက်တောင်လိုဏ်ခေါင်းကြီးထဲသို့ ပစ်ချရန်ဟူ၍ ဖြစ်သည်။ အလီဘာ ဆေးဆရာကြီးက. . ထိုနေ့မှာ နေ့ထူးနေ့မြတ်ကြီးဖြစ်၍ ထိုသို့ဆုံးဖြတ်ခြင်းမှာ ၎င်း၏ တန်ခိုးအာဏာကို ပိုမိုထက်မြက်စေသည်ဟု ပြောဆိုလေ၏။ ထိုသို့ အမိန့်ချမှတ်ပြီး. . အပြစ်ဒဏ်ကို မည်သို့ခံယူသွားကြရသည်ကို မိမိကိုယ်တိုင် လိုက်ပါကြည့်ရှုမည်ဟု ပြောလေ၏။

ထိုအမိန့်ကို ချမှတ်ပြီး. . သူ၏လက်ကို အောက်သို့ချလိုက်သည်နှင့် စစ်သည်များမှာ ကျော်စွာတို့ သုံးယောက်ကို လျင်မြန်စွာ ဖမ်းချုပ်လိုက်ကြ၏။ စစ်သည်အချို့က နွယ်ပင်နွယ် ကြိုးများဖြင့် ခန္ဓာကိုယ်ကို တည်းနှောင်လိုက်၏။

တရားစီရင်ခြင်း အမှုမှာလည်း ထိုမျှနှင့် ပြီးဆုံးခဲ့ပြီ ဖြစ်သည်။ ကျော်စွာတို့၏ လက်နက်များကို သိမ်းယူလိုက်ကြပြီး ဖောင်တစ်ခုဆီသို့ ခေါ်ဆောင်သွားလေ၏။ ဖောင်ပေါ်သို့ ရောက်သည်တွင် ချောင်းအတိုင်း လှော်ခတ်သွားလေ၏။

အနောက်ဘက်တွင်ကား. . ချောင်းရေအတိုင်း ရွှေ့လျားမျောပါနေကြသည့် မီးတုတ် မီးရောင်များကို တွေ့ရ၏။ ထိုအရာများကို ကြည့်ရင်း. .

www.burmeseclassic.com

ဒေါက်တာကြီးက-

"ကျုပ်တို့ကို သချိုင်းကျောက်တောင်ကြီးထဲ ပစ်ချတာကို ကြည့်ပြီး လိုက်လာကြတဲ့သူတွေပဲ. . လက်ဖတင်နင်။ အလို. . အလယ်က ဖောင်ကြီးပေါ်မှ လိုက်လာတာ အလီဘာ ဆေးဆရာကြီးပါလား. . . "

ဟု တအံ့တသြပြောပြီး ကျိန်ဆဲလေ၏။

ထိုအခါ သိဒ္ဓိကလည်း. . .

"ဟုတ်ပါရဲ့ သခင်ကြီး၊ အင်မတန်ဆိုးဝါးတဲ့ မိစ္ဆာကောင်ကြီး. . အသေဆိုးနဲ့ သေပါစေဗျာ"

ဟု ဒေါက်တာကြီး ဆဲဆိုလေ၏။

အနီးရှိ အစောင့်စစ်သည်များမှာ သူတို့ပြောဆိုကြသည့် ဘာသာစကားကို နားမလည်ကြသဖြင့် အကြောက်လွန်ပြီး. . ပြောချင်ရာပြောနေကြသည် အထင်ဖြင့် သဘောကျ၍ပင် ရှိနေကြ၏။

ထိုစဉ်. . ကျော်စွာက သူ၏ထင်မြင်ချက်ကို ပြောလေ၏. . .။

"အလီဘာ ဆေးဆရာကြီးဟာ ကျွန်တော်တို့အပေါ်မှာ မတရားသဖြင့် ဆုံးဖြတ်တယ်ဆိုပေမယ့် စစ်သားတွေရဲ့ လှံချက်နဲ့ မသေရပေမယ့်. . သချိုင်းကျောက်တောင်ကြီးထဲကို အရှင်လတ်လတ် ပစ်ချခံရပြီး သေရမှာပဲ မဟုတ်လား"

"ဒါပေမယ့်. . ဒေါက်တာ့ကို ပြောပြခဲ့တဲ့ ဂျစ်ပဆီဘာ အဖိုးအိုနဲ့ တွေ့ခဲ့တဲ့ ခွာထန်မီးလူကြီးဟာ အဲဒီသချိုင်း ကျောက်တောင်ကြီးကနေ လွတ်မြောက်ထွက်ပြေးလာနိုင်ခဲ့တယ်ဆိုတာလည်း ပြန်သတိရဦးမှာပေါ့. . ဒေါက်တာ"

ဟု ပြောလေရာ ဒေါက်တာကြီးမှာ အမှတ်သတိရသွားဟန်ဖြင့် ငြိမ်သက်သွားလေ၏။



အခန်း ◀ ၁၅ ▶

"တစ်ပြည်နိုင်ငံသား လူသူစိမ်းများ၊ သင်တို့ ယုံကြည်ကိုးကွယ်ရာ. . နတ်ဘုရားများရှေ့တွင် ဆုတောင်းကြပေတော့။ သင်တို့ ကျောက်တောင်ထဲကို ဘယ်လိုပုံစံဖြင့် ဆင်းလိုကြသ နည်း. . . မိမိတို့ဆန္ဒအလျောက် ဆင်းလိုသလား။ ကျွန်ုပ်၏ စစ်သားများက ချုပ်နှောင်စေ၍ ပစ်ချစေလိုသလား. . ကြိုက်ရာကို ရွေးချယ်ကြပေတော့"

"အလီဘာ ဆေးဆရာကြီး. . ငါတို့ဟာ သေွးနည်းကြသူတွေ မဟုတ်ဘူး။ တွင်းနက်ထဲကို ငါတို့ဘာသာဆင်းမယ်. . သင်နှင့်တကွ ခွာထန်မီးတစ်မျိုးသားလုံး သိရှိထားဖို့ ငါပြောခဲ့မယ်. . ငါတို့ဟာ သင်တို့ သိထားဖူးသည့်အတိုင်း မြောက်များလှစွာသော အတတ်ပညာများ တတ်မြောက်ထားကြသူတွေဖြစ်တယ်။ သင်ပြောသလို ငါတို့ဟာ ဒီအရပ်ဒေသကို ရည်ရွယ်ချက်တစ်ခုနဲ့ ရောက်ရှိလာတာဖြစ်ပေမယ့်. . မသမာသော စိတ်ထားနှင့် မကောင်းကြံစည်လိုသော စိတ်ဆန္ဒမရှိကြဘူး။ ငါတို့အပေါ် မတရားသောနည်းဖြင့် ယုတ်မာမြုကျင့်လာရင်လည်း အလျော့ပေးသည်းခံမှာ မဟုတ်ဘူးဆိုတာ သင်တို့သိအောင်. . ငါပြောခဲ့မယ်။ ငါ့တို့အပေါ် ပြုကျင့်ခဲ့သော မတရားမှုတွေအတွက် ထိုက်တန်တဲ့ လက်စားချေမှုကို သင် အလီဘာကြီးနှင့်တစ်ကွ. . သင်တို့ ခွာထန်မီးမျိုးနွယ်စု တစ်ခုလုံး တုံ့ပြန်ခံစားစေရမည်ဟု. . ငါ သစ္စာပြုကျိန်ဆိုခဲ့မယ်"

ဒေါက်တာကြီးက ရဲဝံ့ပြတ်သားစွာ မဆိုင်းမတွ တုံ့ပြန်ပြောဆိုလိုက်ရာ ဒေါက်တာကြီး၏ တုံ့ပြန်ပုံက အနည်းငယ်မျှ တွန့်ဆုတ်ခြင်းမရှိသည်ကြောင့် ကျော်စွာလည်း ချီးကျူးမိလေ၏။

www.burmeseclassic.com

ဒေါက်တာကြီး၏ စကားသံမှာ မိုးယံသို့တိုင် ဟိန်းထသွားသလို. . အလီဘာ ဆေးဆရာကြီးလည်း တုန်လှုပ်ချောက်ချားသွားလေ၏။ သို့သေ သူသည်ချက်ချင်းပင် ဣန္ဒြေဆည်လိုက်ပြီး. . .

"သူစိမ်းများ. . ဤစကားမျိုး သင်တို့ပြောသည်မှာ ယခုမှမဟုတ် ကျွန်ုပ်တို့နှင့် မခြား၊ တစ်သားတည်းရှိခဲ့သည့် ခွာထန်မီး လူဟောင်းများဘဝ လည်း ဤသို့ပင်. . သင်တို့ ပြောကြားခဲ့သည်။ နောက်ဆုံးမှာတော့ သင်တို့ သာလျှင် သချိုင်းကျောက်ဆောင် လိုဏ်ခေါင်းကြီးထဲမှာပဲ ဘဝဆုံး၍ သွားကြ ရသည် မဟုတ်လား. . ယခုလည်း ဤသချိုင်းတောင်ခေါင်းကြီးအဝသို့ နောက် တစ်ဖန်ပြန်လည် ရောက်ရှိလာကြရလေပြီ. . သင်က လက်စားချေတုံ့ပြန်မည်ဟု ကြိမ်းဝါးနေသည်မှာ တကယ် ရယ်ဖွယ်ကောင်းလှပါလား။ သင်ဘယ်လို လက်စား ချေမယ်ဆိုတာကို ကျွန်ုပ်စောင့်ဆိုင်းကြည့်ရှုပါဦးမည်"

သူတို့ ခန္ဓာကိုယ်အား တည်နှောင်ထားသော နွယ်ကြိုးများကို စစ်သည်များက ဖြေပေးလိုက်ပြီးနောက်. . ကျောက်တောင်ခေါင်းကြီး၏ အဝဆီသို့ ခေါ်ဆောင်သွား၏။ ထိုအခါ ကျော်စွာ့အနီးသို့ ကပ်ခါ၊ သိဒ္ဓိက. . .

"ကျွန်တော်ကတော့ ဒီလိုလုပ်ချင်တယ်. . အရှင်။ ကျွန်တော်တို့ ဒီကနေ ဆင်းတာနဲ့ စစ်သားတစ်ယောက်စီလောက်ကို ခေါ်သွားကြရ မကောင်းဘူးလား. . ကျွန်တော်တို့ချည်းပဲ သေဆုံးတာထက်စာရင် အသက်ချ ညီမျှသွားတော့ မျှတမှု ရှိသွားတာပေါ့. . သူတို့ကိုပါဆွဲဖက်ပြီး ခေါ်သွားရ ဒီကောင်တွေ ဘာမှလုပ်နိုင်မှာ မဟုတ်ဘူး"

"မဟုတ်ပေဘူး. . သိဒ္ဓိ၊ ငါတို့အေးအေးဆေးဆေး ဆင်းသွားကြတာ ကောင်းမယ်။ ဒါမှ သူတို့က ငါတို့အစာငတ် ရေငတ်ပြီးသေပြီလို့ ထင်မှာ သွားမှ. . ပန်းနက်ကျွန်းကို သွားဖို့ ဆက်လှုပ်ရှားဖို့ လွယ်လိမ့်မယ်။ ကဲ. ပြောနေရင်ကြာတယ်၊ ငါ အရင်ဆုံးဆင်းမယ်။ မင်းနဲ့ဒေါက်တာ နောက်က လိုက်ခဲ့ပေတော့. . ."

ကျော်စွာသည် မိတ်ဆွေများအပေါ်မှာ အနစ်နာခံလို စိတ်ရှိသူဖြစ်ရ ဒုက္ခတွေ့ချင်းတွေ့လျှင် သူပင်လျှင် အရင်ဆုံးတွေ့စေတော့ဟူ၍ သဘောထား တောင်ခေါင်းအတိုင်း လျှော၍ဆင်းသွားလေ၏။ အချိန်အနည်းငယ်ခွာ၍. . ဒေါက်တာကြီးနှင့် သိဒ္ဓိတို့လည်း လိုက်ပါခဲ့ကြ၏။



ခွာထန်မီး လူထုကြီး၏ တခဲနက်အော်ဟစ်သံမှာ ညံစီလျက်ရှိ၏။ သူတို့တစ်ဦးချင်း ဆင်းသွားလေတိုင်း ပျော်ရွှင်မြူးကြွစွာ အော်ဟစ်ကြခြင်း ဖြစ်သည်။ လှံကိုင်စစ်သည်များက. . ၎င်းတို့၏ လှံသွားကို ပင့်မြှောက်အော်ဟစ် သကဲ့သို့ မီးတုတ် ကိုင်ဆောင်ထားသူများကလည်း မီးတုတ်များကို မြှောက်လျက် အော်ဟစ်ကြလေ၏။

တောင်စောင်းလမ်းမှာ လေးဆယ့်ငါးဒီဂရီခန့် လျှောမတ်လျက်ရှိပြီး လွန်စွာရှည်လျားသဖြင့် အသည်းအေးဖွယ်ဖြစ်၏။ အချိန်အတော်ကြာဆင်းခဲ့ ကြပြီးမှ အောက်သို့ရောက်ရှိလေတော့၏။

အောက်ခြေမှာ လက်ကြားမမြင်နိုင်လောက်အောင်. . အမှောင်လွှမ်း နေသော ပကတိအမိုက်တိုက်ဖြစ်သည်။ ကြမ်းပြင်မှာ စွတ်စိုခြင်းမရှိဘဲ သွေ့ခြောက်နေသည်မှာ ကံကောင်းသည်ဟု ဆိုရမည်ဖြစ်သည်။

"ဒေါက်တာ. . ကျွန်တော်တို့သုံးယောက် တစ်ယောက်လက်တွေကို တစ်ယောက်ကိုင်ထားပြီး ဒီနားမှာပဲ စုထိုင်နေကြရအောင်။ ဒါမှ ဘေးအန္တရာယ် ဟာစ်ခုခု ပေါ်ပေါက်လာရင် အားလုံးသိနိုင်ကြမယ်. . သေစရာရှိတော့လည်း အတူတူပေါ့။ ဘယ့်နှယ်လဲ. . သိဒ္ဓိ၊ မင်း ကြောက်နေပြီလား"

ကျော်စွာက မေးမြန်းလိုက်လျှင်. . သိဒ္ဓိက ချက်ချင်းပြန်၍. . .

"မကြောက်ပါဘူး. . အရှင်၊ ကျွန်တော့်ရဲ့အရှင်သခင်ကြီးတွေနဲ့ နေရသရွေ့ ကျွန်တော်ဘာကိုမှ မကြောက်ပါဘူး"

ဟု ပြောလေ၏။

ဒေါက်တာကြီးသည် အလီဘာဆေးဆရာကြီးကို လွန်စွာမကျေမနပ် ဖြစ်နေ၍. . ကျောက်ခေါင်းအတွင်း၌ မည်သို့အသက်ဆက်ရမည်ကို တွေးတော နိုင်စွမ်းမရှိ ဖြစ်နေ၏။

ကျော်စွာပြောသည့်အတိုင်း သူတို့သည် တစ်ယောက်လက်ကို တစ်ယောက်ဆုပ်ကိုင်ထားလေ၏။ ထိုစဉ် သိဒ္ဓိ၏ကျောတွင် လွယ်ပိုးထားသည့် အိတ်ကို ကျော်စွာ. . သတိပြုမိသွား၍ အံ့ဩသွားပြီး. . .

"မင်း. . တစ်လမ်းလုံးသယ်လာတဲ့ အိတ်ကြီးက ခုထိပါလာတုန်းပဲ လား. . ခွာထန်မီး စစ်သည်တွေက မင်းဆီကလက်နက်တွေ သိမ်းယူတုန်းက အိတ်ကြီးကိုပါ ဖြုတ်ယူမထားလိုက်ကြဘူးလား"

www.burmeseclassic.com

ဟု မေးလေ၏။ ထိုအခါ သိဒ္ဓိက သဘောကျစွာရယ်လိုက်ပြီး. .

"ဒီကောင်တွေ ဘာအသိဉာဏ်ရှိလို့လဲ. . အရှင်ရယ်။ ဒါတ အစားအစာတွေ ထည့်ထားတဲ့အိတ်လို့ ပြောလိုက်တာနဲ့ သူတို့လည်း ဖြု မယူတော့ဘဲ၊ ဒီအတိုင်း ထားလိုက်ကြတယ်"

ဟု ပြောလေ၏။

သူတို့ရောက်ရှိပြီး နာရီအနည်းငယ်အကြာတွင် ထူးခြားမှုတစ်ခု သတိပြုမိလေ၏။ ထိုသို့ သတိပြုမိသူမှာ သိဒ္ဓိပင် ဖြစ်၏။

"အရှင်. . နားစွင့်ကြည့်ပါဦး။ သတ္တဝါတစ်ဦးဦး ညည်းသံမျိုး ကျွန်တေ ကြားရတယ်"

သိဒ္ဓိ၏ ထင်မြင်ချက်ကို အတည်ပြုပေးလိုက်သူမှာ. . ဒေါက်တ ဂျက်ဖာဆင် ဖြစ်သည်။

"သေချာတယ်ကွ. . သတ္တဝါတောင်မှ တခြားသတ္တဝါ မဟုတ်ဘူ လူသတ္တဝါရဲ့ ညည်းသံကွ။ တို့နဲ့ ဘယ်လောက်ကွာဝေးသလဲဆိုတာ ခန့်မှန်းကြ ရအောင်"

ဒေါက်တာကြီးမှာ စစ်မြေပြင်တွင် နှစ်ကာလများစွာ တာဝ ထမ်းဆောင်ခဲ့သူဖြစ်၍ လူတွေ၏ ညည်းညူသံမျိုးစုံကို ကြားဖူးနေလေရာ အသံကိုကြားရုံဖြင့် ထိုသို့ ခွဲခြားနိုင်ခဲ့ခြင်း ဖြစ်သည်။

အသံမှာ အတန်ငယ် ခပ်လှမ်းလှမ်းနေရာမှလာခဲ့ခြင်း ဖြစ်သည် ထိုအသံမှာ လိုဏ်သံပေါက်နေသဖြင့် ကြားရသည်မှာ လွန်စွာထိတ်လန့်ဖွယ် ဖြစ်၏။ လွန်ခဲ့သော ရာစုနှစ်ပေါင်းများစွာကစ၍ သေလွန်ပြီးသူများ ၎င်းတို့၏ဇနီးခင်ပွန်း ကျန်ရစ်သူများကိုပါ အတူတွဲ၍ မြှုပ်နှံသင်္ဂြိုဟ်ခဲ့ရာ သင်္ချိ ကျောက်လိုဏ်ခေါင်းကြီးဖြစ်၍. . ထိုအဖြစ်ကို တွေးမိသည်နှင့် ကျောစိမ့်ဖွယ် ရှိလှပေ၏။

ထိုအသံထွက်ပေါ်ရာသို့ မည်းမှောင်သည့် အမှောင်တိုက်အတွင် ဘယ်လိုမှ သွား၍မရဖြစ်နေ၍. . သူတို့သည် တစ်ညလုံး ၎င်းအသံကို နားစွင့် နေထိုင်ခဲ့ရ၏။ နံနက် မိုးသောက်အလင်းရောက်သောအခါ နီကျင်ညိုမှိုင်း ရောင်ခြည်များသည် စွေစောင်းသော ကျောက်တောင်လိုဏ်ခေါင်းအတွ ဝင်ရောက်လာလေ၏. . ထိုအခါ တစ်ညလုံးကြားခဲ့ရသော ညည်းညူသံ



သည်လည်း ငြိမ်ဆိတ်ပျောက်ကွယ်သွားလေ၏။

သူတို့သည် လက်ချင်းတွဲယှက် ထိုင်နေရာမှထ၍ တစ်ညလုံး ညောင်းညာထားသမျှကို ပြေပျောက်အောင် လမ်းလျှောက်ကြ၏။ အတန်ငယ် လျှောက်မိသောအခါ. . သူတို့မျက်လုံးများသည် ကျင့်သားရလာကြ၏။ ထိုအခါ ကျောက်ဂူလမ်းတစ်လျှောက် ထူးခြားသည့်မြင်ကွင်းကို တွေ့ရလေ၏။ အလျှို လျှိုများပြားသော လိုဏ်ခေါင်းများပင် ဖြစ်သည်။

မြင်သမျှမှာ အံ့သြဖွယ်ရာ ဖြစ်နေတော့သည်။ ခွာထန်မီးလူမျိုးတို့၏ ထုံးစံမှာ သေဆုံးသူများအား သူတို့ပိုင်ဆိုင်သည့် အဖိုးထိုက် အဖိုးတန်ပစ္စည်း များကို တစ်ပါးတည်းထည့်ပေးလိုက်ကြရာ သေသူနှင့်အတူ လိုက်ပါရသည့် ဇနီးခင်ပွန်းတို့မှာလည်း မိမိတို့နှစ်သက်ရာ ပစ္စည်းများကို ရွေးချယ်ယူဆောင် ကြမည်ဖြစ်၍. . ကျောက်လိုဏ်ဂူခေါင်းပေါက်ထဲမှ လူသေအရိုးစုများကြားတွင် ရောင်စုံပိုးထည်လိပ်များ၊ လက်ရာမြောက် ရွှေသားအသုံးအဆောင်ပစ္စည်းများနှင့် ပုံစံအမျိုးမျိုးသော လက်နက်များကို တွေ့မြင်ကြရသည်။

သိဒ္ဓိက တအံ့တသြဖြင့် လျှောက်ကြည့်နေလျက်က. .

"ကျုပ်တို့အတွက် အဆင်သင့်တာပဲ. . ကျွန်တော်တို့မှာ ဘာ လက်နက်မှ မရှိတော့ဘဲ. . ဒီထဲက အသုံးပြုလို့ရနိုင်မယ့် ပစ္စည်းတချို့ ရွေးယူကြရ အောင်"

ဟု ပြောပြီး. . ထိုပစ္စည်းများထဲမှ မွှေနှောက်ရှာဖွေလေတော့၏။ ကျော် ရာနှင့် ဒေါက်တာကြီးမှာလည်း ထိုစိတ်ကူးအတိုင်း လိုက်ပါလုပ်ဆောင်လေ၏။

မကြာခင်မှာပဲ. . သူတို့သည် ဂေါ်ရခါးဓားတောက်ကြီးနှင့်တူသော ဓားများကို ရှာဖွေတွေ့ရှိလေရာ လွန်စွာပျော်ရွှင်သွားကြ၏။

အတန်ကြာသောအခါ. . သူတို့သည် အစွန်ကျသော ကျောက်လိုဏ် ခေါင်းများဆီသို့ ရောက်ရှိလာကြပြီးနောက်. . တစ်ခုသော ကျောက်လိုဏ်ခေါင်း တွင် သေပြီးခါစ လတ်လတ်ဆတ်ဆတ် လူသေအလောင်း နှစ်လောင်းကို တွေ့မြင်ရလေ၏။ သူတို့သည် ထိုအလောင်းနှစ်လောင်းကို ကြည့်၍. . လွန်စွာ အံ့သြသွားလေ၏။ အလောင်းနှစ်လောင်း၏ ဦးခေါင်းထက်တွင် ဂမုန်းပန်း နက်ပွင့်ကြီး တစ်ပွင့်စီ ပန်ဆင်ထား၏။

ဒေါက်တာကြီးမှာ ထိုအလောင်းအနီးတွင် သေချာစွာ ကြည့်ရှုလေလာ

www.burmeseclassic.com

နေလေ၏။ အလောင်းနှစ်လောင်းမှာ လွန်စွာထူးခြားနေ၏။ တစ်လောင်းမှာ အသက်အရွယ်ကြီးရင့်အိုမင်းပြီး မုတ်ဆိတ်များပင်ဖြူနေသည့် အိုမင်းသော အဘိုးကြီးအလောင်းဖြစ်ပြီး. . ကျန်အလောင်းမှာမူ တစ်ကိုယ်လုံးတောက်ပသော ရွှေဝါရောင် ပိုးဝတ်ရုံစကြီးဖြင့် လုံခြုံစွာပတ်၍ မျက်နှာကိုလည်း ခေါင်းမြီးခြုံ အနက်ကို ဖုံးအုပ်ထားသော မိန်းမအလောင်းဖြစ်၏။

ထိုအလောင်းနှစ်လောင်းကို ကြည့်ရှုနေခိုက်မှာပဲ. . ပိုးစအနက် ခြုံထားသည့်အလောင်းမှာ လှုပ်ရှားလာပြီး ညည်းညူသံထွက်ပေါ်လာသဖြင့်. . သိဒ္ဓိသည် သရဲ. . သရဲဟု အော်ဟစ်ခုန်ပေါက်လျက် ကျော်စွာကို ဖက်တွယ်လိုက် လေ၏။ အချိန်အနည်းငယ်အတွင်း အခြေအနေမှန်ကို သဘောပေါက်သိ သွား၏။ တစ်ညလုံး သူတို့ကြားခဲ့ရသည့် ညည်းညူသံမှာ ထိုအမျိုးသမီး အလောင်းမှ ထွက်ပေါ်လာသောအသံဖြစ်သည်။

“သရဲ မဟုတ်ပါဘူးကွ. . မသေသေးတဲ့လူပါ။ ညတုန်းက ညည်းနေတာ သူပဲဖြစ်ရမယ်။ ဟိုအဘိုးကြီးသေတော့ သူတို့ထုံးစံအတိုင်း တောင်ခေါင်းကြီးထဲ လိုက်ဆင်းခဲ့ရတာ ဖြစ်မယ်. . ကြည့်ရတာ အစာရေစာပြတ်ပြီး ဖျားနာနေပုံ တူပါတယ်”

ဟု ဒေါက်တာကြီး ပြောဆိုလိုက်စဉ်မှာပဲ ထိုမိန်းမသည် ပက်လက် နေရာမှ တဖြည်းဖြည်း အားယူထလာလေ၏။ ဒေါက်တာကြီးမှာ လူနာအခြေအနေ ကို ကြည့်၍. . မည်သို့ဆောင်ရွက်ရမည်ကို ကောင်းစွာသိရှိသူဖြစ် ထိုအမျိုးသမီးကို အသာအယာပွေ့ထူလိုက်ပြီး လိုဏ်ခေါင်းပေါက်ထဲမှ အပြင် ခေါ်ဆောင်ခဲ့လေ၏။ ထိုနေရာမှာ မူလသူတို့နေထိုင်ခဲ့သော သချို တောင်စောင်းပေါက်ကြီး၏ ခြေရင်းဖြစ်၏။ အလင်းရောင် ပိုများပြီး လေကော လေသန့်လည်း ပိုရသဖြင့် လူနာအတွက်ပို၍ နေသာထိုင်သာ ရှိသွားလေ၏။

ကြမ်းပြင်ပေါ်တွင် ထူထဲသော ပိုးစကြီးတစ်ခုကို. . ကျော်စွာ ခင်းစေ၍ လူနာကို ထိုအပေါ်တွင် အသာအယာ ချထားလိုက်၏။ ထို့နော မျက်နှာတွင် ဖုံးအုပ်ထားသောခေါင်း မြီးခြုံစကို ဖွင့်လိုက်လေ၏။ သူ မျက်ဝန်းတွေက အံ့ဩမှုဖြင့် ပြူးကျယ်လို့သွား၏။ အသက်နှစ်ဆယ်ဝန်း အရွယ်ခန့်သာရှိသော မိန်းမငယ်လေးဖြစ်ပြီး ခွာထန်မီး မိန်းမများထဲတွင် ထူ လှပသော ရုပ်ရည်နှင့်မျက်နှာကို မြင်လိုက်ရ၍ဖြစ်သည်။



သူတို့ မြင်ဖူးသမျှသော မိန်းမများမှာ အားလုံးမည်းမှောင်သူတွေချည်း ဖြစ်သည်။ ဤမိန်းကလေးမှာမူ အသားအရေ ညိုညက်တောက်ပသော ရွှေအိုရောင်မိန်းကလေး ဖြစ်၏။ ဆံနွယ်များမှာ နူးညံ့ပျော့ပျောင်းလွန်းလှ၏။ ကောက်ရိုးရောင် အခွေအလိပ်များကဲ့သို့ ရှိ၏။ အရပ်အမောင်းမြင့်မားကာ သွယ်ပြောင်းကျစ်လျစ်သော ကိုယ်ကာယရှိသည့်အပြင် ဖြောင့်စင်းထင်ရှားသော နှာတံ၊ ပေါ်ပေါ်ထင်ထင်ရှိလှသော မျက်ခုံးမျက်လုံးနှင့် ထူထဲလုံးဝန်းသော နှုတ်ခမ်းလေးများနှင့် မျက်နှာ မှာလည်း ခေါမခေတ်မှ ကြေးသွန်းထုလုပ်ထားသည့် ပန်းပုရုပ်နှယ် အသက်ဝင်၍ တင့်တယ်ပြေပြစ်လှပေ၏။ သူမမှာ ဖျားနာ၍ အားနည်းမူးဝေနေသော်လည်း သတိကောင်းစွာ ရှိပေ၏။

အံ့ဩစရာ ကောင်းသည်မှာ သူမ၏အမူအရာဖြစ်သည်။ သင်္ချိုင်း ကျောက်ခေါင်းကြီးအတွင်း၌ သူတို့သုံးဦးကို တွေ့သော်လည်း. . သူမသည် ထိတ်လန့်ကြောက်ရွံ့ခြင်းမရှိခြင်းပင် ဖြစ်သည်။ ထိုသို့ဖြစ်ရခြင်းမှာ သင်္ချိုင်း ကျောက်ခေါင်းထဲသို့ သူမ ရောက်ရှိမလာခင်ကတည်းက တစ်ပြည်သား လူသူစိမ်းများ အကြောင်းကို သူမသိရှိထားပြီး ဖြစ်နေသောကြောင့်ဟူ၍ နောက် မှသိရှိရလေ၏။ ဒေါက်တာကြီးက မိန်းကလေး၏အခြေအနေကို စမ်းသပ် ကြည့်ရှုပြီးနောက်. . .

“ဖျားနေတယ်. . အားလည်း နည်းနေတယ်။ ရေနည်းနည်းလောက် တိုက်ပေးရရင် ကောင်းမှာပဲ၊ ရေရှာကြည့်ကြစမ်းပါဦး. . . ”

ဟု ပြောလေ၏။ ထိုအခါ ကျော်စွာနှင့် သိဒ္ဓိလည်း ရေရှာရန်ထွက်ခွာဖို့ ပြင်ဆင်လိုက်စဉ်မှာပဲ. . ၎င်းကိစ္စကို မိန်းကလေးကပင် ဖြေရှင်းလိုက်လေ၏။ သူမက သူမတို့ဇနီး မောင်နှံ၏ သင်္ချိုင်းလိုဏ်ခေါင်းထဲတွင် သားရေရေဘူးဖြင့် ရေအနည်းငယ်ရှိသေးကြောင်း ပြောလေ၏. . ထိုရေဘူးကို သိဒ္ဓိက အလျင် အမြန်သွားရောက်ရှာဖွေပြီး ယူဆောင်လာလေရာ ရေအနည်းငယ် တိုက်လိုက် သည်နှင့် သူမသည် အနည်းငယ်အားအင်ပြည့်ဝလာပြီး. . ဒေါက်တာကြီးတို့ စားသောက်ရန်အတွက် ပျားရည်နှင့် အခြားစား၍ဖြစ်သော ရိက္ခာအမြောက် အမြားကို လူသေအရိုးများကြားတွင် ရရှိနိုင်ကြောင်း. . ပြောသဖြင့် ကျော်စွာ တို့လည်း အချိန်ဖင့်နွှဲ့မနေဘဲ. . သူမပြောသည့်အတိုင်း ၎င်းအရာများကို ရှာဖွေလေ၏. . သူမပြောသကဲ့သို့ပင်. . ထိုအရာအမြောက်အမြားကို

www.burmeseclassic.com

ဝမ်းမြောက်ဖွယ် တွေ့ရလေ၏။

ကျော်စွာနှင့် သိဒ္ဓိသည် အစားအသောက်များကို ရှာဖွေသိမ်းဆည်းလျက်က ကျောက်ဂူကြီးထဲက များပြားလှသော. . လိုဏ်ခေါင်းများကို ကြည့်ရှုလေ့လာ၏။ ဂျစ်ပဆီအဘိုးအိုထံသို့ ရောက်ရှိလာသည့် ခွာထန်မီးလူကြီးမှာ ထိုလိုဏ်ခေါင်းပေါက် များမှ တစ်ဆင့် ထွက်ပြေးလွတ်မြောက်လာသောကြောင့် ဖြစ်သည်. . အတန်ကြာရှာဖွေသော်လည်း အခြေအနေမထူးသဖြင့် အစားအသောက်များ သယ်ဆောင်ပြီး. . ဒေါက်တာကြီးတို့ထံ ပြန်လာခဲ့ကြ၏။

လူနာအခြေအနေမှာ အတော်အတန် ထူးခြားကောင်းမွန်နေပြီဖြစ်သည်။ ရှာဖွေရရှိသည့် အစားအသောက်များထဲမှ အချို့သော အစားအစာများမှာ ကံအားလျော်စွာ လတ်ဆတ်နေသည်ကြောင့် ၎င်းအစားအစာများကို ရွေးချယ်ပြီးလူနာကို စားသောက်စေ၏။

ထိုစဉ်မှာပဲ. . သိဒ္ဓိ ရှာဖွေရရှိခဲ့သည့် အိတ်အမည်းကြီးအတွင်းမှ အာနိသင်မပျက်ဘဲ ရှိနေသော. . ခွာထန်မီးလူမျိုးများသုံးသည့် ဆေးဝါးအချို့ကို တွေ့ရှိလေ၏။ ဒေါက်တာကြီးက ဆေးဝါးများကို စစ်ဆေးကြည့်၍ အဖျားကျဆေးဟု ယူဆရသော ဆေးအချို့ကို လူနာမိန်းကလေးအား စမ်းသပ်တိုက်ကျွေးလိုက်ရုံမျှဖြင့်. . အားပြည့်ထူထောင်လာလေရာ၊ သူမ၏အကြောင်းကို ၎င်းတို့ခွာထန်မီးဘာသာစကားဖြင့် ဤသို့ပြောပြလေ၏။

“သင်တို့ ဤဒေသသို့ ရောက်ရှိပြီး တစ်ရက်နှစ်ရက်အကြာမှာပဲကျွန်မ. . ဤကျောက်ခေါင်းသင်္ချိုင်းအတွင်း ပစ်ချခံခဲ့ရပါတယ်။ ကျွန်မခင်ပွန်းအဘိုးကြီးနှင့်အတူ ပစ်ချခံရတာပါ. . ကျွန်မခင်ပွန်းဟာ အလွန်အသက်ကြီးရင့်တဲ့ အဘိုးကြီးပါ။ ကျွန်မ ချစ်ခင်နှစ်သက်၍ လက်ထပ်ခဲ့ခြင်းမဟုတ်ပါဘူး. . ကျွန်မဟာ အခြားခွာထန်မီးမိန်းမများနှင့်မတူဘဲ ထူးခြားလှပသောအသားအရေနှင့် ရုပ်ဆင်းကြန်အင်ရှိသူဖြစ်တာကြောင့် အလီဘာဆေးဆရာကြီးရဲ့ အလုပ်အကျွေးအပြုအစု မိန်းကလေးအဖြစ် ရွေးချယ်ခံခဲ့ရပါတယ်။ ကျွန်မအရွယ်ရောက်လာတော့. . အလီဘာဆေးဆရာကြီးက ကျွန်မတို့လူမျိုးများထဲက ရွေးရှာကောင်းတဲ့ အဘိုးကြီးကိုဆုအဖြစ် ကျွန်မကို ပေးအပ်လိုက်ပါတယ်။ အဘိုးကြီးမှာ လွန်စွာအိုမင်းနေပြီဖြစ်လို့ နှစ်ကာလ မကြာခင်မှာပဲ သေဆုံးမှာကို ကျွန်မသိပေမယ့်. . ကျွန်မ တစ်စုံတစ်ရာ ငြင်းပယ်ပိုင်ခွင့် မရှိပါဘူး။ ကျွန်မ



သာလျှင် မဟုတ်ပါဘူး. . ကျွန်မတို့ မျိုးနွယ်တစ်ခုလုံး ငြင်းပယ်ပိုင်စွမ်း မရှိပါဘူး။ အားလုံးရဲ့ကံကြမ္မာဟာ အလီဘာဆေးဆရာကြီးရဲ့ ခြယ်လှယ်စိုးမိုးမှုအတိုင်း လိုက်နာကြရပါတယ်။ ကျွန်မတို့ မိဘဘိုးဘွားများ လက်ထက်ကတည်းက ထိုအတိုင်း လိုက်နာခဲ့ကြရတယ်. . မိမိအသက်ရှင်သန်မှုနဲ့ လူပီသတဲ့ အခွင့်အရေးမှန်သမျှ ပြောဆိုပိုင်ခွင့် မရှိပါဘူး”

“အလီဘာဆေးဆရာကြီးဟာ ကျွန်မတို့မျိုးနွယ်စုများရဲ့ ပိုင်ဆိုင်မှု၊ ကျွန်မတို့ဒေသက ထွက်ရှိတဲ့သယံဇာတများကို သိမ်းပိုက်ယူဆောင်ပါတယ်။ သစ္စာခံစစ်သည်များနှင့် တခမ်းတနား နေထိုင်ပါတယ်. . ကျွန်မတို့ရဲ့ ပန်းနက်များဖြင့် ဆေးဝါးဖော်စပ်ပြီး. . သူ၏အသက်ကို သက်တမ်းရှည်အောင် ဆွဲဆန့်ထားပါတယ်။ ထိုဆေးဝါးကို သူတစ်ဦးသာလျှင် သုံးဆောင်ပါတယ်. . ကျွန်မကို လက်ဆောင်အဖြစ်ရရှိတဲ့ အဘိုးကြီးဟာ အလွန်ပျော်ရွှင်နေသော်လည်း ကျွန်မမှာတော့ ညပေါင်းများစွာ ငိုကြွေးခဲ့ရပါတယ်။ အဘိုးကြီးသေဆုံးတော့ ကျွန်မလည်း ခွာထန်မီးလူမျိုးတို့ထုံးစံအတိုင်း သင်္ချိုင်းကျောက်ခေါင်းထဲကို ခင်ပွန်းအဘိုးကြီးနှင့်အတူ ပစ်ချခံခဲ့ရပါတယ်. . စစ်သည်တွေက ကျွန်မခင်ပွန်းအလောင်းကို ကြိုးများနှင့်ဆိုင်း၍ တောင်ခေါင်းအောက်ခြေသို့ ချလိုက်တယ်. . အောက်ခြေရောက်တော့ အပေါ်မှကြိုးကို ဖြတ်လိုက်ပါတယ်. . ကျွန်မလည်း ခင်ပွန်းသည်အလောင်းကို လိုဏ်ခေါင်းတစ်ခုထဲ ရွှေ့သယ်လာခဲ့ပါတယ်။ အစာရေစာပါလာသမျှ ချွေတာစားသောက်ခဲ့ပေမယ့် ရက်ကာလကြာမြင့်လာတော့ လူသေအလောင်းမြောက်များစွာရှိနေတဲ့ ကျောက်တောင်လိုဏ်ခေါင်းကြီးအောက်ထဲမှာ. . တစ်ယောက်တည်း ချောက်ချားအားငယ်ပြီး နေရတာကို သည်းမခံနိုင်တော့ဘဲ. . အမြန်ဆုံးသေဆုံးရန်သာ ဆုတောင်းနေမိပါတယ်. . . ”

“သို့ကြောင့်လည်း. . ခင်ပွန်းသည် အလောင်းဘေးမှာ ဝင်ရောက်လဲလျောင်းနေပြီး. . သေရမည့်အချိန်ကို စောင့်မျှော်ခဲ့ခြင်း ဖြစ်ပါတယ်”

ဟု ပြောဆိုရှင်းပြလေ၏။ သူမ မျက်နှာမှာ အထူးပင် ရွှင်လန်းနေလေ၏။ သူတို့နှင့် တွေ့ဆုံခဲ့ရခြင်းအပေါ်မှာ သူမသည် အလွန်ဝမ်းသာအားတက်နေပုံရ၏။

ဒေါက်တာကြီးက အကယ်၍. . ဤသင်္ချိုင်းကျော[illegible]ခေါင်းကြီးထဲက လွတ်မြောက်အောင် ကြံဆောင်၍ မိမိတို့နေထိုင်ရာ မြို့[illegible]သို့ ပြန်လျှင်

www.burmeseclassic.com

လိုက်ပါမည်လားဟု မေးကြည့်ရာ. . မိန်းကလေးမှာ ဝမ်းမြောက်ဝမ်းသာဖြင့် လိုက်ပါမည်ဖြစ်ကြောင်း ပြောကြားလေ၏။

သူတို့သည် ရှာဖွေရရှိသည့် စားရေရိက္ခာများဖြင့်. . ခုနှစ်ရက်ခန့် နေထိုင်ကြ၏။ မိန်းကလေးမှာ သုံးလေးရက်အကြာတွင် သူမဘာသာလျှောက်နိုင်၊ သွားနိုင်လောက်အောင် ကျန်းမာလာလေ၏။ ထိုရက်အတွင်း သူတို့သည် ကြိုးစား၍ ကျောက်တောင်ခေါင်းကြီး အပြင်ဘက်သို့ ထွက်နိုင်သောလမ်းကို ရှာဖွေကြလေသည်။ ရက်အနည်းငယ်အတွင်းမှာပဲ ထိုလမ်းပေါက်ကို ရှာဖွေ တွေ့ရှိလေရာ. . ဒေါက်တာကြီးနှင့်ကျော်စွာသည် တစ်ယောက်တစ်လှည့်စီ ကျောက်တောင်ခေါင်းကြီး အပြင်ဘက်သို့ ရောက်အောင်ထွက်ကြည့်ကြပြီး. . အနီးဝန်းကျင်တွင် ခွာထန်မီးအစောင့်စစ်သားများ၏ အခြေအနေကို ကင်းထောက်ကြည့်ကြလေ၏။

သိဒ္ဓိမှာမူ. . လူနာမိန်းကလေး၏ အနားတွင် အစောင့်ကျနေရစ်ခဲ့၏။ ထိုသို့ရှိစဉ် သိဒ္ဓိက သူ၏အိတ်အတွင်းရှိ လက်နက်များကိုလိုအပ်လျှင် အသင့် ဖြစ်စေနေစေရန် စစ်ဆေးမှုများလုပ်လေရာ ခွာထန်မီးမိန်းကလေးမှာ ထိုအဖြစ်ကို ပြုံးလျက် ကြည့်နေလေ၏။ သူမက တစ်စုံတစ်ရာ သဘောပေါက်သွားဟန်ဖြင့် တစ်နေရာသို့ ထွက်သွားလေ၏။ အတန်ကြာ၍ သူမပြန်လည်ရောက်ရှိလာသော အခါ သူမကိုကြည့်၍ သိဒ္ဓိသည် တအံ့တဩဖြင့် မျက်ဝန်းတွေ ပြူးကျယ်သွား၏။

မိန်းကလေးသည် သချိုင်းကျောက်ဆောင် လိုဏ်ခေါင်းကြီးအတွင်းမှ ရွှေထည်ပစ္စည်းများကို ကောင်းနိုးရာရာ ရွေးချယ်ကောက်ယူပြီး. . အိတ်ရှည် ကြီးထဲတွင် အပြည့်ထည့်၍ ယူလာခဲ့ခြင်းဖြစ်သည်။ ထိုအိတ်ကြီးကို သိဒ္ဓိကို ပေးအပ်ပြီး. . ပြုံးကြည့်နေလေ၏။ သူမက သိဒ္ဓိ၏အိတ်ကြီးမှာ ဤဒေသက အပြန်တွင် ရွှေများထည့်ယူသွားမည်ဟု ထင်မှတ်သွားပြီး. . ထိုပစ္စည်းများကို သူမကိုယ်တိုင် ရှာဖွေယူဆောင်ပေးခဲ့ခြင်း ဖြစ်သည်။

ထိုအဖြစ်ကြောင့် သိဒ္ဓိသည် သဘောကျစွာ အားပါးတရရယ်လေ၏။ မည်သို့ဆိုစေ ထိုအရာများကိုလည်း အခွင့်သင့်လျှင် ယူဆောင်သွားမည်ဟု ဆုံးဖြတ်လိုက်လေ၏။ မိန်းကလေးကလည်း ၎င်းရတနာအိတ်ကြီးကို သူမ တာဝန်ယူ သယ်ဆောင်မည်ဟု ပြောလေ၏။

ခုနှစ်ရက် လွန်မြောက်သည့်နေ့တွင် ဖြစ်သည်. . ကျောက်တော



ခေါင်းကြီး၏ အပေါ်ဘက်အပေါက်ဝမှ ဝင်ရောက်ကျဆင်းလာသော အလင်းရောင် ပျောက်ကွယ်စပြုသည်နှင့် သူတို့သည် တောင်ခေါင်းအပြင်ဘက်ရောက်အောင် ထွက် ခဲ့ကြလေ၏။

ယခင်နေ့များကလည်း အကြိမ်ကြိမ်လေ့လာထားပြီးဖြစ်၍ အပြင်ဘက် ချောက်ကမ်းပါး တစ်လျှောက်တွင် ဆင်းစောင့်နေတတ်လေ့ရှိသော. . ခွာထန်မီး အစောင့်စစ်သည်များကို အလွယ်တကူ ပုန်းရှောင်ကျော်လွှားနိုင်ခဲ့ကြ၏။

လမ်းတွင် အခက်အခဲ အနှောင့်အယှက်တစ်စုံတစ်ရာ မတွေ့ရဘဲ. . ချောင်းကူးကြိုးတံတားဆီသို့ ရောက်ရှိကြ၏။ ထိုမှ ချောင်းတစ်ဖက်ကမ်းသို့ကူးပြီး မြောက်မြားလှစွာသော ကျောက်တောင်ခြေများမှ ကွေ့ပတ်ကာ လုံခြုံခိုင်ခန့်စွာ ပိတ်ဆို့ထားပြီး ဖြစ်သည့် မြို့တော်တံခါးပေါက်ကို ကျော်ဖြတ်၍ ပျောက်ဆုံးနေ သော. . ခွာထန်မီး ရှေးဟောင်းမြို့တော်၏ လှေဆိပ်ဆီသို့ ချောမောစွာ ရောက်ရှိခဲ့ကြလေတော့၏။

www.burmeseclassic.com

## အခန်း ◀ ၁၆ ▶
## ဂမုန်းနက်ကေရီနှင့် တွေ့ဆုံခြင်း

မှုန်ဝါးသော ညအမှောင်ထဲတွင် လေဆိပ်နှင့် မလှမ်းမကမ်းတွင်ရှိသည့် လေ့ရုံကလေးကို တွေ့ရလေ၏။ အတန်ကြာမျှ ရှေ့မဆက်ဘဲ . . အကဲခတ် ကြည့်ရှုရာ လှုပ်ရှားမှုဟူ၍ အနည်းငယ်မျှ မတွေ့ရပေ။ သေချာမှုရှိစေရန် . . သိဒ္ဓိက သူ၏စွမ်းဆောင်မှုကိုပြသလေရာ သူတို့နှင့်လိုက်ပါလာသော . . ခွာထန်မီးမိန်းကလေးပင် တအံ့တသြ ဖြစ်သွားလေ၏။

သိဒ္ဓိသည် ခပ်ဝိုင်းဝိုင်း ပုံသဏ္ဌာန် လေ့ရုံအဆောက် အအုံအတွင်းသို့ လျှပ်တစ်ပြက်အတွင်း ဝင်ရောက်သွားခြင်း ဖြစ်သည်။ အချိန်တစ်ခဏအတွင်း မိမိအဖွဲ့သားများဆီသို့ . . ပြန်လည်ရောက်ရှိလာပြီး အစောင့်စစ်သည်များအားလုံး အိပ်မောကျလျက်ရှိနေ၍ . . စိတ်ချရပြီဖြစ်ကြောင်း ပြောဆိုလေ၏။

ချောင်းကမ်းစပ် ကျောက်ဆောင်များတွင် ချည်နှောင်ထားသော လှေများမှာ စင်းရေ . . ရာထောင်ချီလျက်ရှိ၏။ ထိုအထဲမှ လေးစင်းလှေတစ်တွဲကို ကျော်စွာက ဖြုတ်ယူလိုက်ပြီး၊ ချောက်ကမ်းစပ်အတိုင်း လှေကြီးမှ အသာကလေး ဆွဲလာခဲ့၏။ လေ့ရုံအဆောက်အအုံမှ လှေတစ်စင်းပေါ်သို့ လူတစ်ယောက် ကျစီတက်၍ . . ချောင်းရေစုန်အတိုင်း မျှောခဲ့ကြလေ၏။

လှေများ စုန်ဆင်းခဲ့ချိန်တွင် ကမ်းပါးထက်ပေါ်ရှိ လူနေအိမ်များဆီမှ လှုပ်ရှားသံ၊ ချောင်းဟန့်သံ၊ တီးတိုးစကားပြောသံများနှင့်အတူ . . ဆီမီးရောင် လက်လက်ကလေးများကို တွေ့မြင်ကြရ၏။

သူတို့သည် ခရီးတစ်လျှောက်လုံး တိုးတိတ်စွာလိုက်ပါခဲ့ကြ၏။ ရှေ့ခရီးတွင် မည်သို့သော အခက်အခဲများနှင့် ရင်ဆိုင်ရမည်ကို မည်သူမှကြိုတင်



ခန့်မှန်းနိုင်စွမ်း မရှိကြပေ . . ချောင်းအတိုင်း စုန်ဆင်းသွားပါက အလီဘာ ဆေးဆရာကြီး နေထိုင်သည့်ဂူသို့ ရောက်ရှိမည်ဟု ခွာထန်မီးမိန်းကလေး နာတာလီပြောပြ၍ . . သူတို့ သိရှိပြီးဖြစ်သည်။ သို့သော် မည်သည့်အချိန်၊ နာရီမည်မျှ အကြာတွင် ရောက်ရှိမည်ကို သိရှိနိုင်ခြင်းမရှိကြပေ . . ။

ကျော်စွာ၏ လှေနှင့် ဒေါက်တာကြီး၏လှေမှာ ရှေ့မှာရှိနေပြီး . . သိဒ္ဓိနှင့်ခွာထန်မီး မိန်းကလေးတို့၏ လှေမှာ နောက်တွင်ရှိလေ၏။ အလီဘာ ဆေးဆရာကြီး၏ဂူကို မဖြတ်သန်းဘဲ သူတို့သွားလိုသည့် ပန်းနက်ကျွန်းသို့ ဘယ်လိုမှရောက်ရှိမှာ မဟုတ် . . ၎င်းနေရာမှာ သူတို့အဖို့ သေမင်းခံတွင်းဝကဲ့သို့ ရင်ဆိုင်ရမှာ မလွဲသေချာနေသဖြင့် မည်သို့ဆိုစေ ရင်ဆိုင်တိုက်ခိုက် ဖြတ်သန်းရန် ဆုံးဖြတ်ထားလေ၏။

ထိုသို့ အမှောင်ထုအတွင်း တရိပ်ရိပ် ဖြတ်သန်းလာလေရာ . . သန်းခေါင်မတိုင်မီ အချိန်တွင် အလီဘာဆေးဆရာကြီး စံမြန်းနေထိုင်သည့် ကျောက်လိုဏ်ဂူနှင့် နီးကပ်စွာရောက်ရှိလာလေသည်။

ဦးစွာသတိပြုမိသူမှာ ခွာထန်မီးမိန်းကလေးဖြစ်သည်။ မီးအလင်းရောင် လွှင့်ပျံ့နေတာကို မြင်လိုက်ရသည်နှင့် သူမက-

"တပြည်သား . . လူသူစိမ်းများ၊ အခုမြင်တွေ့နေရတာဟာ အလီဘာ ဆေးဆရာကြီး စံမြန်းရာ ဂူဗိမ္ပာန်ဖြစ်တယ်"

မိန်းကလေးက . . .

"ချောင်းရေဟာ . . ကျောက်ဂူကြီးထဲ စီးဝင်သွားတယ် ဆိုပေမယ့် ဂူကြမ်းပြင်နဲ့ ချောင်းရေမျက်နှာပြင်ဟာ တစ်ကိုက်သာသာလောက် ကွာပါတယ်။ ကျွန်မတို့ဟာ သွားရိုးသွားစဉ်အတိုင်းဆိုလျှင် လှေကို ကမ်းမှာကပ်ပြီး တစ်ဖက်ဂူပေါက်ဝဆီ လှေတွေကို သယ်ပိုးသွားရပါလိမ့်မယ် . . အဲဒီလိုသွားရင် အစောင့်စစ်သည်တွေနဲ့ ရင်ဆိုင်တွေ့ရပြီး ရှေးခရီးဆက်ဖို့ ဘယ်လိုမှ ဖြစ်နိုင်ချေ မရှိတော့ပါဘူး။ ရာနဲ့ချီပြီးရှိနေတဲ့ အစောင့်စစ်သည်များဟာ အလွန်ကြံ့ခိုင် သန်မာသလို တိုက်ခိုက်မှုစွမ်းရည် မြင့်မားသူတွေဖြစ်တာကြောင့် အားလုံး အသက်အန္တရာယ် ဆုံးရှုံးသွားမှာ သေချာပါတယ်"

ဟု ပြောလေ၏ သူမပြောသကဲ့သို့ပင် ၎င်းလိုဏ်ဂူကို သဲကွဲစွာ မြင်ရသည်တွင် လှံတံများကိုင်ဆောင်ထားသည့် အစောင့်စစ်သည်အချို့ကို

www.burmeseclassic.com

တွေ့ရလေ၏. . အနည်းငယ်မျှသော အခိုက်အတန့်အတွင်း သူတို့ ဆုံးဖြတ်ရပေတော့မည်။ ထိုအခြေအနေကို ပြတ်သားစွာ ဆုံးဖြတ်လိုက်သူမှာ. . ကျော်စွာဖြစ်၏။

"ကျွန်တော်တို့အားလုံး လှေပေါ်မှာ ဝမ်းလျားမှောက်ပြီး ကျောက်ဂူကြီးအောက်ကနေ. . ဟိုတစ်ဖက်ပေါက်ကို ရောက်တဲ့အထိ အသာလေးမျှောလိုက်သွားကြမယ်။ ဆေးဆရာကြီးရဲ့ အစောင့်စစ်သားတွေ မသိစေရဘဲ ဒီကျောက်ဂူကြီးဖြတ်ကျော်ဖို့ဆိုတာ ဒီတစ်နည်းပဲရှိတယ်။ ကျွန်တော်တို့ရဲ့ အဓိက ဦးတည်ချက်က ပန်းနက်ကျွန်းကို ရောက်ဖို့ပဲလေ"

ဟု ကျော်စွာက ပြောလေရာ၊ ဒေါက်တာကြီးမှာ အားတက်သရော အမူအရာဖြင့်. . .

"အလွန် လျော်ကန်သင့်မြတ်တဲ့ အကြံဉာဏ်ပဲ. . လက်ဖတင်နင်။ ဒါကို ကျုပ်မတွေးမိခဲ့ဘူး. . ကဲ ဒီအကြံဉာဏ်အတိုင်းပဲ လိုက်လုပ်ကြရအောင်. . ပန်းနက်ကျွန်းက အပြန်ခရီးအတွက်တော့ နောက်ဖြစ်လာမယ့် အခြေအနေအတိုင်း ဆက်လုပ်ကြတာပေါ့"

ဟု ပြောလေတော့၏။ ထိုဆုံးဖြတ်ချက်အတိုင်း သူတို့သည် ပြင်ဆင်ကြလေ၏။ အထူးခြားဆုံးမှာ သိဒ္ဓိဖြစ်သည်။

"ကျောက်ဂူကြီးအောက်ကနေ ဖြတ်သွားတဲ့အခါ မတော်တဆ တိမ်းမှောက်သွားခဲ့ရင် ကျွန်တော်သယ်လာခဲ့တဲ့ ပစ္စည်းတွေ ရေထဲမကျသွားရအောင် ကြိုတင်စီမံထားမှပဲ"

ဟု ပြောဆိုပြီး. . ၎င်းအိတ်ကို လှေဝမ်းတွင် နွယ်ကြိုးများဖြင့် ချည်နှောင်လေ၏။

ခွာထန်မီး မိန်းကလေးထံမှ မည်သည့်အသံမှမကြားရဘဲ ငြိမ်သက်လျက်ရှိ၏။ မည်သို့ဆိုစေ သူမ လိုက်ပါလာခြင်းကြောင့် ထိုအခက်အခဲကို သိရှိခဲ့ရသဖြင့် များစွာအဆင်ပြေခဲ့ခြင်း ဖြစ်သည်။ သူမသည် ချောင်းရေစီးထဲတွင် လှေကို ကောင်းစွာပဲ့ကိုင် ထိန်းသိမ်းလျက်. . သိဒ္ဓိ၏ လှေနံဘေးမှ တရိပ်ရိပ် ပါလာခဲ့ခြင်း ဖြစ်သည်။

သူတို့လှေများသည် ကျောက်ဂူကြီးများနှင့် များစွာကွာလှမ်းခြင်း မရှိတော့ပေ။ ကျော်စွာက အချက်ပြလိုက်သည်နှင့် လှေပေါ်မှာ ဝမ်းလျား



မှောက်ပြီး ကြမ်းပြင်နှင့်ကပ်နိုင်သမျှ ကပ်နေရမည်ဖြစ်သည်။ ဂူပေါက်ဝကို ကောင်းစွာမြင်တွေ့နေရပြီဖြစ်ရာ သူတို့ဖြတ်သန်းရမည့် အနေအထားမှာ လွန်စွာကျော ချမ်းဖွယ်ကောင်းနေတော့၏။ ဟိုဘက် သည်ဘက်ပေါက်သော ဂူလမ်းတစ်လျှောက်တွင် ထွန်းထားသော မီးတုတ်များမှ မီးအလင်းရောင်မှာ ဂူပြင်သို့ လျှံထွက်၍. . ချောင်းရေပြင်တွင် တဖိတ်ဖိတ် လင်းလက်နေလေ၏။ အကယ်၍သာ သူတို့လှေများ ထိုနေရာမှအဖြတ်တွင် အစောင့်တစ်ယောက် တလေ တွေ့မြင်သွားပါက. . သူတို့အဖို့ လုံးဝမျှော်လင့်ဖွယ်မရှိနိုင်တော့ပေ. . .။

လှေများသည် မီးအလင်းရောင်အောက်သို့ ဝင်ရောက်ရန် အနီးကပ်ဆုံးနေရာသို့ ရောက်ရှိလာ၏။ ထိုစဉ် ဆီမီးတုတ် အလင်းရောင်များအောက်၌. . အလှဲ့တပြောင်ပြောင် တောက်လက်နေသော လှံချွန်ဖျားနှင့် အရိုးရှည်လှံကြီးကို ထမ်း၍. . ဂူပေါက်ဝဆီသို့လျှောက်လာနေသော အစောင့်စစ်သားကို တွေ့လိုက်ရသဖြင့် သူတို့လည်း လွန်စွာစိုးရိမ်သွားကြ၏။

ကျော်စွာသည် သွေးအေးအေးဖြင့် အစောင့်စစ်သား၏ အခြေအနေကို စောင့်ကြည့်ရင်း ဓားကောက်ကို ကိုင်တွယ်ချိန်ဆနေလေ၏၊ ဓား၏အလေးချိန်နှင့် ပစ်နိုင်သည့်အားကို ချိန်ဆရင်း အကွာအဝေးကို တွက်ဆနေလိုက်၏။ ထိုစဉ်မှာပဲ မမျှော်လင့်နိုင်သော ကံကြမ္မာက သူတို့ဘက်မှအရေးသာအောင် ကူညီလိုက်လေ၏။

အလင်းရောင် ဖြန့်ကျရာ. . ရေပြင်အစပ်သို့ လှေဦးဖျားထိမိသည်နှင့် အစောင့်စစ်သားမှာ လမ်းဆုံးအောင်လျှောက်ပြီးပြီဖြစ်၍. . တစ်ဖက်သို့ လှည့်ထွက်သွားလေရာ သူတို့လှေများကို လုံးဝ မတွေ့မမြင်လိုက်တော့ပေ။ ထိုအခါ ကျော်စွာက အားရဝမ်းသာဖြင့်. . .

"ဘုရားမကာပဲ. . ဒေါက်တာ၊ ဒီအတိုင်းဆိုရင်တော့ ကျွန်တော်တို့ လှေတွေ ချောချောမောမောနဲ့ ဂူအောက်ကို ဝင်နိုင်ကြတော့မယ်"

ဟု ပြောပြီး. . လှေဝမ်းတွင် အလျားလိုက်ဝပ်ဆင်းရန် အချက်ပြလိုက်လေ၏။

လှေများမှာ မီးလင်းနေသည့် နယ်မြေကိုဖြတ်၍. . ကျောက်ဂူကြီး၏ အောက်ထဲသို့ အလိုက်သင့် ဝင်ရောက်သွားလေ၏။ လေးယောက်သားမှာ စိမ့်ခနဲအေးသွားကြ၏။ ကျော်စွာက စိုးရိမ်တကြီးဖြင့် ဒေါက်တာကြီး၏ လှေကိုကိုင်၍ ထိန်းပေးလေ၏။ သိဒ္ဓိကလည်း မိန်းကလေး အကြောက်လွန်လျက်

www.burmeseclassic.com

လှုပ်ရှားလိုက်မည်ကိုစိုးရိမ်သဖြင့် သူမ၏လှေကို ထိန်းကိုင်လိုက်လေ၏။ ဂူကြီးမှာ ကိုက်ငါးဆယ်ခန့် ရှည်လျား၏။ အောက်ခြေမှာ အသည်းခိုက်အောင် အေးစိမ့်လျက်ရှိလေရာ. . ထိုအအေးဒဏ်မှ လွတ်မြောက်သောအခါ သူတို့သည် ဂူကြီးကို အောင်မြင်စွာ ဖြတ်ကျော်နိုင်ပြီဖြစ်ကြောင်း. . ယူဆလိုက်ကြ၏။

ကျော်စွာသည် သတိဝီရိယကြီးစွာဖြင့် ဂပ်နေရာမှ. . ခေါင်းထောင်လျက် နောက်ဘက်သို့ ကြည့်လိုက်၏။ အခြေအနေမှာ အနည်းငယ်မျှ စိုးရိမ်ဖွယ် မရှိတော့ပေ။

သူတို့လေးဦးသည် တစ်ယောက်နှင့်တစ်ယောက် တိုင်ပင်ထားသကဲ့သို့ သက်ပြင်းကိုယ်စီ ချမိကြပေ၏။ ထို့နောက် သူတို့သည် လှေများကို အားဖော်သရော လှော်ခတ်ကြတော့၏။ တိုသို့ လှော်ခတ်နေလျက်က. . ဒေါက်တာကြီးက မိန်းကလေးကို ပထမဆုံး စတင်စကားပြောလေ၏။

"ပန်းနက်ကျွန်းကိုရောက်ဖို့ ခရီးဘယ်လောက်ဝေးသလဲ မိန်းကလေး"

"အဝေးကြီးသွားရဦးမှာပါ. . သူဖြူဆရာကြီး၊ အခုနှုန်းအတိုင်းသွားရင် အရှက်တက်အချိန်လောက်မှ ပန်းနက်ကျွန်းကို ရောက်နိုင်ပါလိမ့်မယ်. . ဒါပေမယ့် အပြန်ခရီးကတော့ အခု အလာတုန်းကလို အလီဘာဆေးဆရာကြီး အစောင့်တွေ မသိအောင်ဖြတ်ကျော်လို့ရမှာ မဟုတ်ဘူး။ ဒီချောင်းရေဟာ. . ပန်းနက်ကျွန်းဘက်ကိုသာ တစ်ဖက်သတ်တည်း စီးဆင်းနေတာ ဖြစ်သို့ ဟိုတစ်ဖက်ကို ဘယ်လိုမှ ပြန်ထွက်နိုင်မှာ မဟုတ်ဘူး"

ဟု ရှင်းပြရာ. ဒေါက်တာကြီးက ဦးခေါင်းကိုလေးနက်စွာ ညိတ်လျက်

"အဲဒီအခါကျတော့လည်း ဖြစ်လာတဲ့အခြေအနေပေါ်မှာကြည့်ပြီး. . လှုပ်ရှားရမှာပေ့ါ မိန်းကလေးရယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျုပ်တို့တွေ အခုလို အဆင်ပြေပြေ ဖြတ်ကျော်နိုင်ခဲ့တာ. . ဟို့နဲ့အတူ မင်းလိုက်ပါခဲ့လို့ပေ့ါ။ မင်းကသာ လိုက်ဂူရဲ့အခြေအနေကို ပြောမပြဘူးဆိုရင် အခုလောက်ဆို တို့အားလုံး အလီဘာဆေးဆရာကြီးရဲ့ အချုပ်သားဘဝ ရောက်ရှိသွားနိုင်တယ်. . ဒီအတွက် မင်းကို ကျေးဇူးတင်ပါတယ် မိန်းကလေး"

ဟု လှိုက်လှဲစွာ ပြောဆိုလေ၏။

မိန်းကလေးမှာ မထင်မှတ်ဘဲ အသိအမှတ်ပြု ချီးကျူးခံလိုက်ရသည့် အတွက် ကြည်နူးပျော်ရွှင်သွားသည်ကြောင့်. . မနေတတ် မထိုင်တတ် ဖြစ်သွာ။



လေရာ၊ ထိုအဖြစ်ကို အနီးကပ်ရှိနေသည့် သိဒ္ဓိက သတိပြုမိသွားပြီး. . သဘောကျစွာ ရယ်လေ၏။

ရေစုန်ဖြစ်သည့်အပြင် လှော်တက်အားများပါ,ပါသဖြင့် သူတို့လှေများသည် တရိပ်ရိပ် လျင်မြန်စွာ ပြေးလွှားနေသကဲ့သို့ ဖြစ်နေတော့၏။

ထိုသို့ဖြင့် နံနက်သုံးနာရီကျော် အချိန်သို့ရောက်ရှိခဲ့ လေရာ. . ကမ္ဘာ့နေရာအနှံ့အပြားတွင် ဘယ်လိုမှမြင်နိုင်ဖွယ်မရှိသော လင်းအရုဏ် ရောင်ခြည်ကို တအံ့တသြ တွေ့ရလေ၏။ မှိုးသောက် ဆည်းဆာရောင်ခြည်မှာ သောပတ်ဝန်းကျင်မှ ကျောက်တောင်များပေါ်မှတစ်ဆင့် ချောင်းရေပြင်ပေါ်သို့ ကျရောက်လာခြင်းဖြစ်သည်။ အလွန်တောက်ပသော နှင်းဆီသွေးရင်ရောင် အရောင်တစ်မျိုးဖြစ်၍ ဝန်းကျင်တစ်ခုလုံးသည် နှင်းဆီသွေးများ သွန်းလောင်း ပက်ဖျန်းလိုက်သကဲ့သို့ ထင်မှတ်ခံစားရ၏။

ထိုစဉ်မှာပဲ ရေပတ်လည်ဝန်းရံနေသည့် ကျွန်းကလေးသည် သူတို့ အားလုံး၏ မြင်ကွင်းထဲသို့ ဝင်ရောက်လာလေရာ ခွာထန်မ်းမိန်းကလေးက ထိုကျွန်းကို လက်ညှိုးထိုးလျက်. . .

"ပန်းနက်ကျွန်းကို ရောက်ပါပြီ၊ လူဖြူဆရာကြီး"

ဟု ပြောလေတော့၏။ ဒေါက်တာကြီးသည် ရိဝေမျက်ဝန်းဖြင့် စူးစိုက်ကြည့်နေလေ၏။ ကျွန်း၏အမြင့်ဆုံးအပိုင်းမှာ တောင်ကုန်းမြင့်ကလေးကဲ့သို့ ရှိနေ၏။ ထိုနေရာတွင် ကျူမြက်ရှည်များ လှပစွာအုပ်မိုးထားသည့် ခေါင်မိုးဝိုင်းဝိုင်း တဲအဆောက်အအုံကြီး တစ်လုံးကို မြင်တွေ့ရ၏။ ထိုမြင်ကွင်းကို ကြည့်ရင်း. . ဒေါက်တာကြီး၏ နှလုံးသားက ထူးခြားစွာလှုပ်ရှားနေလေ၏။ သူသည် နှစ်ပေါင်း သုံးဆယ်နီးပါး ကာလတစ်လျှောက် တစ်ကြိမ်တစ်ခါမျှ မခံစားခဲ့ရဖူးသော စိတ်ချမ်းမြေ့ပျော်ရွှင်ခြင်း၊ အနာဂတ်အတွက် မျှော်လင့်အားတက်ခြင်းနှင့် သူ့ဘဝ ဆိုတာ ပျော်ရွှင်စရာဟု. . တွေးထင်မိခြင်းများကို တစ်ပြိုင်နက်တည်း ခံစားနေမိတော့သည်။

ထိုခံစားမှုများကြောင့် နံဘေးတွင် ရှိနေသူများကိုပင် မေ့လျော့သွားသည် ထင်၏။

"ဒီနေရာလေးပါပဲလေ. . ရှယ်လီကို အိပ်မက်ထဲမှာ ကြိမ်ဖန်များစွာ တွေ့မြင်ခံဖူးတဲ့ နေရာလေးပါပဲ။ အေးစိမ့်မည်းမှောင်ပြီး. . ချောင်ကျတဲ့

www.burmeseclassic.com

အရပ်ဒေသက ရေပတ်လည်ဝန်းရံနေတဲ့ ကျွန်းကလေး. . ဒီကျွန်းကလေးပေါ်မှ ရှယ်လီရယ်၊ မမြင်ဘူးသေးတဲ့ သမီးလေးရယ် ရှိနေကြတယ်"

ဟူ၍. . သူသည် ရေစွတ်မြည်တမ်းလိုက်လေ၏။

ကျွန်းနှင့် ကိုက်တစ်ရာခန့် အကွာအဝေးသို့အရောက်တွင် သူ လှေများသည် အသွားနှုန်း နှေးသွားလေ၏. . တစ်လျှောက်လုံး စီးဆင် လာခဲ့သော ချောင်းရေမှာ ကျွန်းကိုရစ်ခွေစီးဆင်းပြီး. . တစ်ဖက်တွင် ရေငြိမ်သေ အိုင်ကြီးအဖြစ်သို့ ပြောင်းလဲသွားခြင်း ဖြစ်သည်။

ထိုအခြေအနေကို မိန်းကလေးက ရှင်းပြသဖြင့် သူတို့သိရှိကြလေ၏၊ သို့သော်. . သူတို့အဖို့ ထိုရေအိုင်ကြီးအား ဖြတ်ကျော်ရာမှာ လွန်စွာကြောက်မ ဖွယ် အန္တရာယ်နှင့် ရင်ဆိုင်ရမည်ဖြစ်၍ သတိပီရိယရှိကြရန် မိန်းကလေး ပြောလေ၏။ သို့ကြောင့် ကျွန်းသို့ အမြန်ရောက်ရှိရန် လှေကို အားသွန် လှော်ခတ်ရန်ပြောသဖြင့်. . သူတို့လည်း မိန်းကလေးပြောသည့်အတိုင်း လှေ လှော်ခတ်ကြလေ၏။

ထိုသို့လှော်ခတ်ရင်း ဒေါက်တာကြီးက မေးမြန်းသဖြင့် မိန်းကလေး

"ဆေးဆရာကြီး အလီဘာဟာ ပန်းနက်ကျွန်းက ပတ်ပတ်လ ရေအိုင်ထဲမှာ လူသားစား ဖွတ်မိချောင်းတွေကို မွေးထားပါတယ်. . ပန်းန ကျွန်းဆီသို့ ဘယ်လိုလှေဖောင်မှ မလာနိုင်အောင်. . ဒီကလည်း ထွက်သွား မရအောင် စောင့်ကြပ်စေလိုတဲ့သဘောနဲ့ မွေးထားတာပါ။ ဖွတ်မိချောင်းတွေ အလီဘာဆေးဆရာကြီးက သူ့အလိုရှိတဲ့အတိုင်း ခိုင်းစေလို့ရအော သင်ကြားပေးထားပါတယ်။ ဖွတ်မိချောင်းတွေဟာ. . တံဖိုးခရာမှုတ်သံ ကောင်းစွာမှတ်သားနိုင်စွမ်းရှိတယ်။ အဲဒီ အသံအပေါ်မှာ သူတို့ဘာလု ရမယ်ဆိုတာကို ကောင်းစွာနားလည်ကြတယ်. . ဒါပေမယ့် သူတို့နားလည် အသံကို သင်္ကေတပြုဖော်ဆောင်နိုင်တာဆိုလို့ အလီဘာဆေးဆရာကြီး သူ့ရဲ့စိတ်ချယုံကြည်ရတဲ့ စစ်သည်လေးငါးဦးခန့်သာ တတ်ကျွမ်းကြပါတ သူတို့မှုတ်တဲ့ ဦးချိုတံပိုးသံ တစ်မျိုးကို မကြားရခဲ့ရင်. . ဖွတ်မိချောင်းတွေ ပန်းနက်ကျွန်းနားက ရေပြင်မှာရှိသမျှ လှေဖောင်တွေကို တိုက်ခိုက်နှစ်မြုပ် ကြပါတယ် လူဖြူဆရာကြီး. . ."

ဟု ရှင်းပြလေ၏။ ထိုအခါ ဒေါက်တာကြီးမှာ မျက်ဝန်းပျေ



ပြုံးကျယ်သွားပြီး. . .

"အို အဘ ဘုရားသခင်. . ဒီအတိုင်း ကြည့်မနေပါနဲ့တော့ ခရီးပန်းတိုင် ရောက်လုနီးမှ သေဆုံးဖွယ်အဖြစ်မျိုး မကျရောက်ပါစေနဲ့"

ဟူ၍ ပြောဆိုပြီး. . ပန်းနက်ကျွန်းဆီသို့ အလျင်အမြန်ရောက်ရှိရန်. . လှော်ခတ်ဖို့ အားလုံးကိုပြောဆိုလျက် သူကိုယ်တိုင်လည်း မီးကုန်ယမ်းကုန် လှော်ခတ်လေတော့၏။

ရေအိုင်ကြီးမှာ ငြိမ်သက်သော ရေသေဖြစ်၍ လှော်ခတ်သည့်အားဖြင့် သာ လှေမှာတအိအိ ရွေ့လျားလေ၏. . မိန်းကလေးမှာ သူတို့ထင်ထားသည် ထက် များစွာကြံ့ခိုင်သူဖြစ်၏။ ပန်းနက်ကျွန်းနှင့် ကိုက်အနည်းငယ်မျှသာ ဝေးကွာသည့်နေရာသို့ အရောက်တွင် ဆိုးဝါးသော ကံတရားနှင့် ရင်ဆိုင်ရ တော့၏။ သူတို့နောက်ဘက်ဆီမှ ရေဗလုံစီလျက် တဗွက်ဗွက် တစီစီ လိုက်ပါလာသည်ကို တွေ့လိုက်ရ၏။ ထိုအချင်းအရာကို တွေ့လိုက်သူမှာ မိန်းကလေးဖြစ်သည်။ သူတို့ သတိပြုမိစဉ်မှာပဲ ဗွမ်းခနဲ ရေလှိုင်းသံကြီးနှင့် အတူ. . ကြီးမားလှသော ဖွတ်မိချောင်းကြီးတစ်ကောင်၏ ဦးခေါင်းပိုင်းသည် ရေပေါ်သို့ ပေါ်တက်လာလေ၏။

လှေများရှိရာဘက်သို့ မျက်နှာမူလိုက်ချိန်တွင် ကျယ်ပြန့်လှသော ပါးစပ်ကြီးကို ဖြဲဟလိုက်လေရာ. . ရှည်လျားချွန်ထက်လှသော သွားကြီးများကို အသည်းထိတ်ဖွယ်ရာ တွေ့မြင်ရလေ၏။ ကျောကုန်းပေါ်တွင်ရှိသော ကြေးညိုရောင် ဆူးတောင်ကြီးများကို ဖြန့်ထောင်လျက်. . သန်မာတုတ်ခိုင်သော အမြီးကြီးများဖြင့် ရေပြင်တွင် တဖျပ်ဖျပ်ရိုက်ခတ်ရင်း လှေများကို တိုက်ခိုက် နှစ်မြုပ်ရန် ရှေ့သို့ တိုးလာလျက်ရှိ၏။

လှေများမှာလည်း ကမ်းမှ ဝါးနှစ်ကိုက်ခန့်သာ ကွာတော့သည်။ ကျော်စွာသည် ရုတ်တရက် ဆုံးဖြတ်ချက်ချလိုက်ပြီး. . .

"ဒေါက်တာ. . မိန်းကလေးရဲ့ လှေကိုကူညီပြီး အမြန်ဆုံး ကမ်းကို ရောက်အောင် လှော်ခတ်သွားပါ။ ဒီကောင်ကြီးတွေကို ကျွန်တော်နဲ့ သိဒ္ဓိတို့ ရင်ဆိုင်ပြီး ဟန့်တားထားမယ်"

ဟု ပြောပြီး. . သူ၏ ဓားကောက်ကြီးကို အသင့်ပြင်ဆင်လိုက်၏။ ထိုအခါ ဒေါက်တာကြီးက စိုးရိမ်ကြီးစွာဖြင့်. . .

www.burmeseclassic.com

"မိန်းကလေးကို အမြန်သွားခိုင်းပြီး . . ကျုပ်ပါဝင် ရောက်တိုက်ခိုက်ရင် ပိုအဆင်ပြေမှာပေါ့. . . "

ဟု ပြောပြီး တွန့်ဆုတ်ဆုတ် လုပ်နေလေ၏။

"ကျွန်တော့်စကားကို နားထောင်ပါ. . ဒေါက်တာ၊ ပန်းနက်ကျွန်းကို ဒေါက်တာ မရောက်လို့ မဖြစ်ဘူး။ ကျွန်တော်တို့အတွက် စိတ်မပူပါနဲ့ ဒီကောင်ကြီးတွေကို အစာကျွေးရင်း ထိန်းထားတဲ့အချိန်မှာ မိန်းကလေးကိုပါတွဲပြီး. . အမြန်ဆုံးကမ်းကို ရောက်အောင်သွားပါ"

ဟု အလောတကြီး ပြောလိုက်သည်တွင် ဒေါက်တာကြီးမှာ ဘာမှတုံ့ပြန်မပြောတော့ဘဲ. . ကမ်းသို့ရောက်အောင် အမြန်ဆုံး လှော်ခတ်သွားလေတော့၏။

ထို့နောက် ကျော်စွာသည် လက်တစ်ဖက်တွင် သချိုင်းလိုဏ်ခေါင်းကြီးထဲမှ ယူဆောင်ခဲ့သည့် ကြီးမားလှသော. . ဓားမြှောင်ကို ကိုင်ဆောင်လျက် လက်တစ်ဖက်က စုဆောင်းယူဆောင်လာခဲ့သည့် ရိက္ခာခြောက်များထဲမှ အသားခြောက်အချို့ကို ဖွတ်မိချောင်းကြီးအနီးသို့ လှမ်းပစ်ပေးလေ၏။ ဖွတ်မိချောင်းများက ထိုအသားခြောက်များကို ဟပ်ယူစား၍ ခေတ္တရပ်တန့်နေချိန်တွင် လှေကို ကြုံးလှော်လေ၏။ သိဒ္ဓိကလည်း ကျော်စွာ၏ လှေကိုမီအောင် လိုက်ပါလှော်ခတ်လေ၏။

သူတို့လှေနှစ်စင်းသည် ကမ်းနှင့် ဝါးတစ်ရိုက်ခန့်သာ ကွာဝေးသည့်နေရာသို့အရောက်တွင်. . ဒေါက်တာကြီးနှင့် ခွာထန်မီးမိန်းကလေးမှာ ကမ်းပါးပေါ်သို့ ရောက်ရှိသွားကြလေ၏။ ထိုအချိန်တွင် ကျော်စွာထံ၌ မိချောင်းကြီးများကို ပစ် ကျွေးရန် အသားခြောက်များ ကုန်သွားပြီဖြစ်၍. . လှေကိုသာ အင်အားရှိသမျှ လှော်ခတ်နေရတော့၏။ မိချောင်းကြီးများမှာ ဦးခေါင်းကို ရေပေါ်တွင်ဖော်ရင်း သူတို့ဆီသို့ ဦးတည်လိုက်ပါလာ၏။ သူတို့၏သွားနှုန်းမှာ လွန်စွာမြန်ဆန်သည်ကြောင့် အချိန်ခဏအတွင်း သူတို့အနီးသို့ ရောက်ရှိလာ၏။ ရှေ့ဆုံးမှ မိချောင်းသည် ကျော်စွာ၏လှေအနီးသို့ အရောက်တွင် လှေပဲ့ဆီသို့ သူ၏အမြီးကြီးဖြင့် ဖြန်းခနဲ ရိုက်ချလိုက်လေ၏။ လှေကလေးမှာ ရေပေါ်သို့ ထောင်လျက် ပြောင်းပြန်မှောက်သွားစဉ်မှာပဲ. . ကျော်စွာ၏ ခန္ဓာကိုယ်မှာ မြောက်တက်သွားပြီး မိချောင်းကြီး၏ ကျောပေါ်သို့ ကျရောက်သွား၏။

မြင်ကွင်းမှာ အသည်းထိတ်စရာ ကောင်းလှ၏။ သိဒ္ဓိက ဝိုင်းဝန်း



တိုက်ခိုက်ဟန် ပြင်သော်လည်း ဘယ်လိုမှအခွင့်မသာ ဖြစ်နေတော့၏။ ကျော်စွာသည် ဖွတ်မိချောင်း၏ ဝမ်းဗိုက်အား တအားကုန် ဖက်တွယ်ထားလေရာ. . မိချောင်းကြီးက သူ၏ခန္ဓာကိုယ်ကို ရေမျက်နှာပြင်ပေါ်တွင် ပတ်ချာလှည့်၍ ခါချနေတာကို ကျန်သူများ တွေ့မြင်နေရ၏။ သိဒ္ဓိမှာ ဓားကောက်ကြီးတကိုင်ကိုင်ဖြင့် ဝင်ရောက်တိုက်ခိုက်ရန် ဟန်ပြင်နေစဉ်မှာပဲ အခြားသော မိချောင်းတစ်ကောင်က. . သူရှိရာသို့ ဦးတည်လာနေကြောင်းကို ခွာထန်မီးမိန်းကလေးက အော်ဟစ်သတိပေးလိုက်သဖြင့် သူ၏လှေကို ကမ်းသို့ အလျင်အမြန် လှော်ခတ်ရလေ၏။

လက်မတင်လေး လွတ်မြောက်ခဲ့သော်လည်း သိဒ္ဓိသည် သူ၏အရှင်လက်ဖတင်နင်အတွက် စိုးရိမ်ကြီးစွာ အော်ဟစ်နေလေ၏။ ကျော်စွာသည် မိချောင်းကြီးနှင့် လုံးထွေးနေရာမှ ၎င်းမိချောင်းကြီးခေါ်ဆောင်ရာ ရေအောက်သို့ နစ်မြုပ်ပါသွားလေ၏။ ရေများမှာ သူ၏နှာခေါင်း၊ ပါးစပ်ပေါက်မှ တစ်ဆင့်. . အဆုပ်ထဲသို့ စီးဝင်လျက်ရှိရာ အသက်ရှူ၍ မွန်းကျပ်လာပြီး၊ အဆုပ်မှာ ပေါက်ကွဲလုမတတ် ရေများပြည့်လျက် ရှိလေ၏။

ခေါင်းဂဲတွင်ရော ဦးခေါင်းတွင်ပါ. . တစီစီမြည်လျက်ရှိရာ. . သူ့ခန္ဓာကိုယ်မှ သတိတရား ကင်းလွတ်တော့မည့်ဆဲဆဲ ရှိစဉ်အတွင်း ကျန်ရှိနေသေးသော သတိခွန်အားဖြင့် ဓားကိုင်ထားသောလက်ကို လှုပ်ရှားကာ မိချောင်းကြီး၏ ဝမ်းဗိုက်အား အလျားလိုက် ခွဲချလိုက်လေ၏။

မိချောင်းမှာ တလူးလူးတလွန့်လွန့် လူးယမ်းသွားသည်နှင့်တစ်ပြိုင်နက်. . ကျော်စွာလည်း မိချောင်းကြီးထံမှ အားယူ၍ ခြေစုံကန်ထွက်လိုက်၏။ အချိန်တစ်ခဏအတွင်း သူ၏ဦးခေါင်းက ရေမျက်နှာပြင်ပေါ်သို့ ရောက်လာလေရာ. . သူသည် အသက်ကိုဝအောင် ရှူပြီး၊ ကမ်းဆီသို့ အားကုန်ကူးခတ်လေတော့၏။ မိချောင်းကြီးမှာ ဝမ်းဗိုက်ဟောင်းလောင်းပွင့်သွားပြီး. . ရေနက်ပိုင်းသို့ သွေးရူးသွေးတန်း ကူးခတ်သွားလေရာ ချောင်းရေပြင်မှာ သွေးချင်းချင်းနီရဲ၍. . ကျန်ရစ်ခဲ့လေ၏။ ထိုအခါ အခြားသော မိချောင်းများလည်း ထိုသွေးညှီနံ့လမ်းအတိုင်း. . တဝုန်းဝုန်း လိုက်ပါသွားသည်ကြောင့် ကျော်စွာမှာ ဒုတိယမြောက်ကံကောင်းခဲ့ရလေ၏။

ကမ်းစပ် ရေတိမ်တွင် ရပ်နေသူများက. . ကျော်စွာရောက်အလာတွင်

www.burmeseclassic.com

ရေထဲမှ အလျင်အမြန်ဆွဲယူတင်ပြီး၊ ကမ်းပေါ်သို့ တွဲခေါ်ကြလေ၏။ ထိုသို့ တွဲခေါ်ရင်း. . သူတို့သည် အထင်ကြီးလေးစားသည့် မျက်ဝန်းများဖြင့် ကျော်စွာကိုကြည့်၍ ချီးကျူးပြောဆိုကြတော့သည်။ မိချောင်းကြီးနှင့် တိုက်မိုက်ရင်း ရရှိသည့် ဒဏ်ရာများကြောင့် သူ့ခန္ဓာကိုယ်မှာ သွေးသံရဲရဲဖြစ်နေသော်လည်း အသက်အန္တရာယ်အတွက် အနည်းငယ်မျှ စိုးရိမ်ဖွယ်မရှိကြောင်း ဒေါက်တာကြီးက ပြော၏။

ထို့နောက်မှာတော့ သူတို့သည် တောင်ကုန်းမြင့်ကလေးပေါ်သို့ တက်ခဲ့ကြ၏။ ထိုလမ်းတစ်လျှောက်တွင် အိမ်ကလေးများ အစီရရှိနေကြသည်။ မြက်ရှည်များ အုပ်မိုးထားသည့် တဲဝိုင်းဝိုင်းကလေးများဖြစ်သည်. . ထိုအိမ်များကို ကြည့်၍ မိန်းကလေးက တီးတိုးလေသံဖြင့်. . .

"အဲဒီတဲတွေဟာ. . ပန်းနက်ရှင်မ အစေအပါးတွေ နေထိုင်ကြတဲ့ တဲတွေပေါ့"

ဟု ရှင်းပြလေ၏။

ထိုနေရာကား ပတ်လည်ဝိုင်းနေသော ရေပြင်ကျယ်ထဲတွင် အလွန် သေးငယ်စွာ ပေါ်ထွန်းနေသည့်ကျွန်းကလေး ဖြစ်သည်။ စုစုပေါင်းအကျယ်မှာ တစ်ဧကခန့်ပင် ရှိပါလိမ့်မည်။ မည်သည့်စားပင် သီးပင်တို့မှ စိုက်ပျိုးထားခြင်း မရှိပေ. . မြက်ပင်စိမ်းစိမ်း ရှည်ရှည်များကိုသာ တွေ့ရ၏။ ကျူကိုင်းပင်ရှည် ကြီးများမှာ လေအေးထဲတွင် ယိမ်းနွဲ့လှုပ်ရှားနေကြ၏။ ကျွန်းကလေး၏ တောင်ပူစာအမြင့်ပိုင်းတွင်ကား. . ပန်းနက်ရှင်မ သားအမိနေထိုင်ရာ တဲဝိုင်း အဆောက်အအုံလေး ရှိ၏။ အဆောက်အအုံမှာ ကြက်သွေးဖျော့ဖျော့သမ်းနေ သော နံနက်မိုးသောက်အလင်းရောင်ထဲတွင် ဝပ်ဆင်းဆိတ်ငြိမ်လျက် ရှိနေပေ၏။

တောင်ကုန်း၏ အောက်ခြေမှ တဲဆီသို့တက်သွားသော လူသွားလမ်း ကလေး၏ ဘေးတစ်ဖက်ရှိ တဲရှေ့ဘက်မြေကွက် လပ်များထဲတွင် မည်းနက်ခြုံ၍ တောက်ပသောအရာများ ပြည့်နှက်နေလေရာ ထိုအရာများမှာ အခြားမဟုတ်ဘဲ ခွာထန်မီး ရှေးဟောင်းလူမျိုးစုများ အထွတ်အမြတ်ထားရာ ပန်းနက်ပွင့်များပင် ဖြစ်ပေတော့သတည်း။

"အားပါး. . ဒေါက်တာ ကြည့်ပါဦး၊ ဂမုန်းနက်တွေ၊ ဂမုန်းနက်တွေဗျ။ ပန်းခင်းနှစ်ခင်းစလုံးမှာ အပြည့်ပွင့်နေကြတယ်. . ."



ဟူ၍ ကျော်စွာက အံ့ဩဝမ်းသာစွာ ပြောလေ၏။ ထိုအခါ ခွာထန်မီး မိန်းကလေးက. . .

"ဒီပန်းနက်တွေဟာ. . ကျွန်မတို့လူမျိုးများ အလေးအမြတ် ကိုးကွယ် အားပြုကြတဲ့ နတ်ပန်းတွေပါပဲ။ အင်မတန် ဆေးဖက်ဝင်လှပါတယ်. . ကျွန်မတို့ မျိုးနွယ်စုကို စိုးမိုးအုပ်ချုပ်တဲ့ အလီဘာဆေးဆရာကြီး အဆက်ဆက်ဟာ ဒီပန်းနက်တွေနဲ့ အမျိုးမျိုး ဆေးဝါးဖော်စပ်ကြပါတယ်။ အဲဒီဆေးဝါးတွေကြောင့်ပဲ ဝေဒနာတွေဟာ ပျောက်ကင်းကြတယ်။ အလီဘာဆေးဆရာကြီးများဟာ လွန်စွာ သက်တမ်းရှည်ကြပါတယ်. . သူတို့ အသက်ကို ခန့်မှန်းမသိနိုင်လောက်အောင် သက်တမ်းရှည်ကြပါတယ်။ ဆေးဆရာကြီး အလီဘာဟာ လျှို့ဝှက်နည်းတွေနဲ့ အစွမ်းထက်မြက်တဲ့ ဆေးတွေကို ဒီပန်းနက်များနှင့်သောက်သုံးမှီဝဲကြတယ်။ ကျွန်မတို့ မိဘများပြောစကားအရ၊ သူတို့ဟာ သာမန်လူများထက် သက်တမ်း နှစ်ဆသုံးဆ ရှည်ကြတာဟာ. . အဲဒီဆေးဝါးတွေရဲ့အစွမ်းကြောင့် ဖြစ်ပါတယ်။ ဒီပန်းနက်တွေကို ကိုင်တွယ်ပိုင်ဆိုင်ပြီး သုံးစွဲနိုင်ခွင့်ရှိသူဟာ ကျွန်မတို့မျိုးနွယ်စု ထဲမှာ အလီဘာဆေးဆရာကြီးအပြင် အခြားတစ်ယောက်မှ မရှိပါဘူး. . ပန်းတွေကို ယုယစိုက်ပျိုး စောင့်ရှောက်နေတဲ့ ပန်းနက်ရှင်မကိုယ်တိုင်တောင်မှ. . ပိုင်ဆိုင် သုံးစွဲခွင့်မရှိပါဘူး"

ဟု. . ၎င်းပန်းနက်များနှင့်ပတ်သက်ပြီး ရှင်းပြလေရာ ကျန်ရစ်သူ များမှာ တအံ့တဩ ဖြစ်သွားလေ၏။ ဒေါက်တာကြီးမှာ တစ်စုံတစ်ခုကို သတိရ သွားလိုက်မိသဖြင့်. . .

"ဒါနဲ့ နေပါဦး မိန်းကလေးရဲ့. . မင်းတို့လူမျိုးတွေ သေဆုံးတဲ့အခါမှာ သေဆုံးတဲ့လူကိုရော အရှင်လိုက်ပါမည့် သူကိုပါ ဒီပန်းနက်ပွင့် တစ်ပွင့်စီ ပန်ပေးလိုက်ကြတယ် မဟုတ်လား. . အဲဒါ ဘယ်လိုအဓိပ္ပါယ်ကြောင့်လဲ"

ဟု မေးမြန်းလေရာ. . မိန်းကလေးက ခေါင်းညိတ်၍-

"အရှင်တို့ သိခဲ့တဲ့အတိုင်းပါပဲလေ. . သင်္ချိုင်းကျောက် လိုဏ်ဂူကြီး ဖြစ်ပါလျက်. . လူသေအပုပ်နံ့ထွက်ပေါ်မနေတာဟာ အံ့ဩစရာ ဖြစ်မနေဘူး လား. . ဒါဟာ အဲဒီပန်းနက်ပွင့်များရဲ့ ထူးခြားတဲ့တန်ခိုးသတ္တိကြောင့် ဖြစ်ပါ တယ်။ ဒီပန်းနက်ပွင့်များမှာ ထူးခြားတဲ့ တန်ခိုးသတ္တိရှိပါတယ်. . ဒါကို ပန်ထားတဲ့ လူသေအလောင်းဟာ ရက်ရှည်ကြာလို့ ပုပ်သိုးဆွေးမြည့်တဲ့တိုင်အောင် အနံ့

www.burmeseclassic.com

မထွက်ပါဘူး။ အရှင်လိုက်ပါရတဲ့ လူတွေဟာ သူတို့ခင်ပွန်းရဲ့အလောင်းဘေးမှာ လဲလျောင်းရင်း သူတို့ပါ သေမယ့်အချိန်ကို စောင့်နေတဲ့အခါမှာ ပုပ်သိုးပွယောင်းစပြုနေတဲ့ သူသေအလောင်းဆီက. . အနံ့ဆိုးတွေ မခံစားရအောင် ဒီပန်းတွေက ထိန်းပေးထားပါတယ်"

ဟု. . ရှင်းပြသဖြင့် ပန်းနက်ပွင့်၏ အံ့မခန်းအစွမ်းသတ္တိကို သိရှိကြလေ၏။

မိန်းကလေး၏ စကားဆုံးသည်နှင့် သူတို့သည် တောင်ကုန်းမြင့်ကလေးပေါ်သို့ ရောက်ရှိလာခဲ့ကြ၏။ တဲတံခါးဝသို့ အရောက်တွင် တံခါးရွက်မှာ အသေပိတ်ထားသည်ကို တွေ့သဖြင့်. . ဒေါက်တာကြီးက လက်ဖြင့်ခေါက်လိုက်လေ၏။ တဲအတွင်းမှ ပြန်ထူးသံကို စောင့်မျှော်နေသည့် ဒေါက်တာကြီးအဖို့ လွန်စွာကြာမြင့်နေသလို ခံစားနေရ၏။ ဇနီးနှင့်ရင်သွေးကို ပြန်လည်တွေ့ဆုံရန် နှစ်ပေါင်းသုံးဆယ်နီးပါးခန့် ကမ္ဘာ့အရပ်ဒေသအနှံ့တွင် လှည့်လည်ရှာဖွေခဲ့ရသော အချိန်ထက် ပိုကြာသည်ဟု ထင်မိလေ၏။ အသံကိုစောင့်နေရင်း. . တဲအတွင်းမှ လှုပ်ရှားသံနှင့်အတူ. . .

"ဟဲလို. . ဟူးအာယူ (ဘယ်သူလဲ)"

ဟူသော အင်္ဂလိပ်စကားသံကို ကြားလိုက်လေ၏။

နှစ်ပေါင်းများစွာ ရှည်ကြာခဲ့ပြီဖြစ်သော်လည်း ထိုအသံမှာ သူ၏အကြားအာရုံတွင် အမြဲခိုနားကိန်းဝပ်နေသော. . ချစ်ဇနီးရှယ်လီ၏ အသံအစစ်ဖြစ်ကြောင်းကို ဒေါက်တာကြီးသည် ခံစားသိရှိလိုက်လေ၏။ သူသည် တံခါးအပြင်တွင် ရပ်မြဲရပ်လျက် ရှိနေ၏. . စိတ်နှလုံးထိခိုက်တုန်လှုပ် ခံစားနေရသည်ကြောင့် ခန္ဓာကိုယ်နှင့်အသည်းနှလုံးကို အနိုင်နိုင်ထိန်းမတ်ထားလျက်က. . .

"ကိုယ်ပါ ရှယ်လီ. . ဂျက်ဖာဆင်ပါ၊ နှစ်ကာလရော အရပ်ဒေသပါ အဝေးကြီးကလာခဲ့တဲ့ တို့များသမီးလေးရဲ့ အဖေဒေါက်တာဂျက်ဖာဆင်ပါ။ ကျေးဇူးပြုပြီး တံခါးဖွင့်ပါဦးကွယ်"

ဟု ပြောလိုက်ရာ တဲတံခါးသည် ညင်သာစွာ ပွင့်လာကုန်လေ၏။ ကျန်သူများမှာ ခပ်လှမ်းလှမ်းတွင်ရပ်လျက်. . အခြေအနေကို ကြည့်နေကြ၏။ ထိုသို့ ကြည့်နေစဉ်မှာပဲ အသက်အရွယ်ကြီးရင့်ပြီ ဖြစ်သော်လည်း အိုမင်းရင့်ရော်ခြင်းမရှိဘဲ အသက်အရွယ်နှင့် ထိုက်တန်လိုက်လျောသည့် တင့်တယ်



ပြေပြစ်ခန့်ထည်သော ဥပဓိရုပ်ရည်ရှိသည့် အင်္ဂလိပ်အမျိုးသမီးကြီးတစ်ယောက်သည် တံခါးပေါင်ကိုမှီ၍ရပ်ရင်း. . ဒေါက်တာကြီးကို ငေးကြည့်နေလေ၏။

ဇရာသည် နှစ်ဦးစလုံး၏ ရုပ်ရည်ကို များစွာအိုမင်းရင့်ရော် ပြောင်းလဲစေခဲ့လေပြီ။ သို့သော်လည်း အသည်းနှလုံးနှင့်ထပ်တူ အသက်ပေး၍ ချစ်ကြသည့် သူတို့နှစ်ဦးမှာ. . တစ်ဦး၏ ရုပ်လက္ခဏာကို တစ်ဦးက ကောင်းစွာမှတ်မိနိုင်ကြပြီး ဖြစ်သည်။ သူတို့နှစ်ဦး ဝမ်းသာအားရ ဖက်ယမ်းနမ်းရှုပ်လျက် ချင်ခင်ကြင်နာနေကြပုံကို မြင်ရသည့်ကျန်သူများမှာလည်း. . မျက်ရည်ဆည်မတတ် ကြည်နူးပျော်ရွှင်ကြလေ၏။

ထိုစဉ်တဲအတွင်းမှ အခြားတစ်စုံတစ်ယောက်ထွက်လာပြီး တံခါးပေါက်ဝတွင် သာရပ်သောအခါ အဘွားကြီးရှယ်လီက. . ဒေါက်တာကြီးကို ခွာ၍ လှည့်ကြည့်လိုက်ပြီးနောက်. . .

"ဒါလင်. . ဒါဟာ တို့များရဲ့ သမီးလေးပဲ။ အမ်းပရက်စ် Empress လို့ခေါ်တယ်. . သူ့ကို ခွာထန်မီးတွေက ကေရီလို့ခေါ်ပြီး အရိုအသေပြုကြတယ်။ ကေရီ. . လာ၊ ဒါဟာ သမီးရဲ့ ဖေဖေပဲ. . ."

ဟုပြောဆိုပြီး. . သူမ၏ ရှည်သွယ်ပျော့ပျောင်းသော လက်ကလေးကို ဆွဲယူလေ၏။

ဒေါက်တာကြီးသည် ကြီးမားလှသည့် မိဘမေတ္တာဖြင့် တစ်ကြိမ်တစ်ခါမှ မမြင်ဘူးသော ကေရီ၏ နဖူးကိုကြင်နာစွာ နမ်းရှုပ်နှုတ်ဆက်လိုက်လေ၏။

ကေရီသည် နှစ်ဘက်သော မိဘများ၏လှပသော အမွေအနှစ်များကို ပိုင်ဆိုင်ထားသူလေးဖြစ်၏။ နူးညံ့ဖြူစင်သော အသားအရေ. . အလွှမ်းပိုကာပြာစင်ရွှန်းလဲ့တောက်ပသော မျက်လုံးဝိုင်းများနှင့် ဖြောင့်စင်းပေါ် လွင်လှသော နှာတံတို့မှာ ထူးခြားသည့်အလှကို ဖော်ဆောင်နေပါသည်။ နှုတ်ခမ်းလေးတွေက နှင်းဆီပွင့်ဖက်ကဲ့သို့ သွေးရောင်လွှမ်းနေ၏။ နီမြန်းကာ ဖြန့်ချထားသော ဆံနွယ်များမှာမူ ရွှန်းလဲ့သော ရွှေဝါရောင်ဖြစ်လေ၏။ သွယ်ပျောင်းလှပသော ကိုယ်ကာယလေးတွင် အချိုး အစားကျလှသော ခွာထန်မီးမိန်းကလေးများ ဝတ်ဆင်သည့် ပိုးခြုံထည်အဝတ်အစားများ ဝတ်ဆင်ထားသော်လည်း. . ရှင်းဖိုးရိုးဖားရား အဝတ်အစားများမှာ ကေရီ၏အလှအပတွေကို မှေးမှိန်သိမ်ငယ်သွားအောင် မတတ်နိုင်ကြဘဲ ရှိလေ၏။

www.burmeseclassic.com

မိန်းမများနှင့် ပတ်သက်လျှင် မည်သည့်အခါကမှ စိတ်လှုပ်ရှားခြင်း မရှိခဲ့သော ကျော်စွာသည် ကေရီ၏အလှများပေါ်တွင် မိန်းမောလျက်ရှိနေလေရာ. . အနီးတွင်ရှိသော သိဒ္ဓိက သူ၏အရှင် လက်ဖတင်နင်၏အဖြစ်ကို ရိပ်မိသွားသဖြင့် သဘောကျစွာ ပြုံးလေ၏။

ဒေါက်တာကြီးတို့ မိသားစုသည် အချိန်အတော်ကြာမျှ ဖက်လှဲတကင်း နှုတ်ဆက်နေသည်မှာ ကြည်နူးဖွယ်ကောင်းလှ ပါသည်။

ဒေါက်တာကြီးက. . သူ၏ ရဲဘော်ရဲဘက် ဖြစ်သည့် ကျော်စွာနှင့် သိဒ္ဓိကို မိသားစုနှင့် တရင်းတနှီး မိတ်ဆက်ပေး၏။ ထိုသို့ မိတ်ဆက်ပေးပြီး တစ်ဆက်တည်းပင် ဖွတ်မိကျောင်းကြီးနှင့် အသက်လု ရင်ဆိုင်နိုင်ခဲ့သည့် ကျော်စွာ့ကြောင့်. . သူတို့ အားလုံး အခုလိုပန်းနက်ကျွန်းသို့ ရောက်ရှိလာနိုင်ခြင်း ဖြစ်ကြောင်းကိုပြောပြလေရာ. . ရှယ်လီနှင့်ကေရီမှာ မျက်လုံးများ ဝိုင်းစက်သွားသည်ထိ တအံ့တသြဖြစ်သွားကြ၏။ ဖွတ်မိကျောင်းကြီးများမှာ လွန်စွာမှ ဆိုးသွမ်းလွန်းသည်ကြောင့်. . ခွာထန်မီးလူမျိုးများမှာ လွန်စွာကြောက်ရွံ့ကြ၏။ ရင်ဆိုင်ဖို့ဝေး၍ အသံကြားသည်နှင့်ပင် အထိတ်တလန့် ဖြစ်ကြရ၏။ ယခု ကျော်စွာမှာ ထိုမိကျောင်းကြီးကို ရင်ဆိုင်သတ်ပုတ် အနိုင်ယူနိုင်ခဲ့သည့်အတွက် ထိုမျှရဲစွမ်းသတ္တိရှိသူကို. . သူမတို့ မတွေ့ဖူးကြောင်း ချီးကျူးပြောဆိုလေ၏။

ထိုအခါ ကျော်စွာကလည်း. . .

"အခုလို ခင်မင်သိကျွမ်းခွင့်ရတာ ဝမ်းသာပါတယ်ဗျာ။ ကျွန်တော်က မြန်မာလူမျိုးတစ်ယောက်ပါ. . ခင်ဗျားဖေဖေနဲ့ အလွန့်ကို ရင်းနှီးခင်မင်တဲ့ မိတ်ဆွေပါ။ ခင်ဗျားတို့ သားအမိကို ကူညီရှာဖွေပေးဖို့ ခင်ဗျားဖေဖေနဲ့ လိုက်လာခဲ့တာပါ။ ခင်ဗျားတို့ မိသားစုတွေ အခုလို ပြန်ဆုံတွေ့ခွင့်ရလို့ ကျွန်တော်လည်း ဖော်မပြနိုင်အောင် ဝမ်းသာမိပါတယ်"

ဟု. . အင်္ဂလိပ်စကားဖြင့် ပြောလိုက်ရာ၊ ကေရီက ချစ်စဖွယ်ပြုံးရယ်လျက်. . ပြန်လည်ပြောဆိုသည့် စကားများကို ကြားရသည်တွင် ကျော်စွာမှာ အံ့သြမိသလို ကြည်နူးပီတိဖြစ် သွားလေ၏။ တုံ့ပြန်ပြောဆိုသည့် သူမစကားတွေက အင်္ဂလိပ်ဘာသာစကားမဟုတ်ဘဲ. . မြန်မာစကား ဖြစ်နေသောကြောင့် ဖြစ်သည်။ သူမက. . .

"ကျွန်မ. . ငယ်ငယ်လေးကတည်းက မေမေသင်ပေးတဲ့ စကားနှစ်မျိုး



ရှိပါတယ်. . တစ်မျိုးက အင်္ဂလိပ်ဘာသာစကားဖြစ်ပြီး. . နောက်တစ်မျိုးက မြန်မာစကားပါ။ မြန်မာစကားကို ဘာကြောင့်သင်ပေးသလဲဆိုရင် မြန်မာလူမျိုးတွေရဲ့ ယဉ်ကျေးမှု၊ စိတ်နေစိတ်ထားနှင့် တစ်ပါးသူအပေါ်မှာထားတဲ့ မေတ္တာစေတနာ. . ကိုယ်ချင်းစာနာတဲ့ စိတ်ထားတွေဟာ ကမ္ဘာ့မှာ ဘယ်လိုလူမျိုးမှ လိုက်မမီနိုင်အောင် ထူးခြားမြင့်မြတ်တဲ့အတွက် မေမေက. . မြန်မာဘာသာစကားကို သင်ကြားပေးခဲ့တာပါ။ မြန်မာလူမျိုးတစ်ယောက်နဲ့တွေ့ရပြီး၊ မြန်မာလို ပြောခွင့်ရတာ အလွန်ကို ကျေနပ်ပျော်ရွှင်မိတယ်. . မေမေ မကြာခဏပြောဖူး ပါတယ်။ ကျွန်မဖေဖေနဲ့ တခြားယဉ်ကျေးတဲ့ မြို့ရွာဒေသက ယောကျာ်းတွေဟာ က ခွာထန်မီးလူမျိုးတွေနဲ့မတူကြဘူးဆိုတာပါပဲ. . ဒါပေမယ့် ဖေဖေနဲ့ ရှင့်ကို လောက်ထိ ချောလှခန့်ထည်ကြလိမ့်မယ်လို့တော့ ကျွန်မ မထင်ခဲ့မိဘူး. . ဖေဖေ တ်ဆွေဖြစ်တဲ့အပြင်. . ကျွန်မတို့ကိုလည်း ကူညီရှာဖွေပေးခဲ့တဲ့ ကျေးဇူးအတွက် ာမက ရှင့်ရဲ့ခန့်ညားချောမွေ့တဲ့ ရုပ်လက္ခဏာအတွက်ပါ. . အခုလို ဆုံတွေ့ခွင့် ့်အတွက် အလွန်ပဲ ဂုဏ်ယူပါတယ်"

ဟု. . ပြေပြစ်သားနားစွာ ပြောဆိုကြပြီးလျှင် ကျော်စွာ၏ လက်ကို ယုတယ ဆုပ်ကိုင်လေ၏။ ထို့နောက် နှင်းဆီပွင့်ဖက် နှုတ်ခမ်းသားလေးဖြင့် လက်ကို နှစ်သက်မြတ်နိုးစွာ. . နမ်းရှုပ်လိုက်တော့၏။

www.burmeseclassic.com

## အခန်း ◀ ၁၇ ▶
## ငွေပြည်တော် အပြန်ခရီး

အပြန်ခရီးအတွက် အခြားသူများ ပြင်ဆင်မှုများ ပြုလုပ်နေစဉ်မှာပဲ... ကျော်စွာသည် ရသမျှအချိန်ကလေး၌ တဲရှေ့ရှိ ဂမုန်းနက်ပင်များမှ အသ စွမ်းဆုံးသော ဂမုန်းနက်ပင်ကြီး ငါးပင်ခန့်ကို အပွင့်များ၊ ဥများနှင့်တ ရွေးချယ်နုတ်ယူလေ၏။

သူတို့ထွက်ခွာရန် ပြင်ဆင်ပြီးချိန်တွင် မိုးထိန်ထိန်လင်းနေပြီ ဖြစ်သည်

သူတို့အသုံးပြုမည့်ဖောင်မှာ ပန်းနက်ကျွန်းတွင် အသုံးပြုရန်အတွ အလီဘာဆေးဆရာကြီး ပေးထားသောဖောင် ဖြစ်သည်။

၎င်းဖောင်ဖြင့် သူတို့စတင်ထွက်ခွာသောအခါ မြောက်များစွာသေ ခွာထန်မီးအမျိုးသမီးများမှာ ကမ်းစပ်ဆီသို့.. စုရုံးရောက်ရှိလာကြ၏။ ထိုအမျ သမီးများမှာ ရှယ်လီတို့သားအမိအား အလုပ်အကျွေးပြုစုရသည့် အစေအပါးမျ ဖြစ်သည်။ သူတို့သည် အလွန်တရာထိတ်လန့်အံ့ဩသော မျက်နှာများဖြ ငေးကြည့်နေကြသည်။

အဖြစ်အပျက်မှာ အိပ်မက်ကဲ့သို့ ရှိတော့သည်။ ၎င်းတို့ အား အနက်မှ ပထမဆုံး သတိရလိုက်သော မိန်းမတစ်ယောက်က...

"ကြည့်စမ်း.. တို့လူမျိုးတွေရဲ့ ရှေးဟောင်းတဘောင်စကားကွေ မှန်နေပြီ။ နောက်ဆုံးတစ်နေ့မှာ တို့လူမျိုးတွေနဲ့မြို့တော်ကြီးဟာ.. အလီဘာဆ ဆရာကြီးပါ မကျန်၊ ချုပ်ငြိမ်းပျက်စီးရတော့မယ်။ တစ်ပြည်သားသူတစိမ်းတွေ တို့တွေ မြတ်နိုးကိုးကွယ်တဲ့ ပန်းနက်တွေကိုရော၊ ပန်းနက်ကျွန်း ရှင်မကိုပါ၊ ရှေးဟောင်းတဘောင်စကားထဲကအတိုင်း ယူဆောင်သွားနေကြပြီ..."



ဟု အထိတ်တလန့်ဖြင့် အော်ဟစ်ပြောဆိုတော့၏။ ထို့နောက်မှာတော့ ၎င်းတို့၏ မျက်နှာကို ခေါင်းမြီးခြုံပဝါနှင့်အုပ်၍ ငိုကြွေးကြသည်။ ကေရီက ထိုအချင်းအရာကို ကြည့်၍ မခံမရပ်နိုင်လေသံဖြင့်...

"အလကား ရှူးနေတဲ့ဟာတွေ ဘာ.. ပန်းနက်လဲ၊ ဘာ.. အလီဘာ ဆေးဆရာကြီးလဲ၊ ဘာမှအဓိပ္ပါယ်မရှိဘူး.. သက်ဦးဆံပိုင် အာဏာရှူးစနစ်နဲ့ အုပ်ချုပ်နေပြီး တစ်မျိုးသားလုံးကို နွားခြေရာခွက်ထဲမှာ အသိအမြင် ဉာဏ်ပညာ နိမ့်ကျတဲ့ ဘဝမျိုး၊ ဖိနှိပ်ခံထားရတာကိုတော့ တွန်းလှန်ကြတာမဟုတ်ဘူး။ နင်တို့နေတဲ့ မြို့ကော်ဆိုတာလည်း အရူးတွေမနေတဲ့ မြို့တော်ပဲ.. ငါတို့သားအမိ တွေကို နင်တို့အရူးတွေနေတဲ့နေရာမှာ ဘယ်လောက်ကြာကြာနေစေချင်လဲ.. မသိဘူး"

ဟူ၍ ရေရွတ်ပြောဆိုလေ၏။ အဘွားကြီးရှယ်လီကတော့.. ကမ်းမှ ဖောင်ထွက်ခွာစဉ်မှာ သားအမိနှစ်ယောက်တည်းနှစ်ပေါင်းများစွာ အထီးကျန် နေထိုင်ခဲ့သည့် ကုန်းမြင့်ထက်မှ အဆောက်အဖုံနေရာလေးကို လွမ်းဆွတ် တသသည့် ဟန်ဖြင့် ငေးမျှော်ကြည့်လေ၏။ သူမသည် ငိုကြွေးမြည်တမ်းနေသည့် သူ့အစေအပါး အမျိုးသမီးများအပေါ်တွင် မကုန်ခမ်းသေးသော သံယောဇဉ် အမျှင်တန်းနေသည့် ဟန်လည်းရှိ၏။

ဖောင်သည်.. ကမ်းမှ ကိုက်အနည်းငယ်အကွာအဝေးသို့ အရောက် တွင် အမှတ်တမဲ့ သတိလက်လွတ်ဖြစ်ခဲ့သည့် အန္တရာယ်အငွေ့အသက်ကို တွေ့လိုက်ရ၏။ ထိုအန္တရာယ်ကို သတိပြုမိသူမှာ... သိဒ္ဓိပင်ဖြစ်သည်။

မလှမ်းမကမ်းတွင် ရေမြုပ်ကလေးများ ဂလုံစီလျက်.. ရွေ့လျား မှာနေတာကို တွေ့လိုက်ရ၍ သိဒ္ဓိက...

"အရှင်နဲ့ သခင်ကြီး၊ ကျွန်တော်တို့ကတော့ အန္တရာယ်နဲ့ ရင်ဆိုင်ရပြီ.. ကျွန်တော်တို့ဖောင်ဆီကို.. ဖွတ်မိကျောင်းကြီးတွေလိုက်လာနေပြီ"

သူတို့အားလုံး အထိတ်တလန့်ဖြင့် ကြည့်မိကြသည်၊ ထိုအခါ.. ထန်မီးမိန်းကလေးက တစ်ခုကို သတိရဟန်ဖြင့် သူ့ခါးတွင် ချိတ်ဆွဲထားသော ကျိတ်ပုံးပိုးကိုဖြုတ်၍ ထူးဆန်းစွာ သံရှည်ဆွဲ၍ မြည်သံမျိုးထွက်ပေါ်လာအောင် ကြိမ်တိတိမှုတ်လိုက်သည်တွင် အရှိန်အဟုန်ဖြင့် ကူးခတ်လာသော တ်မိကျောင်းများမှာ သူတို့ဖောင်နှင့် ဝါးတစ်ကိုက်ခန့်အကွာအဝေး

www.burmeseclassic.com

ရပ်တန့်သွားပြီး ဦးခေါင်းကို ရေပြင်ထက်သို့ ဘွားခနဲဖော်ပြီးနောက်၊ ရေအောက်သို့ ငုံ့လျှိုးသွားတော့သည်။

အတော်ကြာသည့်ထိ သူတို့စောင့်ကြည့်ပေမယ့် အနည်းငယ်မျှ ထူးခြားမှု မရှိတော့ပေ။ အားလုံး၏မျက်နှာမှာ ပျော်ရွှင်ကျေနပ်သွားကြပြီး . . ထိုမိန်းကလေးကို ကျေးဇူးတင်သည့် မျက်ဝန်းဖြင့် ကြည့်လေ၏။

မိန်းကလေးက ဖွတ်မိကျောင်းများ၏ အန္တရာယ်မှ လွတ်ကင်းပြီဖြစ်၍ ခရီးဆက်ကြရန် ပြောဆိုပြီး . . .

"ဒီလိုလုပ်တာဟာ . . ဖွတ်မိကျောင်းကြီးတွေ မလာအောင် လုပ်တာပါ။ အလီဘာဆေးဆရာကြီးဟာ ဒီနည်းနဲ့မိကျောင်းတွေကို သူတို့လိုအင်ဆန္ဒကို နားလည်ပြီး၊ လိုသလို ခိုင်းစေလို့ရအောင် . . သင်ကြားပေးထားတယ်။ ဒီလို ဦးချိုတံပိုး မှုတ်တာမျိုးကို သူနဲ့သူ့သက်တော်စောင့် စစ်သားဆယ်ယောက် လောက်သာ တတ်ထားကြပါတယ်။ သူ့သက်တော်စောင့် စစ်သားထဲက ကျွန်မကို သဘောကျပိုးပန်းနေတဲ့ . . လူတစ်ယောက်ဆီက ဒီတံပိုးမှုတ်နည်းကို သင်ယူ ထားလိုက်မိလို့ တတ်ကျွမ်းခဲ့တာပါ . . ."

"ဟန်ကျတာပေါ့ကွယ် . . တို့တွေ ဖွတ်မိချောင်းတွေ ရန်ကဝေးပြီ၊ အနှောင့်အယှက်ကင်းကင်းနဲ့ အလီဘာဆေးဆရာကြီးရဲ့ ကျောက်ဂူဆီပြန်ရောက် အောင် သွားနိုင်ကြပြီပေါ့။ ဒီအတိုင်းဆိုရင် နေမွန်းတည့်လောက်မှာ ဆေးဆရာ ကြီးရဲ့ ကျောက်ဂူကြီးဆီကို ရောက်ကောင်းပါတယ်လေ . . ."

အရွက်ပြားသော လှော်တက်ကြီးများနှင့် မရပ်မနားလှော်ခတ်ကြရာ . . မကြာမီအချိန်တွင် ချောင်းကွေ့တစ်ခုသို့ ရောက်လေ၏။ ထိုချောင်းကွေ့ကို ဖြတ်ကျော်လွန်မြောက်သည်တွင် ရှယ်လီတို့သားအမိ . . နှစ်ပေါင်းများစွာ နေထိုင်ခဲ့သည့် ရေပတ်လည်ဝန်းရံနေသော ကျွန်းကလေးသည် အားလုံး၏ အမြင်အောက်မှ ပျောက်ကွယ်ကျန်ရစ်ခဲ့တော့၏။

အရွက်ပြားသော လှော်တက်ကြီးများနှင့် မရပ်မနားလှော်ခတ် နေလျက်က . . ဒေါက်တာကြီးသည် မျက်စိတစ်ဆုံးမြင်ရသော ချောင်းရေပြင် ဆီသို့ သတိဝီရိယဖြင့် လှမ်းမျှော်ကြည့်နေ၏။ ဖွတ်မိချောင်းကြီးနှင့် ကျော်စွာတိုက်ခိုက်စဉ်က ရရှိခဲ့သည့် ဒဏ်ရာများကို . . ကေရီက ဆေးများထည့် ပတ်တီး စည်းပေးလေ၏။



ခွန်ထန်းမီး မိန်းကလေး၊ ကေရီနှင့်အဘွားကြီးရှယ်လီတို့မှာမူ ခွာထန်မီးစကားဖြင့် တီးတိုးပြောဆိုရင်း . . ဖောင်ကိုလည်း တတ်အားသမျှ ကူညီလှော်ခတ်ပေးလျက် ရှိနေကြ၏။

အပြန်ခရီးမှာ ရေဆန်ဖြစ်သည် . . ဖောင်မှာ ခိုင်ခံ့သော ဖော့သစ်လုံး များနှင့် ပြုလုပ်ထားခြင်းဖြစ်၍ လူအားလုံးကို အတိမ်းအစောင်းမရှိ တင်ဆောင်နိုင် စွမ်း၏။ တအားကြိုး၍ လှော်နေသောကြောင့် မွန်းလွဲခန့်လောက်တွင် ကျောက်ဂူကြီး၏ အရိပ်ကျသော နယ်နိမိတ်အတွင်းသို့ သူတို့ဖောင်ရောက်ရှိ လာလေ၏။

အလီဘာဆေးဆရာကြီး၏ ကျောက်ဂူပေါ်သို့ မည်သို့မည်ပုံတက်ပြီး ဖြတ်သန်းကြမည်ကို ပန်းနက်ကျွန်းက ထွက်မလာခင်ကတည်းက ကြိုတင်စည်းဝါး ရိုက်၍ တိုင်ပင်ထားခဲ့ကြပြီး ဖြစ်သည်။ ဒေါက်တာကြီး၊ ကျော်စွာနှင့်သိဒ္ဓိတို့သည် ခွာထန်မီး အမျိုးသမီးများကဲ့သို့ ဟန်ဆောင်ကြရန်ဖြစ်သည်။ ထိုအစီအစဉ် အတိုင်း သူတို့သုံးဦးကို အမျိုးသမီးများက ၎င်းတို့ ဝတ်စားဆင်ယင်သကဲ့သို့ ဝတ်ဆင်ပေးကြ၏။ အရေးကြီးသည်မှာ သူတို့၏ မျက်နှာများကို ပဝါစဖြင့် ဖုံးအုပ်ကြရန်ဖြစ်သည်။

ထိုသို့ဖြင့် သူတို့ဖောင်မှာ အလီဘာဆေးဆရာကြီး၏ ကျောက်ဂူနှင့် တရွေ့ရွေ့ နီးကပ်လာလေ၏။ ထိုအခါ ခွာထန်မီး မိန်းကလေးကသာ ဖောင်ကို လေကြောင်းအတိုင်း ထိန်းသိမ်းပဲ့ကိုင်ပေးလေ၏။

အရိုးရှည်သော လှံချွန်ပြားကြီးကို ထမ်းလာသော . . အစောင့်စစ်သား နှစ်ဦးသည် လွန်စွာအံ့သြနေကြ၏။ သူတို့အဖို့ တစ်ကြိမ်တစ်ခါမျှ ထိုသို့မမြင်ဘူး . . မကြုံဘူးသည်ကြောင့် မည်သို့ဆောင်ရွက်ရမှန်းမသိ ဖြစ်နေစဉ်မှာပဲ . . ဖောင်မှာ ၎င်းတို့နှင့် အနီးဆုံးနေရာသို့ ရောက်လာလေ၏။

ခွာထန်မီး မိန်းကလေးသည် လွန်စွာထက်မြက်သကဲ့သို့ ဖြတ်ထိုးဉာဏ် ကောင်းသူဖြစ်သည်။ သူမက . . ခေါင်းမြီးခြုံပဝါစကို ဖြုတ်ချ၍ . . .

"စစ်သည်များ . . ပန်းနက်ရှင်မရဲ့ ကျွန်းမှာ အင်မတန်ပြင်းထန်တဲ့ အဖျားရောဂါတစ်မျိုး ကျရောက်နေပါတယ် . . သခင်မကြီး သားအမိ ကိုယ်တိုင် လည်း မကျန်းမာဘူး။ အလီဘာ ဆေးဆရာကြီးကို ဒီအကြောင်းတွေ ပြောပြရင်း ကျန်းမာရေးမကောင်းတဲ့ မိန်းမတွေကို ဆေးဝါးကုသခံကြဖို့ ကျွန်မတို့ ရောက်လာ

www.burmeseclassic.com

တာပါ. . "

မိန်းကလေးက စစ်သားများ ယုံကြည်စေလောက်အောင် မှင်သေသေဖြင့် ပြောလိုက်ရာ စစ်သားများဖဝေဖဝါဖြင့် ချီတုံချတုံဖြစ်နေကြ၏။ သူမက ဆက်၍. .

"နေမကောင်းဖြစ်နေတဲ့ သူတွေကို ဂူတွေပေါ် တက်နိုင်အောင် ကူညီတွဲတင်ပေးကြပါဦး"

ဟု. . စိုးရိမ်ထိတ်လန့်သံဖြင့် ပြောလေရာ၊ စစ်သားများမှာ မနေသာတော့ဘဲ ဖောင်ပေါ်မှပါလာသော မိန်းမများကို တစ်ယောက်ပြီးတစ်ယောက်ဆွဲ၍ ဂူပေါ်တင်ပေးတော့၏။ ခွာထန်မီးမိန်းမများမှာ အရပ်အမောင်းမြင့်မား၍ ထွားကျိုင်းကြသဖြင့်. . မိန်းမအဝတ်အစားများဖြင့် ရုပ်ဖျက်ထားသော ကျော်စွာတို့ကို စစ်သားတွေက သံသယစိတ် လုံးဝမရှိကြပေ။

နောက်ဆုံးတွင် မိန်းမသားများကို ကူညီသည့်အနေဖြင့် စစ်သားနှစ်ယောက်က ဖောင်ကို ကျောက်ဂူပေါ် သို့ရောက်၍. . ကုန်းနေသော သူတို့ခါးကို ပြန်မတ်ရန် ဟန်ပြင်လိုက်သည်နှင့် ကျော်စွာနှင့်သိဒ္ဓိက ငိုက်နေသည့် စစ်သားနှစ်ယောက်၏ ဦးခေါင်းကို သူတို့ကိုင်ဆောင်ထားသည့် ဓားနှောင့်နှင့် တစ်ချ ထုချလိုက်တော့၏။ ပစ်သားနှစ်ယောက်မှာ အသံကျယ်ကျယ်ပင် မမြည်နိုင်ရှာ ဂူကြမ်းပြင်ပေါ်သို့ လဲကျသွားလေ၏။ ထိုအခါ ကျော်စွာနှင့်သိဒ္ဓိက စစ်သား တစ်ယောက်စီကိုဆွဲ၍ နီးရာကျောက်ဂူခန်းထဲ ပို့သွင်းထားလိုက်ကြသည်။

သူတို့အတွက် အသက်နှင့်အမျှ အရေးကြီးဆုံးကိစ္စမှာ ထိုဖောင်ကို တစ်ဖက်ဂူပေါက်ဝသို့ ရောက်ရှိရန်ဖြစ်သည်။ အမျိုးသမီးသုံးဦးမှာ ကိုက်ငါးဆယ် ရှည်လျားသော တစ်ဖက်ဂူပေါက်သို့ရောက်ရှိရန် ဖောင်ကိုကြိုးစားတွန်းယူ လေ၏။ ဂူတစ်ဖက်ပေါက်သို့ ရောက်လုရောက်ခင်တွင် လက်ယာဘက်အခန်းဆီမှ စစ်သားလေးငါးရောက် ထွက်လာကြလေရာ. . ကျော်စွာသည် ၎င်းစစ်သားမျ တစ်စုံတစ်ခု လှုပ်ရှားခြင်းမပြုမီ. . လျှင်မြန်စွာခုန်ဝင်သွားပြီး တိုက်ခိုက်တော့၏။ ဒေါက်တာကြီးမှာလည်း ကျော်စွာကဲ့သို့ မီးကုန်ယမ်းကုန် လုံးထွေးသတ်ပုတ် လေ၏။

သူတို့နှစ်ဦးသည် စစ်သားလေးယောက်ကို အချိန်တစ်ခဏအတွ ဂူကြမ်းပြင်တွင် မေ့မြောလဲကျသွားအောင် တိုက်ခိုက်နိုင်ခဲ့ကြ၏။ ကျန်စစ်သ တစ်ဦးက သူ့လက်ထဲမှ လှံရှိုးရှည်ကြီးဖြင့် ဝင်ရောက်တိုက်ခိုက်၏။ ကျော်စွ



စွာကိုယ်ကို တစ်ပတ်လှည့်ပြီး ညာခြေဖြင့် ၎င်း၏ဦးခေါင်းကိုဝိုက်၍ ကန်လိုက်ရာ ကြမ်းပြင်တွင် တစ်ပတ်လိမ့်သွားပြီး လှံရှိုးရှည်လည်း လွင့်ထွက်သွားလေ၏။ ၎င်းစစ်သားမှာ ဆက်လက်တိုက်ခိုက်ခြင်းမပြုတော့ဘဲ နီးစပ်ရာ ဂူစကြံလမ်း တစ်ခုအတွင်းသို့ ဝင်ရောက်ပြေးဝင်ပြီး ဦးချိုတံပိုးကို အသံကျယ်စွာ မှုတ်လေ၏။

အခြေအနေမှာ လွန်စွာစိုးရိမ်ဖွယ် ဖြစ်သွားလေပြီ။

"မြန်မြန်ပြေး. . ဒေါက်တာ၊ တခြားစစ်သားတွေ ရောက်လာကြတော့မယ်"

ကျော်စွာက. . ဒေါက်တာဂျက်ဖာဆင်ကို အမြန်တွန်းလွှတ်ပြီး၊ သူကိုယ်တိုင်လည်း ဒေါက်တာကြီးနောက်မှ အပြေးလိုက်ပါသွားပြီး ဖောင်ပေါ်သို့ လွှားခနဲ ခုန်တက်လိုက်ကြသည်။

ဖောင်မှာလည်း ကျောက်ဂူကြီးဆီမှ ခွာစပြုနေပြီဖြစ်သည်။ သချိုင်းကျောက်တောင် လိုဏ်ခေါင်းထဲမှ လိုက်ပါလာသည့် ခွာထန်မီး မိန်းကလေးက ဖောင်ပေါ်တွင်ရှိသော လူများကို ရေတွက်ပြီးနောက်. . . .

"တစ်ယောက်လိုနေသေးတယ်. . ."

ဟု အော်ဟစ်ပြောလေ၏။ တစ်ဆက်တည်းပင် သူမက. . .

"ဟို. . တစ်လျှောက်လုံး အိတ်ကြီးတစ်လုံးနဲ့ အလုပ်ရှုပ်နေတဲ့သူ ရောက်မလာသေးဘူး"

ဟု အလန့်တကြား အော်ဟစ်လေ၏။ သူမ ရည်ညွှန်း လိုက်သူမှာ. . သိဒ္ဓိဖြစ်သည်။ ကျန်သူများမှာ သိဒ္ဓိအတွက် လွန်စွာစိုးရိမ်သွားတော့၏။

"သိဒ္ဓိ. . . သိဒ္ဓိ. . မင်း. . ဘယ်မှာလဲ"

ကျော်စွာက စိုးရိမ်တကြီး အော်ဟစ်ခေါ်လေ၏။ ထိုစဉ်မှာပဲ. . မိန်းကလေးက-

"အဲဒီသူကို. . ဟို လှေဖောင်တွေထားတဲ့ ဂူအခန်းကျယ်ကြီးထဲကို ဝင်သွားတာ ကျွန်မတွေ့လိုက်တယ်"

ဟု ညွှန်ပြရာ. . ဂူအခန်းကြီးထဲမှ ပြေးထွက်လာသော သိဒ္ဓိကို တွေ့မြင်ရလေ၏။

ထိုအချိန်မှာပဲ ဂူအတွင်းနေရာအနှံ့အပြားဆီမှ. . ကျယ်လောင်ဆူညံသော ဦးချိုတံပိုးမှုတ်သံများ ထွက်ပေါ်လာပြီးနောက် မြောက်မြားစွာသော ကိုင်ခွာထန်မီး စစ်သားများသည် အခန်းထဲမှ အလျှိုလျှိုထွက်လာကြတော့၏။

www.burmeseclassic.com

"သိဒ္ဓိ. . . မြန်မြန်လာ"

သိဒ္ဓိသည် လက်တစ်ဖက်မှ အထုပ်ကြီးကိုဆွဲကိုင်ရင်း ကျောက်ဂူ ပေါက်ဝဆီသို့ ဒရောသောပါး ပြေးလာလေ၏။ နောက်မှ လိုက်လာသော စစ်သားများအနက် တစ်ယောက်က ကိုင်ဆောင်ထားသည့် လှံရှည်ကြီးဖြင့် သိဒ္ဓိ ပစ်လွှတ်လိုက်၏။

ထိုအခြေအနေကြောင့် အားလုံးစိုးရိမ်သွားသော်လည်း သိဒ္ဓိက. . ၎င်းထံကျရောက်လာသည့် လှံကို ကျွမ်းကျင်စွာ ငုံ့ရှောင်လိုက်နိုင်ခဲ့သည်၊ ဂူပေါက်ဝသို့ သိဒ္ဓိရောက်ရှိသည်တွင် ဖောင်မှာ အတန်ငယ်ဝေးကွာနေပြီ ဖြစ်သည်။ မယုံနိုင်စရာပင် ဖြစ်သည်။ သိဒ္ဓိက ဂျပ်ပဆီများ၏ အစွမ်းသတ္တိကို ထုတ်သုံးလိုက်လေ၏။ သူသည် ကြောင်တစ်ကောင်ကဲ့သို့ ပေါ့ပါးသွက်လက်စွာ ဖောင်ပေါ်သို့ ခုန်ကူးလိုက်လေရာ အားလုံးမှာ တအံ့တသြ ဖြစ်သွားကြ၏။

ဖောင်ပေါ်ရှိသူများက ဖောင်ကို ထိုနေရာမှ အတင်းလှော်ခတ်ကြ လေ၏။ အချိန်တစ်ခဏအတွင်းဖောင်မှာ. . ကျောက်ဂူမှ အတော်ဝေးဝေး လှံတစ်ပစ်သာသာ အကွာအဝေးသို့ ရောက်ရှိလာခဲ့ပြီ ဖြစ်သည်။ ထိုအခါ ဂူပေါက်ဝသို့ အစုလိုက်အပြုလိုက် ရောက်လာကြသည့် လှံကိုင်စစ်သားများက ၎င်းတို့၏ လှံများနှင့်လှမ်းပစ်ကြသော်လည်း မထိမိနိုင်တော့ဘဲ သူတို့လှံများမှ ရေထဲသို့သာ ကျကုန်ကြ၏။

ထိုစစ်သားများထဲ၌ လွန်စွာသန်စွမ်းအားကောင်းသော စစ်သားကြီး များမှာ ဒေါသအမျက်ကြီးစွာဖြင့် သူ့လှံတံရှည်ကြီးကို ဖောင်ဆီသို့ တည့်တည့် မတ်မတ်ချိန်ကွယ်၍ အားကုန်ပစ်လွှတ်လိုက်၏။ လှံတံကြီးမှာ လေထဲကျ ပီတုန်းအော်မြည်သံကဲ့သို့ ဝီခနဲ အသံကြီးမြည်ကာ. . ဖောင်ထိပ်သစ်လုံးပေါ်ဖျ ဒုတ်ခနဲဝင်စိုက်လေရာ. . ပြင်းထန်လှသောအရှိန်ကြောင့် လှံရိုးမှာ တဆတ်ဆတ် မြိယမ်းနေတော့သည်။ ရှေ့သို့ တစ်တောင်ခန့်တိုး၍ လှံကြီးကျရောက်ခဲ့ပါမူ ဖောင်ပေါ်တွင် လှော်ခတ်နေကြသော တစ်ယောက်ယောက်ကို ထိမှန်နိုင်ဖွယ်ရှိ ရှိသည်။

"ခပ်မြန်မြန်လေး. . လှော်ကြဟေ့၊ ဒီကောင်တွေ လှံနဲ့လှမ်းပစ်လို့ မမီရင်. . လှေဖောင်တွေနဲ့ တို့နောက်ကို လိုက်လာနိုင်တယ်"

ဟု ဒေါက်တာကြီးက အခြားသူများကို သတိပေးပြောကြားရင်း. သူကိုယ်တိုင်လည်း အားသွန်ခွန်စိုက် လှော်ခတ်လေ၏။ ဒေါက်တာကြီး တွက်ဆ ထားသည့်အတိုင်းပင် ဖြစ်သည်။ စစ်သားများမှာ ထိုသို့ ဆဲဆိုအော်ဟစ်နေရာမှ လှေဖောင်များနှင့် လိုက်ရန်. . ၎င်းလှေဖောင်များထားသော ဂူခန်းမကျယ် ကြီးဆီသို့ ပြေးလွှားဝင်ရောက်သွားကြသည်။



ထိုစဉ်. . အိတ်ကြီးတစ်လုံးနှင့် အလုပ်ရှုပ်နေမြဲဖြစ်သည့် သိဒ္ဓိက. . .

"မပူနဲ့ သခင်ကြီး. . သူတို့တွေ ကျွန်တော်တို့နောက်ကို ဘယ်လိုမှ လိုက်လာလို့မရအောင် ကျွန်တော်စီစဉ်ခဲ့ပါတယ်။ သူတို့လှေတွေ ဖောင်တွေဟာ တစ်စစီကျိုးပဲ့ပြီး. . သူတို့ကိုယ်တိုင် ခွေးပြေးဝက်ပြေးအဖြစ်မျိုးနဲ့ မကြာခင် ရင်ဆိုင်ရပါလိမ့်မယ်"

ဟု အားပါးတရ ပြောဆိုသဖြင့် အားလုံးအကြည့်များက တအံ့တသြဖြင့် သိဒ္ဓိကို ကြည့်လေ၏။ ရုတ်တရက် နားမလည်နိုင်သော သူတို့တွေသည်. . အချိန်တစ်ခဏအတွင်း သဘောပေါက်သိရှိသွားတော့သည်။ ကျောက်ဂူကြီးဆီမှ ထူးဆန်းသာ ပေါက်ကွဲသံများကို ကြားလိုက်ရသောကြောင့်ပင် ဖြစ်သည်။ ရုတ်ရုတ်သဲသဲ အော်ဟစ်ပြေးလွှားသံများမှာလည်း ချောင်းရေပြင်အတိုင်း လွင့်မြောလာသည်ကို ကြားရလေ၏။

"မင်း. . ဘယ်လိုများစီစဉ်ခဲ့လဲ"

ဟု ဒေါက်တာကြီးက တအံ့တသြ မေးလေရာ. . သိဒ္ဓိက သူ၏ အိတ်ထဲမှ ပစ္စည်းအချို့ကို နှိုက်ယူပြလေ၏။ ဖောက်ခွဲ ဖျက်ဆီးရာတွင် အသုံးပြုသည့် ယမ်းတောင့်များ၊ ဝါယာကြိုးများနှင့် ဒိုင်းနမိုက်များဖြစ်သည်။ ဒေါက်တာကြီးမှာ ခရီးစထွက်ကတည်းက ထိုအိတ်အတွင်း၌ အရေးကြီးသည့် လက်နက်များဟုသာ သိခဲ့ရ၏။ မည်သည့်လက်နက်များဖြစ်ကြောင်းကို သိဒ္ဓိက ရှင်းမပြခဲ့ပေ။

ယခုတော့ သိဒ္ဓိက ထိုပစ္စည်းများကို ထိထိမိမိသုံးစွဲခဲ့ချေပြီ။

"ကျွန်တော့် ဒိုင်းနမိုက်တွေဟာ လှေဖောင်တွေထားတဲ့ အခန်းကို သာမက. . အလီဘာဆေးဆရာကြီးရဲ့ ကျောက်ဂူကြီးတစ်ခုလုံး ခွဲပစ်ရင်တောင် ရပါတယ်။ အခုလောက်ဆိုရင် လှေတွေ ဖောင်တွေ တစ်ခုမှ သုံးလို့မရတော့ပါဘူး။ သူတို့ လိုက်နိုင်တဲ့ နည်းတစ်နည်းပဲရှိတယ်. . ရေထဲကကူးပြီး လိုက်နိုင်တဲ့ နည်းပေါ့"

www.burmeseclassic.com

ဟု. . သိဒ္ဓိက ကျေနပ်အားရစွာ ပြောလေ၏။

"ဒီကိစ္စကို. စွန့်စွန့်စားစား ဆောင်ရွက်နိုင်ခဲ့တဲ့ မင်းရဲ့ ညာဏ်စွမ်း၊ ရဲစွမ်းသတ္တိကို ငါသိပ်ကို လေးစားချီးကျူးမိတယ်။ ဘယ်လိုမှ အကွက်ချလို့ မရအောင် ရှုပ်ထွေးလှတဲ့ အန္တရာယ်တွေကို တို့တစ်တွေဟာ စနစ်တကျ ရင်ဆိုင်ကျော်ဖြတ်နိုင်ခဲ့တာဟာ. . ဘုရားသခင်ရဲ့ လိုအင်ဆန္ဒတော်အတိုင်း ဆောင်ရွက်နိုင်ကြတာလို့ ငါ. . ယုံကြည်တယ်"

ဟု ဒေါက်တာကြီးက လှိုက်လှဲစွာ ပြောဆိုတော့၏။

ရှေ့ခရီးကိုလည်း စိတ်ချရပြီဟု မဆိုနိုင်ပေမယ့်၊ ကြီးမားသော အဟန့်အတားကြီးကို ဖြိုခွင်းနိုင်ခဲ့သဖြင့် အတန်အသင့် စိတ်ငြိမ်းချမ်းမှု ရရှိသွားလေ၏။ ဖောင်သည် အလီဘာဆေးဆရာကြီး၏ ကျောက်တောင်ကြီး ရှိရာမှ ဝေးသထက်ဝေးကွာ လာခဲ့၏။ ပေါက်ကွဲသံကြီး ရပ်တန့်ခြင်းမရှိ. . ကြားနေရသဖြင့် သိဒ္ဓိကိုယ်ထိုင် တအံ့တဩ ဖြစ်နေလေ၏။

"ကျွန်တော် ဖောက်ခွဲခဲ့တာ လှေဖောင်တွေထားတဲ့ ဂူခန်းမကြီး တစ်ခုတည်းပါ. . အခုဟာက ကျောက်တောင်ကြီး တစ်ခုလုံး ပြိုကျနေသလား ထင်ရတယ်"

ဟု. . သိဒ္ဓိက ညည်းညူပြောဆိုလေရာ၊ ဒေါက်တာကြီးက သူ၏ ထင်မြင်ချက်ကို ပြော၏. . .

"ဒီအဖြစ်ဟာ. . သူတို့ဘဝအတွက် အဆိုးဝါးဆုံး ကံကြမ္မာပဲ. . သိဒ္ဓိ၊ အလီဘာက သူ့ရဲ့ ဂူဗိမ္မာန်ကြီးကို အခန်းခန်း အကန့်ကန့်တွေနဲ့ ပျားအုံလို ဖွဲ့စည်းတည်ဆောက်လေတော့ မင်းဖောက်ခွဲခဲ့တဲ့ ဂူဗိမ္မာန်ကြီးပြိုကျတော့ သူ့အထပ်မှာရှိတဲ့ အခန်းတွေပါလိုက်ပြီး. . ပြိုကျကုန်လို့ အသံတွေ အခုလိုကျယ် လောင်နေတာပေါ့"

"အဲဒီလိုဖြစ်သွားရင်တော့ စိတ်မကောင်းစရာပဲ. . ဒီကောင်တွေ အတော်လေး သေကြေကြမှာ သေချာတယ်။ အဲဒီလို ဖြစ်ဖို့လည်း မရည်ရွယ် ပါဘူး. . ဒီလိုမှ မလုပ်ရင်လည်း အခုချိန်မှာ ကျွန်တော်တို့တွေ အခုလို အေးအေး ချမ်းချမ်း နေနိုင်ကြမှာ မဟုတ်ဘူး. . ဒါကို ဘုရားသခင်သိတော်မူပြီး ကျွန်တော့်ကို ခွင့်လွှတ်နိုင်မှာပါ"

လေးပင်စွာပြောလိုက်သော သိဒ္ဓိစကားတွေက ကျန်သူတွေကိုပါ. .



စိတ်ထိခိုက် ဝမ်းနည်းသွားစေ၏။ ထို့ကြောင့်လည်း ဒေါက်တာကြီးနှင့် သူ့ဇနီး ရှယ်လီတို့ဦးဆောင်ပြီး ကျန်သူများကပါ. . ဖောင်ပေါ်တွင် ငြိမ်သက်စွာဖြင့် ဘုရားဝတ်ပြု ဆုတောင်းလိုက်ကြ၏။

ထို့နောက်မှာတော့ သူတို့၏ တက်ညီလက်ညီလှော်ခတ်ခဲ့သဖြင့် ဖောင်မှာ. . ကျော်စွာတို့ ဝင်လာခဲ့သည့် ဥမင်လိုဏ်ခေါင်းလမ်းပေါက်ဝရှိသည့် နေရာဆီသို့ ရှေးရှုဦးတည်လျက် ရှိတော့သည်။ ကျောက်တံတိုင်း နံရံအထပ်ထပ် များအတွင်းမှ လွတ်မြောက်ရန် အခွင့်အရေးမှာ လက်တစ်ကမ်းမျှသော အခြေ အနေကြောင့် သူတို့သည် လွန်စွာပျော်ရွှင်နေကြ၏။

လှပသော ရွှေအိုရောင် အသားအရေရှိသော ခွာထန်မီးမုဆိုးမလေးမှာ စိတ်နှလုံးရှုံးသွပ်ဖောက်ပြန်မတတ်ခံစားခဲ့ရသော စိတ်ဒုက္ခဆင်းရဲမှ လွန်မြောက် ၍ မကြာမီလွတ်လပ်အေးချမ်းသော နယ်မြေဆီရောက်ရှိတော့မည်ဖြစ်ကြောင်း အမိပွါယ်ရသည့် သီချင်းကို. . သူမဘာသာ လက်တန်းစပ်ဆိုလေ၏။ သူမအသံ လေးမှာ သာယာလှသဖြင့် ဖောင်ပေါ်ရှိသူများမှာ သူမနှင့်ထပ်တူ နှလုံးစိတ်ဝမ်း အေးချမ်းပျော်ရွှင်ကြရ၏။

သိဒ္ဓိမှာမူ. . မိန်းကလေးအား ကောင်းကင်ဘုံမှ ကြိုးပြတ်၍ ကျလာသော တမန်တော် နတ်သမီးလေးတစ်ပါးနှင့် တင်စားမိလျက်. . သီချင်းသီဆို လှုပ်ရှားနေသော သူမနှုတ်ခမ်းကို ငေးမောကြည့်ရှုနေ၏။

ထိုသို့ရှိစဉ် အားလုံးအဖို့ မျှော်လင့်မထားသော စစ်သွေးကြွ တံပိုးခရာ မှုတ်သံများကို ကြားရလေ၏။ အသံမှာ အတော်ဝေးကွာသည့် ချောင်းကွေ့ဆီမှ ဖြစ်ကြောင်း သိရ၏။ ဖောင်ကို အားတက်သရောလှော်နေသော မိန်းကလေးက အထိတ်တလန့်ဖြင့်. . . .

"တစ်ခါဖြင့် ခက်ကြပြီ ထင်ပါရဲ့. . ခွာထန်မီး အကြီးအကဲ အာဆက်နဲ့ စစ်သားတွေလာနေပြီ။ ဒါဟာ ရန်သူရှိတယ်လို့ ယူဆပြီး. . တိုက်ပွဲခေါ်တဲ့အနေနဲ့ မှုတ်တဲ့ တံပိုးခရာသံတွေပဲ။ အလုံးအရင်းနဲ့စစ်ချီလာတဲ့ အင်အားကို ကျော်ဖြတ်ဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ဘူး။ သခင်မကေရီ ဘယ်လိုလုပ်ကြမလဲ"

ဟု ပြောပြီး. . ကြောက်လန့်တကြားဖြင့် ကေရီအနား ဟိုးကပ်လေ၏။ ကေရီက သူမ၏ပခုံးကို ညင်သာစွာ ပွေ့ဖက် ရင်း နှစ်သိမ့်ချော့မော့လေ၏။

"သူတို့ဟာ. . အလီဘာဂူဗိမ္မာန်ကြီး ပြိုကျတဲ့အသံကို ကြားလို့

www.burmeseclassic.com

လာခဲ့ကြတာ ဖြစ်မယ်. . သချိုင်းကျောက်တောင် ခေါင်းကြီးထဲက တို့တွေ လွတ်မြောက်သွားပြီး ပန်းနက်ကျွန်းမှာ ရှယ်လီတို့သားအမိကို သွားခေါ်လာတာ ကိုတော့ သူတို့သိချင်မှ သိလိမ့်မယ်။ ဘာပဲဖြစ်ဖြစ် သူတို့နဲ့ရင်ဆိုင်မတွေ့ကြရင် ကောင်းမယ်. . ဒီတော့ ဖောင်ကိုကပ်ပြီး၊ ကမ်းပေါ်တက်ကြရင် မကောင်းဘူးလား"

ဒေါက်တာကြီး၏စိတ်အကြံမှာ လွန်စွာကောင်းမွန်သော်လည်း သူတို့ ၎င်းကြံ့ကြိုတင်ပြင်ဆင်ခွင့်မရှိတော့သည့် အခြေအနေမျိုး ဆိုက်ရောက်သွားလေ၏၊ ပျာထန်မီး အကြီးအကဲအာဆက်နှင့် သူ၏စစ်သားများမှာ ချောင်းကွေ့ကို လျှင်မြန်စွာ ဖြတ်ကျော်လာပြီး. . သူတို့ကို တွေ့မြင်သွားတော့၏။ သူတို့နှင့် အတော်ဝေးကွာပေမယ့်. . မြင်ကွင်းမှာ သိသာထင်ရှားနေလေရာ ဘယ်လိုမှ ပုန်းရှောင်၍ မရနိုင်တော့ပေ။

၎င်းတို့က သူတို့ကိုတွေ့သည်နှင့်. . တံပိုးခရာများကို ဆူညံစွာမှုတ်လေ၏။ ထိုအသံမှာ မိမိတို့အား ရပ်တန့်နေစေရန် အမိန့်ပေးသည့် အချက်ပြခြင်း ဖြစ်ကြောင်းကို ထိုအသံများကို ခွဲခြားနားလည်နိုင်စွမ်းသည့် မိန်းကလေးက ရှင်းပြလေ၏။

မိမိတို့က ရေဆန်ဖြစ်ပြီး. . သူတို့က ရေစုန်ဖြစ်တာကြောင့် အချိန် အနည်းငယ်အတွင်း ရောက်ရှိလာမည်ဖြစ်၍. . မတွေးမကြံနိုင် ဖြစ်နေစဉ်မှာပဲ သိဒ္ဓိက အားရဝမ်းသာ အော်ဟစ်လိုက်ပြီး၊ ချောင်းကမ်းပါးတစ်နေရာသို့ လက်ညှိုး ထိုး၍. . .

"သခင်ကြီး. . ဟိုမှာ. . ဟိုမှာ"

ဟု ဝမ်းသာအားရ အော်ဟစ်လေ၏။

"ကျွန်တော်တို့ လာခဲ့တဲ့ ဂူလမ်းအပေါက်ဝလေ. . ဟိုရှေ့နားမှာ ရောက်နေပြီ။ ဂူပေါက်ဝရဲ့ ရှေ့မှာရှိနေတဲ့ ချုံပုတ်ကလေးမှာ ပဝါတစ်ထည်ကို ချည်ထားခဲ့တယ်. . ဲဟောဟိုမှာ မြင်ကြတယ် မဟုတ်လား"

ဟု. . တစ်ဆက်တည်း ပြောလိုက်လေ၏။ ဂူပေါက်ဝနေရာတွင် ထိုသို့ အမှတ်အသားပြုလုပ်ရန် ကျော်စွာတို့ပင် မတွေးမိခဲ့ပေ။ ဤတစ်ကြိမ်တွင်လည်း သိဒ္ဓိ၏ရှေ့ရေးကို ကြိုတင်တွေးခေါ်နိုင်စွမ်းသည့်စွမ်းရည်ကို ကျော်စွာတို့ ကျေးဇူးတင် ချီးမွမ်းမိတော့၏။

ကျော်စွာသည် ထိုချုံပုတ်ကလေးနေရာရှိ ချောင်းကမ်းစပ်နှင့်လည်း



ကောင်း၊ တံပိုးခရာမှုတ်နေသည့် စစ်သားများ ရောက်ရှိလာမည့် အကွာအဝေး ကိုလည်းကောင်း၊ ခန့်မှန်းတွက်ချက်လိုက်ပြီး. . .

"ကျွန်တော်တို့ လက်မတင်လေး လွတ်နိုင်တယ်. . ဒေါက်တာ။ ရေဆန်ဆိုပေမယ့် လေကြောင်းတိုက်ခတ်မှုက ကျွန်တော်တို့ဘက်မှာ ရှိနေတယ်။ သူတို့ဘက်က ရေစုန်ဖြစ်ပေမယ့် လေတိုက်နှုန်းကြောင့် လိုသလိုခရီးမတွင် နိုင်ဘူး. . ဒါဟာ ကျွန်တော်တို့အတွက် အခွင့်ကောင်းပဲ"

ကျော်စွာက ထိုသို့ပြောပြီး. . ခြောက်ယောက်သား အားကုန်သုံး၍ ဖောင်ကို ကျူးလှော်ကြလေ၏။ ထိုသို့ လှော်ခတ်နေစဉ် ရေစီးကြောင်းအတိုင်း လှော်ခတ်လာသော စစ်သားတို့၏ ကြွေးကြော်သံများကို ကြောက်မက်ဖွယ် ကြားနေရ၏။ အင်အားမှာ လွန်စွာများပြား၏။ ရှေ့မှ ဦးဆောင်လာနေသူမှာ လွန်စွာခန္ဓာကိုယ် ကြီးမားထွားကျိုင်းလှသည့် ခွာထန်မီးအကြီးအကဲ အာဆက် ဖြစ်သည်။

ဖောင်မှာလည်း ကမ်းသို့ဆိုက်ကပ်ရန် ကိုက်အနည်းငယ်မျှသာ ကွာလှမ်းတော့၏။ ထိုစဉ်မှာပဲ ဖောင်၏ ရှေ့သစ်လုံးပေါ်သို့ မြားတစ်စင်း လာရောက်စိုက်ဝင်၏။ ကျော်စွာသည် အခြေအနေကို တွက်ဆမိလိုက်သဖြင့် သူက. . ဦးဆောင်ပြီး ချောင်းရေထဲ ခုန်ဆင်းလေရာ၊ သူထင်သည့်အတိုင်းပင် ရေတိမ်ပိုင်း ဖြစ်နေသည်။

ထို့နောက် အမျိုးသမီးသုံးဦးကို ဖောင်ပေါ်မှ ကပျာကယာဆင်းခိုင်း လိုက်၏။ ကမ်းစပ်ပိုင်းဖြစ်၍ ရေအနက်မှာ ပေါင်လယ်ခန့်သာ ရှိ၏။ အမျိုးသမီး သုံးဦးကို သူတို့ဘေးတွင် ရှိနေစေပြီး. . သူတို့သုံးဦးက ဒိုင်းများဖြင့် ခန္ဓာကိုယ်ကို ကာလျက် ကမ်းဘက်သို့ အလျင်အမြန်သွားကြ၏။ အန္တရာယ်မှာ အလျင်အမြန် ကျရောက်လာသည်. . အကယ်၍ သူတို့သုံးဦးက ဒိုင်းများဖြင့် ကာကွယ်မှု မပြုနိုင်ပါက. . အသက်ရှင်လွတ်မြောက်ရန် အခွင့်အလမ်းမရှိသလောက် ဖြစ်သွားပါ လိမ့်မည်။

ကမ်းသို့ ခြေတင်မိသည်နှင့် စစ်သားများ ပစ်လွှတ်လိုက်သည့် မြားတံ များမှာ မိုးပေါက်များပမာ ကျရောက်လာတော့သည်။ ဖောင်ပေါ်တွင် တင်ဆောင် လာသည့် သူတို့ပစ္စည်းပစ္စယများကို ယူဆောင်နိုင်ခွင့် မရှိတော့ပေ။ သူတို့ ကမ်းပေါ်ရောက်သည်နှင့် ဖောင်မှာ ရေစီးနှင့်အတူ တစ်ဖက်သို မျောပါသွားပြီ

www.burmeseclassic.com

ဖြစ်သည်။ လွန်စွာလျင်မြန်သော သိဒ္ဓိသာလျှင် သူ၏အိတ်ကြီးကို အမိအရ ယူဆောင်နိုင်ခဲ့၏။

ကျော်စွာတို့ သုံးဦးသည် အမျိုးသမီးသုံးဦးကို တစ်ဦးစီကာကွယ်ပေးထားရ၏။ ဒေါက်တာကြီးက သူ့ဇနီးရှယ်လီကိုလည်းကောင်း၊ ကျော်စွာက. . ကေရီကိုလည်းကောင်း၊ သိဒ္ဓိက ခွာထန်မီး မိန်းကလေးကိုလည်းကောင်း. . အသီးသီး ကာကွယ်ပေးလျက် ဂူပေါက်ဝရှိရာသို့ တဖြည်းဖြည်း ချဉ်းကပ်ကြရသည်။

မြားတံများသာမက လှံတံရှည်များဖြင့် ပစ်ခတ်နိုင်သည့် အခြေအနေအထိ နီးကပ်လာသည်မှာ. . သူတို့အဖို့ လွန်စွာစိုးရိမ်ဖွယ်ဖြစ်သည်။

"ဒေါက်တာ. . လှံတွေသာ အလွန်အကျွံကျရောက်လာရင် ကျွန်တော်တို့ ဒိုင်းတွေဟာ ဘယ်လိုမှ ခံနိုင်ရည်ရှိမှာမဟုတ်ဘူး. . ဂူပေါက်ဆီကို အမြန်ဆုံးရောက်အောင် ကြိုးစားပါ. . ."

ဒေါက်တာကြီးမှာ ဂူပေါက်ဝနှင့် အနီးဆုံးဖြစ်သည်၊ ကျော်စွာမှာ ဒုတိယအနီးဆုံးဖြစ်ပြီး. . သိဒ္ဓိက ကျော်စွာနောက်မှ ဖြစ်သည်။ ဂူပေါက်ဝနှင့် ဝါးတရိုက်ခန့် အကွာမျှသာကွာဝေး တော့သည်။ ကျော်စွာက ဒေါက်တာကြီးနှင့် လူချင်းပူးလိုက်ပြီး ဒိုင်းနှစ်ခုကို ချိတ်ဆက်လိုက်ပြီး၊ အဘွားကြီးရှယ်လီနှင့် ကေရီကို ဂူပေါက်ဝဆီသို့ ဝပ်တွားပြီး အလျင်အမြန်ဝင်ရောက်ရန် ပြောလေ၏။ သိဒ္ဓိ၏ ဒိုင်းကိုလည်း သူတို့ဒိုင်းနှင့် ချိတ်ဆက်လိုက်ရာ. . ဒိုင်းသုံးခု၏ အကာအရံဖြင့် အမျိုးသမီးသုံးဦးကို ဂူပေါက်အတွင်း ဝင်ရောက်စေ၏။

မြားတံများနှင့် လှံတံရှည်များ အမြောက်အမြား စိုက်ဝင်ခြင်းခံရသဖြင့်. . ဒိုင်းများမှာ ပွဲ့ရွဲ့နေတော့၏။

"ဝိုး. . ."

"ဒုတ်. . ."

"အား"

သူတို့ သုံးဦး အထိတ်တလန့် နောက်လှည့်ကြည့်လိုက်၏။ အလွန်အမင်း တုန်လှုပ်သွားသူမှာ သိဒ္ဓိဖြစ်သည်။ ကျော်စွာက လူချင်းမခွာရန် မနည်းသတိပေးလိုက်ရ၏။

"သခင်ကြီး. . ဟို မိန်းကလေးကို ထိသွားပြီ"



ဟု အထိတ်တလန့် အော်ဟစ်၏။ လှံတံရှည်တစ်ချောင်းသည် သူတို့ကာကွယ်ထားသည့် ဒိုင်းကိုကျော်ပြီး တည့်မတ်စွာ ကျရောက်သည်တွင် ခွာထန်းမီး မိန်းကလေးကို ထိမှန်သွားခြင်းဖြစ်သည်။ တကယ့်ကို သတ္တိကောင်းသူလေးဟု ချီးကျူးရမည်ဖြစ်သည်။ သူမက စိုက်ဝင်သွားသည့် လှံတံကိုဆွဲနှုတ်ပြီး ဂူပေါက်ဝဆီသို့ ဝပ်တွားလျက်ကပင် အလျင်အမြန်သွားလေရာ ဂူအတွင်း ရောက်ရှိနေပြီဖြစ်သည့် ကေရီက. . သူမကို ဖေးမဆွဲခေါ်လေ၏။

သူတို့အတွက် အခွင့်အလမ်းကောင်းတစ်ခု ရရှိလိုက်သည်မှာ စစ်သားများ၏လှေများ ကမ်းသို့ဆိုက်ကပ်သည့် အချိန်အခိုက်အတံ့လေးတွင် ဖြစ်သည်။ ထိုသို့ လှေဆိုက်ကပ်စဉ်. . မြားနှင့်လှံတံများ ကျရောက်မှုနည်းပါးသွားလေရာ၊ ထိုအခွင့်အရေးကို အမိအရအသုံးချပြီး ဂူပေါက်အတွင်းသို့ အလျင်အမြန် ပြေးဝင်တော့သည်။

သိဒ္ဓိသည် အားလုံး၏နောက်မှ ဂူပေါက်တွင်းသို့ အလျင်အမြန် ပြေးဝင်၏။

စစ်သားများ၏ မီးကုန်ယမ်းကုန် အော်ဟစ်ပြေးလာသော အသံများမှာ ကြောက်ခမန်းလိလိပင် ဖြစ်သည်။

"အရှင်နဲ့ သခင်ကြီး. . ဒီနေရာက ဝေးနိုင်သမျှ အဝေးကို သွားကြပါ။ ဒီကောင်တွေကို ကျွန်တော်တားဆီးထားပါ့မယ်"

ဟု သိဒ္ဓိကပြောပြီး. . သူ၏အိတ်ကြီးနှင့် အလုပ်ရှုပ်နေပြန်၏။ အချိန်မှာ အခိုက်အတန့်မျှသာ ဖြစ်သည်။ သိဒ္ဓိ၏ အရိပ်အကဲကိုကြည့်၍ သဘောပေါက်နားလည်လိုက်သော. . ကျော်စွာနှင့်ဒေါက်တာကြီးမှာ အမျိုးသမီးများကိုခေါ်၍ ထိုနေရာမှ ဝေးရာသို့ အလျင်အမြန်ထွက်ခွာကြလေ၏။

သူတို့ထွက်ခွာ၍ အတော်လှမ်းလှမ်းသို့ အရောက်မှာပဲ. . သိဒ္ဓိက သူတို့အနီးသို့ အလျင်အမြန်ရောက်ရှိလာပြီး. . .

"အားလုံးကြမ်းပြင်မှာ ဝပ်နေကြပါ. . ."

ဟု အော်ဟစ်လိုက်တာကြောင့် သူတို့အားလုံးမြေတွင် မှောက်လျက် ဝပ်နေလိုက်၏။ ထိုအခိုက်အတန့်မှာပဲ ဂူအဝဆီမှ တဝုန်းဝုန်း တဒိုင်းဒိုင်း ပေါက်ကွဲသံများ ထွက်ပေါ်လာပြီး. . ဂူကြီးမှာ တသိမ့်သိမ့်ခါအောင် တုန်လှုပ်သွားလေ၏။ အမိုးကျောက်သားပြင်မှ ကျောက်မှုန့်အချို့ပင် သူတို့ဦးခေါင်းပေါ်သို့

www.burmeseclassic.com

ကျဆင်းလာ၏။

ထိုအသံများ တိတ်ဆိတ်သွားသောအခါ သူတို့နောက်သို့ အောဟစ်ပြီး မီးကုန်ယမ်းကုန် လိုက်ပါလာကြသည့်. . ခွာထန်မီး စစ်သည်များ၏ အသံမှာ အနည်းငယ်မျှပင် မကြားရတော့ပေ။ ဂူပေါက်ဝကြီးမှာ ဖောက်ခွဲခြင်းကြောင့် များပြားလှစွာသော ကျောက်တုံး ကျောက်ခဲကြီးများပြိုကျပြီး. . ပိတ်ဆို့ သွားပြီ ဖြစ်သည်။

သူတို့သည် တစ်ယောက်လက်ကိုတစ်ယောက် ဆုပ်ကိုင်ပြီးလျှင် ဝပ်တွားနေရာမှ ထလိုက်ကြ၏။ ထိုစဉ် အဘွားကြီးရှယ်လီက. . .

"ဘုရားသခင်. . တို့ရောက်နေတဲ့ ဥမင်လမ်းပါ ပြိုကျလာရင်တော့ ဒုက္ခပဲ"

ဟု စိတ်ပူစွာ ညည်းတွားလိုက်လေရာ. . သိဒ္ဓိက မိမိကိုယ်မိမိ လွန်စွာ ယုံကြည်စိတ်ချဟန်ဖြင့်. . .

"အဲဒီအတွက် မစိုးရိမ်ပါနဲ့. . ခင်ဗျာ၊ သူတို့လိုက်လာလို့ မရအောင် ဂူပေါက်ဝကို ပိတ်ဆို့ရုံလေး ဖောက်ခွဲပစ်လိုက်တာပါ. . ဥမင်လမ်း ပြိုမကျအောင် ချင့်ချိန်ပြီး ကျွန်တော်လုပ်ခဲ့တာပါ"

ဟု ပြောလေ၏ ထိုနောက်မှာတော့ သူတို့သည် ရှည်လျားမြင့်မားသော ကျောက်သားလှေကားထစ်များအတိုင်း ဆင်းခဲ့ကြတော့၏။

သူတို့သည် ဥမင်လမ်းထဲတွင် တစ်ယောက်လက်ကို တစ်ယောက် တွဲကာ လျှောက်ခဲ့ကြ၏။ ထိုအထဲတွင် အပင်ပန်းဆုံးမှာ သိဒ္ဓိဖြစ်သည်။ ရွှေအိုရောင်အသားအရေရှိသော. . . ခွာထန်မီး မိန်းကလေးမှာ ပေါင်တွင်ရရှိသည့် ဒဏ်ရာဖြင့် ကောင်းစွာလမ်းမလျှောက်နိုင်ဖြစ်နေရာ သိဒ္ဓိက. . သူမကို တစ်လျှောက်လုံး ချီမ, သယ်ပိုးခဲ့ရသည်။

အပြန်ခရီးတွင် မိန်းမသားများ ပါနေသဖြင့် သူတို့ဝင်ရောက်စဉ်က ကဲ့သို့ ခရီးမတွင် ဖြစ်နေလေ၏။ ယူဆောင်လာခဲ့သော ရိက္ခာများမှာ ဖောင်ပေါ်တွင် ကျန်ရစ်ခဲ့သဖြင့် ဥမင်လမ်းတစ်လျှောက်တွင်ရှိသော ရိက္ခာတွင်းကလေးများထဲမှ ပျားရည်နှင့် အစားအသောက်အချို့ကို စားသောက်ရင်း မသေရုံအသက်ဆက်ပြီး. . အပြင်သို့ ထွက်လာခဲ့ကြရသည်။ လာစဉ်က သုံးရက် ်ဖြင့် ရောက်ခဲ့သောခရီးကို ငါးရက်မျှ ပင်ပန်းကြီးစွာ လျှောက်ခဲ့ကြရလေ၏။



နောက်ဆုံးတွင်ကား ထူးခြားသော ယောကျ်ားရုပ်တုနှင့် မိန်းမရုပ်တု ထုလုပ်ထားရာ. . ဂူခန်းမကျယ်ကြီးထဲသို့ သူတို့ ပြန်လည်ရောက်ရှိလာခဲ့ကြလေပြီ။ ထိုမှ ဂူပေါက်ဝဆီသို့ လျှောက်လာခဲ့လေရာ ခြေတစ်ဖဝါးချစာမျှသာ ကျယ်သော. . ကျောက်ချပ်လမ်းကြားကလေးအတိုင်းလိုက်ခဲ့ကြလျှင် လာစဉ်က သူတို့တစ်နေကုန်ဆင်းခဲ့ရသည့် နက်ရှိုင်းမတ်စောက်သည့် ချောက်ကမ်းပါးကြီး၏ အောက်ခြေဆီသို့ ရောက်ရှိခဲ့ကြတော့၏. . .။

ထိုအချိန်တွင် ညမိုးချုပ်မှောင်နေပြီ ဖြစ်သည်။ လူအားလုံးမှာလည်း သေလုမြောပါး ပင်ပန်းနွမ်းနယ်နေလေ၏။ သို့ကြောင့် သူတို့သည် ထိုချောက်ကြီး၏ အောက်ခြေတွင်ပင် ထိုညအဖို့ အိပ်စက်ရန် ဆုံးဖြတ်ကြ၏။ တစ်ညလုံး နှစ်ခြိုက်ကောင်းမွန်စွာ အိပ်စက်နားခဲ့ကြရသဖြင့်. . နံနက် မိုးသောက်အရုဏ် တက်ချိန်တွင် လူများမှာ အင်အားပြည့်ဖြိုးလန်းဆန်းစွာဖြင့် နိုးလာခဲ့ကြ၏။ သူတို့ခရီးဆက်ဖို့ အစီအစဉ်များပြုလုပ်နေစဉ်. . သိဒ္ဓိကို မတွေ့သဖြင့် လွန်စွာ စိုးရိမ်သွားကြ၏။ ထို့ကြောင့် ၎င်းနေရာအနီးအနားတွင် လိုက်လံအော်ဟစ်ခေါ်ငင် ရှာဖွေကြ၏။

အတန်ကြာသောအခါ ကျဉ်းမြောင်းသော ကျောက်ကြားလမ်းကလေး အတိုင်း ထွက်လာနေသော. . သိဒ္ဓိကို တွေ့ကြရ၏။ သိဒ္ဓိက သူတို့အားလုံးကို ပြုံးရွှင်စွာ နှုတ်ဆက်ပြီး. . .

"အိပ်ရာက အစောကြီးနိုးနေတာနဲ့ ခရီးဆက်မထွက်ခင်မှာ ဟိုကျောက်ဂူကြီးထဲက မိန်းမရုပ်ကို ကြည့်ချင်သေးတာနဲ့ သွားကြည့်နေတာပါ။ တစ်ညလုံး အိပ်ရေးဝဝအိပ်ခဲ့ရလို့ ကောင်းကောင်းကြီး အားပြည့်နေပါပြီ. . ကျွန်တော် ခရီးထွက်တဲ့အခါ ဟိုမိန်းကလေးတောင်ပေါ်ကိုရောက်ဖို့ ကျွန်တော်ပဲ ချီပိုးရမယ် ထင်ပါတယ်"

ခွာထန်မီး. . မုဆိုးမလေးကို ရည်ရွယ်ပြောလိုက်ခြင်းဖြစ်သည်။ ထို့နောက် သူပြောသည့်အတိုင်းပင် မိန်းကလေးကို ချီပိုး၍ ချောက်ကြီးအပေါ်သို့ တက်စပြုလေရာ. . ဒေါက်တာကြီးက ရှယ်လီကို တွဲ၍လည်းကောင်း၊ ကျော်စွာက ကာရီကို ဖေးမ၍လည်းကောင်း၊ သူ့နောက်မှ လိုက်ပါတက်ခဲ့ကြလေ၏။ နှစ်နာရီခန့် မရပ်မနားတက်ကြပြီးလျှင်. . သူတို့သည် ချောက်ကြီး၏ ကွက်လပ် တစ်နေရာသို့ ရောက်ရှိလေရာ ခေတ္တအနားယူကြသည်။

www.burmeseclassic.com

ထိုစဉ်မှာပဲ သူတို့တက်ခဲ့သည့် ချောက်ကြီးအောက်ခြေမှ သည်းသည်းလှုပ်လှုပ်ရှားသံများနှင့် တော်လည်းသံလိုလို၊ လျှောင်သံလိုလို အသံကြီးတစ်ခုကို ကြားရလေ၏။ ထို့နောက်တွင်ကား ဝုန်းဝုန်းဒိုင်းဒိုင်း ပေါက်ကွဲသံများ ကြောက်ခမန်းလိလိ ပြိုပျက်ကျသံများကို ကြားကြရပြန်၏။

"ဒါဟာ. . သိဒ္ဓိလက်ချက်ပဲ ထင်ပါရဲ့"

ဟု ဒေါက်တာကြီးက မှတ်ချက်ချလိုက်လေ၏။

"ကျွန်တော်ရဲ့ နောက်ဆုံးလက်ကျန်တွေကို အကုန်ရှင်းလိုက်တာပဲ. . သခင်ကြီး၊ ဒါမှလည်း ကျွန်တော်တို့တွေဟာ ရာစုနှစ်များစွာ အိပ်ပျော်ရင်း အိပ်မက်, မက်ကျန်ရစ်နေကြတဲ့ ဘာမှန်းမသိတဲ့ လူနက်တွေဆီကို နောက်ဘယ်သူမှ ရောက်မသွားနိုင်တော့မှာ. . အရုပ်တွေရှိတဲ့ ဂူခန်းမကျယ်ကြီးထဲမှာ ဒိုင်းနမိုက်တွေဆင်ပြီး. . ကြိုးရှည်ရှည်နဲ့ စနစ်တကျဆီရောက်အောင် ဂူအပြင်ကနေ မီးရှို့ထားခဲ့တာပဲ. . ဥမင်လမ်းကြီးတော့ လုံးဝပြိုပျက်ပိတ်ဆို့သွားလောက်ပါပြီ၊ ဒီကြွက်ကောင် လူနက်တွေလည်း သူတို့တွင်းထဲကနေ ဘယ်တော့မှ အပြင်ထွက်နိုင်တော့မှာ မဟုတ်ဘူး"

သိဒ္ဓိက သူ့လုပ်ရပ်ကို သူ့ဘာသာပြန်၍. . ကျေနပ်နေ၏။ ဧကရီက ထိုကျောက်ဂူနေရာကို ငေးမျှော်ကြည့်နေရင်းမှ. .

"အင်း. . ကျွန်မကို ချိုပိုးယူယလာခဲ့တဲ့ ခွာထန်မီးအစေအပါး မိန်းမတွေဟာ ဆနားစရာ မေမေရယ်. . နော်၊ ဘယ်တော့မှ ထွက်ပေါက်မရှိတော့တဲ့ ဒီကျောက်တောင်တွေရဲ့နောက်မှာ သူတို့ခမျာ. . တစ်သက်လုံးနေသွားရရှာတော့မယ်"

ဟု ဝမ်းနည်း စိတ်မကောင်းလေသံဖြင့် ပြောဆိုလေ၏။

ထိုအခါ အဘွားကြီးရှယ်လီက. . .

"ဘယ်တတ်နိုင်ပါ့မလဲ. . သမီးရယ်၊ ဘုရားသခင်ရဲ့ အလိုတော်အတိုင်းပေါ့"

ဟု ချော့မော့နှစ်သိမ့်လေ၏။ ဒေါက်တာကြီးကလည်း ပြာဝေသော မျက်ဝန်းဖြင့် ကြည့်၍. . .

"အင်း. . ဒီလိုနဲ့ ပိတ်မိနေတဲ့ ကျောက်တောင်တံတိုင်း နံရံအထပ်ထပ်တွေကြားမှာ နဂိုက. . မထွန်းကားတဲ့ လူဦးရေကို တစ်ယောက်သေရင်



တစ်ယောက်ပါ အဆစ်ထည့်ပေးရင်းနဲ့ နည်းပါးသထက်နည်းပါးလာပြီး. . နောက်ဆုံးမှာ လုံးပါးပါးလို့ လူမျိုးပါပျောက်ရတဲ့အဖြစ်ကို ရောက်ကြရတော့မယ်။ သူတို့ ယုံကြည်စွာစွဲမှတ်နေတဲ့ နိမိတ်တဘောင်စကားအတိုင်း တကယ်ဖြစ်သွားကြပြီပေါ့. . ."

ဟု ပြောလေ၏။

"ဖောင်ပေါ်မှာ ပါသွားတဲ့ ဂုမုန်းနက်တွေကို ကျွန်တော်သိပ်ပြီး နှမြောမိတယ်. . ဒေါက်တာ။ လက်ထဲကို ရောက်ပြီးခါမှ လက်မတင်ကလေး ဆုံးရှုံးသွားရတာ အင်မတန် မချင့်မရဲဖြစ်စရာ ကောင်းလှပါတယ်. . ဒါပေမယ့် ဘာပဲဖြစ်ဖြစ်လေ ကျွန်တော်တို့ခရီးစဉ်ရဲ့ အဓိကရည်ရွယ်ချက်ဖြစ်တဲ့ ဒေါက်တာ့ဇနီးနဲ့သမီးကို ပြန်ရှာတွေ့ပြီး ခေါ်လာနိုင်ခဲ့တာကတော့. . ဘာနဲ့မှ နှိုင်းမရအောင် ကြည်နူးဝမ်းသာဖို့ကောင်းတဲ့ အဓိက အောင်မြင်မှုပါပဲ. . ."

ဟူ၍ ကျော်စွာက ပြုံးရယ်လျက် ပြောလိုက်လေ၏။ ထိုအခါ သိဒ္ဓိကလည်း. . .

"ကျွန်တော့်အဖို့တော့ ရွှေတွေထည့်ထားတဲ့အိတ်ကြီး ပါမလာခဲ့တာပဲ ခပ်ကောင်းကောင်း ဖြစ်ပါလိမ့်မယ်. . နို့မဟုတ်ရင်. . အဲဒီအိတ်ကြီးကိုပါ သယ်ရရင် ဒီမိန်းကလေးကိုထမ်းပြီး ချောက်ကမ်းပါးပေါ်ရောက်အောင် တက်နိုင်မှာ မဟုတ်သေဘူး ထင်တယ်. . ."

ဟု. . ပြုံးစိစိဖြင့် ပြောလေ၏။ ထိုစကားကို သူက မြန်မာလို ပြောလိုက်ခြင်းဖြစ်သည်။ ထိုသို့ပြောရင်း သူ့အကြည့်က အနီးရှိခွာထန်မီး မိန်းကလေးကို ဝေ့ခနဲ ကြည့်လိုက်လေ၏။ အကင်းပါးသော မိန်းကလေးက သူ့အမူအရာကို သတိပြုမိသွားတာကြောင့် သူဘာပြောလိုက်တာလဲဟု. . ကျော်စွာ့ကို မေးလေရာ ကျော်စွာက အားပါးတရရယ်မောပြီး. . သိဒ္ဓိပြောသည့်စကားကို ရှင်းပြလိုက်၏။

ထိုအခါ မိန်းကလေးက ချိုလွင်သာယာစွာ ရယ်မော၍ သိဒ္ဓိကို စူးစိုက်ကြည့်လျက်. . .

"ဒီမှာရှင့်. . ကိုလူသူစိမ်း၊ ရွှေတွေပါမလာလို့ ရှင့်ရဲ့ရည်ရွယ်ချက်တွေ ပျက်ပြယ်သွားတယ်လို့ မထင်ပါနဲ့နော်. . ဒဏ်ရာနဲ့ ကျွန်မကို လမ်းတစ်လျှောက်လုံး ထမ်းပိုးခေါ်လာခဲ့တယ်မဟုတ်လား. . တကယ်တော့ ကျန်ရစ်ခဲ့တဲ့ရွှေမှ ရွှေမဟုတ်ပါဘူး။ ကျွန်မကလည်း ရွှေပါပဲလေ၊ ကျွန်မတစ်ကိုယ်လုံးကို ရှင်လေလာ

www.burmeseclassic.com

ကြည့်လိုက်စမ်းပါ. . တခြားခွာထန်မီး မိန်းကလေးတွေနဲ့မတူဘဲ မွေးကတည်းက ထူးထူးခြားခြား ရွှေရောင်တောက်နေခဲ့တာမို့ ကျွန်မမိဘတွေက ကျွန်မကို ခွာထန်မီး ဘာသာစကားနဲ့ 'ရွှေ' လို့ အဓိပ္ပါယ်ရတဲ့ နာမည်ကို မှည့်ခေါ်ထားကြတယ်. . ဒါကြောင့် ကျွန်မကို ရှင်က ခွာထန်မီးလူမျိုးတွေရဲ့ နေရာဆီကနေ ထမ်းပိုးခေါ်ဆောင်လာခဲ့တာဟာ. . ရှင့်စကားအတိုင်း. . ရှင့်တစ်နိုင်စာရွှေကို သယ်ယူလာခဲ့တာ အမှန်မလွဲပါပဲ"

ဟု ပြောပြီး. . နေရောင်ဖြာကျနေသည့် ကုန်းမြင့်ဆီသို့ ကြိုးစားသွားရောက်ပြီး ထိုင်လျက်နားနေလေသည်။ သူမစကားကြောင့် သူတို့အားလုံး သဘောကျစွာ ရယ်ကြလေ၏။ သိဒ္ဓိမျက်နှာပေါ်မှ ကြည်နူးမှုအရိပ်တွေ ဖုံးမရ ဖိမရထင်ဟပ်နေသည်ကို ကျန်သူများ သတိပြုလိုက်မိလေ၏။

သူက ဖြာကျနေသည့် နေရောင်အောက်တွင် ထိုင်နေသည့် မိန်းကလေးကို လှမ်းကြည့်လိုက်ပြီး. . .

"သူပြောတာ မှန်လိုက်တာဗျာ. . ကြည့်စမ်းပါဦး၊ နေရောင်အောက်မှာ ထိုင်နေတဲ့ သူ့တစ်ကိုယ်လုံးရော အားလုံးရွှေရောင်တောက်နေပါလား။ သူကမှ တကယ့်ရွှေပါပဲ. . ရွှေဆိုတာကတော့ အဖိုးတန်ပြီး လူတကာ အမြတ်တနိုး သိမ်းဆည်းတဲ့ ရတနာပဲလေ. . သူလေးလည်း ကျွန်တော့်အတွက် တကယ့် အဖိုးတန်တဲ့ ရတနာလေးပါပဲ"

တု လှိုက်လှဲစွာ ပြောဆိုပြီး. . ထိုမိန်းကလေးထံသို့ လျှောက်လှမ်းသွားလေ၏။ မိန်းကလေးအနီးသို့ ရောက်သောအခါ လှပသော ဆံပင်အခွေအလိပ်များကို တစ်ချက်မျှ နမ်းရှိုက်ကာ. . သူမ၏ ခန္ဓာကိုယ်လေးကို ယုယကြင်နာစွာ သယ်ပိုးမချီပြီး၊ ချောက်အပေါ်သို့ ဦးဆောင်တက်သွားလေ၏။ သူ့နောက်မှ ကျော်စွာတို့သုံးယောက်သား လိုက်တက်ကြသည်။

ထိုနေ့တွင် ကျောက်တောင်ကြီးကို နားနားနေနေနှင့် တစ်နေကုန်တက်ခဲ့ပြီးနောက် ညနေဆည်းဆာ မှောင်ရီပျိုးချိန်တွင်. . ချောက်အပေါ်သို့ ရောက်ရှိကြလေတော့၏။

ဤကား နောက်ဆုံး လွတ်မြောက်ခြင်းပင်တည်း။



"ကိုယ်တော်သည် အံ့ဖွယ်သော အမှုတို့ကိုပြုတတ်သော ဘုရားဖြစ်တော်မူ၏။"

(ဆာ၊ ၇၇ း ၁၄)

ဒေါက်တာဂျက်ဖာဆင်တို့ မိသားစုသုံးဦးသည် ဗြဟ္မပုတ္တရ မြစ်ကမ်းပေါ်တွင် ရပ်နေကြ၏။ သူတို့သည် နေထွက်ရာအရပ်သို့ မျက်နှာမူပြီး. . မြေပေါ်၌ ဒူးထောက်ထိုင်၍ ဘုရားဝတ်ပြုဆုတောင်းကြလေ၏။ သူတို့စိတ်အာရုံဝယ် အဖဘုရားသခင်ကို တိုင်တည်ရင်း ရွတ်ဆိုနေကြဖြစ်သော သမ္မာကျမ်းစာလာ စာတစ်ပိုဒ်ကို နှုတ်မှ တီးတိုးရွတ်ဆို မြည်တမ်းလိုက်လေ၏။

ဗြဟ္မပုတ္တရမြစ်ကမ်းတွင် နေခြည်ဖြာနွေးလျက်ရှိသည်။ သူတို့လူစုသည် ဆက်လက်ထွက်ခွာရန် ပြင်ဆင်နေကြပြီး ဖြစ်ပေမယ့်. . ကျောက်တောင်တန်းကြီးများဆီသို့ နောက်ဆုံးနှုတ်ဆက်သည့်အနေနှင့် ငေးကြည့်နေကြသည်။

ဆူဒယာပြည်နယ်၏ အစွန်အဖျား မြင့်မားမတ်စောက်သော ကျောက်တောင်တံတိုင်းနံရံကြီးများ အထပ်ထပ်ကာလျက်ရှိသည့် ကြားအလယ်တွင် သဘာဝအလင်းရောင်လည်း မရှိ၊ လေနှင့်အစားအသောက် ကောင်းစွာ မရနိုင်သော အရပ်ဒေသတစ်ခု၌ အသိဉာဏ်ပညာ အလင်းပွင့်လင်းဖွံ့ဖြိုး တိုးတက်မှုမရှိသည့် ရှေးဟောင်းခွာထန်မီး လူမျိုးငယ်တစ်စုသည် လူယဉ်ကျေးတို့ ခေတ်နောက်တွင် ရာစုနှစ်ပေါင်းများစွာ ဝေးကွာကျန်ရစ်ခဲ့ကြလေပြီ. . .။

ထို့အတူ ဒေါက်တာဂျက်ဖာဆင်တို့ မိသားစု၏စိတ်နှလုံး ထိခိုက်နာကျင်ဖွယ်ရာ အတိတ်နှစ်ကာလများသည်လည်း ကျောက်တောင်နံရံများကြားတွင် ကျန်ရစ်ခဲ့ပြီဖြစ်လေ၏။ ရှေ့အဖို့တွင်ကား. . ထွန်းလင်းတောက်ပသော

www.burmeseclassic.com

အနာဂတ်ဘဝသည် မိသားစုသုံးဦးကို ကြိုဆိုလျက်ရှိနေတော့သည်။

ညို့မှိုင်းမြင့်မားသော ဆူဒယာနယ်အတွင်းမှ ကျောက်တောင်တန်းကြီးများကို ကျောခိုင်း၍ ရှေ့သို့ခရီးဆက်ရန် ခြေလှမ်းပြင်ဆင်သည်တွင်. . ဧကရီသည် ကျော်စွာ့အနီးတိုးကပ်လာပြီး. . တစ်စုံတစ်ခု ကမ်းပေးလေ၏။

"ဟင်. . ."

ကျော်စွာသည် မယုံနိုင်လောက်အောင် တအံ့တသြ ဖြစ်သွားလေ၏။

တဖြူးဖြူးတိုးဝှေ့နေသော လေများကြောင့် ဧကရီ၏ ဆံနွယ်တွေက ကျော်စွာ့ထံသို့ ဝေ့ဝဲရိုက်ခတ်နေလေ၏။ ဧကရီက ပြာလဲ့မျက်ဝန်းဖြင့် ကျော်စွာ့ကို ရွှန်းလဲ့စွာကြည့်နေသည်။

"ရှင့်အတွက်. . ကျွန်မရဲ့ အကောင်းဆုံးလက်ဆောင်ပါ. . ."

ဟုပြောပြီး. . ကျော်စွာ့လက်ကို ယုယစွာဆွဲယူပြီး၊ ၎င်းလက်ဆောင်ကို ပေးအပ်လေ၏။ သူမပေးသည့် လက်ဆောင်မှာ အရွယ်အစား ငွားစွင့်နေပြီး မည်းနက်တင်းပြောင်နေသည့် ဂမုန်းနက်ပန်းမျိုးဥ ဖြစ်လေ၏။

ကျော်စွာသည် အားရကျေနပ်စွာ ပြုံးလိုက်ပြီး၊ ထိုပန်းဥကို ယူလိုက်သည်တွင်. . ပန်းဥနှင့်အတူ သူမ၏ လက်ကလေးကိုလည်း တယုတယဆုပ်ကိုင်လိုက်လေရာ. . ကျွန်ုပ်ရေးသားသည့် ဂမုန်းနက်ဧကရီ ဂမ္ဘီရစွန့်စားခန်း မှတ်တမ်းကြီးမှာလည်း ဤနေရာတွင်ပင် နိဂုံးကမ္ပတ် အဆုံးသတ်ပြီဖြစ်ပေတော့သတည်း. . .။

စာဖတ်ပရိသတ်များ၏
မေတ္တာကို ခံယူလျက်

ဝိကျမ

www.burmeseclassic.com

# တိက္ကမ

ဂမုန်းနက် ကောရီ



www.burmeseclassic.com